


၂၀၁၁ ခုနှစ် **အတွဲ (၁) အမှတ်(၆)** စက်တင်ဘာလ





## မာတိကာ

လက်နက်ကိုင်တိုက်ပွဲ(A/S) ကို ရွေးလမ်းအဖြစ်...(၂)
နည်းပရိယာယ်(၂) ရပ်(၄)
စာတည်းအဖွဲ့အမှာ(၅)
ပြန်လာဖို့ ခေါ်နေပြီ(၆)
လူထုအုံကြွမှု ဘယ်တော့ပေါက်ကွဲမလဲ(၈)
တောခိုတာမဟုတ် လူထုမှီခိုတာ(၁၀)
စစ်အာဏာရှင်စနစ်နဲ့...(၁၂)
စစ်ဗျူရိုကရေစီယန္တရား...(၁၃)
စစ်အာဏာရှင်စနစ်ကို...(၁၄)
မဆလအလောင်းကို...(၁၅)
ကာတွန်းနေဦး၏ လက်ရာများ(၁၆–၁၇–၁၈)
သတင်းနဲ့ မှတ်ချက်(၁၉–၂၀)
စစ်အာဏာရှင်စနစ် မုချ ချုပ်ငြိမ်းလိမ့်မယ်(၂၁)
တနေ့“တကွေ့တော့ တွေ့ကြဦးမည်”(၂၃)
စစ်အုပ်စုအားကောင်းနေသရွေ့(၂၅)
စက်တင်ဘာ ၉ အတွေးတစ(၂၇)
ပျောက်သောလမ်းမှာ စမ်းတဝါး(၂၉)
မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ(၃၂)
နောက်တခါ ထပ်ပြီးအလိမ်ခံရရင်...(၃၄)
လောပိတရေအားလျှပ်စစ် စီမံကိန်း(၃၇)
ပြည်သူလူထုအတွက် မွဲဆေး(၃၉)
ကျွန်မ ဆက်ရေးချင်သော ဖေဖေ့အကြောင်းများ(၄၁)
ကိုလေးမောင်နဲ့ ကျွန်တော်(၄၄)
အရိပ်မဲအောက်က...(၄၇)
ပြည်တွင်းငြိမ်းချမ်းရေး(၅၄)
တခါက လှည်းတန်းမှာ(၅၆)
အာဖရိကတိုက် မိနေတဲ့ “ဘာလင်ကျိန်စာ”(၅၇)
မာ့က်စ် အိန်ဂယ် လီနင်တို့၏...(၅၈)
ဂျီးကဲလ်နှင့်ဟိုဒ်(၆၂)
ရှင်ဘုရင် ကြွေးတင်တော့(၆၇)
လစ်ဗျားမှာ...(၆၉)
ရင်လေးဖွယ် အာဖဂန်ရဲ့ အနာဂတ်(၇၁)
သမိုင်းထဲက နိုင်ငံတကာ့ စစ်သည်(၇၃)
...တရုတ်ပြည် ကွန်မြူနစ်ပါတီ((၇၈)
...တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီချင်း ဆက်ဆံရေး(၈၁)
...တောင်အာရှနိုင်ငံများရှိ ကွန်မြူနစ်ပါတီများ...(၈၃)
ကွန်မြူနစ်ဝါဒရဲ့ မူများ(၈၇)
ခေတ်ကုန်ပြီတဲ့လား(၉၁)
လတ်တလော နိုင်ငံရေးအခြေအနေ...(၉၄)
အိတ်ဖွင့်ပေးစာ(၉၆)









# လက်နက်ကိုင်တိုက်ပွဲ(A/S) ကို အရန်ရွေးလမ်းအဖြစ် ထားရတဲ့အကြောင်း

ဗကပ(ဗဟို)

(၁) ကြံ့/ဖွံ့ အစိုးရ ရှင်းရမယ့်ကိစ္စကြီး(၂) ခုကို ၂၀၁၁ ဧပြီလက ရေးပြီး တင်ပြခဲ့ပါသည်။ NLD ကိစ္စနဲ့ 'ငြိမ်းအဖွဲ့'တွေရဲ့ ကိစ္စ ဖြစ်သည်။ အဲဒီတုန်းက စောင့်ကြည့်ရမယ့်ကိစ္စတွေအဖြစ်ပဲ ရေးခဲ့သည်။

အခု ဇူလိုင်လရောက်တော့ ငြိမ်းအဖွဲ့ကိစ္စကို အရင်ရှင်းတာ တွေ့ရသည်။ SSA(N) ကို တိုက်သည်။ KIAကို တိုက်သည်။ SSA(N) က ရှမ်းပြည်ရဲ့ အတွင်းပိုင်းကျကျ ဖြစ်လို့ တရုတ်ပြည်နဲ့ရော ထိုင်း (ယိုးဒယား)နဲ့ပါ လှမ်းသည်။ ဒါကြောင့် သူ့ ကို အရင်တိုက်သည်။ KIAကို နောက်မှတိုက်သည်။ သူက တရုတ်ပြည်နဲ့ နယ်ချင်းဆက်စပ်နေသည်။ တရုတ်ပြည်၏ အကျိုးစီးပွားများလည်း ရှိသည်။

BGF(နယ်ခြားစောင့်တပ်) ဖွဲ့ရေး လက်မခံတာ သူတို့ချည်း မဟုတ်ပါ။ အခုလို တိုက်ခြင်း ဖြင့် တခြားလက်မခံတဲ့ 'ဗကပ ခွဲထွက်' တွေကိုပါ ခြိမ်းခြောက်သည့်သဘော ရှိသည်။

(၂) 'ငြိမ်းအဖွဲ့'တွေ ဆိုတာဟာ ကိုယ်စီ အကျိုးစီးပွား ရှိကြတာ ဖြစ်သည်။ တစုတစည်းတည်းမဟုတ်။ အားနည်းရာကို အရင်ဆုံး တိုက်တာဟု ယူဆနိုင်သည်။ တခုချင်းကို ခွဲပြီး ဖြိုဖို့ ကြံစည်ဟန် ရှိသည်။

(၃) 'ငြိမ်းအဖွဲ့'တွေက "ညောင်(၂)ပင်" တက်ခဲ့ကြသူတွေ ဖြစ်သည်။ NLDက "ညောင်(၂)ပင်"ကို သပိတ်မှောက်သဖြင့် ဟန်ချက်ညှိတဲ့ အနေနဲ့ "ငြိမ်း"တွေကို တက်စေတာ ဖြစ်သည်။ အဲဒီတုန်းက ဗိုလ်ခင်ညွန့် အရာမကျသေး။ သူက 'ကျုံးသွင်း' ပေးလိုက်တာ ဖြစ်သည်။ 'ကျိုက္ကစံ' တုန်းက DASSK ကို NLD က ထုတ်ပစ်ပြီး NLD ကို 'ကျိုက္ကစံ' တက်စေခဲ့သည်။ NLD ခေါင်းဆောင်စုကလည်း ကျိုးကျိုးနွံနွံ လိုက်နာခဲ့သည်။ ဒါပေမဲ့ DASSK လည်း လွတ်လာရော ၁၈၀ ဒီဂရီ ပြောင်းသွားသည်။ 'ကျိုက္ကစံ'က NLD တွေ ထွက်လာကြသည်။ ဒါကို ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်တို့ အခဲမကျေ ဖြစ်ပြီး မင်းတို့ မလာလည်း တို့က ညီလာခံ လုပ်မှာပဲ ဆိုပြီး"ညောင်နှစ်ပင်" လုပ်ကာ "ငြိမ်း"တွေကို တက်စေခဲ့သည်။

"ငြိမ်း"တွေက လွတ်လွတ်လပ်လပ် ပြောချင်သည်။ ပြောခွင့်မရ။ တော် တန် တိတ်ဆိုပြီး ပိတ်ပင်ခံရသည်။ အဲဒီ"ညောင်(၂)ပင် ညီလာခံ"ရဲ့ အာဏာပိုင်က "ဗိုလ်သိန်းစိန် ကော်မရှင်" ဖြစ်သည်။

ဒီလိုနဲ့ (၁၈) ချက် ထင်ပါရဲ့၊ "မူ"တွေ အတင်းချမှတ်ခဲ့သည်။

'၂၀၁၀ ရွေးကောက်ပွဲ'ပြီးတော့ "ဦးသိန်းစိန် အစိုးရ" တက်လာသည်။ "၂၀၀၈ အခြေခံဥပဒေလည်း အသက် ဝင်ပြီ။ အသက်ဝင်လျှင် လုပ်ရှားရမည်။ ဒါကြောင့်လည်း "၂၀၀၈ အခြေခံဥပဒေရဲ့ အခန်း (၇) မှ ပုဒ်မ(၃၃၈) (၃၃၉) အရ 'ငြိမ်းအဖွဲ့'တပ်တွေကို သူ့'ကွပ်ကဲမှု' အောက် သွင်းချင်သည်။ "ဦးဆောင်မှု"ကို ခံယူစေချင်သည်။

"ငြိမ်း"တွေရဲ့ တပ်တွေက တသီးတခြား ဖြစ်နေလျှင် ထိုပုဒ်မများက အဓိပ္ပာယ်မရှိ ဖြစ်လိမ့်မည်။ ဒါကြောင့် SSA, KIA ကို တိုက်သည်။ တိုက်ပွဲက ကြာသွားပြီ။ KIA ကို တိုက်တော့ တရုတ်က နည်းနည်း ကျဉ်း ကျဉ်း ပတ်သက်လာသည်။ သို့သော် ခပ်ရှောင်ရှောင်ပဲ နေသည်။ အိန္ဒိယ ကတော့ ဘာမှ ပြောသံမကြားရ။ သူနဲ့ကလည်း သိပ်မပတ်သက်။

(၄) ငြိမ်းအဖွဲ့တွေ ကိုင်နေတာနဲ့ တပြိုင်တည်း NLD ကိစ္စကို ကိုင်ဖို့ ဦးသိန်းစိန်အစိုးရက ခြေလှမ်း လှမ်းလာသည်။ အစိုးရ အဆက်ဆက် လုပ်ခဲ့တဲ့ နည်းအတိုင်း လိုက်ပြီး ပြည်ထဲရေးဝန်ကြီးကို ပြသနာ ကိုင်ခိုင်းသည်။ ဗိုလ်ကိုကိုက ဦးအောင်ရွှေနဲ့ DASSK ကို လိပ်မူပြီး စာပို့သည်။ ဦးအောင်ရွှေက ဘာမှ မပြော။ DASSK က စာပြန်သည်။

ဦးအောင်ရွှေနဲ့ ဒေါ်စု ကို ခွဲပြီး စည်းရုံးချင်ဟန် ရှိသည်။ NLD

ကိစ္စက ကြီးသည်။ နိုင်ငံတကာက ပါဝင်ပတ်သက်လာမယ့် ကိစ္စဖြစ်သည်။

ဘယ်လောက်ကြာကြာ တဖက်နဲ့တဖက် သွေးတိုးစမ်းနေကြမလဲ မသိပါ။ ဦးသိန်းစိန်အစိုးရကတော့ စရဖ၊ သတင်းတပ်ဖွဲ့တို့ကို မှတ်တမ်းမှတ်ရာတွေ ပြုစုခိုင်းနေသည်ဟု ကြားရသည်။

၁၉၄၇–၄၈ က ဖဆပလအစိုးရ ပြည်ထဲရေးဝန်ကြီးက အင်္ဂလိပ် ချန်ထားရစ်တဲ့ စစ်စုံထောက်ဌာနနဲ့ ပုလိပ်သတင်းတပ်ဖွဲ့တွေရဲ့ မှတ်တမ်းမှတ်ရာတွေ အသုံးပြုပြီး 'ပြည်လုံးကျွတ် ကွန်မြူနစ်ဖမ်းပွဲ' လုပ်ခဲ့သလို လုပ်ဖို့ ပြင်နေသလားဟု သံသယ ရှိပါသည်။

(၅) ၁၉၄၇ မှာ ဗိုလ်အောင်ဆန်း လုပ်ကြံခံရပြီး ဖဆပလ–ကွန်မြူနစ် ညီညွတ်ရေး အလားအလာ ကောင်းခဲ့သည်။ သို့သော် ၁၉၄၈ မတ်လ(၁၂) ရက်တွင် သတင်းစာတိုက် ရိုက်ချိုးတဲ့ 'ပုဆိန်ပွဲ'ဖြစ်သည်။ ဖဆပလ ဆိုရှယ်လစ်နဲ့ ဗကပ အတင်းမာဆုံး အခြေအနေ ဖြစ်ခဲ့သည်။ တို့သတင်းစာတိုက် ရိုက်ချိုးဖို့လာရင် "ဆိုရှယ်လစ် အရိုးတွေနဲ့ ဗားကရာချောက် ဖို့ပစ်မယ်"ဟု သခင်သန်းထွန်းက ဖက်ဆစ် တော်လှန်ရေးနေ့ ကျင်းပတော့ ကြိမ်းသည်။ တကယ်လာလျှင် တကယ် အပြန်အလှန် ရိုက်ပွဲကြီး ဖြစ်မှာပါ။

ဒါပေမဲ့ သတင်းစာတိုက် ရိုက်ချိုးဖို့ လူအုပ်ကို ပြည်ထဲရေးဝန်ကြီးက မလွှတ်ဘဲ ပြည်လုံးကျွတ် ကွန်မြူနစ်ဖမ်းပွဲလုပ်ဖို့ စစ်တပ်နဲ့ ပုလိပ်ကိုပဲ လွှတ်သည်။ အများစုကြီး အလစ် အဖမ်းခံရသည်။ လွတ်ပြေးသူတွေက လက်နက်ကိုင်တိုက်ပွဲ A/S နဲ့ တုံ့ပြန်သည်။

A/S လုပ်ရေး မလုပ်ရေး ဝိဝါဒ ကွဲသည်။ "A/S လုပ်ဖို့ ဗဟိုမှာ ဆုံးဖြတ်ချက်မရှိဘူး။ ပါတီရဲ့ဆိုင်းဘုတ်တွေလည်း ဖြုတ်ချမခံရဘူး။ လက်ဝဲလွန်တဲ့သူတွေကို ရွေးဖမ်းတာပဲ။ ဒါကြောင့် A/S မလုပ်သင့်ဘူး"လို့ ကန့်ကွက်သူ ရှိသည်။ အများစုက A/S လုပ်ဖို့ ဆုံးဖြတ်တော့ သူက "မြို့ကို ပြန်မယ်။ ဗဟိုနဲ့ ဆက်သွယ်မယ်။ ခင်ဗျားတို့ကို ပါတီက ထုတ်ပစ်ကြောင်း ကြေညာမယ်"ပြောပြီး ထွက်သွားကာ မြို့ပြန်သည်။ သူ အဖမ်းခံရသည်။

နောက်ကျမှ သိရတာက ပြည်ထဲရေးဝန်ကြီး ကိုကျော်ငြိမ်းက သခင်သန်းထွန်းတို့ကို ရှင်းပေးပြီး သူ့သူငယ်ချင်း ကိုသိန်းဖေ(မြင့်)ကို တင်မြှောက်ချင်တာလို့ သိရသည်။ ဒါကြောင့် 'ဗကပ'ကို မတရားသင်း မကြေညာဘဲ ထားတာလို့ ဆိုသည်။ ကိုသိန်းဖေ(မြင့်)က လူစုလို့ မရတော့မှ မတရားသင်း ကြေညာတာဟု ဆိုသည်။

ဖြစ်နိုင်ပါသည်။ သိန်းဖေမြင့်ရေးတဲ့ "ကျော်ငြိမ်း"စာအုပ်မှာ တစွန်းတစ ဝန်ခံထားသည်။

(၆) အခု ပြောချင်တာက NLD ကို ဗိုလ်ကိုကို ဘယ်လိုလုပ်မလဲဆိုတာပဲ ဖြစ်သည်။ ၁၉၄၈ တုန်းကလိုတော့ ဖြစ်မှာ မဟုတ်တာ သေချာသည်။ ဟိုတုန်းကတော့ 'ထိရဲထိစမ်း'ဆိုတဲ့ 'ဗကပ'နဲ့ 'ထိတယ်ကွာ'ဆိုတဲ့ ဖဆပလ ဆိုရှယ်လစ်တို့ ထိပ်တိုက်တွေ့တာဖြစ်သည်။

'ပုဆိန်ပွဲ'ကို 'ဗကပ' တုံ့ပြန်တာနဲ့ 'ဒီပဲယင်း'ကို NLD တုံ့ပြန်တာလည်း မတူကြဘူး။ NLD က အကြမ်း မဖက်ရေးကို အသေကိုင်စွဲထားလျှင် မှားလိမ့်မည်ဟု ယူဆပါသည်။ မိမိဘက်ကချည်း တဖက်သတ်ခံနေရလျှင် လူတန်းစား အညွန့်ကျိုးတတ်ပါသည်။

'ဗိုလ်သိန်းစိန်'ကော်မရှင်က 'ညောင်(၂) ပင်'မှာ သူရချင်တာကို ရအောင် ယူခဲ့သည်။ ဦးသိန်းစိန်အစိုးရကလည်း "၂၀၀၈ အခြေခံဥပဒေ"ရဲ့ အခန်း(၁၀) ပါ ပုဒ်မတွေကို ထုတ်သုံးပြီး ဖိနှိပ်လာနိုင်သည်။ ဒါကို သတိပြုပြီး လိုအပ်သမျှ ပြင်ဆင်ရလိမ့်မည်။

(၇) ရှေ့မှာ NLD ဘာလုပ်မလဲ မသိပါ။ 'ဗကပ'ကတော့ လစ်ဘရယ်လမ်းကြောင်း လမ်းဆုံးအထိ လျှောက်တာကို အဟန့်အတား လုပ်မှာ မဟုတ်ပါ။

တခုတော့ သတိပြုစေချင်သည်။ (၁၉၄၈) တုန်းက အာဏာရ ဖဆပလ ဆိုရှယ်လစ်အစိုးရလို အချိန်တိုအတွင်း အနိုင်ယူချင်တဲ့ လုပ်နည်းမျိုးတော့ စစ်အုပ်စုက လုပ်မှာ မဟုတ်။ အချိန်ဆွဲပြီး အနိုင်ယူတာပဲ လုပ်လိမ့်မည်။ နည်းပရိယာယ်နဲ့ အနိုင်ယူတဲ့နည်း လုပ်လိမ့်မည်။ 'ဗကပ'ကို 'ငြိမ်းအဖွဲ့တွေ ပေါ်စေတဲ့နည်းပရိယာယ်'သုံးပြီး လုပ်ခဲ့သလို NLD ကိုလည်း အဲဒီနည်းပရိယာယ်မျိုး သုံးပြီး လုပ်နေတာ တွေ့ရသည်။

NLD က နည်းပရိယာယ်လမ်းစဉ်သစ် ချမှတ်ဖို့ လိုပြီဟု ယူဆပါသည်။ နိုင်ငံရေးရပ်တည်မှု ကြံ့ခိုင်ရုံနဲ့ မပြီးပါ။ နိုင်ငံရေးလမ်းစဉ်ဖြင့် လူထုကြီးကို စည်းရုံးထားဖို့ လိုသည်ဟု စေတနာကောင်းဖြင့် အကြံပြုပါသည်။

(၈) 'ဗကပ'၏ သဘောထားက–

+ '၂၁'ရာစုမှာ ဗမာပြည်တွင် ပြည်တွင်းစစ် မဖြစ်ချင်ပါ။ မဖြစ်သင့်ပါ။

+ "၂၀၀၈ အခြေခံဥပဒေ"ကို ကျိုးကျိုးနွံနွံ လိုက်နာပြီး စစ်ကျွန်ဘဝဖြင့် လူတန်းစား အညွန့်တုံးတာကိုလည်း လုံးဝ လက်မခံနိုင်ပါ။

+ အကြမ်းဖက် ဖိနှိပ်လာလျှင် အကြမ်းဖက် တော်လှန်တာ တရားသည်။ ဒါကြောင့် A/S ကို အရန် ရွေးလမ်းအဖြစ် ထားရှိပါသည်။ ။

ဗကပ(ဗဟို)




# နည်းပရိယာယ်(၂)ရပ်

ဗကပ(ဗဟို)

(၁) လစ်ဘရယ်နည်းပရိယာယ်(လမ်းစဉ်) နဲ့ (ဗကပ ရပ်ခံတဲ့) ရယ်ဒီကယ်လမ်းစဉ်ဟာ ပြိုင်ဘက်မဟုတ်ဘူး။ ရည်မှန်းချက် ပေါက်မြောက်ဖို့အတွက် တခုနဲ့ မရရင် တခုနဲ့ အစားထိုးဖို့ ပြင်ထားတဲ့လမ်းစဉ်ပဲ ဖြစ်တယ်။

(၂) (၁၉၉၀) လောက်ကစပြီး လစ်ဘရယ်လမ်းစဉ် လုပ်ခဲ့ကြတာပါ။ တခါတရံမှာ အဲဒီလမ်းစဉ်က ခရီးရောက်သလိုလို ဖြစ်လိုက်၊ နောက်တော့ အကြမ်းဖက်ခံရလို့ နောက်ပြန်ဆုတ်လိုက် ဖြစ်ရတာတွေ ရှိခဲ့တယ်။

ဗိုလ်ခင်ညွန့်နဲ့ အဆင်ပြေသလိုလို ဖြစ်နေရာက "ဒီပဲယင်း"ဖြစ်ပြီး နောက်ဆုတ်ရတာမျိုး ကြုံဖူးတယ်။

အခုလည်း (ဦး) ဗိုလ်သိန်းစိန်နဲ့ အဆင်ပြေသလိုလို ဖြစ်နေပြန်တယ်။ ဘယ်တော့များ "ဒီပဲယင်း"အဖြစ်မျိုး တိုးဦးမလဲဆိုတာကို ရင်တမမနဲ့ စောင့်ကြည့်နေတယ်။

(၃) လမ်းစဉ်အစားထိုးတယ်ဆိုတာ မော်တော်ကားဂီယာ ပြောင်းသလို ပြောင်းလို့ရတာမျိုး မဟုတ်ဘူး။ စောစောကတည်းက ကြိုတင်ပြင်ဆင်ထားရတာ ဖြစ်တယ်။

(၄) လစ်ဘရယ်– ရယ်ဒီကယ်ဆိုတဲ့ ကိစ္စက ဆန္ဒနဲ့ မဆိုင်ဘူး။ ဘဝနဲ့ပဲ ဆိုင်တယ်။ ခေတ်နဲ့ ဆိုင်တယ်။

၁၃၀၀'ပြည့်လွန် ကာလတွေတုန်းက စစ်သံတွေ ညံနေတဲ့ခေတ်၊ တော်လှန်ရေးတွေ ပေါက်ကွဲနေတဲ့ ခေတ်ပဲ။

၁၃၀၀'ပြည့်အရေးတော်ပုံရဲ့ အမွေခံအဖွဲ့အစည်းတွေက အဲဒီလိုခေတ်မှာ ကြီးပြင်းလာကြတာ ဖြစ်တော့ "အကြမ်းမဖက်ရေး"ဆိုတာကို လေသံတောင် မဟကြဘူး။ ဒေါက်တာဘမော်၊ ဂဠုန်စော၊ သခင်ဗစိန်တို့ကတောင် မပြောဘူး။ ကုန်ကုန်ပြောရရင် အင်္ဂလိပ်အလိုတော်ရိ ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့တောင် မပြောကြဘူး။

အခုခေတ် (၂၀) ရာစုအကုန် (၂၁) ရာစုအကူး ခေတ်က လစ်ဘရယ်ခေတ်ပဲ။ ဒါကြောင့်လည်း အများစုက "အကြမ်းမဖက်ရေး" ပြောကြတယ်။ "ထိရင်ကြွ ဖိရင်ချ"မယ်ဆိုတဲ့ အင်အားစုတွေတောင်မှ "အကြမ်းမဖက်ရေး"ဆေးခါးကြီး တိုက်ကျွေးခံရတာသာ ကြည့်တော့။

'ဗကပ'ပျက်တွေကလည်း "အတွေးအခေါ် ဦးထိပ်ထားရေး" "လမ်းမပေါ် နိုင်ငံရေး"တို့ ခေတ်ကုန်ပြီလို့ ရေးကြ ပြောကြတယ်။ "လက်တွေ့ကျရမယ်"လို့ ပြောပြီး အညံ့ခံရေးကို တွန်းကြတယ်။

အခုတော့ နဝတ/နအဖလည်း လိုချင်တာတွေ ရခဲ့ပြီ။ လမ်းပြမြေပုံ ပြီးလို့ "၂၀၀၈ အခြေခံဥပဒေ"လည်း အသက်ဝင်သွားပြီ။ "လွှတ်တော်နိုင်ငံရေး"ဆိုတာလည်း ပေါ်နေပြီ။

တချိန်တည်းမှာပဲ ကမ္ဘာမှာက '၁၉၃၀'လွန်ကာလက အခြေအနေမျိုး ပြန်ပေါ်နေတယ်။ ခေတ်တခေတ် ပြောင်းပြန်တော့မယ်ဆိုတဲ့ လက္ခဏာပဲ။ "လမ်းမပေါ် နိုင်ငံရေး"သာမက "လမ်းမပေါ်က လက်နက်ကိုင်တိုက်ပွဲ"တွေ၊ "လမ်းမပေါ်က လူသတ်ပွဲ"တွေ ဖြစ်နေပြီ။

(၆) NLD ဘာလုပ်မလဲဆိုတာကို စောင့်ကြည့်နေတယ်။ စစ်တပ်က ခန့်တဲ့ ပြည်ထဲရေးဝန်ကြီး ဗိုလ်ကိုကို ကတော့ စာပဲ ပို့တယ်။ သမ္မတ ဦးသိန်းစိန်က ခန့်တဲ့ ဝန်ကြီးဦးအောင်ကြည်ကတော့ ဒေါ်စု( NLD နဲ့မဟုတ်) နဲ့ စကားပြောနေတယ်။

သမ္မတအကြံပေး ဦးမြင့်တို့ ဖိတ်ကြားလို့ "အလုပ်ရုံဆွေးနွေးပွဲ"ဆိုတာလည်း ရောက်ပြီးပြီ။ ဦးသိန်းစိန်နဲ့လည်း တွေ့ပြီးပြီ။ စစ်တပ်က ခန့်တဲ့ ဗိုလ်(ဦး) တင်အောင်မြင့်နဲ့ ဗိုလ်ကိုကို တို့ကတော့ ခပ်ကင်းကင်းပဲ နေကြတယ်။

ဒါဟာ ကောင်းတဲ့ အတိတ်နိမိတ် မဟုတ်ဘူး။

ဗိုလ်ခင်ညွန့်နဲ့"ကစား"တုန်းက ဗိုလ်သန်းရွှေနဲ့ ထမင်းလက်ဆုံစားတာပဲ ရှိတယ်။ ဦးသိန်းစိန်ကတော့ ဗိုလ်ချုပ်အောင်ဆန်းပုံ ချိတ်ထားတဲ့ ရုံးခန်းမှာ တွေ့ပြီး စကားပြောကြတယ်ဆိုတော့ တဆင့်တော့ တိုးလာသလိုပဲ။ (ဗိုလ်အောင်ဆန်းပုံက ခါတော်မီ ချိတ်တာလား၊ ရုံးခန်းတွေ ဘယ်နှခန်း ရှိသလဲ မသိ)

'ဗကပ'ကတော့ စောင့်ကြည့်နေမှာပါ။ စကားဦးသန်းပြီးဘာမှ မပြောပါဘူး။ လစ်ဘရယ်လမ်းကြောင်း လမ်းဆုံးအောင် လျှောက်တာကို စိတ်ရှည်ရှည် စောင့်ကြည့်ရင်း အဲဒီလမ်းမပေါက်ရင် "ရယ်ဒီကယ်လမ်းကြောင်း" ချက်ချင်းအစားထိုးဖို့အတွက် ပြင်ဆင်နေမှာပါ။

"ကူဖော်"မလုပ်နိုင်ရင်တောင် "လောင်ဖက်"တော့ မဖြစ်စေရပါဘူး။ ။

# စာတည်းအဖွဲ့ အမှာ

(၁) ဦးသိန်းစိန်အစိုးရ လုပ်ပြတဲ့ 'အပြောင်းအလဲ' တချို့ကို တွေ့ရပြီဖြစ်လို့ ဗကပရဲ့ သဘောထား တချို့ကို ဖော်ပြနိုင်ပါပြီ။

တချို့ကိုတော့ စောင့်ကြည့်ရဦးမှာပါ။ (ဥပမာ) အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကိစ္စ၊ နိုင်ငံရေးအကျဉ်းသားများကိစ္စ စတာတွေကို စောင့်ကြည့်ရမှာပါ။

(၂) ပြည်တွင်းစစ်ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စမှာတော့ '၁၉၈၉ ဖြေရှင်းနည်း' ကိုပဲ ပြန်လုပ်တာ တွေ့ရတယ်။ ဒါကလည်း တပြေးညီ မဟုတ်ဘူး။ 'ဖုန်ညီအစ်ကို' ကို စစ်ရေးနည်းနဲ့ ဖြေရှင်းလိုက်ပြီးပြီ။ တင့်ယိန်းတို့ကိုတော့ ဖြိုယူတဲ့နည်းနဲ့ ရှင်းပြီးပြီ။ အခု ကျန်နေတဲ့ ဝနဲ့မိုင်းလား ကိစ္စမှာပဲ '၁၉၈၉ ဖြေရှင်းနည်း' လုပ်တာ ဖြစ်တယ်။

ဟိုတုန်းက လုပ်နည်းမျိုးကို လာလုပ်တာက ဗိုလ်ခင်ညွန့် တွင်း (၁) မဟုတ်ဘူး။ စစ်တပ် အာဏာပိုင်တွေ မဟုတ်ဘူး။ ကြံ့/ဖွံ့ လွှတ်တော် အမတ် (၂) ဦးသာ ဖြစ်တယ်။ သမ္မတကို ကိုယ်စားပြုသူတွေလို့ ဆိုတယ်။ တကယ့် အာဏာပိုင်(အကလ) အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို ကိုယ်စားပြုတာ မဟုတ်ဘူး။

သဘောတူညီချက်ရတာကလည်း အပစ်အခတ်ရပ်စဲရေးသာ ဖြစ်တယ်။ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး သဘောတူညီချက် မဟုတ်ဘူး။

စစ်ပြန်တိုက်နေကြရတဲ့ ရှမ်းအင်အားစုတွေ၊ ကချင်အင်အားစုတွေနဲ့ တသီးတခြားဖြစ်အောင် ကန့်သတ်ပေးတဲ့သဘောသာ ဖြစ်တယ်။ ဒါကြောင့် အချိန်မရွေး ကျိုးပျက်သွားနိုင်တဲ့ ယာယီကျေအေးရေးလို့ပဲ မှတ်ချက်ပေးရမှာပါ။

ဗကပ ရဲ့ သဘောထားကတော့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး ဖြစ်စေချင်တယ်။ ၂၁ ရာစုမှာ ဗမာပြည်မှာ ပြည်တွင်းစစ် ပြန်မဖြစ်စေချင်ဘူး။ စစ်အာဏာရှင်စနစ်ကို ငြိမ်းချမ်းစွာ ဖျက်သိမ်းနိုင်ဖို့နဲ့ ဒီမိုကရေစီစနစ်သို့ သာယာချောမွေ့စွာ ကူးပြောင်းနိုင်ဖို့ လိုလားပါတယ်။

(၃) ဒါပေမဲ့ အခုဖြစ်ပေါ်ပြောင်းလဲနေတာတွေက အဲဒီလိုလားချက်နဲ့ ပြောင်းပြန်ဖြစ်နေတယ်။

- '၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲကို ခေါင်းငုံ့ပြီး ဝင်လာဖို့ ကျုံးသွင်းနေတယ်။
- စစ်အုပ်စုတွင်း ဂိုဏ်းတိုက်ပွဲမှာ အရေးနိမ့်သွားတဲ့ ထောင်တွင်း အကျဉ်းချခံထားရသူတွေကို လွတ်ငြိမ်းခွင့်ပေးဖို့ပဲ လုပ်နေတယ်။
- အမေရိကန်၊ ဥရောပသမဂ္ဂ (EU) ရဲ့ အထူးသံတမန်တွေ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်တွေကို တံခါးဖွင့် ကြိုဆိုနေတယ်။ ဒဏ်ခတ်ပိတ်ဆို့ရေးက လွတ်ဖို့နဲ့ အာဆီယံအဖွဲ့ရဲ့ ဥက္ကဋ္ဌနေရာ ရှောရှောရှူရှူရရေးက အမေရိကန်ကို ကပ်မှ ရမှာပဲ။ အမေရိကန်နဲ့ ရင်ကြားစေ့ချင်နေတာ ထင်ရှားတယ်။

ဒီလုပ်ရပ်တွေဟာ –

- စစ်မှန်တဲ့ အပြောင်းအလဲ မဟုတ်ပါဘူး။
- စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေဖို့ နည်းနာပြောင်းလုပ်တာ ဖြစ်တယ်။
- အပြောင်းအလဲ လုပ်ဟန်ပြပြီး အတိုက်အခံတွေကို သွေးခွဲနေတာ ဖြစ်တယ်။

စာတည်းအဖွဲ့

# ‘ပြန်လာဖို့’ ခေါ်နေပြန်ပြီ



ရဲဘော်ညိုမောင်

ဦးသိန်းစိန်က ပြန်လာကြဖို့ ခေါ်နေတယ်။

ဒီတခါ ခေါ်နည်းက လွန်ခဲ့တဲ့ နှစ်(၃၀) ကျော်က ခေါ်ပုံ မျိုး ခေါ်တာ မဟုတ်ဘူး။

ဟိုတုန်းက ဦးနုနဲ့ သူ့အဖွဲ့တွေလောက်ပဲ ပြည်ပ ရောက်နေကြတာပါ။ အခုတော့ ပြည်ပ ရောက်နေသူတွေက မနည်းဘူး။

ဦးနုက ကြေးမုံဦးသောင်းဆီကို သူ ဗမာပြည်ကို ပြန်တော့မယ့်အကြောင်း စာရေးတော့ ‘သူ့ သမီးနဲ့ သမက်ကို ဗိုလ်နေဝင်းက အိန္ဒိယ လွှတ်ပြီး ပြန်လာခဲ့ဖို့ ခေါ်လို့ ပြန်တော့မှာ’ လို့ ဆိုတယ်။ ပြန်တဲ့အကြောင်းပြချက်ကတော့ ပိဋကတ် သုံးပုံကို အင်္ဂလိပ်လို ပြန်ချင်လို့တဲ့။ ပိဋကတ်သုံးပုံ ပါရဂူတွေ ဘုန်းကြီးတွေက ဗမာပြည်မှာပဲ ရှိလို့ပဲတဲ့။ နိုင်ငံရေးကို စွန့်လွှတ်လိုက်ပါပြီဆိုတာကို အဲဒီလိုနည်းနဲ့ ဦးနုက ဗိုလ်နေဝင်းကို အာမခံတဲ့ သဘောပါပဲ။ ဦးနုရဲ့ လုပ်နည်း လုပ်ဟန်က ဒီလိုပါပဲ။

အခု အိမ်ပြန်ကြမယ့်သူတွေကတော့ “အလုပ်ရုံဆွေးနွေးပွဲ” တွေမှာ စာတမ်းတင်ဖို့လို့ ပြောကြလိမ့်မယ်။ အိမ်ပြန်သူတွေ အကြောင်းပြနိုင်ဖို့လည်း ဦးသိန်းစိန်က ဆွေးနွေးပွဲတွေ၊ အလုပ်ရုံတွေ ခဏခဏ လုပ်ပေးနေမှာပါ။

“၂/၈၀” မျိုး လာဦးမလား။

မလာနိုင်ပါဘူး။ ဟိုတုန်းက ဦး(ဗိုလ်) နေဝင်းက “၂/၈၀” ထုတ်ပြီး ဖမ်းထားသူ တော်တော်များများကို လွှတ်ပေးချင်တယ်။ ဗိုလ်နေဝင်း လွှတ်ပေးချင်သူတွေက တချိန်က ဖဆပလ ဆိုရှယ်လစ်တွေနဲ့ သူ့လုပ်ဖော်ကိုင်ဖက် စစ်ဗိုလ်ကြီးတွေပဲ။ သခင်စိုးကြီးကိုလည်း လွှတ်ပေးချင်တယ်။ ဒါပေမဲ့ သူတို့ချည်း ကွက်ပြီး လွှတ်လို့ မဖြစ်လို့ “၂/၈၀” ထုတ်ရတာပါ။ နိုင်ငံရေးအကျဉ်းသား သောင်းပြောင်းကို လွှတ်ပေးရတာပါ။

အခုတော့ အဲဒီလို လွှတ်မယ်မထင်ပါဘူး။ ဦးသိန်းစိန်ရဲ့ ထုတ်ပြန်ချက်မှာ အပြစ်ရှိသူကိုတော့ ‘သက်ညှာမယ်’ ဆိုတဲ့ စကားက ပါလာနေတယ်။ လက်နက်ကိုင် ပုန်ကန်သူကိုဆိုရင် ကွင်းလုံးကျွတ် လွှတ်မပေးဘူးဆိုတဲ့ သဘောပဲ။

ဒါက လက်နက်ချ အညံ့ခံရုံနဲ့ မပြီးဘူး။

သမ္မတဆီ အသနားခံစာ တင်လာအောင် လုပ်တာပါ။

ဒီနည်းက အညှံ့ခံလက်နက်ချကို လူညွန့် ကျိုးအောင် လုပ်တဲ့နည်းပဲ။ 'ဗကပပျက်'တွေကို အကြိမ်ကြိမ် အညှံ့ခံစေတဲ့ လုပ်နည်းပဲ။ 'ဗကပပျက်'တွေဟာ စစ်အစိုးရ လုပ်သမျှကို 'ထောက်ခံကြောင်း' သုများထက်ဦးအောင် ရေးကြရရှာတယ်။ ပြောကြရရှာတယ်။ သခင်တင်မြ၊ မောင်စူးစမ်းနဲ့ အပေါင်းပါတွေ အခုပြောနေကြတာ ရေးနေကြတာကိုပဲ ကြည့်ပါ။

<u>မဆလခေတ် လုပ်နည်းနဲ့ တူမှာမဟုတ်</u>

မဆလတုန်းက "၁၉၇၄ အခြေခံ ဥပဒေ" အရ လုပ်တာပဲ။ ဒါကြောင့် လုပ်နည်းတမျိုး လုပ်တယ်။ ဦးသိန်းစိန်တို့ကတော့ "၂၀၀၈ အခြေခံ ဥပဒေ"အရပဲ လုပ်မှာပါ။

"အလုပ်ရုံဆွေးနွေးပွဲ"တက်စေတဲ့ပုံစံ။ "သုတေသနတွေ လုပ်တဲ့၊ ဆွေးနွေးတဲ့ (Seminar)" တွေ လုပ်တဲ့ပုံစံနဲ့ ကျိုးသွင်းမှာပဲ။ တခြားပုံစံတွေ လည်း ရှိပါလိမ့်မယ်။ နိုင်ငံခြားလေ့လာရေး လွှတ်တဲ့ ပုံစံ(ဒါက ပြည်တွင်း နေသူတွေအတွက်) လာပြီး စာတမ်းတင်စေတဲ့ပုံစံ(ဒါက ပြည်ပရောက်တွေ အတွက်) လုပ်မှာပါ။ လေ့လာချင်သူလည်း လာပါလို့ ပြောမှာပါ။

<u>ဘယ်ခေတ်နဲ့မှ မတူတဲ့ နဝတ/နအဖ ခေတ်</u>

နဝတ/နအဖ ခေတ်မှာ ပြည်ပရောက် သွားသူတွေ သိပ်များတယ်။ "လွှတ်မြောက်ဒေသ"လို့ ပြောပြီး ထွက်သွားသူ ရှိတယ်။ "ရေကြည်ရာ မြက်နုရာ" ရှာသူ ရှိတယ်။ "ပညာရှာဖို့" ထွက်လာသူ ရှိတယ်။ "တရွာမပြောင်း သူကောင်းမဖြစ်" ထွက်လာသူ ရှိတယ်။ သိပ်စုံပါတယ်။ "ပြန်လာသူတွေ" များပါလိမ့်မယ်။ ကြံ့/ဖွံ့ ဦးသိန်းစိန်က ပြန်ခေါ်ပြီး ကျိုးသွင်းချင်တာပါ။

<u>နိုင်ငံရေး အကျဉ်းသားများ ကိစ္စ</u>

ဒီကိစ္စကိုလည်း ဦးသိန်းစိန် ကိုင်ပါလိမ့်မယ်။ သူတို့ကို "ပြန်လာကြ" ခေါ်လို့ မရပါဘူး။ သူတို့က အဖမ်းခံထားရသူတွေပါ။ ဘယ်လိုပုံစံနဲ့ လွှတ်ပေးမလဲဆိုတာကို ကြံဆနေကြပုံ ပေါ်ပါတယ်။

ပြည်တွင်းစစ် ကာလတုန်းကတော့ "အလင်းဝင်သူ""အမြင်မှန်ရသူ" စတဲ့ စတဲ့ ဝေါဟာရတွေ ထွင်ခဲ့ပါတယ်။ အခုလည်း နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးတာကို ဝေါဟာရတချို့ ထွင်ပြီး လုပ်မယ်လို့ 'တွက်ဆ'ရပါတယ်။

ဦးသိန်းစိန်တို့က စိမ်ပြေနပြေ တလှမ်းချင်းပဲ သွားနေမှာပါ။ "ဖိုးသူတော် ဖြစ်မှန်းမသိ ဖြစ်စေတဲ့" လုပ်နည်းကိုပဲ လုပ်ပါလိမ့်မယ်။

ဘာဝေါဟာရပဲ ထွင်ထွင် အနှစ်သာရကတော့ 'အညှံ့ခံ'ခိုင်းတာပါ။ "၂၀၀၈ အခြေခံဥပဒေ"ဘောင်အောက် ရောက်လာစေဖို့ပဲ ဖြစ်မှာပါ။

<u>(ဦး) ဗိုလ်နေဝင်းတုန်းကနဲ့ မတူတာ ရှိတယ်</u>

ဦး(ဗိုလ်) နေဝင်းတုန်းက "၁၉၇၄ အခြေခံ ဥပဒေ"ချမှတ်တဲ့ (၁၉၇၄)နှစ်နဲ့ နောက်ပိုင်း လူထုတိုက်ပွဲတွေ တခြိမ်းခြိမ်း ဖြစ်နေတာပါ။ အခု အဲဒီလို မဟုတ်ပါ ဘူး။

ဟိုတုန်းက "အကြမ်းဖက် လက်နက်ကိုင် တော်လှန်ရေး" ရှိပါတယ်။ အခု ဗမာပြည် ပြည်တွင်းနိုင်ငံရေးမှာ အကြမ်းဖက်တော်လှန်ရေး ခေတ်မစားတော့ဘူး။ "အကြမ်းမဖက် ရေး"ကြွေးကြော်နေတဲ့ ကာလပါ။

"လွှတ်တော်"တွင်း ဝင်ရေးသမားတွေကလည်း ဒီတခါ "ရွေးကောက်ပွဲ"မှာ မအောင်မြင်ပေမယ့် နောက်လာမယ့် "ရွေးကောက်ပွဲ"တွေ မှာ အောင်မြင်ရမယ်လို့ ပြောနေကြတဲ့ ကာလပါ။

ဒါကြောင့် ဦးသိန်းစိန်တို့က စိမ်ပြေနပြေ တလှမ်းချင်းပဲ သွားနေမှာပါ။ "ဖိုးသူတော် ဖြစ်မှန်းမသိ ဖြစ်စေတဲ့" လုပ်နည်းကိုပဲ လုပ်ပါလိမ့်မယ်။

လမ်းပြမြေပုံ(၇) ချက် လုပ်နည်း မျိုးတော့ လုပ်မှာ မဟုတ်ပါဘူး။ (RM) တုန်းက အစီအစဉ်ကကျပ်ပါတယ်။ နည်းနည်းမှ ထစ်နေ ငေါ့ နေလို့ မရပါဘူး။ ဒါကြောင့် "ကျိတ္တစံ"လုပ်တယ်။ "ညောင် ၂ ပင်" လုပ်တယ်။ "ဆန္ဒခံယူပွဲ" လုပ်တယ်။ "ရွေးကောက်ပွဲ" ဆက်တိုက် လုပ်တယ်။

အခု "၂၀၀၈ အခြေခံဥပဒေ" က လမ်းပြမြေပုံ(၇)ချက် လို အစီအစဉ် မကျပ်ပါဘူး။ စိမ်ပြေနပြေပဲ သွားနေမယ့် သဘော ဖြစ်ပါတယ်။ ။

# လူထုအုံကြွမှု ဘယ်တော့ ပေါက်ကွဲမလဲ

ရွှေအောင်စည်



(၁) ဒီကိစ္စနဲ့ ပတ်သက်ပြီး ရဲဘော်တွေ၊ မိတ်ဆွေတွေ၊ လိုလားသူတွေက မေးကြတယ်။ စဉ်းစားတွေးခေါ်တာမှာ အထောက်အကူရဖို့နဲ့ ‘ဗကပ’ရဲ့ အမြင်ကိုပါ ထည့်သွင်းစဉ်းစားချင်လို့ မေးတဲ့သူလည်း ရှိတယ်။ အနည်းစုကတော့ ‘ဗကပ’ကို ကလိချင်လို့ မေးတာပါ။

ဘာကြောင့်မေးမေး ပြောနိုင်တာကို ပြောလိုက်ပါတယ်။

(၂) လူထု အုံကြွမှုတခု၊ တော်လှန်ရေးတရပ် ပေါက်ကွဲဖို့၊ အခြေခံအကြောင်းအချက်ကြီး (၂) ခု လိုပါတယ်။

(က) အုပ်စိုးခံတွေက အုပ်စိုးဖိနှိပ်နေတာကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ အကြိမ်ကြိမ် လုပ်ကြရင်းက ဆက်လက်သည်းခံ မနေနိုင်တော့တဲ့အခါ၊ စနစ်တခုလုံးကို တွန်းလှန်ပစ်မယ်လို့ သန္နိဋ္ဌာန် ချကြတဲ့အခါ...

(ခ) အုပ်စိုးသူရဲ့ ဘက်ကလည်း လက်ရှိပုံစံအတိုင်း အုပ်စိုးနေလို့တော့ မဖြစ်ဘူး။ အပြောင်းအလဲ လုပ်မှပဲ လို့ ထုတ်ဖော်ပြောလာရတဲ့အခါ...

အဲဒီလို (၂) ခု ကြုံကြိုက်မှ ပြည်လုံးကျွတ် အုံကြွမှုကြီး ပေါက်ကွဲတတ်ပါတယ်။

(၃) သာဓကအနေနဲ့ (၁၉၈၇) တုန်းက အဖြစ်အပျက်ကိုပဲ ကြည့်ပါ။

အကြောင်းအချက် (ခ)ကိုပဲ အထူးပြုပြီး ပြောချင်ပါတယ်။

+ (၁၉၈၇) ဩဂုတ်လ (၁၀) ရက်နေ့။ မဆလ CEC နဲ့ နိုင်ငံတော်ကောင်စီ ပူးတွဲအစည်းအဝေးပွဲမှာ ဗိုလ်နေဝင်းက–

“အမှားအယွင်းများရှိရင် အချိန်မီ ပြင်ဖို့ပါ။ (၆၂) (၇၄) တုန်းက အခြေအနေနဲ့ အခု အခြေအနေ မတူတော့ဘူး။ ပြောင်းလဲသွားပြီ။ ပြောင်းပြီး လုပ်ရလိမ့်မယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုတောင် ပြင်ဖို့ တောင်းဆိုလာရင် ပြင်ရမယ်။ ကြောက်လို့ မဖြစ်ဘူး။ ဝန်လေးလို့ မဖြစ်ဘူး။” လို့ ပြောလာတယ်။

မကြာဘူး။ စက်တင်ဘာ(၅) ရက်မှာ ငွေစက္ကူ တရားမဝင် ကြေညာတယ်။

အောက်တိုဘာလ (၈) ရက်ကျ တော့ မဆလ ဗဟိုကော်မတီအစည်းအဝေးမှာ စီးပွားရေးလမ်းစဉ် ပြောင်းဖို့ လိုပြီလို့ ဖြောင်ပြောလာတယ်။

နောက် LDC စာရင်းသွင်းပေးဖို့ လျှောက်ရ တော့တာပဲ။ မြီရှင်ရဲ့ဖိအားကို မလွန်ဆန်ဝံ့လို့ပဲ။

+ (၈၈) လည်း ရောက်ရော ကျောင်းသားအုံ ကြွမှုတွေ ပေါ်တယ်။ လူထုအုံကြွမှုတချို့လည်း ပေါ်တယ်။ နောက်ဆုံးတော့ ဗိုလ်နေဝင်းက အရေးပေါ် ညီလာခံ ခေါ် ပြီး သူနုတ်ထွက်ကြောင်း ပြောရတော့တာပဲ။ အဲဒါက ၁၉၈၈ ဇူလိုင်လမှာပါ။

+ မရှေးမနှောင်းပဲ ပြည်လုံးကျွတ် လူထုအုံကြွ မှုကြီး ပေါ်တာပါ။

(၄) အထက်က သာဓကကို ကြည့်ရင် အနာ ဂတ်လူထုအုံကြွမှုကြီး ဘယ်လိုပေါ်မလဲဆိုတာကို တွက် ချက်ကြည့်နိုင်ပါပြီ။

<u>သတိပြုဖို့က</u>

စားခွက်လုရင်း သူတို့အတွင်း ဖြုတ်တာ ထုတ် တာ ထောင်ချတာတွေဟာ ဖြစ်ရိုးဖြစ်စဉ်ပဲ။ လက်ရှိ အုပ် စိုးနေတဲ့ ပုံစံကို ထိခိုက်တာ မဟုတ်ပါဘူး။ ဗိုလ်နေဝင်းတို့ ဖြုတ် ထုတ် ထောင်ချတာ အခုထက် ပိုများပါတယ်။ 'မဆလ' စနစ်ကို မထိခိုက်ပါဘူး။ ဘာမှ မဖြစ်ပါဘူး။

(၅) ကျွန်တော်တို့ တွက်ဆကြည့်တာက

"၁၉၇၄ အခြေခံဥပဒေ" ရဲ့ အုပ်စိုးပုံစနစ်က မဆလ တပါတီစနစ်အရ ပါတီအစည်းအဝေးတွေ၊ ညီလာ ခံတွေနဲ့ နိုင်ငံတော်ကောင်စီရဲ့ဆုံးဖြတ်ချက်တွေနဲ့ အုပ်စိုး တာပဲ။ သူ့စနစ်က ရှင်းတယ်။

"၂၀၀၈ အခြေခံဥပဒေ"ရဲ့ အုပ်စိုးပုံစနစ်က တော့ ရှုပ်တယ်။ ကြံ့/ဖွံ့ ပါတီက တင်တဲ့ သမ္မတ၊ စစ်တပ် က တင်တဲ့ ဒု သမ္မတတဦး ရှိနေတယ်။ သူတို့ကပဲ တကယ် အာဏာ ရှိတာပါ။ ဒု သမ္မတ စိုင်းမောက်ခမ်းက အာဏာ မရှိပါဘူး။

"လွှတ်တော်"ဆိုတာတွေကလည်း သိပ်များ တယ်။ လွှတ်တော်ဥက္ကဋ္ဌတွေ များတယ်။ ဝန်ကြီးချုပ်တွေ လည်း များတယ်။

ဒါကြောင့် မဆလ တပါတီစနစ်တုန်းကလို အုပ် စိုးပုံစနစ်ကြီးတခုလုံး ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်ပုံမျိုး အခု ဖြစ်မှာ မဟုတ်ဘူး လို့ တွက်တယ်။

သမ္မတတွေ အာဏာပြိုင်တာ၊ လွှတ်တော်တွေ အာဏာပြိုင်တာ၊ ဗဟိုနဲ့ ဝန်ကြီးချုပ် အာဏာပြိုင်တာ တွေ ဖြစ်နိုင်တယ်။

လူထု အုံကြွမှုတခု၊ တော်လှန်ရေးတရပ် ပေါက်ကွဲဖို့၊ အခြေ ခံအကြောင်းအချက်ကြီး (၂) ခု လိုပါတယ်။

(က) အုပ်စိုးခံတွေက အုပ်စိုးဖိနှိပ်နေ တာကို ဆန့်ကျင်တဲ့လှုပ်ရှားမှုတွေ အကြိမ် ကြိမ် လုပ်ကြရင်းက ဆက်လက် သည်းခံ မနေနိုင်တော့တဲ့အခါ၊ စနစ်တခုလုံးကို တွန်း လှန်ပစ်မယ် လို့ သန္နိဋ္ဌာန်ချကြတဲ့အခါ…

(ခ) အုပ်စိုးသူရဲ့ဘက်ကလည်း လက် ရှိပုံစံအတိုင်း အုပ်စိုးနေလို့တော့ မဖြစ်ဘူး။ အပြောင်းအလဲလုပ်မှပဲ လို့ ထုတ်ဖော်ပြော လာရတဲ့အခါ…

အဲဒီလို (၂) ခု ကြုံကြိုက်မှ ပြည် လုံး ကျွတ် အုံကြွမှုကြီး ပေါက်ကွဲတတ်ပါတယ်။

(လွှတ်တော်ထဲ ရောက်တဲ့ အတိုက်အခံ ဆိုသူ များကိုတော့ ကျွန်တော်တို့ ထည့်မတွက်ပါဘူး။ သူတို့မှာ လုပ်နိုင်ခွင့် သိပ်မရှိလို့ပါ။)

(လွှတ်တော်ပ လှုပ်ရှားမှုကတော့ အုပ်စိုးခံတွေရဲ့ လှုပ်ရှားမှု ဖြစ်ပါတယ်။ အခြေခံအကြောင်းအချက်ကြီး(က) နဲ့ ပိုပြီး ဆိုင်ပါတယ်။)

(၆) နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာနဲ့ ပန်ကြား လိုတာက

+ 'ဗကပ'က A/S ကာလကလို လုပ်နေတာ မဟုတ်ပါဘူး။ U/G ကာလ လုပ်နည်းပဲ လုပ်ပါတယ်။ ဒါ ကြောင့်လည်း "ပြောနိုင်တာ ပြောပါတယ်" လို့ ပလ္လင်ခံ ထားတာပါ။ ပြောနိုင်တာ ပြောပြီးပါပြီ။

+ အားလုံးသို့ ပန်ကြားချင်တာက "၁၉၇၄ အခြေခံဥပဒေ" ရှိကတည်းက နေဝင်းစစ်အုပ်စုဟာ မောက် မာလာတယ်။ 'ဗကပ' ဖျက်သိမ်းပြီး မဆလထဲ ဝင်မှ ပြည် တွင်းစစ် ရပ်နိုင်မယ်၊ တရားဝင် နိုင်ငံရေးလုပ်ခွင့် ရှိမယ်လို့ ပြောလာသလို အခုလည်း "၂၀၀၈ အခြေခံဥပဒေ" ဘောင် ထဲ ဝင်လာပါလို့ ကြံ့/ဖွံ့ စစ်တပ် ပူးတွဲအစိုးရက NLDကို ဆွဲဆောင်တာနဲ့ အကျပ်ကိုင်တာ လုပ်လာတယ်။ သတိ ကြီးကြီး ထားဖို့ လိုပါတယ်။ ။

## တောခိုတာ မဟုတ် လူထု မှီခိုတာ

လက်နက်ကိုင်တော်လှန်ရေးလုပ်မယ်လို့ ပိုင်းဖြတ်ရင် ဘယ်သူ့မှီခိုရမလဲဆိုတာကို ဆုံးဖြတ်ရမှာပဲ။

၁၉၄၈ တုန်းက ကျေးလက်လူထုကို မှီခိုဖို့ ကျေးလက်ဆင်းတာ ဖြစ်တယ်။ တောထဲ သွားခိုဖို့ မဟုတ်ဘူး။

ဒီကိစ္စကို အခုပြောရတာက ပဲခူးရိုးမတို့ မိုးဇပ်တောင်တို့၊ ပုပ္ပား၊ နွယ်ခွေ၊ ခြေတော်ရာ စတဲ့ တောတောင်တွေမှာ ဟိုတုန်းကလို မဟုတ်တော့ဘူး။ တောခိုလို့ မရတော့ဘူးလို့ တချို့က ပြောနေလို့ပါ။

ဟုတ်ပါတယ်။ တောတောင်စိမ့်စမ်းတွေ မရှိတော့ပါဘူး။ လမ်းတွေ တံတားတွေကလည်း ဟိုတုန်းက မိမိအခြေစိုက်ရာတွေမှာ ရှိနေပါပြီ။

အရေးကြီးတာက စည်းရုံးထားတဲ့ လူထု ရှိဖို့ပါ။ (၁၉၄၈) တုန်းက 'ဗကပ'မှာ ဖက်ဆစ်တော်လှန်ရေးကာလနဲ့ အဲဒီနောက်ပိုင်း ပါတီတရားဝင်ကာလက စည်းရုံးထားတဲ့ လူထု ရှိပါတယ်။ မြို့ပေါ်မှာရော ကျေးလက်မှာပါ ရှိပါတယ်။ ဒါကြောင့်ပဲ မြို့ပေါ်မှာ နေမရရင် ကျေးလက်ဆင်းလိုက်ရုံပါပဲ။

၁၉၄၈–၄၉က ကော်မတီအစည်းအဝေးတွေကို မြို့ပေါ်မှာပဲ လုပ်ပါတယ်။ မီးရထားလမ်း သင်္ဘောလမ်းပဲ ကျွမ်းကျင်ကြတော့ အဲဒီလမ်းကြောင်းတွေ သုံးပြီး မြို့မှာ စုစည်းရလို့ပါ။ ဧရာဝတီလမ်းကြောင်းသွားမယ်ဆိုရင် လှေတစင်းဝယ် ရိက္ခာတင်ပြီး စုန်လိုက်ဆန်လိုက် လုပ်လို့ ရတယ်။ လိုရာခရီးရောက်ရင် လှေကို ပံ့သကူပစ္စည်းအဖြစ် စွန့်ပစ်ခဲ့တာပဲ။ မီးရထားလမ်းကြောင်း သုံးရင်တော့ လမ်းလျှောက်ရတယ်။ ဘယ်ဘူတာရောက်ပြီဆိုတာ ကြည့်ပြီး ခရီးသွားရတာ ဖြစ်တယ်။

အခုရာက လူထုကို စည်းရုံးထားဖို့ပဲ။ လူထုကို မှီခိုနိုင်ရင် လက်နက်ရှိရှိ မရှိရှိ နေလို့ရတယ်။ နောက်ကျမှ လက်နက်ကို ရှာရင် ရတယ်။ စစ်ပညာလည်း နောက်မှ သင်လို့ ရတာပဲ။

တောခိုတာ မဟုတ်



လူထု မှီခိုတာ

ထွန်းသော်

ဗမာပြည်ရဲ့ ထူးခြားချက်က လက်နက်ပေါတာပဲ။ စစ်ကြီးအတွင်းက လက်ကျန်လက်နက် ရှိသလို အခုလည်း လက်နက်တွေ ရှိနေတာပါ။ လက်နက်က အခရာမဟုတ်၊ စည်းရုံးထားတဲ့ လူထုက အခရာပဲ။

လက်နက်ရှိတိုင်းသာ လက်နက်ကိုင်တိုက်ပွဲ တိုက်နိုင်တယ်ဆိုရင် ဂျွန်ဦးစောဟာ လက်နက်ကိုင်တိုက်ပွဲ တိုက်နိုင်ခဲ့မှာပေ့ါ။ သူ့ကို အင်္ဂလိပ်တွေ ခိုးထုတ်ပေးတဲ့ လက်နက်ကောင်းတွေ တပုံကြီး ရှိနေတာပဲ။ စည်းရုံးထားတဲ့လူထု မရှိတော့ အဲဒီ လက်နက်တွေက သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်မဟုတ်လား။ သူလုပ်နိုင်တာကလည်း လက်နက်ကိုင်တော်လှန်ရေး မဟုတ်ဘဲ လက်နက်နဲ့ အကြမ်းဖက် လုပ်ကြံတာပဲ လုပ်နိုင်ခဲ့တယ်။

(ကြားဖောက်။ ။ ဗိုလ်အောင်ဆန်းတို့ လုပ်ကြံခံရဖို့ ဖြစ်စေတဲ့ ဦးစော သေနတ်ပစ်ခံရတဲ့ကိစ္စကို လက်သည်တွေကလည်း ရေးတယ်။ သိလိုက်သူတွေကလည်း ရေးနေတယ်။ မကြာသေးခင်ကတော့ ထူးထူးဆန်းဆန်း 'မြလှိုင်ရဲ့ မသေမီ ဖွင့်ဟဝန်ခံချက်'ကို ဖတ်လိုက်ရတယ်။ သူက ဗိုလ်အောင်ကြီးအိမ်မှာ၊ ရန်ကုန်ဘဆွေက ဗိုလ်နေဝင်းအိမ်မှာ သေနတ်ပစ် လေ့ကျင့်ရသတဲ့။ မသေရုံပဲ ပစ်နိုင်အောင် လေ့ကျင့်ရတာလို့ ဆိုတယ်။ ဒါကြောင့် ဦးစောကို မသေစေဘဲ ဒဏ်ရာရရုံပဲ ပစ်ခဲ့ရတယ်ဆိုပဲ။ ဒါမှ ဦးစောက အထင်မှားပြီး ဗိုလ်အောင်ဆန်းကို လုပ်ကြံမှာ–ဆိုတာ သိလို့ ဆိုပဲ။ ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီးရဲ့ "ခဲတလုံးနဲ့ ငှက်(၂) ကောင်ပစ်" ခေါ်ရမလား၊ "ကျားနဲ့တောဝက် ရန်စောင်နေရင် တောဝက်ကိုပစ်၊ တောဝက်က သွေးရူးသွေးတမ်းနဲ့ ရှေ့ကကျားကို ပက်လိမ့်မယ်"ဆိုတဲ့ မုဆိုးပရိယာယ်လို့ ပြောရမလား မသိပါဘူး။ ဒုတိယပရိယာယ်နဲ့တော့ နီးစပ်တယ် ထင်ပါတယ်။

ဒီသတင်းက အတည်ပြုဖို့ ခက်ပါတယ်။ အင်္ဂလိပ်လို ရေးထားတယ်။ ခင်ဗျားတို့က စာအုပ်ထုတ်ပါလား ဆိုတော့ မထုတ်ဘူး။)

၁၉၄၈ တုန်းက 'ဖဆပလ'က သစ္စာခံတပ်တွေဖြစ်တဲ့ ကရင်၊ ကချင်၊ ဂေါ်ရခါးတပ်တွေပဲ သုံးပြီး

> လက်နက်ကိုင်တော်လှန်ရေးလုပ်မယ်လို့ ပိုင်း ဖြတ်ရင် ဘယ်သူ့မှီခိုရမလဲဆိုတာကို ဆုံးဖြတ်ရမှာပဲ။
>
> ၁၉၄၈ တုန်းက ကျေးလက်လူထုကို မှီခိုဖို့ ကျေးလက် ဆင်းတာ ဖြစ်တယ်။ တောထဲ သွားခိုဖို့ မဟုတ်ဘူး။

တိုက်တော့ လူတွေ သတ်၊ ရွာတွေ မီးရှို့ စတဲ့ဟာတွေ အရမ်းကာရော လုပ်တယ်။ အဲသလိုလုပ်တော့ ယောကျ်ားမှန်သမျှ ဗကပတပ်ထဲ ရောက်လာကြတယ်။ ရက်ပိုင်းအတွင်း ထောင်ဂဏန်းရှိတဲ့ တပ်ကြီးဖြစ်လာတယ်။ မိုးဇပ်တောင်ရိုပ်ခိုပြီး တပ်တွေ ဖွဲ့ရတယ်။ နယ်မြေ ခွဲပြီး လှုပ်ရှားစေတယ်။ အဲဒီလိုနဲ့ပဲ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ ပခုက္ကူ၊ မင်းဘူး စသဖြင့် ပြောက်ကျားတပ်တွေ၊ ပြောက်ကျားအခြေခံဒေသတွေ ပြန့်သွားတာပဲ။

လူထု ထောက်ခံမှု ရှိရင် တောမီးလို ပြန့်သွားမှာပဲ။ နိုင်ငံရေး၊ စစ်ရေး၊ မြေယာလမ်းစဉ်က မှန်နေဖို့ပဲလိုတယ်။ လမ်းစဉ်မှားရင်တော့ တဖြုတ်ဖြုတ် တရွေ့ရွေ့နဲ့ ကျုံ့သွားမှာပါ။ လူထုအခြေခံ ရှိနေလို့ကတော့ ဟောခနဲ ဒိုင်းခနဲ မပြိုပါဘူး။

မှီခိုတာ မှားရင်တော့ အကျ မြန်တတ်တယ်။ မယုံ မရှိနဲ့၊ ၁၉၈၉ ဗကပ အကျနာတာပဲ ကြည့်ပါ။

<u>အဓိက ပြောချင်တာက–</u>

+ လူထုကို မှီခိုပါ။

+ လူထုရဲ့ ထောက်ခံမှုကို လမ်းစဉ်မှန်မှန်နဲ့ တိုးချဲ့ပါ။ လှေခွက်ချည်းကျန် အလံမလှဲစတမ်း–ဆိုတာ ကြားရတာ ကောင်းပါတယ်။ ဒါပေမဲ့ လှေခွက်ချည်း ကျန်ရင် လက်နက်ကိုင် တော်လှန်ရေး မနိုင်နိုင်ပါဘူး။ လှေခွက်ချည်း ကျန်စေတဲ့ လမ်းစဉ်ကို စစ်ဆေးဖို့ လိုပါတယ်။ ။



# စစ်အာဏာရှင်စနစ်နဲ့ စတုတ္ထမဏ္ဍိုင်



တင့်ဝေထွန်း

**ဓမ္မာသောက**

စစ်အာဏာရှင်စနစ်နဲ့ စတုတ္ထမဏ္ဍိုင်က ဓမ္မာသောကပဲ။

**ဖဆပလ ဆိုရှယ်လစ်အာဏာပိုင်တွေရဲ့ခေတ်**

စတုတ္ထမဏ္ဍိုင်နဲ့ ထိပ်တိုက် တွေ့ဖူးတယ်။ (၁၉၄၈) ခုနှစ် မတ်လ (၁၂) ရက်ကပဲ။ ဟစ်တိုင်နဲ့ အိုးဝေနဲ့ စီးပွားရေး သတင်းစာတိုက်ကို ပြည်ထဲရေးဝန်ကြီး အစီအစဉ်နဲ့ လူအုပ်ကြီးက ဝင်ဖျက်ကြတယ်။ ပုလိပ်ကို ခေါ်ပေမယ့် ပုလိပ်က လက်ရှောင်နေတယ်။ ပြည်ထဲရေး ဝန်ကြီးက ပုလိပ်တွေကို ဒီကိစ္စ လက်ရှောင်ဖို့ ကြိုပြီး ဟန့်တားလို့ ဖြစ်မှာပေါ့။

(၁၉၄၇ တုန်းက ဗကပ စည်းရုံးရေးမှူး အသတ်ခံရလို့ ပုလိပ်ကို သွားပြီး တိုင်ချက်ဖွင့်တော့ တိုင်ချက်ကို လက်မခံဘူး။ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ပုလိပ်အရာရှိကြီးက တိုးတိုးတိတ်တိတ် ခေါ်ပြီး ရှင်းပြတယ်။ ဒီကိစ္စမျိုးကို တိုင်ချက်ဖွင့်လာရင် လက်မခံနဲ့ လို့ ပြည်ထဲရေးဝန်ကြီးဌာနက လျှို့ဝှက်ညွှန်ကြားထားတယ်လို့ ဆိုတယ်။ ပြီးတော့မှ ဘယ်သူသတ်တယ်ဆိုတာ တို့လည်း သိတယ်။ မင်းတို့ လည်း သိတယ်–လို့ ပြောဖူးတယ်။)

**ဦးနေဝင်း စစ်အာဏာရှင်ခေတ်**

အဲဒီခေတ်မှာ ဓမ္မာသောက ဖြစ်တာတွေ သိပ်များတယ်။ (ကြေးမုံ) ဦးသောင်း ရေးသွားတဲ့ “ဘီလူးတို့ရွာ”စာအုပ် “ဒေါက်ဖြုတ်ကြီး ဒုညွှန်ကြားရေးမှူး”ဆိုတဲ့အခန်းမှာ တော်တော်လေး ရေးထားတယ်။

သမ္မတကြီး ဦးနေဝင်းအတွက် “တောင်ရှည်ပုဆိုး ဝယ်ရန် ကျပ်(၂၀၀၀)”ဘတ်ဂျက်ငွေစာရင်းပါ ကိစ္စက တော်တော်ဂြိုဟ်မွှေ သွားတယ်။ (ကြေးမုံ) အယ်ဒီတာချုပ် သခင်လှကွန်း အဖြုတ်ခံရတာ ဒီကိစ္စလို့ ဆိုတယ်။ ဖြုတ်လိုက်လို့ အမိန့်ပေးတာက ပြန်ကြားရေးဝန်ကြီး ဗိုလ်လွင်တဲ့။ သခင်လှကွန်းကို ဂျောက် (ချောက်) ချသူက ဒုအယ်ဒီတာချုပ် ကိုမြတ်သူလို့ ရေးတယ်။ အတွင်းသိက ရေးတာ ဆိုတော့ ဟုတ်မှာပါ။

စတုတ္ထမဏ္ဍိုင် ဆိုတာထဲမှာကလည်း အပြိုင်အဆိုင်တွေ သိပ်များတတ်တာပဲ။

**သမ္မတ ဦးသိန်းစိန်ခေတ်**

ဦးနေဝင်းခေတ်ကလို မဟုတ်တော့ဘူး။ အစိုးရပိုင် စာနယ်ဇင်းသာမက ပုဂ္ဂလိက ဂျာနယ် မဂ္ဂဇင်းတွေ ရှိနေပြီ။ ပုဂ္ဂလိက သတင်းစာထုတ်ခွင့်လည်း ပေးမလိုလို ကြားတယ်။ သတင်းစာ ထုတ်ချင်သူတွေကလည်း ပြည်တွင်းရော ပြည်ပမှာပါ ရှိတယ်။ အစိုးရပိုင်သတင်းစာ၊ စစ်တပ်ပိုင်သတင်းစာက ရှိနေပြီးသား။ ပုဂ္ဂလိကကို ထုတ်ခွင့်ပေးလိုက်ရင် အတော်ကြီး အပြိုင်အဆိုင် ဖြစ်ကြတော့မှာပဲ။ “ဒေါက်ဖြုတ်သူ”“ဂျောက်(ချောက်)ချသူ” မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်မှာ သေချာသလောက်ပဲ။

**အာဏာပိုင်များတဲ့ ခေတ်**

ဦးသိန်းစိန်ရဲ့ သမ္မတခေတ်မှာ ဦးနေဝင်းသမ္မတခေတ်ထက် “အာဏာပိုင် များတယ်”။ ထိပ်ဆုံးမှာတောင် အာဏာပြိုင်ရှိနေတယ်။ ဆယ်အိမ်မှူးကလည်း အာဏာပိုင်ပဲ။

ဂျပန်ခေတ်နဲ့ ကြာလေတူလေ ဖြစ်နေတယ်။ ပွဲကြီးပွဲကောင်း လာပေါ်တော့မယ်။

“စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ”နဲ့ “တပ်မတော်ရဲ့ ဦးဆောင်မှုအခန်း”ဘယ်လိုလဲဆိုတာကို စောင့်ကြည့်ရမှာပါ။

## စစ်ဗျူရိုကရေစီယန္တရား၊ စစ်အုပ်စု၊ စစ်အစိုးရ ဒီ(၃) ခု ပေါင်းမှ စစ်အာဏာရှင်စနစ် ရှိနိုင်တယ်။



လှိုင်းမြင့်

(၁) ခေါင်းစီး ရှည်သွားတယ်။ ဒါကြောင့် ဒီခေါင်းစီးကို (ဗကပ) က 'စစ်(၃) စစ်' လို့ပဲ ပြောလေ့ရှိပါတယ်။

စစ်အာဏာရှင်စနစ်က နောက်နှစ်မှာ နှစ်(၅၀) ပြည့်ပါလိမ့်မယ်။ 'ရွှေရတု' ကို ဦးသိန်းစိန် လုပ်မှာ မဟုတ်ပါဘူး။ သူက "အရပ်သားအစိုးရ" လို့ နာမည်ခံထားရတာပဲ။

ဒါပေမဲ့ သူက "စစ်အာဏာရှင်စနစ်"နဲ့ မပတ်သက်ဘူးလို့ ဘယ်လိုပဲပြောပြော "၂၀၀၈ အခြေခံဥပဒေ"ကို စူးစမ်းလေ့လာလိုက်ရင် စစ်အာဏာရှင်စနစ်ပဲဆိုတာ ဘွားဘွားကြီး ပေါ်နေပါတယ်။

လွတ်လပ်ရေးခေတ်(၆၃) နှစ် သမိုင်းဇာတ်ဝင်ခန်းတွေကို စူးစမ်းလေ့လာရင်တော့ စစ်အာဏာရှင်စနစ်ရဲ့ ဇာတိက စပြီး ပေါ်လာမှာပါ။ ဒါကြောင့် အစကနေပြီး ဇာတ်ကြောင်း ပြန်ပါမယ်။ အကျဉ်းရုံးပါမယ်။

(၂) စစ်ဗျူရိုကရေစီယန္တရားနဲ့ မိမိတို့ ပြည်သူလူငယ်တွေ ကျွမ်းဝင်လာတာ မကြာသေးပါဘူး။ ပဒေသရာဇ်ခေတ် စစ်တပ်တုန်းက စစ်ဗျူရိုကရေစီယန္တရား မရှိပါဘူး။ ကိုလိုနီခေတ် စစ်တပ်မှာတော့ စစ်ဗျူရိုကရေစီယန္တရား ရှိတယ်။ ဒါပေမဲ့ ဗမာလူမျိုးတွေ အနားမကပ်နိုင်ဘူး။ ဓားလှံတွေနဲ့ တောင် သူပုန်ထဝံ့တဲ့လူမျိုးကို အင်္ဂလိပ်က သေနတ်ပေးမကိုင်ဝံ့ဘူး။ ခေတ်မီစစ်ပညာ သင်မပေးဝံ့ဘူး။ အင်္ဂလိပ်က ယုံကြည်စိတ်ချတဲ့ တိုင်းရင်းသားလူမျိုးတွေကိုလည်း စစ်ဗျူရိုကရေစီယန္တရားရဲ့ အောက်ဆုံးအဆင့်များမှာပဲ ထားပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ ဗမာလူမျိုးတွေက BIA, BDA,PBFတည်ထောင်တယ်။ ကိုယ်ပိုင် စစ်ဗျူရိုကရေစီယန္တရားတွေ ရှိလာတယ်။

အိန္ဒိယပါသွားတဲ့ တိုင်းရင်းသားတွေကိုလည်း အင်္ဂလိပ်က စစ်ဗျူရိုကရေစီယန္တရားရဲ့ အလယ်အလတ်ဆင့်ထိ တိုးပေးလာတယ်။

(၃) လွတ်လပ်ရေးရလာတော့ အားလုံး အဆင့်နေရာ မြင့်တက်လာတယ်။ စစ်ဗျူရိုကရေစီယန္တရားတစုံလုံး ကိုယ့်လက်ထဲ ရောက်လာပြီ။ ဒီမှာ ပြဿနာ စ ပေါ်တာပဲ။ လွတ်လပ်ရေးရစ စစ်တပ်ရဲ့ ထိပ်ပိုင်းမှာ (စစ်ဗျူရိုကရေစီယန္တရားရဲ့ အချက်အချာ နေရာတွေမှာ) BIA,BDA,PBF တွေ နေရာမရဘူး။ အင်္ဂလိပ်က အဆင့်မြှင့်ပေးသွားတဲ့သူတွေပဲ ကြီးစိုးတယ်။ အင်္ဂလိပ်နဲ့ ချုပ်ထားရတဲ့ "လက်ျာ ဖရီးမင်း စာချုပ်"အရ ဗြိတိသျှ စစ်ကော် မရှင်(BSM) လည်း လက်ခံထားရတယ်။

အစိုးရအာဏာကတော့ ဖဆပလ ဆိုရှယ်လစ်တွေ လက်ထဲမှာပဲ။ စစ်ဗျူရိုကရေစီယန္တရား စစ်အာဏာကို ကိုင်ထားသူတွေက အိန္ဒိယပြန်တွေ ဖြစ်နေတယ်။ ပြဿနာက ကြာလေ ကြီးလေ ပဋိပက္ခ ပြင်းထန်လေ ဖြစ်ပြီး ကရင်တွေ ပုန်ကန်တော့မှ ဗိုလ်လက်ျာလည်း အဖယ်ခံလိုက်ရတယ်။ အိန္ဒိယပြန် တပ်မှူးကြီးတွေကိုလည်း အနားပေးလိုက်တယ်။ ဗိုလ်နေဝင်းတို့ ဆိုရှယ်လစ်စစ်အုပ်စုက စစ်ဗျူရိုကရေစီယန္တရားကြီးတခုလုံးကို အပိုင်စီးလိုက်နိုင်တယ်။

ဒါက စစ်အုပ်စုနဲ့ စစ်ဗျူရိုကရေစီယန္တရားတို့ ပေါင်းစည်းမိသွားတဲ့ ဇာတ်ကွက်ပဲ။

ဖဆပလ ကွဲတော့ 'သန့်ရှင်းအစိုးရ' အာဏာရတယ်။ စစ်အုပ်စုက စစ်ဗျူရိုကရေစီယန္တရားသုံးပြီး "အာဏာလု"တယ်။ ဒါပေမဲ့ အိမ်စောင့်ဖို့ပဲ၊ "၁၉၄၇ အခြေခံဥပဒေ"ကို ကာကွယ်ဖို့ပဲ ဖြစ်နေတယ်။ ဒီအခြေခံဥပဒေက စစ်ဗိုလ် နိုင်ငံရေးအာဏာမရစေတဲ့ ဥပဒေပဲ။

(၁၉၆၂) မှ 'အာဏာသိမ်း'တယ်။ '၁၉၄၇ အခြေခံဥပဒေ'ကို ဖျက်သိမ်းလိုက်တယ်။ အခြေခံဥပဒေ အသစ်ရေးဖို့ ပြင်တယ်။ "၁၉၇၄ အခြေခံဥပဒေ" ပေါ်လာတယ်။

၁၉၆၂ ကျမှ စစ်အုပ်စုရယ်၊ စစ်ဗျူရိုကရေစီယန္တရားရယ်၊ စစ်အစိုးရရယ် ပေါင်းစည်းမိပြီး "စစ်အာဏာရှင်စနစ်" ဖြစ်လာတာပဲ။

စစ်သုံးစစ် ပေါင်းစည်းမှုဟာ စစ်အာဏာရှင်စနစ်ရဲ့ အခြေခံအုတ်မြစ်ပဲ ဖြစ်တယ်။

စစ်(၃) စစ်ကို ပေါင်းစည်းပေးတာကတော့ "၁၉၇၄ အခြေခံဥပဒေ"ဖြစ်တယ်။

ဘယ်လို ဘယ်ပုံစံ ပေါင်းစည်းပေးသလဲ ဆိုတာမှာတော့ ကွဲပြားမှု နည်းနည်းရှိနိုင်ပေမယ့် စစ်အုပ်စုက အခြေခံအုတ်မြစ်တော့ အပျက်မခံဘူး။ "၁၉၇၄ အခြေခံဥပဒေ"ဖြစ်ဖြစ် "၂၀၀၈ အခြေခံဥပဒေ"ဖြစ်ဖြစ် ဒီအခြေ ခံအုတ်မြစ်ကို အာမခံထားကြတာချည်း ဖြစ်တယ်။

အခြေခံအုတ်မြစ် ဖြိုချခံရမယ့် အန္တရာယ်တွေ့ရင် စစ်အာဏာသိမ်းပွဲတခု ဖန်တီးမှာပဲ။

စစ်အာဏာသိမ်းပွဲလုပ်ရေး လမ်းဖွင့်ပေးတာကို "၁၉၄၇ အခြေခံဥပဒေ"မှာ မတွေ့နိုင်ဘူး။ "၂၀၀၈ အခြေခံဥပဒေ"မှာသာ တွေ့နိုင်တယ်။

ဒါကတော့ (၁၉၈၈) လူထုအုံကြွမှုကြီးက ပေးတဲ့ သင်ခန်းစာကို "နအဖ စစ်အုပ်စု"က သတိပြုထားလို့ပဲ။ တဖက်က ပြောရင်လည်း "နေဝင်း စစ်အုပ်စု"လို ကိုယ့်ကိုယ်ကို ယုံကြည်မှုမျိုး "သန်းရွှေစစ်အုပ်စု"မှာ မရှိလို့ပဲ။

(၄) စစ်အာဏာရှင်စနစ်(နှစ် ၅၀ ပြည့်) ရွှေရတုသဘင် 'တစည'လည်း လုပ်ဝံ့မယ်မထင်ဘူး။

မိမိတို့ကတော့ "စစ်အာဏာရှင်စနစ်ကို ဖွင့်ချဖို့" ပြည်သူလူထုကို တပ်လှန့်ဖို့ "၁၉၆၂ မတ်လကို မမေ့နဲ့" ပြောနေရလိမ့်မယ်။

နှစ်(၅၀) က ၂၀၁၂ မတ်လရောက်ရင် ပြည့်တော့မှာပါ။

"၁၉၆၂ အာဏာသိမ်းပွဲ"ကြောင့် တိုင်းပြည်ဘယ်လောက် နစ်နာတယ်၊ ပြည်သူလူထု ဘယ်လောက်ဒုက္ခရောက်တယ်ဆိုတာကို ခေတ်အဆက်ဆက် ပြောနေရလိမ့်မယ်။ ဂျပန်ခေတ်ကို မမေ့သလိုပေါ့။ ။

# စစ်အာဏာရှင်စနစ်ကို

## စီးပွားရေး နိုင်ငံရေးရှုထောင့်မှ

# ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြည့်ခြင်း



ငြိမ်းဦး

**DSI က စတယ်။**

၁၉၅၀ စက်တင်ဘာလမှာ DSI ပေါ်တယ်။ ဗိုလ်အောင်ကြီး ဦးစီးတယ်။ တပ်မတော်သားတွေ သက်သာချောင်ချိရေးလို့ ဆိုတယ်။ အမြတ်အစွန်းရဖို့ မရည်ရွယ်ဘူးလို့ ဆိုတယ်။

(၁၉၅၀) မှာ ဖဆပလ အစိုးရက ကာကွယ်ရေးဝန်ကြီးဌာနကို ကျပ်ငွေ(၆) သိန်း အတိုးမဲ့ ထုတ်ချေးတယ်။ (၂) နှစ်အတွင်း ပြန်ဆပ်ရမယ်လို့ ဆိုတယ်။

DSI က

+ နို့ဆီ၊ သကြား၊ ဘီယာ စတာတွေကို စစ်သားရော အရပ်သားကိုပါ ရောင်းတယ်။ (၂) လနေတော့ လူသုံးကုန်ပစ္စည်းတွေ၊ အားလုံးကိုပါ လက်လီလက်ကား ရောင်းတယ်။(၁၉၆၀) ခုနှစ်ရောက်တော့ ဘဏ်လုပ်ငန်း၊ ပင်လယ်ကူးသင်္ဘောလုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း စတဲ့ လုပ်ငန်းကြီးတွေမှာပါ လုပ်လာတယ်။

+ သူတို့ သိပ်မြတ်တယ်။ မြတ်မှာပေါ့။ သူတို့က အခွန်လွတ်တယ်။ စစ်သည်အားလုံးကို အမာခံဖောက်သည်အဖြစ် ရှိထားတယ်။

အရပ်သူအရပ်သား အားလုံးကိုလည်း လက်လီလက်ကား ရောင်းနိုင်တယ်။ ကုန်စည် သယ်ယူပို့ဆောင်ရာမှာ စစ်သားရဲ့ လုပ်အားနဲ့ စစ်တပ်ရဲ့ မော်တော်ကားတွေကို အခမဲ့ သုံးနိုင်တယ်။ မီးရထား၊ သင်္ဘော ရာထမ်း၊ မှုထမ်းတွေအပေါ် ဗိုလ်ကျ အနိုင်ကျင့်နိုင်တယ်။ ဒါကြောင့် ကုန်စည်စီးဆင်းမှု သွက်လက်တယ်။

+ ရရှိလာတဲ့ အမြတ်အစွန်းကလည်း စစ်တပ်ရဲ့ သပိတ်ဝင် အိတ်ဝင်ပဲ။ အရပ်သားအစိုးရကို စာရင်းအင်း တင်ပြစရာ မလိုဘူး။ စစ်ဆေးခံစရာ မလိုဘူး။

+ ရောမ အမြတ်အစွန်းတွေ ရှိနေတော့ သစ္စာဖောက်တွေကိုလည်း ဝယ်ယူသိမ်းသွင်းနိုင်တယ်။ ပုံနှိပ် မီဒီယာလုပ်ငန်းမှာ ငွေတွေသုံးပြီး တိုးဝင်တယ်။

ချုပ်ပြီး ပြောရင်–

စစ်တပ်သက်သာချောင်ချိရေးလုပ်ငန်းက စစ်ဗိုလ်တွေရဲ့ လက်ဝါးကြီးအုပ်လုပ်ငန်း ဖြစ်လာတယ်။ စစ်အာဏာနဲ့ စစ်တပ် စီးပွားရေးအင်အား ပေါင်းစပ်မိတော့ စစ်ဗျူရိုကရက် ခေနရှင်ကြီး လူတန်းစား ပေါ်လာတယ်။ စစ်အုပ်စု ပေါ်လာတယ်။ စစ်အုပ်စုက နိုင်ငံရေးအာဏာကို တပ်မက်လာတယ်။ အရပ်သားအစိုးရရဲ့ ကာကွယ်ရေးဝန်ကြီးလက်အောက်မှာ မနေလိုတော့ဘူး။ အရပ်သားဝန်ကြီးချုပ်တို့ အရပ်သားကာကွယ်ရေးဝန်ကြီးတို့ လက်အောက်က ရုန်းထွက်ချင်လာတယ်။ ရုန်းထွက်ဖို့ အင်အားလည်း ရှိလာတယ်။ နိုင်ငံခြားအဆက်အသွယ်လည်း ရှိလာတယ်။

ဖဆပလ (၂) ခြမ်းကွဲတော့ အခွင့်ကောင်း ပေါ်တယ်။ သန့်ရှင်းအစိုးရ ဝန်ကြီးချုပ်ဦးနုကို အကျပ်ကိုင်ပြီး အာဏာ တောင်းတယ်။ အာဏာ ရတယ်။

ဒါပေမဲ့ "အိမ်စောင့်အစိုးရ"ပဲ လုပ်နိုင်တယ်။ "၁၉၄၇ အခြေခံဥပဒေ"က အဟန့်အတား ဖြစ်နေတယ်။ ဒါကြောင့် အာဏာပြန်အပ်ဖို့ ရွေးကောက်ပွဲ လုပ်ပေးရတယ်။ 'ပထစ' နိုင်တယ်။ 'ပထစ' ကို အာဏာ ပြန်လွှဲပေးရတယ်။

ပထစ အစိုးရမှာ ဦး–ဗိုလ်–သခင် အုပ်စုကွဲတော့ ချက်ကောင်းပေါ်ပြီဆိုပြီး ၁၉၆၂ မတ်လမှာ စစ်အာဏာသိမ်းပွဲ လုပ်တာပဲ။ စစ်အုပ်စု နိုင်ငံရေးအာဏာရဖို့ ခွင့်မပြုတဲ့ "၁၉၄၇ အခြေခံဥပဒေ" ကို ချက်ချင်း ဖျက်သိမ်းပစ်တယ်။

အဲဒီကတည်းက "စစ်အာဏာရှင်စနစ်" စတာပဲ။ မကြာခင်မှာ နှစ်(၅၀) ပြည့်တော့မယ်။

**နှစ်(၅၀) အတွင်းမှာ**

"စစ်အာဏာရှင်စနစ်"ကို အာမခံတဲ့ အခြေခံဥပဒေ (၂) ခု (၁၉၇၄ နဲ့ ၂၀၀၈) ပေါ်ပြီးပြီ။

ဗမာပြည်ရဲ့ အကြီးဆုံး လက်ဝါးကြီးအုပ် စစ်ဗျူရိုကရက် ခေနရှင်များ ဖြစ်နေကြပြီ။ စစ်ဗိုလ်စစ်သား(အဟောင်း–အသစ်) မရှိတဲ့ ကဏ္ဍရယ်လို့ ဘယ်မှာမှ မရှိတော့ဘူး။ မဏ္ဍိုင်ကြီး (၃) ရပ်မှာတော့ သူတို့ချည်းလောက်ပဲ။ စတုတ္ထမဏ္ဍိုင်မှာတော့ တိုးဝင်ဆဲ ဖြစ်တယ်။

ဒါဟာ နောက်ဆုံး တည်ရှိနေတဲ့ အခြေအနေပဲ။

**နှစ်(၅၀) အခြေကျနေတဲ့ "စစ်အာဏာရှင်စနစ်" ကို လျှော့မတွက်သင့်**

စစ်အုပ်စုအတွင်းမှာ၊ စစ်ဗျူရိုကရက် လူတန်းစားအတွင်းမှာ အတွင်းပိုင်း ပဋိပက္ခတွေ ရှိမှာပဲ။ ဟိုတုန်းက ရှိခဲ့တယ်။ နောင်မှာလည်း ရှိဦးမှာပဲ။

အဲဒါကြောင့် "စစ်အာဏာရှင်စနစ်"ပြိုလဲသွားမယ်လို့ တွက်ရင် မှားလိမ့်မယ်။ "ပြည်သူ့အင်အား"နဲ့ ဖြိုမှ ပြိုမှာပါ။ "ပြည်သူ့အင်အား" မရှိရင်တော့ ဂေနီးသေ ငစွေပဲ ပေါ်နေမှာပဲ။



# မဆလ အလောင်းကို Post- mortem(သေပြီး ခွဲစိတ်စစ်ဆေး) ကြသူတွေ

(စိုးအေး)

(၁) အလောင်းကို ခွဲစိတ်စစ်ဆေးကြသူတွေက 'မဆလ' ရဲ့ အာဏာအမွေခံ–နိုင်ငံရေးအမွေခံတွေ မဟုတ်ဘူး။ တခြားနိုင်ငံရေးသုတေသီလည်း မဟုတ်ဘူး။ ('ဗကပ' ပျက်) စိတ်ဓာတ်စစ်ဆင်ရေးသမားတွေပဲ လုပ်တယ်။ သူတို့ ဘာကြောင့် လုပ်သလဲ။ ဒီကိစ္စ စဉ်းစားကြည့်သင့်တယ်။

(၂) စစ်ဆေးသူတဦးက

+ 'မဆလ'က အသက်အောင့်ပြီး အသေခံသွားတာလို့ ဆိုတယ်။ လူထုက လည်ပင်းညှစ်လို့ သေတာ မဟုတ်ဘူး။ အသက်အောင့်ပြီး တမင် အသေခံသွားတာတဲ့။

+ ဗိုလ်နေဝင်းဟာ သူ့အမှားကို သူ မြင်ပြီး မဆလကို သေအောင်လုပ်သွားတာလို့ ပြောချင်တာပဲ။ ဗိုလ်နေဝင်းကို ကာကွယ်ချင်တာ ရှင်းတယ်။

+ ဒီလူကပဲ တနေရာမှာ "၈၈/ အုံကြွမှုကြီး"ကို ဗိုလ်နေဝင်းက တမင် ဖန်တီးလိုက်တာလို့ ဆိုပြန်တယ်။ ဒါက "မော်စီတုန်းရဲ့ ခရီးရှည်ချီတက်ပွဲ အောင်မြင်တာဟာ ချန်ကေရှိတ်က တမင် ဖွင့်ပေးလိုက်လို့ပဲ" ဆိုတဲ့ နိုင်ငံရေးဟာသမျိုးပါ။

နောက်တဦးကတော့

+ 'မဆလ' သေအောင် သတ်သွားသူဟာ (မုံရွာ) ဦးဘညိမ်လို့ ဆိုတယ်။ မုံရွာက တဦးကိုတောင် သက်သေတည်သွားတယ်။ သူ့လေသံက ဗိုလ်အောင်ကြီးရဲ့ "ဗိုလ်တင်ဖေက ဦးဘညိမ်ကို ဆရာတင်ပြီး အရမ်းလျှောက်လုပ်"လို့ ဆိုတာနဲ့ အတူတူပဲ။

(၃) အလောင်းကို ခွဲစိတ်ပြီး အဖြေရှာသူတွေ မဟုတ်တဲ့ စစ်ဗိုလ်(ဟောင်း) တွေလည်း ရှိတယ်။ သူတို့ကတော့ ခရီးသွားဟန်လွှဲ ရေးကြတာ ရှိတယ်။ အပေါင်းအသင်း ရောင်းရင်းတွေ တပည့်တွေကို အာဏာပိုင်တွေက ယုံယုံကြည်ကြည် သုံးကြလို့ပဲတဲ့။ Cronyism လို့ ဆိုချင်ဟန် ရှိတယ်။ နဝတ/နအဖ တွေကို မသိမသာ ပညာပေးတဲ့ သဘောလည်း ပါတယ်။

(၄) မဆလကို သတ်သွားတာဟာ တကယ်တော့ "စစ်အာဏာရှင်ဝါဒ/စနစ်"ပါ။ စစ်အာဏာရှင်ဝါဒ/စနစ်က 'မဆလ'ကို ကြာလေ လူထုနဲ့ ကင်းကွာလေ ဖြစ်စေခဲ့တာကြောင့်၊ အပြောတမျိုး အလုပ်တမျိုးကြောင့် ကျဆုံးရတာပဲ။

စစ်အာဏာရှင်ဝါဒ/စနစ် လုပ်ရင် လူထုရဲ့ ဒဏ်ခတ်မှုကို အနေးနဲ့အမြန် ခံကြရမှာချည်းပါ။ ။

## ကာတွန်းနေဦး၏ ယခုတပတ် လက်ရာ(၁)






ကာတွန်းနေဦး၏ ယခုတပတ် လက်ရာ(၂)




ကာတွန်းနေဦး၏ ယခုတပတ် လက်ရာ(၃)

# သတင်းနဲ့ မှတ်ချက်



**“ကြွေးတင်တိုင်းသာ ကိုလိုနီတပိုင်း ဆိုရင် အမေရိကန်ဟာ အကြီးဆုံး ကိုလိုနီ တပိုင်းနိုင်ငံပေါ့” ဆိုတဲ့ လောဂျစ်မှား။**

အဲဒီလောဂျစ်ကို ပြောသူက တခါတုန်းက ‘ဗကပ’ဗဟိုကော်မတီဝင်ပဲ။

ဒီလို ‘လောဂျစ်’မျိုးက အပေါ်ယံကျတဲ့ စဉ်းစားနည်းပါ။

ခေတ်သစ်အရင်းရှင်စနစ်မှာ တဦး တယောက်တည်းရဲ့ ပုဂ္ဂလိက အရင်းအနှီးနဲ့ ဘယ်ကော်ပိုရေးရှင်းမှ စီးပွားကုန်သွယ် မလုပ်ကြပါဘူး။ တနည်းနည်းနဲ့ အရင်းအနှီးများအောင် လုပ်ကြတာချည်းပဲ။

အလျဉ်မီအောင် စားဝတ်နေဖို့ ကြွေးယူရသူနဲ့ အရင်းအနှီးကြီးကြီးနဲ့ ဈေးကွက်ကို လက်ဝါးကြီးအုပ်ဖို့ ကြွေးယူသူကို တတန်းတည်းထားတာဟာ အကြီးဆုံးအမှားပါ။

အမေရိကန်မှာ အကြွေးတွေ ထရီလျံနဲ့ချီပြီး တင်နေတယ်။ ကြွေးတင်တဲ့နေရာမှာ နံပါတ်ဝမ်းပဲ။ ဒါပေမဲ့ ကမ္ဘာကို လွှမ်းမိုးဖို့ စစ်အင်အားတော့ တိုးချဲ့နေတယ်။ ကမ္ဘာပတ်လည် အမေရိကန်စစ်ဌာနချုပ်တွေက လျော့မသွားဘူး။ အာဖရိက စစ်ဌာနချုပ်ဆိုတာတောင် ရှိလာနေတယ်။ အာဖရိကမှာရှိတဲ့ ဘယ်နိုင်ငံကမှ စစ်ဌာနချုပ်ဆိုတာကို လက်မခံလို့ ဂျာမနီမှာ ဌာနချုပ်ထားရသတဲ့။ လစ်ဗျားမှာ ကျူးကျော်စစ်ဆင်တာမှာ သူ ပါနေတယ်။

စစ်အင်အားမှာ နံပါတ်ဝမ်းနေရာ ထိန်းထားဖို့ ကြွေးတင်ခံနေတာလို့ ပြောရလိမ့်မယ်။ ။



IMF အကြီးအမှူး အသစ်တင်လိုက်ပြီ။ ပြင်သစ်ပဲ။ အမျိုးသမီး ဖြစ်တယ်။ ဒီလိုဖြစ်မယ်ဆိုတာက သိပြီးသားပါ။ လူကြားကောင်းအောင် အပြိုင်အဆိုင် ရှိလေဟန်တော့ လုပ်ခဲ့ကြတာပဲ။

အမေရိကန်က ၁၉၄၅ ကမ္ဘာ့အစီအစဉ်ကို မဖြစ်မနေ ထိန်းမှာပဲ။ ဘယ်လောက်ပဲ အကျပ်တွေ့နေပါစေ၊ သူရရှိထားတဲ့ အဆင့်နေရာကို ပြတ်ပြတ်သားသား ထိန်းမှာပါ။ အကြွေးတင်ရာမှာ “နံပါတ်ဝမ်း” ဖြစ်နေပါစေ၊ စစ်ရေး၊ ငွေရေးကြေးရေး စီးပွားရေးမှာ နံပါတ်ဝမ်းနေရာကို အသေအလဲ ကာကွယ်မှာပါ။

နုတ်ထွက်သွားရတဲ့ IMF အကြီးအကဲရဲ့ အမှုဖြစ်ပုံ၊ အမှုစစ်ပုံကလည်း တမျိုးပဲ။ နိုင်ငံရေးပယောဂပါသလားလို့ စဉ်းစားစရာ ဖြစ်နေတယ်။ ဒီပုဂ္ဂိုလ်(Dominique Strauss-Kahn)က ဆိုရှယ်လစ်သမ္မတလောင်း အဖြစ် ဝင်ပြိုင်မယ့်သူ၊ သူက လက်ရှိသမ္မတအပေါ် နိုင်ခြေ ရှိနေတယ်–တဲ့။ ။

## ဂိုဘာချော့ဗ်ရဲ့ အသက်(၈၀) ပြည့် မွေးနေ့



ဂေါ်ဘာချော့ဗ်ရဲ့ အသက်(၈၀)ပြည့် မွေးနေ့ကို လန်ဒန်မှာ လုပ်သတဲ့။ သူ့ဇာတိ ရုရှားမှာ မလုပ်ဘူး။ သူ့ကို ရုရှားတွေက မကြည်ညိုကြဘူး။ ရုရှားကို ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်ခဲ့သူ တရားခံပဲလို့ သတ်မှတ်ကြတယ်။ ဒါကြောင့် လန်ဒန်မှာ သွားလုပ်ရတာပဲ။

+ ဗိုလ်နေဝင်းရဲ့ နှစ်(၁၀၀) မွေးနေ့ကော ဘယ်သူတွေများ လုပ်ကြသလဲ။ သူ အသက်ရှင် အာဏာရှိစဉ်က လူတွေ လုပ်ကြသလား။ အခု အာဏာရနေသူကကော လုပ်ကြသလား။ မလုပ်ဘူး။ 'ဗကပ' သစ္စာဖောက်တွေသာ 'လွမ်းမပြေ' ဖြစ်နေတာပဲ။

+ ဗိုလ်အောင်ဆန်း မွေးနေ့က နှစ်(၁၀၀) မရောက်သေးပါဘူး။ ဒါပေမဲ့ သူ့ကို မမေ့ကြဘူး။ အခုတလောမှာ ဗိုလ်အောင်ဆန်းကို ဂုဏ်ပြုတာ တွေ ပိုများလာတယ်။ ဘာကြောင့်လဲ။

အဖြေက ရှင်းရှင်းကလေးပဲ။ "အသက်ရှင်စဉ် ကြီးမြတ်ပြီး ကွယ်လွန်တော့ ဂုဏ်ရောင်ပြောင်သူ"ကိုပဲ ထာဝစဉ် လေးစားကြမှာပါ။

+ လွမ်းစရာရှိမှလည်းလွမ်းကြလိမ့်မယ်။ ။



# သတင်းနဲ့ မှတ်ချက်

## ဗိုလ်နေဝင်းကို လွမ်းကြသူများ

ဗိုလ်နေဝင်း စောင်မလို့ သမ္မတတွေ၊ နိုင်ငံတော် ကောင်စီဝင်တွေ၊ ဝန်ကြီးဝန်ကလေးတွေ ထဲက ဘယ်သူသေလို့ ဘယ်သူရှိသလဲ မသိတော့ပါဘူး။ သူတို့က လွမ်းမပြေ မဖြစ်ကြဘူး။

နိုင်ငံရေး ပင်စင်ရကြတဲ့သူတွေကတော့ တချို့ ကျန်နေသေးတာ တွေ့ရတယ်။ သူတို့က လွမ်းကြတယ်။ (၁၉၈၀) ဗိုလ်နေဝင်းနဲ့ လျှို့ဝှက်တွေ့ ကြတုန်းက ဗိုလ်နေဝင်းက "သခင်တင်တယောက် စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြောင်း၊ ဒု ဝန်ကြီးချုပ်ဘဝ ဝန်ကြီးဘဝက သောက်သောက်လဲ ရခဲ့တဲ့ ငွေတွေ လောင်းကစားလုပ်ခဲ့လို့ အခုလို ဖြစ်တာ ဖြစ်ကြောင်း။

ဒီကို ထွက်မလာခင်မှာ သူ့လူတွေကို တိုင်းပြည်အတွက် တချိန်က လုပ်ခဲ့ကြသူတွေကို ပစ်မထားသင့်ဘူး၊ ဥပဒေထုတ်ပြီး ထောက်ပံ့ထားဖို့ လိုကြောင်း၊ ဥပဒေကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ပြီး ဥပဒေပြုစုထားဖို့ မှာခဲ့ကြောင်း ပြောပါတယ်။ သူပြောတာ များပါတယ်။

နောက်တော့ နိုင်ငံ့ဂုဏ်ရည်တို့ မော်ကွန်းဝင်တို့ ပေါ်လာတာပဲ။

အဲဒီ"ဂုဏ်ရည်"တွေ "မော်ကွန်းဝင်"တွေ ရကြသူထဲမှာ ကွန်မြူနစ်သစ္စာဖောက်တွေ ပါတယ်။ သူတို့က ဦးသိန်းစိန်အစိုးရက ပင်စင်တိုးပေးတော့ ဝမ်းသာကြသတဲ့။ ဂျာနယ်တွေထဲမှာ တွေ့ရတယ်။

ဗိုလ်နေဝင်း တိုင်းပြည်ဖျက်ခဲ့တာကို မပြောဘဲ သူတို့ကို ငွေကြေး အနည်းအကျဉ်း ပေးကမ်းခဲ့တာကို လွမ်းမပြေ ဖြစ်နေကြလေရဲ့။

### မောင်စူးစမ်း နားပင်းသွားပြန်ပြီ

မဇ္ဈိမက ဖုန်းနဲ့ပြောတော့ သူ့မိန်းမက မောင်စူးစမ်း နားမကြားတော့ဘူးလို့ ပြန်ပြောတယ်ဆိုတဲ့သတင်း ဖတ်ရတယ်။

လက်အကြောတက်လို့ စာမရေးတော့ဘူးပြောပြီး စာတွေရေးလာတယ်။ ဒီတခါ နားမကြားတာလည်း အာဂန္တုရောဂါပဲ ဖြစ်မှာပါ။ သမ္မတကြီးဦးသိန်းစိန်ရဲ့ 'နိုင်ငံရေးအကြံပေး' ကိုကိုလှိုင်နဲ့ 'အလွတ်အကြံပေး' မောင်စူးစမ်းတို့တွဲပြီး ပွဲထွက်ကြမတဲ့။ နားထောင်ချင်တဲ့ပရိသတ် တရာပြည့်သွားပြီလို့ ဆိုတယ်။ နားပြန်ပြီး ကောင်းလာမယ်လို့ ထင်ပါတယ်။ မောင်စူးစမ်းရောဂါက ဦးဘဖေရဲ့ ဒူးနာရောဂါမျိုးပဲ ဖြစ်မှာပါ။ ဦးဘဖေ စားခဲ့တဲ့ဆေးကို စားပါလို့ အကြံပေးပါတယ်။

# စစ်အာဏာရှင်စနစ် မုချ ချုပ်ငြိမ်းလိမ့်မယ်

စောထွန်းဇင်

သဘာဝလောကကြီးမှာရော လူ့လောကအပါအဝင် သတ္တလောကကြီးတခုလုံးမှာ ဖြစ်တည်လာတာနဲ့ ဖြစ်ပေါ်တိုးပွားသွားရပါတယ်။ ဖြစ်ပေါ်တိုးပွားတာဟာ ချုပ်ငြိမ်းသွားတာနဲ့ တွဲလျက်ပါသွားတယ်။

အနယ်ကျကျောက်ဟာ အသွင်ပြောင်းကျောက် ဖြစ်သွားတဲ့အခါမှာ အနယ်ကျကျောက် အခြေအနေပျက်သွားပြီး အသွင်ပြောင်းကျောက်အနေအထား ဖြစ်သွားပါတယ်။ အောက်ဆီဂျင်နဲ့ ဟိုက်ဒြိုဂျင်ဟာ သင့်တော်တဲ့အချိုးနဲ့ ပေါင်းစည်းမိတဲ့အခါ ရေဆိုတဲ့ အသွင်အနေအထား ဖြစ်လာပါတယ်။ မူလအောက်ဆီဂျင်နဲ့ ဟိုက်ဒြိုဂျင်အနေအထား အသွင်အပြင် ပျက်သွားပါတယ်။ သစ်စေ့တစေ့ကနေ သင့်တော်တဲ့ ရေ၊ လေ၊ မြေ သင့်တော်တဲ့အနေအထားမှာ အပင်အဖြစ် ပြောင်းသွားပါတယ်။ သစ်စေ့အနေအထား ပျက်သွားပါတယ်။ လူသတ္တဝါ၊ သက်ရှိသတ္တဝါ အားလုံးဟာ အသက်ဝင်ရှင်သန်လာတာနဲ့ တပြိုင်နက်တည်း သေဆုံးခြင်းဟာလည်း ကပ်ပါလာပါတယ်။ လူဟာ မွေးဖွားလာပြီး ကလေးဘဝ၊ လူလတ်ပိုင်း၊ လူကြီးပိုင်း၊ သက်ကြီးရွယ်အိုဘဝအဖြစ် ဖြစ်ပေါ်တိုးပွားသွားပါတယ်။ ဒီလိုဖြစ်စဉ်မှာ တချို့ကလေးဘဝမှာတင် သေဆုံးသွားတယ်။ တချို့ လူငယ်၊ လူလတ်၊ တချို့ လူကြီးပိုင်းဘဝတွေမှာတင် သေဆုံးကုန်ပါတယ်။ တရာတန်းအထိ ရှင်သန်သူ နည်းပါးပါတယ်။ တကယ်တော့ အသက်ဝင်လာတာနဲ့ သေဆုံးဖို့ဆိုတာ အမြဲဖြစ်နေတာပါ။ ရှင်သန်ဖို့အချက် နည်းပါးကုန်ခန်းတာနဲ့ တပြိုင်နက်တည်း သေဆုံးတာပါ။

လူ့အဖွဲ့အစည်းမှာ သဘာဝအလျောက် ရှာဖွေစားသောက်နေထိုင်စဉ်ဘဝမှာ နေထိုင်မှုအတည်တကျလည်း မရှိ၊ လူဦးရေ တိုးပွားနှုန်းကလည်း အလွန်နည်းပါတယ်။ လူမှုဆက်ဆံရေးကလည်း လူရိုင်းဘဝပါ။ ကျောက်လက်နက်ပစ္စည်းကိရိယာ အသုံးများပါ တယ်။ နောင်မှာ ကြေး၊ သံ လက်နက်ကိရိယာတွေ သုံးစွဲတဲ့အခါမှာ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ်တတ်လာပြီး အတည်တကျ နေထိုင်တတ်လာပါတယ်။ အတည်တကျနေထိုင်တတ်တဲ့ လူ့အဝန်းအဝိုင်းတွေမှာ ထုတ်လုပ်ရေးတွေဟာ စားသုံးတာထက် ပိုထုတ်လာနိုင်ပါတယ်။ ဒီလိုဖူလုံလာတော့ လူဦးရေးတိုးပွားလာမှုနှုန်းလည်း မြင့်လာပါတယ်။ လူ့ယဉ်ကျေးမှုလည်း စတင်လာပါတယ်။ ယဉ်ကျေးလာတဲ့ လူ့အသိုင်းအဝိုင်းမှာ ပုဂ္ဂလိကပိုင်ဆိုင်တဲ့စနစ် ဖြစ်တည်လာပါတယ်။ အဲဒီအချိန်က စတင်ပြီး လူတန်းစားကွဲပြားမှုဆိုတာ ပေါ်လာတယ်။ တဖက်မှာကြည့်ရင် လူရိုင်းဘဝ ချုပ်ငြိမ်းပြီး လူ့ယဉ်ကျေးမှုစတင်ပါတယ်။ တဖက်မှာကြည့်ရင် လူသားအားလုံး တန်းတူရည်တူ ရှာဖွေစားသောက်နေထိုင်ရာက အပိုအလျှံတွေကို လက်ဝါးကြီးအုပ်သူနဲ့ ရှာဖွေထုတ်လုပ်သူဆိုတဲ့ လူတန်းစားမတူညီမှု ဖြစ်လာပါတယ်။ ဒီဟာက စည်းစနစ်သဘောဆောင်လာတဲ့ အခါမှာတော့ အုပ်စိုးသူလူတန်းစားနဲ့ အုပ်စိုးခံရသူဆိုပြီး ၂ မျိုး ဖြစ်ပေါ်လာပါတယ်။

ကုန်ထုတ်ကိရိယာတွေ အသစ်ထွန်းကားလာပြီး ထုတ်လုပ်ရေးနည်းနာတွေ ပြောင်းလာတာနဲ့အမျှ ကုန်လုပ်ဆက်ဆံရေးတွေလည်း ပြောင်းလဲလာပါတယ်။ ဒီလိုပြောင်းလာတာနဲ့အညီ အုပ်စိုးသူလူတန်းစားတွေလည်း ပြောင်းလဲလာတယ်။ လူတန်းစားတချို့ ပျောက်ကွယ်သွားပြီး လူတန်းစားအသစ်တွေ အုပ်စိုးသူလူတန်းစားမှာရော၊ အုပ်စိုးခံလူတန်းစားမှာပါ ဖြစ်ပေါ်လာပါတယ်။ ဒီလိုဖြစ်ပျက်နေတာကို နိုင်ငံရေးဝေါဟာရအရ ပြောရရင်တော့ လူတန်းစားပဋိပက္ခနဲ့ လူတန်းစားတိုက်ပွဲတွေ ရှင်သန်ဖြစ်ပေါ်တိုးပွားနေတယ်ဆိုတာကို တွေ့ရမှာပါ။ ဒီအပြင် လူတန်းစား





ပဋိပက္ခနဲ့ လူတန်းစားတိုက်ပွဲတွေကပဲ လူတန်းစားအားလုံးကို ချုပ်ငြိမ်းစေပြီး လူ့ယဉ်ကျေးမှုကြီးကိုလည်း တဆင့်တိုးမြှင့်သွားလိမ့်မယ် ဆိုတာကို အခိုင်အမာ မျှော်မှန်းနိုင်ပါတယ်။ လူ့ယဉ်ကျေးမှု ပိုမြင့်လာတာနဲ့ အမျှ ထုတ်လုပ်ရေး ပိုမိုမြင့်မားလာပြီး လူ့အသိရေချိန် ပိုမြင့်လာတဲ့ အခါမှာ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းဖြစ် တည်လာမယ်ဆိုတာကို မုချတရားအဖြစ် တွေ့မြင်လာကြမှာပါ။

ကနေ့ဗမာပြည်မှာ လူတန်းစားတိုက်ပွဲ ဖြစ်နေပါတယ်။ စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ် ခေနရှင်လူတန်းစားကတဖက်၊ အလုပ်သမား လယ်သမား၊ မြို့နေဆင်းရဲသား၊ ခေနရှင်ပေါက်စ ပညာတတ်၊ အမျိုးသား အရင်းရှင်လူတန်းစား၊ တိုင်းချစ်ပြည်ချစ် ခေနရှင်လူတန်းစား စတဲ့ လူတန်းစားပေါင်းစုံ အလွှာပေါင်းစုံကတဖက် ဖြစ်နေတဲ့ လူတန်းစားတိုက်ပွဲကြီးပါပဲ။

အမျိုးသားပြိုကွဲမှု ဖြစ်နေတာဟာ ပြည်တွင်းစစ်ဖြစ်တဲ့ အခြေအနေအထိ မြင့်မားနေတယ်။ ပြည်သူတွေ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီအခွင့်အရေးတွေ လိုလားတောင်းဆိုနေတယ်။ အုပ်စိုးသူအစိုးရနဲ့ တော်လှန်သူတွေကြား ပဋိပက္ခပြင်းထန်နေတယ်။ အမျိုးသားလူနည်းစုတိုင်းလိုလို မိမိကိုယ်ပိုင်နိုင်ငံရေးပါတီတွေနဲ့ ကိုယ်ပိုင်လက်နက်ကိုင်တပ်တွေနဲ့– ရှိနေတာတွေ အားလုံးဟာ လူတန်းစားပဋိပက္ခနဲ့ လူတန်းစားတိုက်ပွဲပဲလို့ မြင်သူတွေ ရှိသလို၊ လူတန်းစားတိုက်ပွဲ မဟုတ်ဘူး။ လူတန်းစားတိုက်ပွဲလို့ နားမလည်သူတွေလည်း ရှိကြပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲ အမြင်ကွဲပြားသည် ဖြစ်စေ၊ ကနေ့အချိန်အခါမှာ တူညီတဲ့ အမြင်တခု ရှိကြပါတယ်။ အဲဒါက ဗမာပြည်ကို ကနေ့ အုပ်ချုပ် စိုးမိုးနေတဲ့သူ အာဏာရအစိုးရဟာ လူမျိုးစုံပြည်သူလူထုကို မတရား ဖိနှိပ်အုပ်ချုပ်နေတာဖြစ်တယ်ဆိုတဲ့ အမြင်ပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ တရားတဲ့အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ စိတ်ဓာတ် ရှိနေကြပါတယ်။

၂၀၀၈ အခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ ကြံ့ဖွံ့အမည်ခံ သမ္မတဦးသိန်းစိန်အစိုးရဟာ ယခင့်ယခင် အစိုးရတွေလိုပဲ ဗမာပြည်မှာ ဖြစ်ပေါ်နေတဲ့ ဘာပြဿနာကိုမှ မယ်မယ်ရရ မဖြေရှင်းနိုင်ဘဲ ဖြစ်နေပါတယ်။ အခြေအနေတွေဟာ ပိုမို ဆိုးဝါးလာနေပါတယ်။ သမ္မတဦးသိန်းစိန်အစိုးရရဲ့ အဆင့်ဆင့်အာဏာပိုင်တွေက လူထုအပေါ် တရားလက်လွှတ်ပြုမူဆက်ဆံတာတွေဟာ တနေ့တခြား ပိုပြီး ရက်စက်၊ ပိုပြီးလူမဆန်တာတွေ ဖြစ်နေပါတယ်။ အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသား၊ အမျိုးသားလူနည်းစု ဒေသတွေမှာနဲ့ အကျဉ်းထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေအပေါ် လူမဆန်စွာ ဆက်ဆံတာတွေဟာ သမ္မတဦးသိန်းစိန်လက်ထက်မှာ ယခင်အစိုးရထက် သာချင်သာမယ်၊ လျော့တော့ မလျော့ဘူး။ ကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ သန့်ရှင်းတဲ့အစိုးရဆိုတာကတော့ ဝေလာဝေးပဲ။

ဒါကြောင့် ဗမာပြည်မှာ ကြံ့ဖွံ့အစိုးရအမည်ခံ သမ္မတ ဦးသိန်းစိန်အစိုးရဟာ ပြည်သူလူထုရဲ့ ဆန့်ကျင်မှုကို တဆင့်တိုးခံရမှာ မုချပဲ။ ဒီမိုကရေစီတော်လှန်ရေးဟာ မုချတရားပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ မုချတရားဟာ အကောင်အထည်ဖော်တဲ့ နည်းနာတွေ မပြည့်စုံရင် မမှန်ကန်ရင် အချိန်မီမဖြစ်ရင် အချိန်ကာလ ရှည်ကြာနိုင်တယ်။ အကွေ့အကောက်များနိုင်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေကို လက်မခံသူ အချင်းချင်းဟာ အသီးသီးအပြန်အလှန် နားလည်မှုယူကြပြီး ကိုယ့်

ကမ္ဘာ့ငြိမ်းချမ်းရေး
အာရှငြိမ်းချမ်းရေး
ပြည်တွင်းငြိမ်းချမ်းရေး
ငြိမ်းချမ်းရေးအလံကို
မြင့်မြင့်မားမား လွှင့်ထူကြ။

အနေအထားအရ ဥပဒေတွင်း ဥပဒေပတိုက်ပွဲကို ပိုင်ပိုင်နိုင်နိုင် မှန်မှန်ကန်ကန် စည်းစည်းလုံးလုံးနဲ့ တိုက်ပွဲ ဆင်ကြမယ်ဆိုရင် ဒီမိုကရေစီပန်းတိုင်ကို မုချလှမ်းကိုင်နိုင်မှာပါ။

ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ပေါ်လာတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ စစ်အစိုးရတွေလည်း အသွင်အမျိုးမျိုး ပြောင်းခဲ့ပါပြီ။ တပ်မတော်ကို အမျိုးသားနိုင်ငံရေးမှာ ဦးဆောင်မှုအခန်းက ပါဝင်ရမယ်ဆိုတဲ့ အာမခံချက်ပေးထားတဲ့ ၂၀၀၈ အခြေခံဥပဒေအားကိုးနဲ့ သမ္မတဦးသိန်းစိန်အစိုးရက မင်းမူနေပါတယ်။ အဲဒါကလွဲပြီး စစ်အုပ်စု ကိုယ်ယောင်ဖျောက်ထားတဲ့ သမ္မတဦးသိန်းစိန်အစိုးရမှာ တခြားအားကိုးမရှိပါ။ သမ္မတ ဦးသိန်းစိန် အစိုးရ အကောင်အထည်ဖော်တာကတော့ စစ်တပ်၊ ရဲတပ်၊ စရဖ၊ စွမ်းအားရှင်နဲ့ ကြံ့ဖွံ့တွေကို တရားလက်လွှတ်ပြုမူ ကျင့်ကြံစေတာပဲ ဖြစ်ပါတယ်။ မတရားတဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့ တရားလက်လွှတ် ပြုမူကျင့်ကြံမှုတွေကို အားထားရတဲ့ အစိုးရဟာ ဘယ်လောက်များ သက်ဆိုးရှည်မှာလဲ။ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းချိန်တန်ပြီ။

စောထွန်းဇင်

ဩဂုတ် ၂၃၊ ၂၀၁၁။



# တနေ့ "တကွေ့တော့ တွေ့ကြဦးမည်"

မောင်ရွှေအိုး

တခါက ဖတ်ဖူးတဲ့နတ်နွယ်ဝတ္ထု။ ဇာတ်ကောင်ဇာတ်ကွက် မမှတ်မိတော့ပေမယ်လို့ မျိုးဆက်တဆက်ပြီးတဆက် တိုက်ပွဲဝင် ရုန်းကန် လှုပ်ရှားခဲ့ကြရတဲ့ဇာတ်လမ်းပါ။

စစ်အစိုးရလက်အောက်က ဗမာပြည်သူတွေအဖို့ ကွေ့ပေါင်းအတော်လေးများခဲ့ပြီ။ နှစ်ပရိစ္ဆေဒလည်း ကြာညောင်းလှပြီ။ ခုနစ်ရက် ဇူလိုင် မပြောနဲ့ ရှစ်လေးလုံးကာလက မွေးတဲ့ ကလေးတွေတောင် အသက် ၂၀ ကျော် အရွယ်တွေ ဖြစ်ကုန်ပြီမို့လား။ ရှေ့တန်းက ချီတက်ခဲ့ကြတဲ့ဂ၈ မျိုးဆက် ရဲရဲတောက် ကျောင်းသားလူငယ်များလည်း လေးဆယ်ကျော်လူကြီးပိုင်းထဲ ဝင်လာကုန်ပြီ။

သံသရာတွေ ဘယ်လိုပဲရှည်ရှည် သင်္ခါရတရားကို လွန်ဆန်နိုင်တဲ့ မင်းအစိုးရရယ်လို့လည်း သမိုင်းတလျှောက် မရှိခဲ့။ မှန်ကင်းတလှည့်ထင်းတလှည့်သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ ဆိုတဲ့ သဘာဝ နိယာမတရားအတိုင်း ဘယ်လိုပင် ဘုန်းတန်ခိုး အာဏာ လျှမ်းလျှမ်းတောက်ဦးတော့သိပ်မကြာခင် ကျွမ်းလိုမ့် ဆင်းရဖို့ အကြောင်းများတယ်လို့ တွက်မိပါတယ်။ အတွင်းမီး အပြင်မီး ဝိုင်းရံနေတဲ့ စစ်အာဏာရှင်စံနစ် ချုပ်ငြိမ်းတော့မယ့် လက္ခဏာတွေ စုလာနေပါပြီ။

မိမိရဲ့စစ်တပ်အပါအဝင် လူများစုကြီးအတွက် အရေးအကြီးဆုံး စားဝတ်နေရေးပြဿနာကို ဖြေရှင်းပေးဖို့ စိတ်ဆန္ဒ စေတနာ လုံးဝကင်းမဲ့တဲ့ အုပ်စိုးသူလူတန်းစားတရပ်ဟာ တနပ်စားဉာဏ်ပဲရှိတာမို့ တကယ်တမ်း ရေရှည်ထွက်ပေါက် ရှာမတွေ့နိုင်ပါဘူး။

ကလိမ်ကကျစ် ပရိယာယ်ဝေစုစ်ဆိုတာလည်း တကွက်မှားတာနဲ့ တခါတည်း ကိစ္စများသွားနိုင်တာမို့လား။ သူ့အကြောင်းကို အားလုံးသိကြပြီးသားဆိုတော့ ဘယ်ကွေ့ဘယ်တက်နဲ့ လှော်လိမ့်မယ်ဆိုတာ ဗေဒင်တွက်ကြည့်စရာလည်း မလိုဘူး ထင်ပါတယ်။

လာမယ့်နောက်တကွေ့ ရင်ဆိုင်တွေ့ကြတဲ့အခါ –

အရင့်အရင်အကြိမ်များနဲ့ ဆန့်ကျင်ဘက်ရလဒ် ဖြစ်တဲ့လူထုအောင်ပွဲဆင်နွဲနိုင်ဖို့ လက်တွေ့လုပ်ငန်းများ ပြင်ဆင်ကြိုးပမ်းထားကြဖို့ အင်မတန်အရေးကြီးတယ်လို့ မြင်ပါတယ်။

ပင်မ ဦးတည်ချက်နှစ်ရပ်အနေနဲ့ – –

၁။ အနာဂတ်လူထုအုံကြွမှု အသစ်တရပ် ပေါ်ပေါက်လာတဲ့အခါမှာ စစ်အစိုးရရဲ့ ပစ်ခတ်သတ်ဖြတ်မှု ဒဏ်ချက် အသေအပျောက် နည်းနိုင်သမျှနည်းရေး

၂။ လူထုဘက်မှ တန်ပြန်တိုက်ခိုက်ထိုးနှက်နိုင်ရေးတို့ ဖြစ်ပါတယ်။

ခံစစ်နဲ့ထိုးစစ်လို့ပဲ ဆိုကြပါစို့။ နောက်ဆုံးမတော့ ရန်သူကို အလဲထိုးနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားကြဖို့ ဖြစ်ပါတယ်။

၁။ လူထုဆန္ဒပြပွဲ စုဝေးစီတန်းလှည့်လည် ချီတက်ပွဲကို စီစဉ်တဲ့နေရာမှာ ဗမာပြည်ရဲ့ သမိုင်းလက်တွေ့ဘဝအရ စုရပ်နဲ့တက်လမ်းပဲ စဉ်းစားထားလို့ မဖြစ်ပါ။ မြို့တိုင်းနယ်တိုင်းမှာ မထွက်ခင်ကတည်းကကို ရိုက်နှက်ပစ်ခတ်မှု စတော့မယ်ဆိုတာနဲ့ ဆုတ်လမ်း ရှောင်လမ်း ကွင်းလမ်းများကို စံနစ်တကျ လူစုခွဲပြီး မြန်မြန်ဆန်ဆန် ခြေရာဖျောက်နိုင်ဖို့အတွက် အဆင်သင့် ရှာထားပြီး ဖြစ်သင့်ပါတယ်။

မိမိတို့ရဲ့အရပ်ဒေသ ပထဝီအနေအထားကို ကောင်းကောင်းကျွမ်းသူ လေ့လာတွက်ချက် ပြင်ဆင်ထားသူတွေ အစုတိုင်းမှာ ပါရှိဖို့ အရေးကြီးပါတယ်။ ဖြတ်လမ်း၊ မျက်ခြည်ဖြတ်ကွယ်လမ်း၊ မလွယ်ပေါက် ကယ်ပေါက် အားလုံး ကြိုတင်ရှာထားကြဖို့ လိုပါတယ်။ ကျောင်းသားလူငယ်များ လေ့လာကျက်မှတ်ထားသင့်တဲ့ ကိစ္စတခုပါ။

နောက်တချက်က ထိခိုက်ဒဏ်ရာရသူများကို လက်ခံကုသပေးနိုင်မယ့် လုံခြုံလျှို့ဝှက်တဲ့ ဆေးခန်းများ ကြိုတင်အဆင်သင့် ထားရှိနေဖို့ ဖြစ်ပါတယ်။ ဆရာဝန် သူနာပြု တတ်

ကျွမ်းသူများ အဆင်သင့်စောင့်ပြီး ထိုးဆေး (မော်ဖိန်းနဲ့ ပဋိဇီဝ အင်တီဘိုင်အိုးတစ်ဆေး) ဂွမ်း၊ ပတ်တီးတို့သာမက အကြောဆေး၊ ဆလိုင်းဂလူးကို့စ်ပုလင်းများနဲ့ သွေးပုလင်းထိ စဉ်းစားစီစဉ်ထား နိုင်သင့်ပါတယ်။ ကြက်ခြေနီအဆင့်ကစပြီး လုပ်ငန်းတာဝန်များကို အစကနဦးကပင် ခွဲဝေပိုင်းခြားထားရန် လိုပါတယ်။ အတတ်ပညာ ရှင်ကျွမ်းကျင်သူများကို ရှေ့တန်းမှာ အထိအခိုက်အနာမခံဘဲ တကယ်တမ်း အသုံးတည့်မယ့် နေရာများမှာ တာဝန်ပေးထားရန် အရေးကြီးပါတယ်။

ခေါင်းဆောင်ပိုင်းကို ကာကွယ်ကယ်ထုတ် လွတ် မြောက်သွားနိုင်ရေးအတွက် တာဝန်ရှိသူများ၊ ယာယီဝှက် ထားနိုင်ရန် လုံခြုံတဲ့ အိမ်နေရာများနဲ့ ထွက်လမ်းထုတ်လမ်း စီစဉ် ထားပြီး ဖြစ်သင့်ပါတယ်။

၂။ တန်ပြန်ထိုးနှက်နိုင်ရေးကိစ္စဟာ ပထမအချက်လိုပဲ ကြိုတင် ပြင်ဆင်မှု အင်မတန်အရေးကြီးကြောင်း အထူးပြောဖို့ လိုမယ် မထင်ပါ။

မိမိဘက်မှာ လက်နက်ကိုင်အင်အားမရှိတဲ့ အချိန်မှာ မော်စီတုန်း သညာပေးခဲ့သလို "ရန်သူ့လက်နက် ကိုယ့်လက်နက် ရန်သူ့တပ် ကိုယ့်တပ်" ဖြစ်ဖို့ လုံးပန်းကြရပါလိမ့်မယ်။ သည် နေရာမှာ စစ်အစိုးရရဲ့ မတရားဖိနှိပ်မှုဒဏ်၊ မသဒ္ဓါရေစာ လောက်ပဲ ကျွေးထားတဲ့ဒဏ်ကို ခံနေကြရတဲ့ အရာခံ အကြပ် တပ် သား လူများစုကြီးကို မိမိဘက် မဟာမိတ်များအနေနဲ့ ပထမ ဆုံး ဆွဲဆောင်သိမ်းသွင်းနိုင်ဖို့ သူတို့လက်ထဲက လက်နက်ကို ပြည်သူတွေဘက် ဦးမလှည့်ဘဲ၊ သူတို့အပါအဝင် လူထုကြီးတရပ် လုံးကို မတရားသဖြင့် ရက်ရက်စက်စက် သွေးစုပ်ဖိနှိပ် ညှဉ်းပန်း နေတဲ့ စစ်အာဏာရှင်တွေဘက်ကို သေနတ်ပြောင်းလှည့်ဖို့ ကြိုး ပမ်းကြရမှာပါ။

၁၉၁၇ ခုနှစ် ရုရှားနိုင်ငံမှာ ဘော်လ်ရှီဗစ်တော်လှန်ရေး အောင်ပွဲခံအောင် ဆောင်ကြဉ်းခဲ့တဲ့ ပိသုကာတစ်ဦးဖြစ်သူ ထရော်စကီက "အုံကြွတော်လှန်မှုဆိုတာ အမှန်စင်စစ်မတော့ တပ်မတော်ကို ဆန့်ကျင်တာမဟုတ်ဘဲ တပ်မတော်ကို မိမိဘက်ပါ လာအောင် လုပ်ယူတာပဲ ဖြစ်တယ်" လို့ ကောက်ချက်ချခဲ့ပါ တယ်။ တပ်မတော်ကို ဖြိုကွဲဖို့မဟုတ်၊ တပ်မတော်တရပ်လုံး ပြည်သူဘက်ပါလာအောင် လုပ်ဆောင်မှုဖြစ်လို့ စိတ်ရှင်းရှင်းနဲ့ ရဲရဲတင်းတင်းလုပ်သင့်တဲ့ လုပ်ငန်းအဖြစ် ယုံယုံကြည်ကြည် အား စိုက်ခွန်စိုက်လုပ်ကြဖို့ ဆိုပါစို့။

အောက်ခြေကတပ်တွေ ကိုယ့်ဘက် တစ်ပိုင်းတချို့ ဝင်လာပြီဆိုတာနဲ့ ပြည်တွင်းစစ်မီးကြီးထွားလာမှာကို တွေး ကြောက်ပြီး စိုးရွံ့နေလို့တော့ မဖြစ်ပါ။ ဗမာပြည်မှာ ပြည်တွင်းစစ် အနှစ်ခြောက်ဆယ် ကျော်ခဲ့ပါပြီ။ သန်းခေါင်ထက် ညဉ့်နက် စရာအကြောင်းဖြင့် မရှိတော့ပါ။

သည်အဆင့်မှာ ပြည်သူ့အစိုးရတရပ် ဖွဲ့စည်းရပါ တော့မယ်။ စင်ပြိုင်အစိုးရတခု ပေါ်ပေါက်လာမှသာလျှင် နိုင်ငံ တကာက အသိအမှတ် ပြုနိုင်မယ့်အပြင် လက်နက်ပစ္စည်း ရန်ပုံငွေ အကူအညီကို တရားဝင်ပေးနိုင်တဲ့အခြေအနေ ဖြစ်လာပါမယ်။

> သည်နေရာမှာ စစ်အစိုးရရဲ့ မတရားဖိနှိပ်မှုဒဏ်၊ မသဒ္ဓါရေစာလောက် ပဲ ကျွေးထားတဲ့ဒဏ်ကို ခံနေကြရတဲ့ အရာခံ အကြပ် တပ်သား လူများစုကြီးကို မိမိဘက် မဟာမိတ်များအနေနဲ့ ပထမဆုံး ဆွဲဆောင်သိမ်းသွင်းနိုင်ဖို့ သူတို့လက်ထဲက လက်နက်ကို ပြည်သူတွေဘက် ဦးမလှည့်ဘဲ၊ သူတို့အပါအဝင် လူထုကြီးတရပ်လုံးကို မတရားသဖြင့် ရက်ရက်စက်စက် သွေးစုပ်ဖိနှိပ် ညှဉ်းပန်းနေတဲ့ စစ်အာဏာရှင်တွေဘက်ကို သေနတ်ပြောင်း လှည့်ဖို့ ကြိုးပမ်းကြရမှာပါ။

ဗမာပြည်သမိုင်းမှာ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြတဲ့ ကျောင်း သားလူငယ်များ၊ သံဃာတော်များနဲ့ အခုအချိန်မှာ တပ်မတော် သားများပါ၊ တနည်းအားဖြင့် လယ်သမား အလုပ်သမား ပြည်သူ များနဲ့ သားသမီးတွေအားလုံး ညီညွတ်ကြမှ အောင်မြင်မယ် ဆိုတာတော့ အခွင့်အခါသင့်တုန်း ပြောချင်ပါတယ်။

အရေးတော်ပုံ အောင်ရမည်။
မောင်ရွှေအိုး
(၉ – ၇ – ၂၀၁၁)

# စစ်အုပ်စု အားကောင်းနေသရွေ့



## ဗမာပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် မတည်ဆောက်နိုင်

ကိုထွေး

စစ်အုပ်စုရဲ့ အရုပ်သားပုံစံ ခံယူထားတဲ့ ဦးသိန်းစိန် အစိုးရကတော့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကိုင်ပြီး ဗမာပြည်ကို ဆက်လက်အုပ်ချုပ်နေပါပြီ။ ဦးသိန်းစိန် အစိုးရဟာ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်၊ နဝတ၊ နအဖခေတ် ကာလများကတည်းက မပြီးပြတ်သေးတဲ့ သမိုင်းအကြွေး ဝန်ထုပ်ဝန်ပိုးကြီးကို ဆက်လက်ထမ်းပိုးပြီး ခရီးဆက်နေတော့ ခရီးမတွင်လှတာ သိပ်မထူးဆန်းလှပါဘူး။ စစ်အေးခေတ်အလွန်မှာ ပေါ်လာတဲ့အခွင့်ကောင်းတွေကို အိမ်နီးနားချင်းနိုင်ငံများက အကျိုးရှိအောင် အသုံးချပြီး တိုင်းပြည် ကြီးပွားတိုးတက်အောင် ထူထောင်နိုင်ခဲ့ကြပေမယ့် ဗမာပြည်ကတော့ ဒီကာလတလျှောက်လုံး စစ်တပ်ကိုပဲ ဇောက်ချပြီး တည်ဆောက်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကို စာရင်းပြစရာမလိုဘဲ စစ်အုပ်စုတစုတည်းက ထင်သလို သုံးစွဲပိုင်ခွင့်ရယူထားနိုင်ခြင်းရဲ့ ပြယုဂ်ပါပဲ။ ဒါကြောင့်လည်း ဒီကာလတလျှောက် ဖြစ်ပေါ်တိုးတက်လာတဲ့ စစ်နဲ့ဆိုင်တဲ့ တည်ဆောက်မှုအသစ်များ ဗမာပြည်အနှံ့ မြင်တွေ့နေကြရတာ မဟုတ်ပါလား။

ခုတလော ဦးသိန်းစိန် အစိုးရခေတ်မှာ နဝတ၊ နအဖခေတ်မှာ မမြင်ရဖူးတဲ့ မြန်မာနိုင်ငံ ဝန်ကြီးဌာနများရဲ့ ဘတ်ဂျက်စာရင်းတခု ဂျာနယ်တစောင်မှာ ဖော်ပြထားတာ တွေ့လိုက်ရပါတယ်။ ၂၀၁၀ – ၂၀၁၁ စာရင်းနဲ့ ၂၀၁၁ – ၂၀၁၂ ကာလရဲ့ စာရင်းများ ဖြစ်ပါတယ်။ အားလုံး ခန့်မှန်းထားကြတဲ့အတိုင်းပါပဲ။ ဘတ်ဂျက်မှာ ဝန်ကြီးဌာနအသီးသီးရဲ့ အသုံးစာရင်းများ ဖော်ပြထားရာမှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစာရင်းဟာ ထူးထူးခြားခြား မြင့်မားနေတာ တွေ့ရပါတယ်။ ၂၀၁၀ – ၂၀၁၁ အသုံးစာရင်းမှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစာရင်းဟာ ကျပ်သန်းပေါင်း ၁,၃၂၃,၀၆၆ ရှိပြီး၊ ကျန်ဝန်ကြီးဌာနအသီးသီး စုစုပေါင်း အသုံးစာရင်းရဲ့ ၅၁ ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၁ – ၂၀၁၂ အသုံးစာရင်းမှာတော့ ကာကွယ်ရေးဝန်ကြီးဌာန အသီးသီး စုစုပေါင်း အသုံးစာရင်းဟာ ကျပ်သန်းပေါင်း ၁,၃၁၈,၅၇၈ ရှိပြီး ကျန်ဝန်ကြီးဌာန အသီးသီး စုစုပေါင်း အသုံးစာရင်းရဲ့ ၂၁ ဒသမ ၁၃ ရာခိုင်ခိုင်နှုန်း ရှိပါတယ်။ ဒီသတင်းအပြင် အခြားအတိုက်အခံ သတင်းဌာနတခုမှာလည်း ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းက ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစာရင်းကို ဖော်ပြထားတာ တွေ့ခဲ့ရပါတယ်။ ဒီသတင်းမှာတော့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစာရင်းအဖြစ် သာမန်သုံးငွေ ၂ ဒသမ ၇ ထရီလီယံကျပ်ကျော်၊ ငွေလုံးငွေရင်း သုံးငွေ ၂ ဒသမ ၈ ထရီလီယံကျပ်ကျော်၊ တပ်မြို့ စည်ပင်သာယာအဖွဲ့ သုံးငွေ ၂ ဘီလီယံကျပ်ကျော်နဲ့ နောက်တိုး သုံးစွဲငွေ ၉၆ ဘီလီယံကျပ်ကျော်ဖြစ်ပြီး စုစုပေါင်းကျပ်ငွေ ၆ ထရီလီယံခန့် သုံးစွဲ ထားတယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။

ဗမာပြည်ရဲ့ စစ်သုံးစရိတ်စာရင်းကို အတိအကျရနိုင်ဖို့က မလွယ်ပါဘူး။ နိုင်ငံတကာ သုတေသနဌာနများ၊ သတင်းဌာနများဟာ စစ်တပ်ရဲ့ လှုပ်ရှားမှု၊ ဖြစ်ပေါ်တိုးတက်မှု၊ နိုင်ငံအသီးသီးနဲ့ ဆက်သွယ်မှုများကို ကြားရသမျှ၊ မြင်ရသမျှသတင်းများကို စုစည်းပြီး ပေါင်းရုံးသုံးသပ်ကာ ခန့်မှန်းပြီး အနီးစပ်ဆုံး၊ ဖြစ်နိုင်ချေအရှိဆုံးကို မှန်းဆကြရတာဖြစ်ပါတယ်။ ခုတခေါက် ထွက်လာတဲ့ သတင်းဟာလည်း ဦးသိန်းစိန်အရုပ်သားအစိုးရက အားလုံးသိစေဖို့ အမှန်အကန် ထုတ်ပြန်ပေးလိုက်တာလို့ ယူဆလို့ မရနိုင်ပါဘူး။ သူတို့ရဲ့ တကယ့်စစ်သုံးစရိတ်ကို ချန်ပြီး ထုတ်ပြန်ဦးမှာ သေချာပါတယ်။ ဘာပဲပြောပြော ဒီတကြိမ် ထွက်လာတဲ့ အသုံးစာရင်းအရ ကြည့်ရင်ပဲ စစ်ဘက်ဆိုင်ရာ အသုံးစရိတ်ဟာ ဘတ်ဂျက်တခုလုံးရဲ့ ၅၁ ရာခိုင်နှုန်း၊ ၂၁ ဒသမ ၁၃ ရာခိုင်နှုန်း သုံးထားတယ်ဆိုတော့ သူတို့ရဲ့ ဦး

> လွှတ်တော်လွှန်ကာလ
> စစ်အာဏာရှင်စနစ်ကို
> တိုက်ဖျက်ကြ။
> ပြည်သူ့ အင်အားကို
> စုစည်းကြ။

စားပေးသုံးစွဲမှု အတိုင်းအတာကိုတော့ ထင်ထင်ရှားရှားမြင်နေရတယ် မဟုတ်ပါလား။ သူတို့ဝန်မခံလည်း မျက်မြင်တွေ့နေရတာတွေအရ ကြည်း ရေ လေ စစ်တပ် အရွယ်အစားများ ပိုကြီးလာတယ်။ စစ်လက်နက်သစ်တွေ တပ်ဆင်မှု ပိုများလာတယ်။ စစ်လက်နက်ထုတ်တဲ့ စက်ရုံတွေ ပိုတိုးလာတယ်။ စစ်တက္ကသိုလ်တွေ ပိုများလာတယ်။ စစ်ဖက်ဆိုင်ရာ နိုင်ငံခြားပညာသင်လွှတ်တဲ့ အရေအတွက် ပိုတိုးလာတာတွေအရ သိသာပါတယ်။

ဒီလိုကြီးထွားလာတဲ့ စစ်အင်အားအားလုံးကို တိုင်းပြည်ရဲ့ သယံဇာတ ရောင်းရငွေတွေ၊ ပြည်သူလူထုရဲ့ အခွန်တွေအပြင် ပြည်သူလူထုခံစားရမယ့် တခြားပညာရေး၊ ကျန်းမာရေး၊ စည်ပင်ဝပြောရေးစတဲ့ ခံစားပိုင်ခွင့်တွေထဲကပါ လုယက်ယူငင်ပြီး သုံးစွဲထားတာဖြစ်ပါတယ်။ သူတို့ ကြွေးကြော်လေ့ရှိတာက "တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်"ဆိုတာဖြစ်ပါတယ်။ တကယ့်လက်တွေ့မှာတော့ တပ်မတော် အင်အားရှိမှ စစ်အုပ်စု အင်အားရှိတယ်ဆိုတာတွေ့နေရပါတယ်။ ကြီးလာတဲ့စစ်အင်အားကို အကာအကွယ်ယူအသုံးချပြီး စစ်အုပ်စုနဲ့ အပေါင်းပါများ ဘယ်လောက်ကြွယ်ဝချမ်းသာနေကြပြီလဲဆိုတာ အားလုံး မြင်သိကြားနေကြရတယ် မဟုတ်ပါလား။

စစ်အုပ်စုလက်ထဲမှာ စစ်တပ်ရှိနေသရွေ့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုဘဝအေးချမ်းသာယာရေးကို တည်ဆောက်လို့ မရနိုင်ပါဘူး။ ဗမာပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးအတွက် အဖြေဟာ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ် အကောင်အထည် ဖော်နိုင်ဖို့ ဗမာပြည်နိုင်ငံရေးအင်အားစုအသီးသီး၊ လူမျိုးစုလက်နက်ကိုင်အဖွဲ့ အသီးသီး၊ ရဟန်းရှင်လူနဲ့ အမြော်အမြင်ရှိတဲ့ လူပုဂ္ဂိုလ် အသီးသီးက တောင်းဆိုတင်ပြနေကြပေမယ့် စစ်အုပ်စုက လက်မခံဘဲ ငြင်းပယ်ကာ စစ်တပ်အားကိုးပြီး ဖိနှိပ်ချေမှုန်းတဲ့နည်းကိုသာ တလျှောက်လုံးကျင့်သုံးလာခဲ့တာ ခုထိပါပဲ။ တစုံတရာ လိုက်လျောဟန်ပြုပြီး နောက်ဆုံးမှာ စစ်အုပ်စုလက်အောက် အလျှော့ပေး၊ အညံ့ခံခိုင်းတဲ့နည်းနဲ့ ချေမှုန်းတဲ့နည်းပဲ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီနည်းနဲ့တော့ ဘယ်တော့မှ ဗမာပြည်နိုင်ငံရေးပြဿနာကို ဖြေရှင်းလို့ မရနိုင်ဘူးဆိုတာ လောလောဆယ်အဖြစ်အပျက်များက သက်သေပြနေတယ် မဟုတ်ပါလား။

အခုနောက်ဆုံး ဦးသိန်းစိန် အစိုးရနဲ့ ကချင်၊ ကရင်၊ ရှမ်း လူမျိုးစုလက်နက်ကိုင် အင်အားစုများဟာ လက်နက်ကိုင်တိုက်ခိုက်နေကြရတဲ့အဆင့် ပြန်ရောက်နေပြီ ဖြစ်ပါတယ်။ ဒီအဖြစ်အပျက်က တည်ရှိနေတဲ့ နိုင်ငံရေးပြဿနာများကို ကျေလည်အောင် ဆွေးနွေးစေ့စပ် မဖြေရှင်းဘဲ စစ်အင်အားသုံးပြီး ဖြေရှင်းမယ်ဆိုရင် အဖွဲ့အစည်း အသီးသီးကလည်း ပြန်လည်ခုခံတိုက်ခိုက်သွားနိုင်တယ် ဆိုတာကို ဖော်ပြနေတာ ဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ စစ်တပ်များနဲ့ လက်နက်သစ်များဟာ ဗမာတပြည်လုံး တောအလုံးတောင်အနှံ့ ပြန့်နေတဲ့ လက်နက်ကိုင်အင်အားစု အသီးသီးကို အပြီးအပြတ်ချေမှုန်းဖို့ မဖြစ်နိုင်ဘူးဆိုတာ စစ်တိုက်နေတဲ့စစ်သားတိုင်း သိပါတယ်။

ဦးသိန်းစိန်အစိုးရဟာ သူ့ရှေ့က စစ်အစိုးရအဆက်ဆက် ဖြေရှင်းနည်းအတိုင်း တည်ဆောက်ထားတဲ့ စစ်အင်အားကိုပဲ အားကိုးပြီး ဆက်လက်ဖြေရှင်းမယ်ဆိုရင်တော့ ပြည်တွင်းစစ်မီးတောက်ဟာ အရင်ထက်ကျယ်ပြန့်စွာ တောက်လောင်လာမှာ သေချာပါတယ်။

ကိုထွေး

၉–၈–၁၁။

# စက်တင်ဘာ ၉ အတွေးတစ



ညိုစိန်ဝင်း

"အမေကမွေး ထောင်ကကျွေး" ဆိုသည့် ဆောင်ပုဒ်ဖြင့် ထောင်ဒဏ်ကျခံရမည်ကို မကြောက်ရွံ့သည့် စိတ်ဓာတ်၊ နယ်ချဲ့အင်္ဂလိပ် အစိုးရကို ဘာမထီ ဇာနည်ပီသစွာ ရင်ဆိုင်အန်တုဝံ့သည့် စိတ်ဓာတ်တို့ ကိုလိုနီခေတ် မြန်မာနိုင်ငံရေးသမားများတို့တွင် ကိန်းဝပ်လာစေရန် ကိုယ်တိုင်ရှေ့ဆောင်ပြီး စံနမူနာ စိုက်ထူပြခဲ့သူများထဲမှာ ဆရာတော် ဦးဥတ္တမသည်လည်း တဦးအပါအဝင် ဖြစ်ခဲ့လေသည်။

၁၉၂၁ ခုနှစ် ဒေးဒရဲမြို့နယ် ဆုကလပ်ကျေးရွာ တရားပွဲအပြီး ဆရာတော် ဦးဥတ္တမကို နယ်ချဲ့ အင်္ဂလိပ်အစိုးရက ထောင်ဒဏ်ချမှတ်ခဲ့သည်။ ဆရာတော် ဦးဥတ္တမ ပထမဆုံးအကြိမ် ထောင်ဒဏ်ကျခံရခြင်း။ ဦးဥတ္တမသည် ပထမအကြိမ် ထောင်မှလွတ်လာသည်နှင့် တပြိုင်နက်တည်း နယ်ချဲ့အစိုးရကို အနိုင်မခံ အရှုံးမပေးဘဲ မြန်မာပြည်အနှံ့ နယ်လှည့်တရားပွဲများကို အဆက်မပြတ်စီစဉ်ပြီး လှည့်လည်ဟောပြောခြင်း ပြုခဲ့သည်။

၁၉၂၄ ခုနှစ် ရန်ကုန်မြို့ ကျုံးကြီးလမ်းနန်းတော်ရှေ့ လူထုတရားဟောပြောပွဲကို စီစဉ်ဟောပြောခဲ့သည့်အတွက် ဆရာတော်ဦးဥတ္တမကို အင်္ဂလိပ်အစိုးရက ဒုတိယအကြိမ် ဖမ်းဆီးထောင်ချခဲ့သည်။ ထောင်ဒဏ် ၃ နှစ်ကျော် ကျခံပြီး ဒုတိယအကြိမ် ထောင်မှလွတ်လာသည့် ယခု တခေါက်တွင်လည်း ရှေးနည်းတူ လူထုတရားပွဲများ ဟောပြောဖို့ စီစဉ်ပြန်သည်။

၁၉၂၈ ခုနှစ်။

သည်တကြိမ် တရားပွဲမှာ အစည်ကားဆုံးသော လူထုတရားပွဲကြီးဟု ဆိုရလိမ့်မည် ထင်သည်။ များပြားလှသော လူထုပရိသတ်ကြီးမှာ ငြိမ်သက်တိတ်ဆိတ်နေကြသည်။ တရားဟောပြောမည့်ဆရာတော်က ငြိမ်သက်စွာ မတ်တတ်ရပ်နေသောကြောင့် လူထုကြီးကလည်း ငြိမ်သက်ပြီး ဆရာတော်ကို ငေးမောကြည့်ရှုနေခြင်းပင် ဖြစ်သည်။ သင်္ကန်းရုံထားသော ဆရာတော်က ဘာမျှ မိန့်မြွက်ခြင်းမပြုဘဲ မတ်တတ်ရပ်နေသည်မှာ ငါးမိနစ်လောက်တောင် ကြာသွားပြီ။ လူထုက ဆရာတော်ဘာကြောင့် တရားမဟောသေးဘဲ ငြိမ်သက်စွာ ရပ်နေသလဲဆိုသည်ကို စဉ်းစားတွေးတောပြီး အံ့သြနေကြသည်။ ထိုစဉ်မှာပင် သင်္ကန်းရုံလျက် မတ်တတ်ရပ်နေသော ဆရာတော်က ဖြုန်းခနဲ ရုံထားသော သင်္ကန်းကို ဆွဲခွာချလိုက်သည်။ လူထုပရိသတ်ကြီးမှာ 'ဟာ' ခနဲ 'ဟင်' ခနဲ။

သင်္ကန်းရုံထားသော ဦးဥတ္တမ မဟုတ်တော့ဘဲ ထောင်ဝတ်ထောင်စားနှင့် ထောင်သား ဦးဥတ္တမ ဖြစ်သွားသည်။ သည်တော့မှ ဆရာတော်က တရား စဟောသည်။ ထောင်ထဲမှာ သင်္ကန်းဝတ်ခွင့် မပေးကြ။ အတင်းအကျပ် ပိတ်ပင်သဖြင့် ထောင်ဝတ်နှင့်သာ ထောင်သက်တမ်းတလျှောက် နေခဲ့ရကြောင်း၊ ဥပုသ်လည်း ပြုခွင့်မပေးကြောင်း၊ သူ တပါးတည်းကိုသာမက ထောင်သွင်း အကျဉ်းချ ခံရသော

ဘုန်းကြီးတိုင်းကို သည်ကဲ့သို့ ပိတ်ပင်တားမြစ်ထားကြောင်း၊ ဒါဟာ ဘာသာ၊ သာသနာကို မထီမဲ့မြင်ပြုသော အင်္ဂလိပ်နယ်ချဲ့အစိုးရရဲ့ မတရားမှု၊ ဖိနှိပ်ချုပ်ချယ်မှု ဖြစ်ကြောင်း လူထုကြီး သဘောပေါက်အောင် ဟောပြောပြသည်။

ဆရာတော်၏ ဟောပြောချက်ကို ကြားနာရသည်တွင် လူထုပရိသတ်ကြီး ဒေါသအမျက် ခြောင်းခြောင်းထွက်ကြသည်။ စိတ်ထိခိုက်သဖြင့် ပရိသတ်ထဲက အတော်များများ ငိုယိုကြသည်အထိ ဖြစ်သွားသည်။ "အင်္ဂလိပ်အစိုးရ တိုက်ဖျက်ကြ။ အင်္ဂလိပ်အစိုးရ ချက်ချင်း ထချကြ"စသဖြင့် ထအော်သူတို့က အော်လာကြသည်။

ဤစာတမ်းကို ရေးနေသည့် ယနေ့သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလ(၉) ရက်နေ့။ ဆရာတော် ဦးဥတ္တမ ပျံလွန်တော်မူခြင်း (၇၂) နှစ်မြောက်နေ့ ဖြစ်သည်။ သည်လသည်လည်း ၂၀၀၇ စက်တင်ဘာ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ စစ်အာဏာရှင်စနစ်ကို အန်တုရင်ဆိုင်ခဲ့သည့် လ ဖြစ်နေပြန်သည်။

သည်အကြောင်းအရာနှစ်ရပ်ကို နှိုင်းယှဉ်စဉ်းစားမိသည်။

ဘာသာခြားတွေက မိမိတို့ ရိုသေလေးမြတ်သည့် ဘုရားပေါ်မှာ ဖိနပ်စီးသည့်တွက် မြန်မာအမျိုးသားတို့ နာကြည်းစွာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ "ဘုရားပေါ်မှာ ဖိနပ်မစီးရ"ဆိုသည်ကို ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေတို့က ကြွေးကြော်သံအဖြစ်တင်ပြီး တိုက်ပွဲဝင်သည့်အခါ လူထုတရပ်လုံးက ထောက်ခံခဲ့ကြသည်။

ဆရာတော် ဦးဥတ္တမကို ထောင်သွင်း အကျဉ်းချထားခြင်း၊ ထောင်တွင်းမှာ သင်္ကန်းဝတ်ခွင့်မပြုဘဲ ထောင်ဝတ်ထောင်စားသာ ဝတ်စေခြင်း၊ ထောင်ကျရဟန်းသံဃာကို ဥပုသ်ဆောက်တည်ခွင့် မပြုခြင်းတို့ကို မြန်မာလူထုက လက်မခံကြ။ အင်္ဂလိပ်အစိုးရကို နာကြည်းကြသည်။ မုန်းတီးကြသည်။ မိစ္ဆာဒိဋ္ဌိအဖြစ် မြင်ကြသည်။ နယ်ချဲ့အစိုးရကို ဆန့်ကျင်တော်လှန်လိုသော စိတ်ဓာတ်တွေ ပေါက်ဖွားလာကြသည်။

ထိုစဉ်က အင်္ဂလိပ်အစိုးရနှင့် လက်ပါးစေတို့ကတော့ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်သူ ဘုန်းကြီးဆိုသည်မှာ သာမန်ရာဇဝတ်ကောင်သာ ဖြစ်သည်။ လူသာ ဖြစ်သည်။ ရဟန်းမဟုတ် ဟု ဆိုသည်။

တိုင်းတပါးသား နယ်ချဲ့အစိုးရ၏ ယင်းသို့သော အယူအဆမျိုးကို နှစ်ပေါင်းများစွာ ကြာလာသည့် ယခုအချိန်အထိ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသည်မှာ စစ်အစိုးရ ဖြစ်နေသည်။ ထိုမျှသာမက တိုင်းတပါးသား နယ်ချဲ့အစိုးရတောင် မလုပ်ခဲ့သည့် အလွန်ရက်စက် ယုတ်မာသော နည်းလမ်းများဖြင့် ရဟန်းသံဃာများကို ဒူးထောက်ခိုင်းခြင်း၊ ရက်ရက်စက်စက် ရိုက်နှက်ခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကျောင်းသင်္ခမ်းများကို ရှာဖွေ လှန်လှော ဖျက်ဆီးခြင်း၊ ရဟန်းသံဃာတော်ပေါင်း အမြောက်အမြားကို ထောင်သွင်းအကျဉ်းချခြင်း၊ တပြည်လုံးက ရဟန်းများကို ဖိနှိပ်ချုပ်ချယ် ပိတ်ပင်ခြင်း စသည်တို့ကို စစ်အစိုးရ လုပ်ခဲ့သည်။ ထောင်ကျသံဃာတော်များကို အင်္ဂလိပ်အစိုးရခေတ်မှာကဲ့သို့ပင် သင်္ကန်းဝတ်ခွင့်မပေးဘဲ ထောင်ဝတ်ဝတ်စေသည်သာမက နယ်ချဲ့ထောင်တွင်း ဖိနှိပ်မှုထက် အဆပေါင်းများစွာသာသော ဖိနှိပ်မှုများ ကျင့်သုံးဆက်ဆံခဲ့သည်။ မြန်မာလူမျိုးများ ဖြစ်ပါလျက်က စစ်အစိုးရ လက်သပ်မွေးထားသော မြန်မာထောင်အာဏာပိုင်များသည် အင်္ဂလိပ်အစိုးရကဲ့သို့ပင် ထောင်ကျရဟန်းများအား လူဟု အတိအလင်း အတင်းအဓမ္မ ပြောဆိုဆက်ဆံခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက်က ရဟန်းများအပေါ် စစ်အစိုးရနှင့် နောက်လိုက်များက ယုတ်မာရိုင်းစိုင်းစွာ ဆက်ဆံမှု၊ ရက်ရက်စက်စက် စစ်ကြော၊ ထောင်တွင်း ရက်ရက်စက်စက် နှိပ်စက်မှုတို့သည် စံတင်လောက်သည်။ စစ်အစိုးရသည် နယ်ချဲ့အစိုးရထက် ပိုမိုဆိုးဝါးရက်စက်သည့် မိစ္ဆာဒိဋ္ဌိ အမှန်တကယ် ဖြစ်ခဲ့သည်။

သမိုင်းအမဲကွက် ထင်စေမည့် ထိုလုပ်ရပ်များကို ကျူးလွန်သူများထဲတွင် ဗိုလ်ချုပ်သိန်းစိန်ရော၊ ဗိုလ်ချုပ်မင်းအောင်လှိုင်ရော ပါခဲ့သည်ဟု ဆိုနိုင်သည်။ ယခု အစိုးရသစ်ထဲတွင် ပါဝင်နေသည့် အရပ်ဝတ် ပြောင်းဝတ်ထားကြသည့် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး တာဝန်မကင်းဟု ဆိုနိုင်သည်။ သူတို့အားလုံး စစ်ဗျူရိုကရေစီယန္တရားထဲက အရေးကြီးသော ခွေးသွားစိတ်နှင့် ဝက်အူများ ဖြစ်ခဲ့ကြသည်။ ယခုလည်း ပခုက္ကူသံဃာတော်များကို မျက်ခြည်မပြတ် စောင့်ဆိုင်းကြည့်ရှုကာ ဖိနှိပ်ဖို့ ပြင်နေကြပြန်ပြီ။

သမ္မတဦးသိန်းစိန်အစိုးရက သန့်ရှင်းသော အစိုးရကောင်း ဖြစ်လိုသည်ဟု အသံကောင်းဟစ်နေသည်။ သန့်ရှင်းသော အစိုးရကောင်း ဖြစ်လိုသော သမ္မတဦးသိန်းစိန်အစိုးရအား တောင်းဆိုချက်မဟုတ်ဘဲ မေးခွန်းတခုပဲ မေးလိုသည်။

"၂၀၀၇ စက်တင်ဘာ သံဃာတော်များအား ဖိနှိပ်ကျူးလွန်ခဲ့သည့် ပြစ်မှုများအားလုံးအတွက် တပြည်လုံးက ရဟန်းတော်များအား အစိုးရသစ်က ဝန်ချတောင်းပန် ကန်တော့ပွဲ လုပ်ဝံ့သလား။ လုပ်နိုင်မလား"။။

ညိုစိန်ဝင်း



# ပျောက်သောလမ်းမှာ စမ်းတဝါး

ကျော်မြင်း

ဒီနှစ် ၂၀၁၁ခုနှစ်ဆန်းကတည်းက မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသမှာ လူထုတွေ အုံကြွခဲ့ကြပါတယ်။ နှစ်ပေါင်းဆယ်အချို့ ခေါင်းမိုးအုပ်ချုပ်ခဲ့ကြတဲ့ အာဏာရှင်အစိုးရတွေကို ဆန့်ကျင်ခဲ့ကြတာပါ။ ကမ္ဘာ့သမိုင်းမှာ ဒီလိုမျိုး နိုင်ငံတွေ အများကြီးမှာ တနိုင်ငံပြီးတနိုင်ငံ ဆက်တိုက် လူထုအုံကြွမှုတွေ မပေါ်ပေါက်ခဲ့ဖူးပါဘူး။ ဒီနေ့ဒီအချိန်မှာ ဒီလိုမျိုးဖြစ်လာတာဟာ ဒီနိုင်ငံတွေရဲ့ ထူးခြားချက်ပါသလို တဖက်ကလည်း နည်းပညာခေတ်ကြီးရဲ့ အကျိုးကျေးဇူးကြောင့်လည်း ပါပါတယ်။ လူထုအုံကြွမှုတွေကို အာဏာရှင်တွေကလည်း အလွယ်တကူ အလျှော့မပေးပါဘူး။ စစ်တပ်တွေရဲ့အဖွဲ့တွေ သုံးပြီး သွေးထွက်သံယို ရက်ရက်စက်စက် နှိမ်နင်းကြတာပါ။ တချို့နိုင်ငံတွေမှာ လူထုတွေ ရာချီသေဆုံးခဲ့ပြီး ဆီးရီးယားနိုင်ငံမှာဆို သေတဲ့လူ ထောင်ကျော်နေပါပြီ။ ဒီနိုင်ငံတွေထဲမှာ အိုင်ဗရီကို့စ် ( အနောက်အာဖရိကနိုင်ငံ ဖြစ်ပေမယ့် တချိန်တည်းလောက် ဖြစ်ခဲ့တာပါ)၊ တူနီးရှားနဲ့ အီဂျစ်တို့မှာ ရာခိုင်နှုန်းပြည့်လို့ မဆိုနိုင်တောင်မှ လူထုတွေ အောင်ပွဲရခဲ့တယ်လို့တော့ ပြောလို့ရမယ်ထင်ပါတယ်။ အီရန်၊ ဘာရိန်း၊ ဂျော်ဒန်၊ ဆော်ဒီနဲ့ အယ်ဂျီးရီးယားနိုင်ငံတွေမှာတော့ ဆန္ဒပြပြည်သူတွေကို အာဏာရှင်အစိုးရတွေက အောင်မြင်စွာ နှိမ်နင်းလိုက်ကြပါတယ်။ ဒါတောင် ဘာရိန်းမှာ ဆော်ဒီဘုရင်ရဲ့ စစ်တပ်တွေက ဘာရိန်းဘုရင် ဘက် က ဝင်ရပ်ပေးခဲ့တာပါ။ ဆော်ဒီဘုရင်က သူလည်း ဘာရိန်းဘုရင်လို အဖြစ်မျိုး ကြုံရမှာ စိုးတဲ့စိတ်နဲ့ ဘာရိန်းဘုရင်ဘက်က ဝင်ကူလိုက်တာပါ။ ဘာရိန်းလူထုခေါင်းဆောင်တွေကိုတော့ သေဒဏ်ပေးပစ်လိုက်ကြပါတယ်။

လူထုအောင်ပွဲရခဲ့တဲ့ နိုင်ငံတွေကိုပြန်ကြည့်ရင် အိုင်ဗရီကို့စ်မှာ ပြည်သူတွေရွေးကောက်တင်မြှောက်ခံရတဲ့ သမ္မတလောင်း (Alassane Ouattara)က ရွေးကောက်ပွဲမှာ မဲရှုံးနိမ့်ခဲ့ပေမယ့် အာဏာလွှဲမပေးဘဲ တင်းခံနေတဲ့ အာဏာရှင်သမ္မတ (Laurent Gbagbo) ကို လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲပြီး အနိုင်ယူခဲ့ရတာပါ။ ပြည်သူရွေးကောက်တင်မြှောက်တဲ့ သမ္မတလောင်းဘက်ကို စစ်တပ်ရဲ့ တစိတ်တပိုင်းက လာရောက်ပူးပေါင်းခဲ့ပြီး ကုလသမဂ္ဂနဲ့ ပြင်သစ်တပ်ဖွဲ့တွေကပါဝင် ကူညီပေးခဲ့ကြတာပါ။ တူနီးရှားအာဏာရှင် ဘင်အလီနဲ့ အီဂျစ်သမ္မတ မူဘာရက်တို့ကတော့ သူတို့ရဲ့စစ်တပ်တွေကိုယ်၌က သူတို့ကို မထောက်ခံတော့ဘဲ လူထုနဲ့ပူးပေါင်းသွားကြလို့ အာဏာလက်မဲ့ဖြစ်ပြီး ရာထူးကဆင်းပေးခဲ့ကြရတာပါ။ လစ်ဗျား၊ ဆီးရီးယားနဲ့ ယီမင်တို့မှာတော့ လူထုတွေဟာ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်နဲ့ ရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်နေကြဆဲပါ။ လစ်ဗျားမှာတော့ လူထုဆန္ဒပြပွဲ နည်းနဲ့တိုက်ပွဲဝင်တာ မအောင်မြင်ဘဲ ကဒါဖီးက တင်းခံနေလို့ လက်နက်ကိုင်တော်လှန်ရေးနည်းကို ပြောင်းလိုက်ရပါပြီ။ နေတိုးကတောင် ဝင်ကူပေးနေရပါတယ်။အခုအထိတော့ မအောင်မြင်သေးပါဘူး။ ဆီးရီးယားမှာတော့ အာဏာရှင် သမ္မတ အာဆတ်ရဲ့ စစ်တပ်တွေလက်ချက်နဲ့ ပြည်သူတွေ ထောင်ချီသေဆုံးနေကြရပါပြီ။ ပြည်သူလူထုကတော့ လမ်းတွေပေါ်မှာ ထောင်သောင်းချီပြီး ဆန္ဒပြနေကြဆဲပါ။ယီမင်မှာလည်း ဆီးရီးယားလိုပါဘဲ။ အာဏာရှင်သမ္မတ ဆာလက်က ဆင်းမပေး တော့ လမ်းမတွေပေါ်မှာ ပြည်သူတွေအသေခံ တိုက်ပွဲဝင်နေကြဆဲပါ။

သူများနိုင်ငံတွေက ပြည်သူတွေရဲ့ အာဏာရှင်စံနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်နေကြတာကို မြင်ရကြားရတော့ ကျွန်တော်တို့ မြန်မာပြည်သူတွေ အုံကြွတိုက်ပွဲဝင်ခဲ့ကြတဲ့ ရှစ်လေးလုံးအရေးအခင်းကာလကို ပြန်လည်မြင်ယောင်လာမိပါတယ်။ လွန်ခဲ့တဲ့

၂၃နှစ်ကဆိုပေမယ့် ပြန်တွေးကြည့်ရင် မနေ့တနေ့ကလိုပါဘဲ။ ဒီ၂၃နှစ်ကာလအတွင်းမှာ ရှစ်လေးလုံးအရေးအခင်းကြီးနဲ့ ပတ်သက်လို့ ဝေဖန်သုံးသပ်ချက်တွေ၊ ကောက်ချက်တွေ၊ နိဂုံးချုပ်ချက်တွေကို လူပုဂ္ဂိုလ်မျိုးစုံအဖွဲ့အစည်းအသီးသီးတို့က ပြောဆိုဆွေးနွေးခဲ့ကြ ထုတ်ပြန်ကြေညာခဲ့ကြပါတယ်။ အဲ့ဒီဝေဖန်ချက်တွေ ကောက်ချက်တွေထဲမှာ တူညီကြတာတွေရှိသလို မတူကွဲပြားကြတာတွေလည်းအများကြီးပါ။ မတူကွဲပြားတဲ့ အမြင်တွေဟာ အရေးအခင်းကာလကြီး အတွင်းမှာလည်း နေရာ အနှံ့အပြားမှာ ပေါ်ပေါက်ခဲ့တာပါ။ သဘောထားအမြင် မတူကွဲပြားကြတဲ့အခါ ဦးဆောင်မှုနေရာကို ရနေတဲ့သူတွေရဲ့ သဘောထားအမြင်တွေပဲ အတည်ဖြစ်သွားရတတ်ပါတယ်။ ဒါပေမဲ့ ဦးဆောင်မှုနေရာရနေသူတွေရဲ့ အမြင်တိုင်းလည်း အမှန်မဟုတ်နိုင်ပါဘူး။

၁၉၈၈ခုနှစ် ဩဂုတ်လ လကုန်ပိုင်းကပါ။ သားသတ်သမားဘွဲ့ရခဲ့တဲ့ ဗိုလ်စိန်လွင် လမ်းမတွေပေါ်က ပြည်သူတွေကို ရက်ရက်စက်စက် လူသတ်ပွဲကြီးတွေနဲ့ သတ်ဖြတ်ခဲ့ပေမယ့် ရဲရင့်ပြီး သတ္တိပြောင်လှတဲ့ ပြည်သူတွေကို အရှုံးပေးပြီး သမ္မတရာထူးက ဆင်းပေးလိုက်ရတဲ့အချိန်ကာလပါ။ ဒေါက်တာမောင်မောင်က ဆန္ဒတွေမစောကြပါနဲ့ ဆိုတဲ့ အပျော့ဆွဲကလေးနဲ့ သမ္မတထိုင်ခုံပေါ်ရောက်လာချိန်ပါ။ အဲဒီအချိန်ကာလပိုင်းမှာ ပစ်ခတ်သတ်ဖြတ်မှုတွေ ယာယီရပ်ဆိုင်းနေခဲ့ပါတယ်။ တပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆိုရလောက်အောင် အုံကြွပြီး ဆန္ဒပြပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြတာပါ။ ဘယ်လောက်ထိလဲဆိုတော့ အမျိုးသမီးတွေ( အဘွားအိုတွေပါမကျန်) အိမ်ရှင်မများသမဂ္ဂဆိုပြီး စကောတွေ အိုးတွေ ယောက်မတွေကိုင်ပြီး လမ်းမပေါ်ရောက်လာကြပါတယ်။ မိန်းမရှာတွေကတောင် လောကကို အလှဆင်သူများ ဆိုတဲ့ ဆိုင်းဘုတ်တပ်ပြီး လမ်းမတွေပေါ်မှာ 'ဒို့အရေးကွယ့်နော်' လို့ ကြွေးကြော်ပြီး ဆန္ဒတွေပြခဲ့ကြပါတယ်။

နောက်ပိုင်းမှာ အစိုးရဝန်ထမ်းတွေပါ ဆန္ဒပြပွဲထဲ ပါဝင်လာပြီး ဌာနဆိုင်ရာဆိုင်းဘုတ်တွေကိုင်ကာ လမ်းပေါ်ထွက်လာကြပါတယ်။ ဝန်ထမ်းတွေနောက်က ရဲဝန်ထမ်းတချို့နဲ့ စစ်သည်တချို့လည်း ပြည်သူတွေနဲ့ လာရောက်ပူးပေါင်းခဲ့ကြပါတယ်။ ဒီလိုဝန်ထမ်းတွေပါ အုံကြွလာတဲ့အတွက် အစိုးရယန္တရားကြီးတခုလုံး သွက်ချာပါဒလိုက်ပြီး ရပ်ဆိုင်းသွားပါတော့တယ်။ စစ်အစိုးရကလည်း နောက်တလှမ်းဆုတ်ပြီး ရှေ့ခြေလှမ်းအတွက် ကြိတ်ပြင်ဆင်နေချိန်မှာ ဒေါက်တာမောင်မောင်က အပျော့ဆွဲလေးနဲ့ လူထုကိုထိန်းထားပါတယ်။ ဒီလို အပစ်အခတ်မရှိ အတန်ငယ် လွတ်လပ်သယောင် ရှိနေတဲ့အချိန် လူထုကြီးတရပ်လုံး (စစ်တပ်ကလွဲလို့) အုံကြွနေချိန် အစိုးရယန္တရားကြီးကလည်း ပြိုလဲပျက်စီးနေချိန်မှာ ဦးဆောင်မှုနေရာမှာ ရောက်နေတဲ့ခေါင်းဆောင်တချို့ အင်အားစုအချို့ အခြေအနေကို အတွက်လွဲခဲ့ကြ၊ စိတ်ကူးယဉ်ခဲ့ကြပုံရပါတယ်။ ခေါင်းဆောင်တဦးကဆိုရင် အောင်ပွဲဟာ လက်တကမ်းသာ လိုပါတော့တယ်လို့ကို လူသိရှင်ကြား ထုတ်ဖော်ပြောခဲ့ပါတယ်။

အဲ့ဒီအချိန်အခါတုန်းက ကျွန်တော်တို့က ကျေးလက်သပိတ်စခန်းတခုမှာ ရှိနေခဲ့ပါတယ်။ ကျေးလက်သပိတ်စခန်းမှာ ဆန္ဒပြနေတဲ့ ပြည်သူတွေက ဦးစီးခေါင်းဆောင်လုပ်နေတဲ့ သူတွေကို အပြင်းအထန်တောင်းဆိုတဲ့ တောင်းဆိုချက်တခုကတော့ ရဲစခန်းတွေမှာ ရှိနေတဲ့ လက်နက်တွေကို သိမ်းဖို့ပါဘဲ။ ဒီရဲစခန်းတွေက လက်နက်တွေဟာ ဘယ်ခေတ် ဘယ်အခါကမှ လူထုကိုကောင်းကျိုး မပြုခဲ့ဘူးဆိုတာကို သူတို့ဘဝပေးအသိက သိနေကြလို့ပါ။ အစိုးရ ယန္တရားမရှိတော့တဲ့အောက်မှာ ရဲတွေကလည်း သူတို့အဖြစ်က ကျားသနားမှ နွားချမ်းသာရမယ်ဆိုတာ သိနေတာပါ။ မင်းတို့ လက်နက်အားလုံးလာအပ်ပါလို့ ပြောရုံလောက်ပဲ လိုတာပါ။ ကျွန်တော်တို့ကလည်း လူထုနဲ့သဘောချင်း တူပါတယ်။ ဒါပေမဲ့ ဒေသတခုတည်း ကွက်ကွက်ကလေးလုပ်ရင် ကောင်းကျိုးထက် ဆိုးကျိုးများလာနိုင်လို့ တနိုင်ငံလုံးအတွက် သဘောထားတခုရအောင် ရန်ကုန်မှာ တက်ဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ရန်ကုန်ရောက်တော့ နီးစပ်ရာတာဝန်ရှိသူတွေကို ဆွေးနွေးတော့ သူတို့ကလက်မခံကြပါဘူး။ အဲ့ဒီအချိန်မှာ သူတို့က အထွေထွေ သပိတ်ကော်မတီတွေကို စုစည်းပြီး အဲဒီကတဆင့် ကြားဖြတ်အစိုးရဖွဲ့ဖို့ ကြံစည်လုပ်ဆောင်နေကြပါပြီ။ သူတို့က လက်မခံတဲ့အပြင် ခင်ဗျားတို့က အဲ့ဒီလိုလုပ်ရင် ကျွန်တော်တို့ပါ အကြမ်းဖက်သမားတွေလို့ အပြောခံရလိမ့်မယ် ဆိုပြီး ပြန်ပြောကြပါတယ်။ ကျွန်တော်တို့ အပြန်မှာ ခင်ဗျားတို့ခေါင်းထဲက အတွေးအခေါ်အယောင်းတွေကို ပြန်ပြင်ဖို့ လိုပြီ၊ အာဏာဆိုတာ သေနတ်ပြောင်းဝက ထွက်တာ မဟုတ်ဘူး၊ လူထုလက်မောင်းသွေးထဲက ထွက်တာဆိုပြီး အတွေးအခေါ် အသစ်တခုကို လက်ဆောင်ထည့်ပေးလိုက်ပါသေးတယ်။

အဲ့ဒီအချိန်က အများစု ရဲဘော်တွေနဲ့ ကျွန်တော်တို့ အဓိက သဘောထားကွဲခဲ့ကြတာရဲ့ ဇာစ်မြစ်က အဲ့ဒီကာလရဲ့အခြေအနေအပေါ် သုံးသပ်ရှုမြင်မှုအပေါ်မှာ ကွဲခဲ့ကြတာပါ။ သူတို့က အဲဒီကာလ အဲဒီအခြေအနေ (ဒေါက်တာမောင်မောင် သမ္မတ သက်တမ်းကာလ ) ကို ပွဲပြီးတော့မယ့်အကွက်လို့ ယူဆခဲ့ကြတာပါ။ ကျွန်တော်တို့က ရေရှည်ဆင်နွှဲရမယ့် ဆင်နွှဲနေဆဲလည်းဖြစ်တဲ့ လက်နက်ကိုင်တော်လှန်ရေးအတွက် အခွင့်အလမ်းကောင်းကြီးတခုလို့ ယူဆခဲ့ကြတာပါ။ အဲဒီ ကွဲလွဲမှု အပေါ်အခြေခံပြီး လူထုတိုက်ပွဲနည်းနာတွေ ကွဲပြားသွားရတာပါ။ ရဲဘော်ကြီးဦးခင်မောင်မြင့်က ပြောဖူးတယ်။ အခြေအနေတခုအပေါ်မှာ သုံးသပ်ချက်လွဲရင် လုပ်ဆောင်ချက်တွေလည်း အားလုံးလွဲတာပဲတဲ့။ ကျွန်တော်တို့ကတော့ အများစုကို အနည်းစုက နာခံ၊ အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက

နာခံ ဆိုတဲ့စိတ်ဓာတ်ကို ရင်ဝယ်ပိုက်ပြီး ပြန်ခဲ့ကြပါတယ်။ အများစုက ကြားဖြတ်အစိုးရဆိုတော့လည်း ကိုယ်လည်းပဲ ကြားဖြတ်အစိုးရပဲပေါ့။

( ကျွန်တော်တို့လိုစိတ်ဓာတ်မျိုးနဲ့ သံလျင် ကျောက်တန်း သုံးခွမြို့နယ်တွေမှာ ရဲစခန်းတွေက လက်နက်တွေကို ခရမ်း ဦးစိန်ဝင်း ခေါင်းဆောင်တဲ့ သပိတ်ကော်မတီက သိမ်းယူခဲ့ကြပါတယ်။ အရေးအခင်းအပြီးမှာ ဦးစိန်ဝင်းအဖမ်းခံရပါတယ်။ အာဏာရှင်တွေရဲ့ အပြိုးတကြီး ညှဉ်းဆဲခံရပြီး ထောင်ထဲရောက်ပြီး မကြာခင်မှာပင် ကျဆုံးခဲ့ရပါတယ်။ )

လူထုအုံကြွမှုတခု အောင်မြင်ဖို့ဆိုရင် စစ်တပ်ရဲ့ထောက်ခံမှု (တနည်းအားဖြင့် )စစ်တပ်ကို လူထုဘက်ပါအောင် စည်းရုံးနိုင်ဖို့ လိုပါတယ်။ စစ်တပ်ကအာဏာရှင်တွေဘက်က ရပ်တည်နေသရွေ့၊ အာဏာရှင်တွေရဲ့ လက်ကိုင်တုတ်ဖြစ်နေသရွေ့ ဘယ်လူထုအုံကြွမှုမှ မအောင်မြင်နိုင်ပါဘူး။ ဒီလိုအခြေအနေမျိုးမှာတော့ လူထုအတွက် ရွေးစရာ တလမ်းပဲ ကျန်ပါတော့တယ်။ လက်နက်ကိုင်တော်လှန်ရေး အကြမ်းဖက်တော်လှန်ရေးပါပဲ။ ဥက္ကဋ္ဌမော် ပြောခဲ့တဲ့ အာဏာဟာ သေနတ်ပြောင်းဝကထွက်တယ်ဆိုတဲ့ သဘောတရားရဲ့ ဆိုလိုရင်းက လည်း ဒါပါပဲ။

**နောက်ဆက်တွဲ**

ဒီဆောင်းပါးကို ပြီးခဲ့တဲ့ ဩဂုတ်လဆန်းပိုင်းက ရေးခဲ့တာပါ။ အခု စက်တင်ဘာလဆန်းရောက်တော့ နိုင်ငံတကာအခြေအနေက အတော်ပြောင်းသွားပါပြီ။ ဒါကြောင့် ဒီနောက်ဆက်တွဲကို ထပ်ရေးရ တာပါ။အဓိကအပြောင်းအလဲက လစ်ဗျားမှာပါ။ ဖေဖော်ဝါရီလက စခဲ့တဲ့ လစ်ဗျားပြည်သူတွေရဲ့ အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲဟာ ဒီနေ့ (စက်တင်ဘာလဆန်းတရက်နေ့)ဆို ပြီးလုနီးပါးအခြေအနေကို ရောက်ပြီလို့ အကြမ်းဖျင်းပြောရင် ရနိုင်ပါပြီ။ ထရီပိုလီမြို့ကိုလည်း တခုလုံး သိမ်းပြီးပြီလို့ ပြောနိုင်ပါပြီ။ ကဒါဖီလည်း ပုန်းကွယ်ထွက်ပြေး နေရပါပြီ။ ကဒါဖီသစ္စာခံတပ်တချို့ နေရာအနည်းငယ်မှာ ခုခံနေတာ ကလွဲလို့ တော်လှန်ရေးတပ်ဖွဲ့တွေ လစ်ဗျားတပြည်လုံးမှာ အောင်ပွဲခံ နေကြပါပြီ။ လစ်ဗျားပြည်သူတွေဟာ လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းကို သွေးဆာလွန်းလို့ ရွေးခဲ့ကြတာမဟုတ်ပါဘူး။ တော်လှန်ရေးအစပိုင်းမှာ သူတို့လည်း တူနီရှားမှာလို၊ အီဂျစ်မှာလို လစ်ဗျား စစ်တပ်က ပြည်သူတွေဘက်ကို ပူးပေါင်းလာလိမ့်မယ်လို့ မျှော်လင့်ပြီး လမ်းပေါ် ထွက်ခဲ့ကြတာပါ။ ဒါပေမဲ့ လစ်ဗျားစစ်တပ်က ပြည်သူတွေ ဘက်ကို ပူးပေါင်းမလာဘဲ လမ်းမပေါ်က ဆန္ဒပြနေတဲ့ ပြည်သူတွေကို အာဏာရှင်အလိုကျ ရက်ရက်စက်စက် ပစ်ခတ် သတ်ဖြတ်ပြလိုက်ပါ တော့တယ်။ ဒီတော့ လစ်ဗျားပြည်သူတွေဟာ ရဲဝံ့ပြောင်မြောက်စွာ ပဲ အာဏာရှင်ကို ဖြုတ်ချဖို့အတွက် လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းကို ရွေးချယ်လိုက်ကြပါတော့တယ်။ ဒီနေ့ဆိုရင် လစ် ဗျားပြည်သူတွေရဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ အောင်ပွဲ ဆင် နေပြီလို့ပြောလို့ရပါပြီ။ ဒီလို အောင်ပွဲဆင်နိုင်ခဲ့တဲ့အကြောင်းမှာ ကုလသမဂ္ဂရဲ့ ဗီတိုပိုင်ရှင်နိုင်ငံကြီးတွေထဲမှာ ကဒါဖီဘက်က ရပ်ပေး မယ့်သူမရှိတာနဲ့ နေတိုးရဲ့လေကြောင်းမှ ကူညီတိုက်ခိုက်ပေးမှုတို့ ဟာ မသေးလှတဲ့အခန်းက ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုအောင်ပွဲ ဆင်ခဲ့တာရဲ့ အဓိက အကြောင်းရင်းကတော့ လစ်ဗျားပြည်သူတွေရဲ့ ရဲရင့်ပြီး သတ္တိပြောင်လှတဲ့ လက်နက်ကိုင်တော်လှန်ရေးပါ။ ဒီတော် လှန်ရေးမှာ သေနတ်ကိုင်တိုက်ခဲ့တဲ့သူတွေအများစုဟာ စစ်သားတွေ မဟုတ်ကြပါဘူး။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ရှေ့နေတွေ ပါဝင်တဲ့ သာမန်ပြည်သူတွေပါ။

လစ်ဗျားပြည်သူတွေ အောင်ပွဲခံနေကြပါပြီ။ ဒါပေမဲ့ ဆီးရီယားမှာတော့ အာဏာရှင်သမ္မတအာဆတ်ရဲ့ စစ်တပ်လက် ချက်နဲ့ ပြည်သူတွေဟာ လမ်းမတွေပေါ်မှာ အတုံးအရုံးသေနေဆဲပါ။ ဒီနေ့အထိဆို သေဆုံးသူ နှစ်ထောင်ကျော်နေပါပြီ။ ဒဏ်ရာရတဲ့သူ အရေအတွက်မပါသေးပါဘူး။ သမ္မတအာဆတ် ပြုတ်ကျဖို့ကတော့ အတော်ဝေးနေပါသေးတယ်။ ဒီလိုပဲ ယီမင်နိုင်ငံမှာလည်း သမ္မတ ဆာလက် ဒဏ်ရာရလို့ ဆော်ဒီသွားပြီး ဆေးကုနေရပေမယ့် စစ်တပ် ကတော့ သမ္မတကိုပဲ သစ္စာခံဆဲပါ။ လမ်းပေါ်က ဆန္ဒပြနေတဲ့ ပြည်သူ တွေကို ပစ်ခတ်သတ်ဖြတ်နေဆဲပါ။ ဒီနိုင်ငံတွေနဲ့ လစ်ဗျားနဲ့ကွာခြား ချက်ကတော့ လစ်ဗျားမှာ နေတိုးပါဝင်ပတ်သက်တဲ့ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနိုင်ခဲ့ပေမယ့် ဒီနိုင်ငံတွေမှာတော့ အကြောင်း အမျိုးမျိုးကြောင့် လက်နက်ကိုင်တော်လှန်ရေး မဆင်နွှဲနိုင်ကြတာပါပဲ။ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ ဆိုတာကလည်း စိတ်ဆန္ဒရှိ တိုင်း ထလုပ်လို့ရတာ မဟုတ်ပါ။ အခြေအနေ အချိန်အခါက ခွင့်မပြု ရင် လုပ်လို့မရနိုင်ပါဘူး။

ဒီလို နိုင်ငံတကာက ဖြစ်ရပ်တွေကိုကြည့်ပြီး ကိုယ်နိုင်ငံကို ပြန်ကြည့်လိုက်တော့ စစ်တပ်ကိုပြည်သူလူထုဘက် ပါလာအောင် စည်းရုံးနေကြတာလား။ စစ်တပ်ကသူလိုချင်တဲ့ ဘောင်ထဲရောက် အောင် ဆွဲဆောင်နေတာလား။

ဒါမှမဟုတ်...

ကျော်မင်း

# မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ



မိုးဦး

၂၀၀၈ အခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ ကြံ့/ဖွံ့ ပါတီ အစိုးရအမည်ခံ သမ္မတဦးသိန်းစိန်အစိုးရဟာ မဆလအစိုးရထက် စစ်အာဏာရှင်စနစ်ကို ကျင့်သုံးရာမှာ ပိုပြီးတရားဝင်သလို လိမ့်မယ်။ ၂၀၀၈ အခြေခံဥပဒေမှာ အခြေခံမူ (၆) ချက်ဖော်ပြထားတာမှာ နံပါတ်(၆) ဟာ အရေး အကြီးဆုံးဖြစ်ပြီး ကျန်တဲ့အချက်(၅) ချက်ကိုလည်း ချေဖျက်ထားပြီးသားပါ။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတာဟာ စစ်အုပ်စုဟာ တပ်မတော်ကို လက်ကိုင်တုတ်အဖြစ် အသုံးချပြီး နိုင်ငံတော်အာဏာကို ၂၀၀၈ အခြေခံဥပဒေအရ ထာဝရသိမ်းပိုက်ထားရေး ဖြစ်ပါတယ်။ လွှတ်တော်တွေဆိုတာဟာ ၂၀၀၈ အခြေခံဥပဒေကို လက်ခံပါတယ်ဆိုတဲ့ နိုင်ငံရေးအင်အားစုတွေက အမတ်ဖြစ်လာသူတွေကို ချောင်ထိုးထားတဲ့ နေရာတခုအဖြစ်ထက် မပိုပါ။

သမ္မတဦးသိန်းစိန်အစိုးရဟာ ၂၀၀၈ အခြေခံဥပဒေအရ တိုင်းပြည်ကို အသားကျအောင် အုပ်ချုပ်ဖို့ လုံးပန်းနေပါတယ်။ ဒီအခြေခံဥပဒေအရ အသားကျသွားရင် စစ်အာဏာရှင်စနစ်ဟာ ရေရှည်တည်တံ့ခိုင်မြဲသွားမှာပါ။ ပါတီစုံဒီမိုကရေစီစနစ် လွှတ်တော်အဆင့်ဆင့် တရားဥပဒေ၊ ရွေးကောက် ပွဲဆို တာတွေနဲ့ စစ်အာဏာရှင်စနစ်ကို ဖုံးကွယ်ပေးထားနိုင်မှာလည်း ဖြစ်ပါတယ်။

အဲဒီလိုမှ နေသားတကျ မဖြစ်ရင် ကာကွယ်ရေးဦးစီးချုပ်က ၂၀၀၈ အခြေခံဥပဒေအရပဲ အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို အသားကျအောင် လုပ်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် သမ္မတဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရဟာ အရပ်ဝတ် ဘယ်လိုပဲဝတ်ဝတ်၊ အရပ်သားကို ဒုသမ္မတ ခန့်အပ်တာပဲဖြစ်ဖြစ် လွှတ်တော်တွေ အဆင့်ဆင့် ဘယ်လိုပဲထားထား၊ ရွေးကောက်ပွဲ ကော်မရှင်ခွင့်ပြုချက်နဲ့ နိုင်ငံရေးပါတီတွေ ဖွဲ့ခွင့် ဘယ်လိုပဲပေးပေး စစ်အာဏာရှင်စနစ်ကို အာမခံထားတဲ့ ၂၀၀၈ အခြေခံ ဥပဒေအရသာ အလုပ် လုပ်ရမှာ ဖြစ်ပါတယ်။

၂၀၀၈ အခြေခံဥပဒေဟာ စစ်အုပ်စု တခုတည်းရဲ့ ဆန္ဒနဲ့ ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေ ဖြစ်ပါတယ်။ တခြား ဘယ်အင်အားစုတွေရဲ့ သဘောထား ဆန္ဒမျှ မပါပါ။ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ဟာ ပြည်သူလူထုရဲ့ဆန္ဒကို အမှန် ထင်ဟပ်ပါတယ်။ အမျိုးသား ဒီမိုကရေ

စီ အဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီ အသီးသီးက အရွေးချယ်ခံရသူတွေဟာ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်တွေပါပဲ။ အဲဒီ ကိုယ်စားလှယ်တွေက လွှတ်တော်ခေါ်၊ အစိုးရဖွဲ့၊ အခြေခံဥပဒေ ရေးဆွဲတာ လုပ်ရမှာပါ။ အဲဒီလို လုပ်နိုင်ခဲ့မယ်ဆိုရင် ဗမာပြည်ဟာ ၁၉၉၀ ခုနှစ်က စပြီး စစ်အာဏာရှင်စနစ် ဖျက်သိမ်းကာ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်သွားမှာ အမှန်ပါ။ ဒါကို အဲဒီတုန်းက အာဏာသိမ်းပြီး ရွေးကောက်ပွဲ ကျင်းပပေးတဲ့ နဝတ စစ်အုပ်စုက ခါးခါးသီးသီး ငြင်းပယ်ခဲ့တာကြောင့် ဗမာပြည်ဟာ ဒီမိုကရေစီနဲ့ ဝေးခဲ့ရတာပါ။

နဝတ၊ နအဖ စစ်အစိုးရဟာ လူထုဆန္ဒကို စော်ကားမော်ကား နင်းချေဖျက်ဆီးလိုက်ပြီး သူ့ကတိစကားကိုလည်း သူကိုယ်တိုင်ဖျက်ကာ အမျိုး သားညီလာခံ ထောင်ချောက်ကို ဆင်ခဲ့တယ်။ အပစ်အခတ်ရပ်စဲရေးကို ငြိမ်းချမ်းရေးပါဆိုပြီး နားလှည့်ပါးရိုက်တာတွေ လုပ်ခဲ့တယ်။ အမျိုးသားညီလာခံမှာ တကယ့်လူထုကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေ၊ အပစ်အခတ်ရပ်ထားတဲ့ အဖွဲ့တွေက ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေ၊ သမာသမတ်ကျတဲ့ တသီး ပုဂ္ဂလိက ပုဂ္ဂိုလ်တွေ ပညာရှင်တွေရဲ့ တင်ပြချက်တွေအားလုံးကို လျစ်လျူရှုပြီး ၂၀၀၈ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ကို စစ်အုပ်စုအလိုကျ ဖွဲ့တယ်။ စစ်အုပ်စုဆန္ဒအရ ၂၀၀၈ အခြေခံဥပဒေ ရေးတယ်။ လူထု ဆန္ဒမပါတဲ့ လူထု ဆန္ဒခံယူပွဲဆိုတာနဲ့ ၂၀၀၈ အခြေခံဥပဒေကို စစ်အုပ်စုက အတည်ပြုတယ်။ အဲဒီ ၂၀၀၈ အခြေခံဥပဒေအရ မသမာမှုပေါင်း များစွာနဲ့ ၂၀၁၀ ရွေးကောက်ပွဲဆိုတာ မဖြစ်ဖြစ်အောင် လုပ်ပြီး လွှတ်တော်တွေခေါ်၊ သမ္မတ ဦးသိန်းစိန်အစိုးရကို ဖွဲ့ခဲ့တာပဲ။ ဒီတော့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အစိုးရက သမ္မတ ဦးသိန်းစိန်ကို အာဏာလွှဲပေးတာနဲ့ ဗိုလ်သန်းရွှေ ကန့်လန့်ကာ နောက်ကွယ် ဝင်သွားတဲ့ အပြောင်းအလဲကလွဲပြီး ဘာအသစ်အဆန်းမှ မရှိခဲ့ပါဘူး။

နအဖ စစ်အစိုးရလက်ထက်မှာ အပစ်အခတ် ရပ်စဲရေးလုပ်ခဲ့တဲ့ အဖွဲ့တွေကို နအဖက နောက်လာမယ့်အစိုးရနဲ့မှ နိုင်ငံရေးစကား ပြောပါ။ အခုတော့ အပစ်အခတ်ရပ် ငြိမ်းချမ်းရေးလုပ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ပါလို့ ပြောခဲ့တယ်။ အခု သမ္မတဦးသိန်းစိန်အစိုးရသစ်တက်လာတော့ တချို့အပစ် ရပ်တဲ့ အဖွဲ့တွေပြန်ပြီး လက်နက်ကိုင်တိုက်ရတာ ဖြစ်နေပြီ။

တဖက်မှာ ငြိမ်းချမ်းရေးစကားပြောပြီး တဖက်မှာ အလစ်အငိုက်ယူ တိုက်တာတွေဟာ ယခင်အစိုးရအဆက်ဆက် လုပ်ခဲ့တာတွေပဲ။ သမ္မတဦးသိန်းစိန်အစိုးရ ဒါကိုပဲ လုပ်နေပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးဆိုတာ စစ်အစိုးရအဆက်ဆက်က ပြောခဲ့တယ်။ လက်တွေ့မှာ ဖိနှိပ်သွေးခွဲပြီး အုပ်ချုပ်တာပဲ။ ကနေ့ သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်မှာ ဥပဒေတွင်း၊ ဥပဒေပ အင်အားစုတွေအပြင် လွှတ်တော်တွင်း၊ လွှတ်တော်ပ အင်အားစုတွေအဖြစ်ပါ ထပ်ကွဲနေတယ်။ နိုင်ငံရေးအကျဉ်းသားတွေ ဒုနဲ့ဒေး ဖမ်းထားတာကို နိုင်ငံရေးအကျဉ်းသား မရှိဘူး ဆိုပြီး ပြောင်လိမ်တယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် ဆိုပြီး ခွဲခြားပေးလိုက်ခြင်းအားဖြင့် အမျိုးသားလူနည်းစု နိုင်ငံရေးပါတီတွေဟာ ပြည်ထောင်စုကြီး တခုလုံးအတွက် ပြောရေးဆိုခွင့်မရှိတော့ဘဲ ဒေသန္တရလက္ခဏာထဲမှာပဲ ကန့်သတ်ခံလိုက်ရတာ ဖြစ်တယ်။ မြန်မာလူမျိုးကြီးဝါဒကို ပိုအားကောင်းစေပြီး အမျိုးသား တန်းတူရေးကို ရိုက်ချိုးပစ်တာ ဖြစ်ပါတယ်။ ဒီလို အမျိုးသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲတဲ့ အစိုးရ၊ အမျိုးသား တန်းတူမှုကို ဖျက်ဆီးတဲ့အစိုးရဟာ စစ်လည်းမဖြစ်၊ ငြိမ်းချမ်းရေးလည်းမရတဲ့ အခြေအနေကို ဖန်တီးပြီး အာဏာကို အသေဖက်တွယ်ထားမှာပါပဲ။

ဒါကြောင့် သမ္မတ ဦးသိန်းစိန်အစိုးရဟာ တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို လက်မခံပါဘူး။ တန်းတူရည်တူ ဆွေးနွေးဖို့ ဆိုတာကို နည်းနာ အမျိုးမျိုးနဲ့ ငြင်းပယ်နေပါတယ်။ ဒါပေမဲ့ နည်းပရိယာယ်အမျိုးမျိုး သုံးပြီး ငြိမ်းချမ်းရေး စကားပြော၊ ထောင်ချောက်ဆင် ကျုံးသွင်းတာမျိုးတော့ လုပ်ပါလိမ့်မယ်။ လုပ်နေပါတယ်။

ဗမာပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲ မျိုးစုံကို ပြေလည်အောင် ဖြေရှင်းဖို့ သမ္မတ ဦးသိန်းစိန်အစိုးရက ကြိုးစားမှာ မဟုတ်ဘဲ ပြဿနာရှုပ်လေ ၂၀၀၈ အခြေခံဥပဒေအရ ကိုင်တွယ်ပြီး စစ်အာဏာရှင်စနစ် မြဲသည်ထက်မြဲအောင် လုပ်မှာပဲ ဖြစ်တယ်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုတာမျိုးပဲ ဖြစ်ပါလိမ့်မယ်။

မိုးဦး





နောက်တခါ ထပ်ပြီး
အလိမ်ခံရရင်
ကိုယ့်အပြစ်

သောင်းထွန်းမြင့်

## လတ်တလောနိုင်ငံရေးအခင်းအကျင်း

အပေါ်ယံ ဟန်ဆောင်ပြီး တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် စေတနာထားသယောင်ယောင် ပြုမူပြောဆိုချက်တွေကို အစိုးရသစ်ရဲ့ တကယ့် စိတ်ကောင်းစေတနာအဖြစ် ယုံကြည်လက်ခံသူတွေ ရှိလာနေပါတယ်။ ဒီနေ့ ဗမာပြည်ရဲ့ နိုင်ငံရေး အခင်းအကျင်းကလည်း အဲသလို ဖြစ်အောင် ဖန်တီးပေးသလိုလို ဖြစ်နေပါတယ်။

ငြိမ်းချမ်းစွာ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေးရေးဟာ (လတ်တလော ရမရ အပထား) ကောင်းတဲ့ဦးတည်ချက် ဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားနိုင်ငံရေးအဖွဲ့အစည်းတချို့ဟာ အဲဒီ ဦးတည်ချက်အတိုင်း ယုံယုံကြည်ကြည် လျှောက်လှမ်းနေကြတယ်လို့ ယူဆပါတယ်။ သူတို့ ယုံယုံကြည်ကြည်လျှောက်လှမ်းတာကို ခြေလှမ်းတုံ့ဆိုင်းစေမယ့် ဝေဖန်ပြောဆိုချက်မျိုး မလုပ်လိုပါဘူး။ သူတို့မှာလည်း သူတို့ နည်းပရိယာယ် အခင်းအကျင်းနဲ့သူတို့ လုပ်ဆောင်ကြိုးပမ်းနေကြတာ ဖြစ်မှာပါ။ သူတို့ရဲ့ အခိုင်အမာ နည်းပရိယာယ်ခြေလှမ်းကို ပြင်ပက မသိနိုင်ပါဘူး။ ဒါပေမဲ့ သတိထားရမှာက အစိုးရသစ်မှာလည်း သူတို့နည်းပရိယာယ်အခင်းအကျင်းနဲ့သူတို့ ရှိနေလိမ့်မယ်ဆိုတာပါပဲ။

တွေ့ဆုံဆွေးနွေးရေး ကြိုးပမ်းနေတဲ့ သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်းဟာ သူ့နည်းပရိယာယ်နဲ့သူ သူ့အားသာချက်နဲ့သူ ရှိနေတဲ့ တချိန်တည်းမှာ သူ့အကျပ်အတည်းနဲ့သူ ရှိနေတယ်ဆိုတာလည်း သိထားဖို့ လိုပါတယ်။ အဲသလိုပဲ အစိုးရ သစ်မှာလည်း သူ့အကျပ်အတည်းနဲ့သူ ရှိနေတာပါ။ အခု အစိုးရသစ်က စီးပွားရေးအကျပ်အတည်းတချို့ ရှိနေတယ်လို့ ဖွင့်ပြောလာတာက သာဓကတခုပါပဲ။ အစိုးရသစ်ရဲ့ အကြီးဆုံးအကျပ်အတည်းကတော့ ပြည်သူလူထုယုံကြည် ထောက်ခံမှု ရရှိရေး၊ နိုင်ငံတကာနဲ့ အာဆီယံရဲ့ ယုံကြည် ထောက်ခံမှု ရရှိစေရေးလို့ ယူဆပါတယ်။ ဒါအတွက် သူ လုပ်ဆောင်ကြိုးပမ်းနေတာပါ။ ဒီလို ယုံကြည်လက်ခံမှုကို သူ အရူးအမူး လိုချင်နေပါတယ်။ ဒါကြောင့်လည်း သမ္မတက အစိုးရဟာ ပြည်သူလူထုရဲ့ ယုံကြည်မှု ရရှိနေတယ်–လို့ ကယောင်ကတမ်း ထအော်လိုက်တာပါ။

နိုင်ငံတကာကလည်း သူတို့ရဲ့ပေါ်လစီအရ ပြောနေကြတာပါ။ အဲဒီပြောကြားချက်တွေအပေါ် မျှော်လင့်ချက်တွေ သိပ်တင်မထားပါနဲ့ဦး။ နိုင်ငံရေးအဖွဲ့အစည်းတွေက သူ့အလုပ်သူလုပ်နေသလို ပြည်သူတွေကလည်း မျက်စိကြည်ကြည် အမြင်ရှင်းရှင်းနဲ့ ကြည့်ကြရမှာပါ။ မဆလခေတ်က တခါ အလိမ်မိဖူးပြီမို့ နှစ်ခါအလိမ်မမိကြပါစေနဲ့။

## အစိုးရသစ်ဟာ ဘယ်အခြေခံပေါ်မှာ ရပ်တည်ပြီး ပြောဆိုလုပ်ကိုင်နေကြတာလဲ

အမြင်ရှင်းရှင်းနဲ့ ကြည့်မြင်ဖို့ဆိုရင် အစိုးရသစ်ဟာ ဘယ်အခြေခံပေါ်က ရပ်တည်ပြီး ပြောဆိုလုပ်ကိုင်နေ

တယ်ဆိုတာ ကြည့်ကြရမှာပါ။

(၁) သူဟာ ၂၀၀၈ အခြေခံဥပဒေအပေါ်က ရပ်တည် ပြောဆိုလုပ်ကိုင်နေတာ ဖြစ်တယ်။ (၂၀၀၈ အခြေခံဥပဒေကို မယုံကြည်တဲ့ အဖွဲ့အစည်းများအား ယုံကြည်လာအောင် ကြိုးပမ်းမယ်လို့ သမ္မတက ပြောနေတယ် မဟုတ်လား) ၂၀၀၈ အခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက် တည်တံ့သွားရေးကို ရည်ရွယ်ပြီး ရေးဆွဲထားတာမို့ အများက မယုံကြည်ကြတာပါ။ ဗမာပြည်နိုင်ငံရေးရဲ့ ဦးဆောင်မှုအခန်းကို စစ်အုပ်စုက ဇွတ်အတင်းလုယူထားတာမို့ မကျေနပ်ကြတာပါ။ ၂၀၀၈ အခြေခံဥပဒေအပေါ်မှာ ရပ်တည်နေသရွေ့ သူဟာ စစ်အာဏာရှင်စနစ်ရဲ့ အရပ်ဝတ်ဟန်ပြဇာတ်ရုပ်သာ ဖြစ်နေမှာ သေချာပါတယ်။ တနည်းပြောရရင်လည်း သူဟာ စစ်အာဏာရှင်စနစ်ထဲမှာ ပါဝင်နေတဲ့ အရပ်ဝတ် စစ်အစိုးရသာ ဖြစ်ပါတယ်။

(၂) သမ္မတက သန့်ရှင်းတဲ့အစိုးရဖြစ်အောင် ကြိုးပမ်းနေတယ်လို့ အရေမရ အဖတ်မရစကားတွေ ပြောနေပေမယ့် အစိုးရသစ်ဟာ ဗီဇကိုက မသန့်ရှင်းပါဘူး။ မသန့်ရှင်းတဲ့ စစ်အုပ်စုက မွေးဖွားပေးလိုက်တာ ဖြစ်ရုံမက မသန့်ရှင်းတဲ့ ရွေးကောက်ပွဲနဲ့ တက်လာတဲ့အစိုးရ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်က စစ်ဗိုလ်တွေ၊ စစ်ဗိုလ်ထွက်တွေနဲ့ သူ့လက်ပါးစေတွေ အကွက်ကျကျ နေရာချထားပေးခဲ့တဲ့ မသန့်ရှင်းတဲ့ အစိုးရ ဖြစ်ပါတယ်။ ဒီမသန့်ရှင်းမှုတွေကို လျှော်ဖွပ်လို့ မရပါဘူး။ အပေါ်ယံ ပြုပြင်ပြောင်းလဲမှုနဲ့ မရပါဘူး။ လုံးဝ ပြောင်းလဲပစ်မှ ရမှာပါ။

(၃) ပြည်သူလူထု မယုံကြည်တဲ့ စစ်အုပ်စုစိတ်ဓာတ်၊ ကြံ့ဖွံ့ပါတီစိတ်ဓာတ်နဲ့ သူ ရပ်ခံပြောဆို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်အတွင်း ပြည်သူလူထုအပေါ် စစ်တပ်က ရိုင်းစိုင်းယုတ်မာမှုတွေကို မမေ့ကြပါနဲ့။ ဒါဟာ စစ်အုပ်စုက ရိုက်သွင်းထားတဲ့ စိတ်ဓာတ်ပါ။ သောင်းကျန်းသူ ကြံ့ဖွံ့တွေ ထင်တိုင်းကြဲနေတာတွေကို မျက်စိမလျှံကြပါနဲ့။

(၄) ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာကို ကြည့်မလား။ သမ္မတက ကေအိုင်အေကို သောင်းကျန်းသူလို့ ပြောတာကို ကြည့်ပါ။ သူ့ရပ်တည်ချက် ရှင်းနေတာပဲ။ ဒီရပ်တည်ချက်မျိုးနဲ့ စစ်မှန်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး မရနိုင်ပါဘူး။ အရင်တုန်းကလိုပဲ ပြည်တွင်းငြိမ်းချမ်းရေးကို ပြောလိုက်၊ ပြည်တွင်းစစ်တိုက်လိုက်နဲ့ ကစားနေမှာပါပဲ။ ပြည်တွင်းစစ်ကို ပြီးဆုံးအောင်လည်း မတိုက်ပါဘူး။ အစစ်အမှန် ငြိမ်းချမ်းရေးကိုလည်း မလုပ်ပါဘူး။ စစ်အုပ်စု စိတ်ဓာတ်အတိုင်း ပြည်တွင်းစစ်ကို မွေးထားပြီး လိုသလို သုံးနေမှာပါ။

(၅) တလောက ကေအိုင်အေနဲ့ ဆွေးနွေးရာမှာ အစိုးရဘက်က ပြောတဲ့စကားတွေကို ကြည့်ပါ။ သတင်းစာရှင်းလင်းပွဲမှာ ဦးကျော်ဆန်း ပြောတဲ့စကားကို ကြည့်ပါ။ နိုင်ငံတော်ဟာ ပြည်သူလူထုရဲ့မိဘဆိုတဲ့ ရပ်တည်ချက်နဲ့ ပြောနေတာပါ။ ဒါဟာ စစ်အုပ်စုရဲ့ သူ့ကိုယ်သူ ထားတဲ့စိတ်ဓာတ် ဖြစ်ပါတယ်။ စစ်ပဒေသရာဇ်စိတ်ဓာတ် ဖြစ်ပါတယ်။ ပြည်သူလူထုကို ရင်ဝယ်သားလို သနားတယ်ဆိုတဲ့ ပဒေသရာဇ်အပြောမျိုး ပြောနေတာပါ။ ဒါပေမဲ့ ကျန်စစ်သားလိုတောင် ပြည်သူလူထု မျက်ရည်ကို သုတ်ပေးဖို့ မစဉ်းစားတဲ့ စစ်ပဒေသရာဇ်ပါ။ ဒါနဲ့အတူ စစ်အုပ်စုရဲ့ သူ့ကိုယ်သူ တိုင်းပြည်ရဲ့ ကယ်တင်ရှင် ဆိုတဲ့ သဘောထားမျိုးလည်း ရှိနေပါတယ်။ အင်အားစုအသီးသီးနဲ့ ပြည်သူလူထုပါဝင်တဲ့ ဖက်ဆစ်တော်လှန်ရေးရဲ့ ခေါင်းဆောင်မှုကိုတောင် လုယူပြီး သူ့ကိုယ်သူ တိုင်းပြည်ကယ်တင်ရှင်အနေနဲ့ လုပ်ပါသေးတယ်။ လုပ်မရတော့ ဖက်ဆစ်တော်လှန်ရေးကို မေးမှိန်အောင် လုပ်ပစ်ပါတယ်။ တဖက်ကလည်း တပ်မတော်သာအမိ၊ တပ်မတော်သာ အဖဆိုတဲ့ သဘောထားကို တလျှောက်လုံး ကိုင်စွဲလာခဲ့တာပါ။ အခု အရပ်သားအစိုးရ ဖြစ်လာတော့ နိုင်ငံတော်ဟာ အမိ၊ နိုင်ငံတော်ဟာ အဖ ဆိုပြီး စကားလုံး ပြောင်းလိုက်ပါတယ်။ ဒါပေမဲ့ သဘောထားကတော့ အတူတူပါပဲ။ နိုင်ငံတော်က ပြည်သူလူထုရဲ့ မိဘဆိုရင် ဒီကနေ့ နိုင်ငံတော်ဆိုတာ ဘယ်သူပါလဲ။ စစ်အုပ်စုပါပဲ။ စစ်အုပ်စုဟာ တလျှောက်လုံး ဒီသဘောထားနဲ့ ရပ်တည်လာခဲ့သလို အခုအစိုးရသစ်ဟာလည်း ဒီသဘောထားမျိုးနဲ့ ရပ်တည်နေကြောင်း ရှင်းပါတယ်။ (အဖတိုင်းပြည် အမိတိုင်းပြည်လို့သာ ရှိပါတယ်။ မိဘပြည်သူလို့သာ ပြည်သူလူထုကို ဦးထိပ်ပန်လေ့ ရှိပါတယ်။ တိုးတက်တဲ့အမြင်နဲ့ ကြည့်မယ်ဆိုရင် ခေ ရှင်နိုင်ငံတော်ဆိုတာ အဖိနှိပ်ခံပြည်သူတွေအပေါ် ဖိနှိပ်ထားတဲ့ ယန္တရားတခုပါပဲ။)

(၆) သတင်းစာရှင်းလင်းပွဲမှာ တိုင်းပြည်ကို ဒီအခြေအနေရောက်အောင် ဆောင်ရွက်ကြိုးပမ်းပေးခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ စေတနာကို နားမလည်ကြဘူးဆိုပြီး ဦးကျော်ဆန်းက ငိုယိုပြောခဲ့ပါတယ်။ ဒီအခြေအနေရောက်အောင်ဆိုတာ ဘာအခြေအနေလဲ။ စစ်အုပ်စုထိပ်သီးတွေနဲ့ စစ်အုပ်စု လက်သုံးတော် စီးပွားရေးသမားတွေ အကြီးအကျယ် ချမ်းသာနေကြတာကိုပဲ တိုးတက်တဲ့ အခြေအနေလို့ ယူဆနေကြတာလား။ သူတို့နေချင်တဲ့နေရာ(နေပြည်တော်)မှာ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်(သူတို့ အထင်) တည်ဆောက်ထားတာကိုပဲ တိုးတက်တယ်လို့ ဆိုချင်တာလား။ ဒါကြောင့်မို့ နေပြည်တော်ကို ဟိုလူခေါ်ပြ ဒီလူခေါ်ပြ လုပ်နေကြတာလား။ တတိုင်းပြည်လုံး ဒုက္ခန္တတွင်း နစ်ပြီး တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာ အနိမ့်ဆုံးအဆင့် ကျရောက်နေတာကို မမြင်နိုင်တဲ့ ရပ်တည်ချက်မျိုးပါ။ ဗိုလ်သန်းရွှေရဲ့ သားသမီးတွေနဲ့ စစ်အုပ်စုထိပ်သီးတွေရဲ့ သားသမီးတွေ စိန်ရွှေတွေသီးနေချိန်မှာ ပြည်သူလူထု သားသမီးတွေရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ သီးနေကြရတာကို မမြင်နိုင်တဲ့ ရပ်တည်ချက်မျိုးပါ။

(၇) နိုင်ငံရေးအကျဉ်းသားတွေ အခုထိ လွှတ်ပေးဖို့ မစဉ်းစားသေးတာကလည်း သူ့အခြေခံရပ်တည်ချက်ကို ဖော်ပြနေပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးဟာ အစိုးရသစ်ကို အကဲဖြတ်ရေးစံချိန်တခုအဖြစ် ပြည်တွင်းပြည်ပက မြင်နေကြချိန်ပါ။ ယုံကြည်ချက်နဲ့ အကျဉ်းချထားခံရသူတွေ လွှတ်ငြိမ်းခွင့်နဲ့စပ်လျဉ်းတဲ့ လွှတ်တော်ရဲ့ တင်ပြချက်ကို "အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"က ဘယ်လိုတုံ့ပြန်အဖြေပေးမလဲဆိုတာ မကြာခင် သိရတော့မှာပါ။ ရှင်းလင်းတဲ့အဖြေ ပေးရင်ဖြစ်စေ၊ ပယ်ချရင်ဖြစ်စေ သူ့သဘောထားကို ရှင်းရှင်းလင်းလင်း တွက်ဆလို့ ရနိုင်ပါတယ်။ ထောင်ချောက်ထဲ ဆွဲသွင်းတဲ့ အဖြေမျိုး၊ ငါးစာပစ်ကျွေးတဲ့ အဖြေမျိုး၊ ဝေ့လည်ကြောင်ပတ် အဖြေမျိုးတွေလည်း ပေးလာနိုင်ပါတယ်။ ဘယ်လိုအဖြေမျိုး ပေးသည်ဖြစ်စေ အခိုင်အမာခွဲခြမ်းစိတ်ဖြာပြီး အနာဂတ်မှာ ဖြစ်လာမယ့် အကျိုးဆက်ကို အသေအချာ တွက်ကြရမှာပါ။

ဘယ်အခြေခံပေါ်က သူရပ်တည် ပြောဆိုဆောင်ရွက်နေသလဲဆိုတာကို သူကိုယ်တိုင် ဖော်ပြနေပါတယ်။ အဲသလို အချက်တွေ အများအပြား ရှိနေပါတယ်။ အရေးကြီးတာက အပေါ်ယံ ပြောဆိုလုပ်ဆောင်ချက်တချို့တလေလောက်နဲ့ သူ့ကို အကောင်းမြင် အမှတ်မပေးမိဖို့ပါပဲ။ သူ့အခြေခံကို ရှင်းရှင်းလင်းလင်း မြင်အောင်ကြည့်ပြီး အကဲဖြတ်ကြရမှာပါ။ အခြေခံမပြောင်းသမျှ လူဆိုးဟာ လူကောင်းဖြစ်မလာနိုင်ပါဘူး။ မင်းသားမျက်နှာဖုံး ကောက်စွပ်လိုက်တာနဲ့ ဗီလိန်(ကုန်းရုပ်)စရိုက် ပျောက်သွားတာ မဟုတ်ပါဘူး။ အဆိုးမြင်နဲ့ပြောနေတာ မဟုတ်ပါဘူး။ အခြေခံရပ်တည်ချက်ကို သုံးသပ်တဲ့အမြင်နဲ့ ပြောနေတာပါ။

## နောက်တခါ အလိမ်အညာခံရရင် ကိုယ့်အပြစ်

အာဏာသိမ်းစစ်အုပ်စုခေတ်နဲ့မဆလခေတ်တုန်းက အလိမ်အညာခံခဲ့ကြရပါတယ်။

ဆိုရှယ်လစ်စနစ်လို့ လိမ်ညာခဲ့တယ်။

ခေတ်ပြောင်းတော်လှန်ရေးဆိုပြီး လိမ်ညာခဲ့တယ်။ တော်လှန်ရေးကောင်စီလို့ လိမ်ညာခဲ့တယ်။ ဘာတော်လှန်ရေးမှ မဟုတ်တာ ကျောကော့အောင် ခံရပြီးမှ သိလာကြရတယ်။ တခြားအဖွဲ့အစည်းတွေ မဆိုထားနဲ့၊ ပမညတလို အဖွဲ့မျိုးကတောင် မျက်စိလည်ခဲ့သေးတယ်။ ခေတ်ပြောင်းတာကတော့ ပြည်သူလူထု မွဲပြာကျတဲ့ဘဝ၊ မွဲပြာကျတဲ့ခေတ် ရောက်သွားတာပဲ။ (အခုလည်းပဲ အသွင်ပြောင်းလဲရေးဆိုပြီး ပြောဆိုသံတွေ ကြားနေရပြန်ပြီ)

ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုပြီး လိမ်ညာခဲ့တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာနဲ့ ကစားပြီး သူတို့အမြတ်ထုတ်ဖို့ ကြိုးစားတာပဲ။ စစ်မှန်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး အခုထိ မရသေးတာ အားလုံးအသိပဲ၊ အခုလည်း အစိုးရသစ်က ပြည်တွင်းငြိမ်းချမ်း ရေးစကား ပြောနေပြန်ပြီ။ အစစ်အမှန် ငြိမ်းချမ်းရေးကို တကယ်တမ်း ဆောင်ရွက်ပေးချင်တယ်ဆိုရင် လက်တွေ့နဲ့ သက်သေပြပါ။

တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲဆိုတာတွေကို ခမ်းခမ်းနားနား အကြိမ်ကြိမ် ကျင်းပပြီး လိမ်ညာခဲ့တယ်။ (အခု အစိုးရသစ်ကလည်း အလုပ်ရုံဆွေးနွေးပွဲတွေ ဆိုတာ၊ ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုတာတွေနဲ့ လိမ်ညာနေပြန်ပြီ) လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိရေးဆိုတာနဲ့ လိမ်ညာခဲ့တယ်။ လယ်သမားတွေကို တောင်သူလယ်သမား“ဦးကြီးများ”လို့ ခေါ်ဝေါ်သုံးစွဲပြီး လိမ်ညာခဲ့တယ်။ တောင်သူလယ်သမားတွေနဲ့ ဒူးတိုက်ဆွေးနွေးတယ်ဆိုပြီး လိမ်ညာခဲ့တယ်။ တောင်သူလယ်သမားတွေနဲ့ အစိုးရအရာရှိတွေ တနာရီလောက် ထမင်းလက်ဆုံ စားပြီး လိမ်ညာခဲ့တယ်။ အသုံးလုံးကျေဆိုတာတို့၊ စာမတတ်သူပ ပျောက်ရေး ဆိုတာတွေနဲ့ လိမ်ညာခဲ့တယ်။ “ဘယ်သူပြိုင်လို့ လုပါတော့နိုင်”ဆိုတဲ့ ရုပ်ရှင်ကားပဲ အဖတ်တင် ကျန်ရစ်ခဲ့တယ်။ LDC ရဖို့ လျှောက်ထားချင်တဲ့အခါကျတော့ စာတတ်မြောက်သူ တိုးမြှင့်လာတဲ့ အရေအတွက်ဆိုတာ စာရင်းဇယား အလိမ်အညာတွေပါလို့ ပြောလာပြန်တယ်။ ပြည်တွင်းသာမက နိုင်ငံတကာအထိ တက်ပြီး လိမ်ညာတဲ့ စစ်အုပ်စုပါ။ (အစိုးရသစ်ရဲ့ သမ္မတက ဗိုလ်ချုပ် အောင်ဆန်းခေတ်ပုံ ချိတ်ဆွဲပြသထားတာကတော့ လိမ်ညာရုံသက်သက်မဟုတ်ဘဲ စိတ်ဓာတ်စစ်ဆင်ရေးလို အကွက်ချထားတဲ့ အကြံအစည်မျိုးပါ။) စစ်အုပ်စုရဲ့ အမွေဆက်ခံထားတဲ့ အစိုးရသစ်ဟာ တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်ကို မီအောင် လိမ်နိုင်ပါ့မလားဆိုတာ ပိတ်ကားပေါ်မှာ ဆက်လက် ရှုစားရမှာပါ) မဆလခေတ် ဇာတ်ပေါင်းချိန်မှာ ဦးနေဝင်းရဲ့ “စစ်တပ်ဆိုတာ ပစ်ရင် မိုးပေါ်ထောင်မပစ်ဘူး။ မှန်အောင် တည့်တည့် ပစ်တယ်”ဆိုတဲ့စကားက စစ်အုပ်စုရဲ့ အသက်ပါတဲ့စကား ဖြစ်သွားတယ်။ တကယ်ပဲ ပြည်သူတွေ ရာထောင်ချီပြီး အသက်ပါ သွားခဲ့ကြရတယ်။ အသက်စွန့်သွားကြရတယ်။ အစိုးရရဲ့ လိမ်နည်းတရာ ကတော့ “နေအေးလိမ်နည်း” လို စာအုပ်ထုတ် ရေးပြလောက်အောင် များပြားလှပါတယ်။

ဟိုတုန်းက အလိမ်မိခဲ့သူတွေ များပါတယ်။ အစိုးရကို ယုံကြည်သူတွေနဲ့ မယုံကြည်သူတွေ နှစ်တချို့ ကြိတ်ဝိုင်းလေးတွေမှာ အချေအတင် ဖြစ်ခဲ့ကြရတယ်။ တခါ အလိမ်ခံရရင် သူ့အပြစ်၊ နောက်တခါ အလိမ်ခံရရင် ကိုယ့်အပြစ် ဖြစ်သွားလိမ့်မယ်လို့ အခုခေတ်မှာ သတိပေးလိုပါတယ်။

အစိုးရသစ်ရဲ့ အပေါ်ယံ ပြောဆိုလုပ်ဆောင်မှုကို မျက်စိမလည်ဘဲ အခြေခံရပ်တည်ချက်ကို စစ်ဆေးတဲ့အမြင်နဲ့ ကြည့်ရှုသုံးသပ်နိုင်မှ အခြေခံအရ မှန်ကန်တဲ့ ကြည့်မြင်သုံးသပ်မှုကို ရရှိနိုင်ပါလိမ့်မယ်။ ။

သောင်းထွန်းမြင့်

စာမူရှင်များသို့

– ၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ ပြည်သူ့အင်အားစုစည်းရေး ရည်မှန်းချက်ဖြင့်

‘အရေးတော်ပုံ ဂျာနယ်’အတွက် စာမူများ ဖိတ်ခေါ်အပ်ပါတယ်။

– ‘အရေးတော်ပုံ ဂျာနယ်’ကို တော်လှန်ရေးကာလတလျှောက် ရေရှည်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။

– ဆောင်းပါးများ၊ အနုပညာဖန်တီးမှုအမျိုးမျိုး၊နဲ့ ရသစာပေ၊ ကာတွန်းများ ပေးပို့နိုင်ပါတယ်။

– ဆောင်းပါးပါ အချက်အလက်များကတော့ ခိုင်မာတိကျဖို့ လိုပါတယ်။

ရည်ညွှန်း(Ref;) ဖို့ လိုရင် အတိအကျ ဖော်ပြဖို့လည်း လိုပါတယ်။

– စာမူပေးပို့ရင် swptbn@yahoo.com ဆိုတဲ့ လိပ်စာနဲ့ ပေးပို့နိုင်ပါတယ်။

လေးစားစွာဖြင့်...

စာတည်းအဖွဲ့




# လောပီတ ရေအားလျှပ်စစ် စီမံကိန်းရဲ့ သင်ခန်းစာ

စောအယ်ထူး

ဗမာပြည်အုပ်စိုးသူ အစိုးရ အဆက်ဆက်ဟာ မြစ်တွေ၊ချောင်းတွေပိတ်ပြီး ရေအားလျှပ်စစ်ထုတ်တာ၊ လယ်မြေတွေ ရေသွင်းတာတွေလုပ်ခဲ့ပါတယ်။ အထူးသဖြင့် စစ်အစိုးရလက်ထက်မှာ ဆည်တွေ၊ တာတမံတွေ ဆောက်ပြီး ရေအားလျှပ်စစ်နဲ့ စိုက်ပျိုးမြေကေ အများအပြား ရေသွင်းတာလုပ်ပါတယ်။ ဒါပေမဲ့ ဗမာပြည်မှာ လျှပ်စစ်ဓာတ်အား မလုံမလောက်မှုတွေ၊ ဆန်စပါး အပါအဝင် စိုက်ပျိုးရေး ထွက်ကုန်သီးနှံတွေဟာ အထွက်မတိုးတဲ့အပြင် ကျဆင်းမြဲကျဆင်း နေပါတယ်။

ဒါတွေဖြစ်ရတဲ့ အကြောင်းရင်းကတော့ စီမံကိန်းချပေးသူနဲ့ ဒီစီမံကိန်းတွေအရ ဆောက်လုပ်ရေးတွေ ဆောက်လုပ်ခွင့်ရသူတွေ အပေးအယူလုပ်ကြပြီး ဝေမျှစားသောက်တာကြောင့် ဖြစ်ပါတယ်။ သူတို့တွေဟာ ဒီစီမံကိန်းတွေရဲ့ အသီးအပွင့်တွေကိုလည်း သူတို့အကျိုးအတွက်ဆိုတဲ့ ရည်ရွယ်ချက်တခုတည်းနဲ့ လုပ်တာပါ။ ဒီလို အုပ်စိုးသူတစုနဲ့ သူ့အပေါင်းပါတချို့ အကျိုးရှိရင်ပြီးတမ်းပဲဆိုတဲ့ တနပ်စားအမြင်နဲ့လုပ်တာကြောင့် ဘယ်အလုပ်မှာမဆို ကောင်းကျိုး၊ ဆိုးပြစ်တွေကို အသေအချာတွက်ချက်သုံးသပ်တာ၊ ပြည်သူလူထုရဲ့ဘဝကို စာနာထောက်ထားပြီး လုပ်ကိုင်တာ၊ ပညာရှင်တွေရဲ့ အမြင်တွေကို အလေးထားစဉ်းစားတာ ဘယ်တုန်းကမှ မလုပ်ခဲ့ပါ။

ဒါကြောင့် ဘယ်ရေအားလျှပ်စစ်စီမံကိန်းတွေပဲ ဖော်ထုတ်လုပ်ကိုင်တာပဲဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးတာနဲ့ ပြည်သူ လူထု ဘဝပျက်တာချည်းပဲဖြစ်ပါတယ်။ အခု သံလွင်မြစ်နဲ့ ဧရာဝတီမြစ်မှာ အကြီးစားဆည်ကြီးတွေ တည်ဆောက်ပြီး အကြီးစားရေအားလျှပ်စစ် ထုတ်လုပ်ဖို့ စီမံကိန်းတွေချနေတယ်။ ပညာရှင်အသီးသီးကရော ပြည်သူလူထုတွေပါ၊ လတ်တလောရော ရေရှည်ပါ ကောင်းကျိုး၊ ဆိုးပြစ်တွေကို ဝေဖန်သုံးသပ်ပြနေပါတယ်။ ဒါပေမဲ့ စစ်အစိုးရဟာ ဒါတွေကို လျစ်လျူရှုပြီး သူတို့ ပြည်ပရင်းနှီးမြှုပ်နှံမှု ရရှိရေး၊ ပြည်ပကို လျှပ်စစ်ဓာတ်အား ရောင်းချရေးပဲ အာရုံစိုက်ပါတယ်။ အဲ့ဒါတွေကလည်း စစ်အစိုးရအတွက် သပိတ်ဝင် အိတ်ဝင် အကျိုးစီးပွားဖြစ်လို့ပါပဲ။ လတ်တလောမှာတော့ အဲဒီစီမံကိန်း ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝ ပတ်ဝန်းကျင် ပျက်စီးတာ၊ ဒေသခံပြည်သူတွေရဲ့ ဥယျာဉ်ခြံမြေ၊ လယ်ယာမြေတွေ ပျက်စီးတာ၊ ကျေးရွာတွေ ရွှေ့ပြောင်းရတာ၊ လူတွေ အလုပ်လက်မဲ့ ဖြစ်ကုန်တာတွေကို စတင်ခံစားနေရပါပြီ။ ရေရှည်မှာ သံလွင်မြစ်၊ ဧရာဝတီမြစ်ကြီးတွေ ဘာဖြစ်သွားမလဲပဲ။

လွန်ခဲ့တဲ့အနှစ် ၅၀ ကျော်လောက်က ဘီလူးချောင်းမှာ တည်ဆောက်တဲ့ မိုးဗြဲရေကာတာနဲ့ လောပီတ ရေအားလျှပ်စစ် စီမံကိန်း အခြေအနေကို တစေ့တစောင်း ပြန်သုံးသပ်ရင် ပိုကောင်းမယ်ထင်တယ်။ ဘီလူးချောင်းဟာ ရှမ်းပြည်နယ် အင်းလေးကန်မှာ မြစ်ဖျားခံပြီး တောင်ဘက်ကို စီးဆင်းတယ်။ ကယားပြည်နယ် လွိုင်ကော်ကွင်းကို ဖြတ်ပြီး လောပီတ ရေတံခွန်အောက်ဘက်ကနေ ပွန်ချောင်းထဲကို စီးဝင်တယ်။ မိုးဗြဲမြို့အနီးမှာ ဘီလူးချောင်းကို ဆည်ဖို့လိုက်တယ်။ မိုးဗြဲရေကာတာလို့ ခေါ်ပါတယ်။ မိုးဗြဲရေကာတာကနေ လွိုင်ကော်ကွင်းထဲကို လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းဆိုပြီး ရေလွှဲမြောင်းနှစ်ခုနဲ့ ရေလွှတ်ပေးတယ်။ လွိုင်ကော်ကွင်းဟာ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနဲ့ မူလ ဘီလူးချောင်းက ရေတွေနဲ့ လယ်ရေသွင်းစိုက်တာ လုပ်လာနိုင်တယ်။ လောပီတမှာ လွိုင်ကော်ကွင်းကို ဖြတ်လာတဲ့ ရေအားလုံး ပြန်စုပေးလိုက်တယ်။ လောပီတမှာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်တယ်။ လျှပ်စစ်ဓာတ်အားကို ရန်ကုန်၊ မန္တလေး ဆိုပြီး နှစ်လိုင်းခွဲပို့ပါတယ်။ လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ စတဲ့မြို့တွေပဲ လျှပ်စစ်မီးရကြပါတယ်။ လွိုင်ကော်ဝန်းကျင်က ကျေးရွာတွေ လျှပ်စစ်မီး မရကြပါဘူး။

မိုးဗြဲရေကာတာ ပိတ်လိုက်တဲ့အခါ ဘီလူးချောင်း အထက်ပိုင်း စံကွယ်နယ်တခုလုံး ရေမြုပ်သွားပါတယ်။ စံကွယ်စော်ဘွားလည်း စံကွယ်နယ်ကထွက်ပြီး ဖယ်ခုံမြို့မှာ တက်နေရပါတယ်။ စော်ဘွားတွေ အာဏာစွန့်လွှတ်ပွဲနဲ့ ကြုံကြိုက်လိုက်တော့ စံကွယ်စော်ဘွားလည်း စော်ဘွားအာဏာ စွန့်လွှတ်ပွဲက ရတဲ့လျော်ကြေးငွေနဲ့ ဖယ်ခုံမြို့မှာ အသက်ထက်ဆုံး နေသွားပါတယ်။ အဲဒီ ရေမြုပ်သွားတဲ့ စံကွယ်

နယ်အထက်ကို အခုတော့ ဖယ်ခုံအင်းလို့ပဲ ခေါ်နေကြပါတယ်။ စံကွယ်လူထုကတော့ အတော်ဒုက္ခတွေ့သွားပါတယ်။

ဖယ်ခုံအင်းအထက်ဘက်မှာ စံကားနယ်ရှိပါတယ်။ စံကားကတော့ ရေမမြုပ်ပေမယ့် စံကားနယ်အတော် များများ ရေမြုပ်သွားပါတယ်။ အဲဒါကို အခု စံကားအင်းလို့ ဒေသခံတွေက ခေါ်နေပါတယ်။ စံကားစော်ဘွားက မထောင်းတာလှပေမယ့် စံကားလူထုကတော့ အတော်ဒုက္ခ ရောက်ပါတယ်။

ဖယ်ခုံနဲ့စံကားအင်း နှစ်ခုဖြစ်လာတာကြောင့် ဘီလူးချောင်းဝန်းကျင်မှာရှိတဲ့ လယ်မြေနဲ့ သစ်တောတွေ ပျက်စီးကုန်တယ်။ ဒေသခံတွေဟာ ရေပြင်အထက် အင်းဘေးက သစ်တောတွေကို ခုတ်ထွင်ရှင်းလင်းပြီး ရွာသစ်တည်တာ၊ တောင်ယာ ခုတ်တာ လုပ်ကြရပါတယ်။ ဒီလိုနဲ့ အင်းဘေးပတ်လည် ဒေသတွေမှာ တောပြုန်းလာပါတယ်။ အင်းဖြစ်လာတာကြောင့် ငါးလည်း ပေါများလာပါတယ်။ ဒါကြောင့် မိုးပြဲရေကာတာဆောက်ပြီး ၁၀ နှစ်၊ အနှစ် ၂၀ အတွင်းမှာ သားငါး အတော်ပေါပါတယ်။ အင်းလေးကန်ကနေ လွိုင်ကော်အထိ ရေကြောင်း သွားလာရေးဟာလည်း အတော်အဆင်ပြေပါတယ်။

အင်းလေးပတ်ဝန်းကျင်မှာ တောပြုန်းသွားတော့ မိုးရွာတဲ့အခါမှာ မြေဆီလွှာတွေဟာ မိုးရေနဲ့ အတူ ပါလာပြီး အင်းလေးကန်ထဲကို အနည်အနှစ်တွေအဖြစ် ပို့ချပေးပါတယ်။ စံကားအင်းနဲ့ ဖယ်ခုံအင်းမှာလည်း ဒီအဖြစ်မျိုးတွေ ဖြစ်ပေါ်ပါတယ်။ မိုးပြဲရေကာတာ ဆောက်ပြီး အနှစ် ၃၀ လောက်ရှိလာတဲ့ အခါမှာ အင်းလေးကန်ဟာလည်း အတော်ကောလာတယ်။ စံကားအင်းနဲ့ ဖယ်ခုံအင်းလည်း အတော်ကောလာတယ်။ အင်းတွေရဲ့ပတ်ပတ်လည်မှာ စိုက်ပျိုးကြတဲ့ သီးနှံစိုက်ခင်းတွေမှာလည်း ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေ အသုံးများလာတယ်။ ဒါကြောင့် ရေသိုလှောင်နိုင်တဲ့ ထု နည်းလာပြီး ရေထဲမှာ ဓာတုဆေးဝါး အကြွင်းအကျန်တွေများလာတော့ ငါးတွေ ရောဂါ ဖြစ်တာ၊ သေတာများလာတယ်။ သားငါးအထွက် လျော့လာပါတယ်။ အင်းလေးကန်မှာလိုပဲ စံကားအင်းနဲ့ ဖယ်ခုံအင်းမှာ တံငါလုပ်ငန်းနဲ့ အသက်မွေးသူတွေ ကျပ် တည်းဆင်းရဲကုန်ပါတယ်။

မိုးပြဲရေကာတာမှာ ရေသိုလှောင်နိုင်တဲ့ ရေထုပမာဏ လျော့နည်းလာတော့ လွိုင်ကော်ကွင်းကိုလည်း အရင်လို ရေမပေးနိုင်တော့တာ ဖြစ်လာတယ်။ လောပီတ ရေအားလျှပ်စစ် စက်ရုံအတွက်လည်း ရေအား မလုံလောက်ဖြစ်သွားပါတယ်။ သုံးနေတဲ့ စက်တွေဟာလည်း အနှစ် ၃၀၊ ၄၀ ကြာပြီဖြစ်တော့ အလွန် အိုဟောင်းသွားပြီ ဖြစ်တယ်။ အင်းတွေ ကောလာပြီဖြစ်တော့ မိုးပြဲရေကာတာမှာ ရေသိုလှောင်နိုင်မှုပမာဏက နည်းနေတော့ မိုးများတဲ့အခါမှာ ရေတံခါးတွေ ဖွင့်ပေးလိုက်ရတယ်။ ဒီအခါမျိုးမှာ လွိုင်ကော်ကွင်းလည်း ရေမြုပ်ပြန်တာပဲ။ လွိုင်ကော်ကွင်းဟာ ရေလိုတဲ့အခါ ရေအလုံအလောက်မရပဲ၊ ရေမလိုတဲ့ အခါမှာ လွိုင်ကော်ကွင်းလည်း ရေမြုပ်ခံရတဲ့ကွင်း ဖြစ်သွားပြန်ပါတယ်။

လောပီတ ရေအားလျှပ်စစ်စီမံကိန်းကို ချတဲ့အချိန်ဟာ ပြည်တော်သာစီမံကိန်းချပြီး ခြစားလောက်တက်ဖြစ်နေချိန်၊ ဂျပန်စစ်လျော်ကြေး ရရှိနေချိန်ဖြစ်တယ်။ ဂျပန်က ဗမာပြည်ကို စစ်လျော်ကြေးပေးတယ်ဆိုတာဟာ တကယ်တော့ ဂျပန်က သူ့ကုန်ပစ္စည်းတွေ တင်ပို့ဖို့ ဈေးကွက်အဖြစ် ရရှိလိုက်တာဖြစ်တယ်။ ဗမာပြည်မှာ ဂျပန်ရင်းနှီးမြှုပ်နှံခွင့် ရလိုက်တာဖြစ်ပါတယ်။

ဒီ လောပီတ စီမံကိန်းချပေးတဲ့ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်နဲ့ ဆောက်လုပ်သူတွေဟာ ကြီးပွားချမ်းသာ သွားကြပါတယ်။ အခုလောပီတ ရေအားလျှပ်စစ် စီမံကိန်းကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို တာဝန်ယူဖြေရှင်းတဲ့ အာဏာပိုင်ပုဂ္ဂိုလ် တယောက်မှ မရှိပါဘူး။

ရောဝတီ သံလွင်မြစ်ဝှမ်းတွေမှာ လူတွေနေထိုင် ကျက်စားခဲ့တာ နှစ်ပေါင်းကြာညောင်းခဲ့ပါပြီ။ လူတွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာတာလည်း ကြာခဲ့ပါပြီ။ အခု လူ့ပယောဂကြောင့် သံလွင်မြစ်နဲ့ ရောဝတီမြစ်ဝှမ်းဟာ တော၊ တောင် သဘာဝပတ်ဝန်းကျင် ပြုန်းတီးတဲ့အပြင် မြစ်ကြောင်း တိမ်ကောလာတာ၊ မြစ်ကြောင်းပြောင်းတာ၊ မြစ်ရေညစ်ညမ်းတာတွေ ဖြစ်လာပါတယ်။ ရောဝတီမြစ်နဲ့ သံလွင်မြစ်တို့ဟာ နာမကျန်းဖြစ်နေတာ ကြာပါပြီ။ မဆင်မခြင် ရေကာတာပိတ်၊ ရေအားလျှပ်စစ် ထုတ်တာဟာ သေဆေးကျွေးသလို ဖြစ်သွားနိုင်ပါတယ်။

ဒါပေမဲ့ ဘယ်သူသေသေ၊ ငတေမာပြီးရော ဆိုတဲ့ စစ်အစိုးရကတော့ သေဆေးကျွေးပါလိမ့်မယ်။ FDI လို့ခေါ်တဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ကိုယ်ခံအားမကောင်းဘဲ လက်မခံသင့်ဘူးလို့ ပညာရှင် တွေ သတိပေးနေတဲ့ကြားကပဲ စစ်အစိုးရဟာ သူ့ အကျိုးစီးပွား တဖက်ပဲ ကြည့်ပြီး ပြည်ပ ရင်းနှီးမြှုပ်နှံမှု ကို အငမ်းမရ လက်ခံနေပါတယ်။ ပြည်သူတွေကိုတော့ သေဆေးကျွေးမှာ အမှန်ပဲ။

စောအယ်ထူး

၀၃၊ ၀၉၊ ၂၀၁၁

# ပြည်သူလူထုအတွက် မွဲဆေး



မန်းထွန်း

ဗမာပြည်ဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ကတည်းက တိုင်းတပါးသားတွေက ဗမာပြည်ကို လာအုပ်ချုပ်နေတာ မဟုတ်တော့ပါဘူး။ ဗမာပြည်သားအချင်းချင်းတွေမှာပဲ အာဏာရ အုပ်စိုးသူနဲ့ အာဏာလက်မဲ့ အအုပ်စိုးခံသူဆိုပြီး ကွဲပြားနေတာသာ ဖြစ်တာပါ။ အာဏာလက်ရှိ အုပ်စိုးသူတွေဟာ လွတ်လပ်ရေးရကာစကတည်းက အအုပ်စိုးခံ ပြည်သူလူထုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့ ဘက်အသီးသီးမှာ တိုးတက်စေရမယ်ဆိုပြီး မစားရဝခမန်း စီမံကိန်းတွေ ချပါတယ်၊ လက်တွေ့မှာတော့ အုပ်စိုးသူနဲ့ သူ့အသိုင်းအဝိုင်း တစုလောက်ပဲ စုမိဆောင်းမိသွားပြီး ပြည်သူလူထုကြီးမှာ ဆင်းရဲသည်ထက် ဆင်းရဲသွားတာပဲ ဖြစ်ပါတယ်။

ဖဆပလ အရပ်သားအစိုးရ လက်ထက်မှာ ပြည်တော်သာစီမံကိန်း ချပါတယ်။ ဖဆပလ အာဏာရ ထိပ်သီးတွေပဲ ချမ်းသာသွားပါတယ်။ ပြည်သူလူထုကတော့ မွဲပြီးရင်း မွဲနေတာပါပဲ။ ဖဆပလ ထိပ်သီးတွေမှာတော့ အဝေမတည့်တာကြောင့် ကွဲကြပြဲကြတာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း မတည်ဆောက်နိုင်။ လူတကိုယ်၊ တိုက်တလုံး ကားတစီး၊ ဝင်ငွေ ၈၀၀ ဆိုတာလည်း လေထဲ တိုက်အိမ်ဆောက်တာပဲ ဖြစ်သွားခဲ့တယ်။။

ဖဆပလ အစိုးရလက်ထက်မှာ ဗိုလ်နေဝင်းဟာ ဘာဝေစုမှ မယ်မယ်ရရ မရတာကြောင့် ဖဆပလ အကွဲအပြဲကို အခွင့်ကောင်းယူပြီး ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းပါတယ်။ ဆိုရှယ်လစ်စီးပွားရေး ထူထောင်မယ်ဆိုပြီး နှစ်ရှည်နှစ်တို စီမံကိန်းတွေ ချပါတယ်။ ပြည်သူပိုင် သိမ်းတယ်ဆိုပြီး ပြည်သူလူထုရဲ့ ဥစ္စာဓန အားလုံး စစ်အုပ်စုပိုင်အဖြစ် လုပ်ပစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုဟာ ဆင်းရဲတွင်း ပိုနက်သွားတယ်။ ပြည်တွင်းစစ်ကလည်း ပို သည်းသန် ပြင်းထန်ပါတယ်။

ဗိုလ်သန်းရွှေရဲ့ နဝတ၊ နအဖ အစိုးရလက်ထက်မှာကျတော့ အခြေအနေဟာ အဖတ်ဆယ်လို့ မရတော့သလောက် ဖြစ်သွားတယ်။ စစ်လည်းမဖြစ်၊ ငြိမ်းချမ်းရေး လည်းမရှိ၊ ပြည်သူလူထုလက်ထဲမှာလည်း ဘာအရင်း အနှီးမှမကျန်တော့ဘဲ တိုင်းပြည်တခုလုံး ထုတ်လုပ်ရေး ကျဆင်း၊ အလုပ်အကိုင်ရှားပါး၊ လူနေမှု အဆင့်အတန်းဟာလည်း အောက်ဆုံးအဆင့်ကို ရောက်သွားခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအာဏာကို အပိုင်ကိုင်ထားပြီး သဘာဝ သယံဇာတ အားလုံးကို မောင်ပိုင်စီးထားတဲ့ စစ်အုပ်စုဟာ သူ့အနေအထားကိုမြဲအောင် ခေတ်ပျက်သူဌေး တစုကိုတော့ ဖန်တီးမွေးထုတ်လိုက်ပါတယ်။ အဲဒါကို စစ်အုပ်စုက ဈေးကွက်စီးပွားရေးနဲ့ ပုဂ္ဂလိကပိုင်လုပ်ရေး ဆိုပြီး ဆက်လည်ပတ်နေပါတယ်။ အရပ်ဝတ် ဝတ်ပြီး အရပ်သားအစိုးရအသွင် ဆောင်ထားတဲ့ သမ္မတ ဦးသိန်း စိန် အစိုးရဟာ စစ်အုပ်စုက ချထားတဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေခံမှုတွေကို အာမခံ အကောင်အထည်ဖော်ရတဲ့ အစိုးရမျှသာ ဖြစ်ပါတယ်။

ဗမာပြည် အုပ်စိုးသူအဆက်ဆက်ဟာ စီမံကိန်းတွေ ချတာ၊ လမ်းဖောက်၊ တံတားဆောက်၊ စက်ရုံ အလုပ်ရုံတွေ ထူထောင်တာ၊ တာတမံဆောက်တာ၊ စိုက်ပျိုးရေး စီမံချက်တွေ ချတာ ဆိုတာတွေအားလုံးဟာ –

ပြည်သူလူထုရဲ့ လိုအပ်ချက်ကို အခြေခံပြီး ချတာမဟုတ်ဘဲ အာဏာရ လက်တဆုပ်စာနဲ့ သူ့အသိုင်းအဝိုင်း လူတစုအကျိုးစီးပွားကို မျှော်ကိုးပြီးလုပ်တာချည်းပဲ ဖြစ်ပါတယ်။

သဘာဝ သယံဇာတပစ္စည်းတွေ ထုတ်ယူရောင်းချ စားသောက်နေတာ စစ်အုပ်စုနဲ့ သူ့အပေါင်းပါတွေပါပဲ။ လမ်းဖောက်၊ တံတားဆောက်၊ရေကာတာဆောက်တဲ့အလုပ်၊ စက်မှုဇုန်တွေ ထူထောင်တဲ့အလုပ်၊ ရေနက်ဆိပ်ကမ်းဆောက်လုပ်တဲ့ အလုပ်တွေ၊ ကြက်ပြေးကို နေပြည်တော်အဖြစ် တည်ဆောက်တာတွေ၊ အားလုံးဟာ လတ်တလောစစ်အုပ်စုနဲ့ သူ့ရဲ့ ခေတ်ပျက်သူဌေးတွေရဲ့ စားကွက်တွေ ဖြစ်ပါတယ်။ ဒီအလုပ်တွေလုပ်လို့ ဖြစ်ပေါ်လာမယ့် ကောင်းကျိုး၊ ဆိုးပြစ်တွေကို သူတို့ဘယ်တုန်းကမှ မစဉ်းစားပါဘူး။ အာဏာရှိသူက ခွင့်ပြုချက်ပေးလို့ လာဘ်ငွေရတယ်။ ဆောက်လုပ်ခွင့်ရသူက ဆောက်လုပ်လို့ ငွေရတယ်ဆိုရင် ပြီးတာပါပဲ။ သူတို့အလေးထားတာက တိုင်းပြည်ဘဏ္ဍာတခုလုံးကို လက်ဝါးကြီး အုပ်ထားနိုင်ရေး၊ အုပ်ချုပ်မှုအရ စစ်ရေးအရ အဆင်ပြေရေး၊ လက်ဦးမှုရရေးပဲ ဖြစ်ပါတယ်။

ရန်ကုန်၊ ပြည်၊ တောင်ငူ တြိဂံဒေသထဲမှာ ကျရောက်နေတဲ့ ပဲခူးရိုးမဒေသမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ မဒညတဗဟိုကို ချေမှုန်းဖို့ စစ်ဆင်ရေးကြီးတွေ လုပ်တာနဲ့ တပြိုင်နက်တည်းမှာ ရဲနွယ်တာတမံ စီမံကိန်း လုပ်ပါတယ်။ ဒီ စီမံကိန်းအရ ရဲနွယ်ချောင်း တလျှောက်ကို စိုးမိုးထားပြီး တော်လှန်ရေးအင်အားစုတွေကို လှုပ်ရှားဂွင်(ခွင်) ကျဉ်းသွားအောင်လုပ်တယ်။ တော်လှန်ရေးအင်အားစုတွေရှင်းသွားပြီးရင်လည်း နောက်တဖန် ပြန်ဝင်လာပြီး အခြေမခံနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်။ အခုတော့ ရဲနွယ်စီမံကိန်းအရ ဒိုက်ဦးမြို့နယ်၊ ပြွန်တံဆာမြို့နယ်တွေမှာ လယ်မြေတွေ သဲဖုံးပျက်စီးတာပဲ အဖတ်တင်တယ်။ ဒေသခံပြည်သူလူထုမှာဘာမှ ထူးထူးခြားခြား အကျိုးရှိလာတာမဟုတ်ဘဲ ဆင်းရဲ မွဲတေသွားတာ ဖြစ်ကုန်တယ်။

ပျဉ်းမနားဒေသဟာ ပြည်တွင်းစစ်မတိုင်မီကစပြီး ပြည်တွင်းစစ်တလျှောက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အမာခံ၊အခြေခံဒေသ ဖြစ်တယ်။ အခု ပျဉ်းမနား ကြက်ပြေးဒေသမှာ နေပြည်တော် တည်ဆောက်တယ် ဆိုတာဟာ အဲဒီဒေသကို နောင်ဘယ်တော့မှ တော်လှန်ရေး အခြေခံဒေသ မဖြစ်စေရဘူးဆိုတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။ ပေါင်းလောင်းဒေသဟာ တော်လှန်ရေးတပ်ဖွဲ့တွေ ၉၀ ခုနှစ်အထိ အခြေခံခဲ့တာကြောင့် အခု ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို လုပ်တာပါပဲ။ တချိန်တည်းမှာ သူတို့ နေပြည်တော်ကို လည်း လျှပ်စစ်မီး အလုံအလောက် ပေးနိုင်တာ ဖြစ်သွားပါတယ်။ ပျဉ်း မနားပြည်သူ၊ ပေါင်းလောင်းပြည်သူတွေကတော့ လယ်ယာမြေတွေ ဆုံးရှုံးကုန်ပါတယ်။

ဗမာပြည်အနှံ့ လမ်းတွေဖောက်၊ တံတားတွေ ဆောက်တာဟာလည်း တော်လှန်ရေး အခြေခံစခန်းဟောင်းတွေမှာ နောင် တော်လှန်ရေး အခြေခံ ဒေသတွေ ပြန်မဖြစ်အောင်၊ စစ်ရေး၊ အုပ်ချုပ်ရေးအရ လက်ဦးမှုရအောင် ဖောက်လုပ်တာတွေချည်းပဲ ဆိုတာတွေ့ရမှာပါ။ ပြည်သူလူထု အတွက်ကတော့ အကျိုးခံစားခွင့် ထူးထူးခြားခြားမရှိပါဘူး။ ထူးခြားလာတာကတော့ လမ်းကြေး၊ တံတားကြေးတွေပေးရတာ၊ လမ်းတွေ၊ တံတားတွေကို ကင်းစောင့်ပေးရတာ၊ လုပ်အားပေးရတာ စတာတွေပဲ ဖြစ်ပါတယ်။


ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းနဲ့ သံလွင်မြစ်ပေါ်က တာဆန်းရေကာတာ ရေအားလျှပ်စစ် စီမံကိန်းဟာ လတ်တလောမှာ အက်စ်၊ အက်စ်၊ အေတောင်ပိုင်းနဲ့ မြောက်ပိုင်း အဆက်အသွယ် ပြတ်သွားစေတယ်။ အဲဒီ ပတ်ဝန်းကျင်မှာ ရှိတဲ့ ပြည်သူလူထုတွေ၊ လယ်ယာခြံမြေတွေ လက်လွှတ်ဆုံးရှုံးခဲ့ကြရတယ်။

ဇော်ဂျီ ရေအားလျှပ်စစ် စီမံကိန်း၊ ရွှေလီ ရေအားလျှပ်စစ် စီမံကိန်း၊ အခု ဧရာဝတီမြစ်ဆုံ စီမံကိန်းတွေဟာလည်း ပြည်သူလူထုနဲ့ လက်နက်ကိုင် အင်အားစုတွေကို ထိခိုက်နစ်နာစေတာချည်းပဲ ဖြစ်ပါတယ်။ တော်လှန်ရေး အခြေခံစခန်းတွေကို ဖျက်ဆီးပစ်ပြီး စိုးမိုးထားရေး ရည်ရွယ်ချက်နဲ့ပဲ စစ်အစိုးရ အဆက်ဆက် လုံးပန်းတာ တွေ့ရပါတယ်။ လတ်တလောမှာ ဧရာဝတီ မြစ်ဆုံ စီမံကိန်းကြောင့် ကျေးရွာအုပ်စု (၁၁) စု၊ ကျေးရွာ (၁၉) ရွာ အိမ်ခြေ (၃၂,၀၀) နဲ့ လူဦးရေ ၄၃,၀၀၀ ရွှေ့ပြောင်းရမှာ ဖြစ်ပါတယ်။ ဒီတော့ လယ်ယာခြံမြေ ဘယ်လောက် ဆုံးရှုံးမယ်၊ လူတွေ ဘယ်လောက် ဒုက္ခရောက်မယ်ဆိုတာ သိနိုင်ပါတယ်။

ဒါကြောင့် စစ်အစိုးရ အဆက်ဆက်နဲ့ ကနေ့ သမ္မတ ဦးသိန်းစိန်အစိုးရပြောနေတဲ့ စီမံကိန်းတွေဟာ လူမျိုးစုံပြည်သူလူထုကြီးအတွက်တော့ မစားရဝခမန်း ဆိုသလိုဖြစ်ပြီး၊ တကယ်တော့ မွဲဆေးတွေပဲ ဖြစ်ပါတယ်။

မန်းထွန်း

၀၃၊ ၀၉၊ ၂၀၁၁



# ကျွန်မဆက်ရေးချင်သော ဖေဖေ့အကြောင်းများ (အမှတ် ၂၃)

လှကျော်ဇော



၁၉၄၉ ခုနှစ်အတွင်းက
ဖေဖေနဲ့ မေမေ –
အဲဒီကာလ
ကာကွယ်ရေးဝန်ကြီး ဗိုလ်လကျာ် အိမ်ရှေ့မှာ

## ရည်ရွယ်ချက် တူညီသူများ

၁၉၄၉ ခုနှစ် အစောပိုင်း ဖေဖေ မေမြို့မှာ မြောက်ပိုင်းတိုင်းမှူး တာဝန် ထမ်းဆောင်နေရာက ဗိုလ်ချုပ်နေဝင်းက ရန်ကုန် အမြန်ဆင်းလာဖို့ ခေါ်ပြီး ဖေဖေရန်ကုန်ရောက်တာနဲ့ တောင်ပိုင်းတိုင်းမှူးအဖြစ် တာဝန်ပေးလွှတ်ပြီး အင်းစိန်တိုက်ပွဲကို တိုက်ဖို့ ညွှန်ကြားလိုက်ပါတော့တယ်။

အဲဒီအချိန်က တပ်မတော်တွင်းမှာရှိတဲ့ ကရင်လက်နက်ကိုင်တပ်ရင်းများက ကေအင်ဒီအိုများနဲ့ ပူးပေါင်းလိုက်ပြီး မင်္ဂလာဒုံမှာရှိတဲ့ ကရင်တပ်များက ဖဆပလ အစိုးရကို ပုန်ကန်ကြောင်း ကြေညာပြီး တောင်ပိုင်းစစ်ဌာနချုပ်ကို ခေတ္တဝင်စီးပြီး အင်းစိန်ထဲ ဝင်သွားကြပါတယ်။ ဒါကြောင့် အဓိကစစ်မြေပြင်ဟာ အင်းစိန်ဖြစ်ပြီး စစ်ဌာနချုပ်ကိုလည်း အဲဒီမှာ ဖွင့်ထားပါတယ်။ အဲဒီစစ်မျက်နှာကို ဖေဖေက ကွပ်ကဲဖို့ ရောက်သွားပါတော့တယ်။

ဒီမှာတင် မေမေတို့ သားအမိ မေမြို့မှာ သောင်တင် ကျန်ခဲ့ပါတော့တယ်။ ဖေဖေက သူ ခဏပြန်ပြီး မေမေတို့ သားအမိကို ခေါ်ပါရစေလို့ တောင်းပန်ပေမယ့် မရတော့ဘဲ၊ မေမေတို့ကို ခေါ်ပေးဖို့ ယူဘီအေက လေယာဉ်တစီး လွှတ်ဖို့ အစိုးရက စီစဉ်ပေးပါတယ်။ အဲဒီလေယာဉ်က မိတ္ထီလာလေယာဉ်ကွင်းကိုဆင်းပြီး ခေတ်ဆီဖြည့်ရပါတယ်။ ဒီတင် မိတ္ထီလာကို သိမ်းထားတဲ့ ဗိုလ်နော်ဆိုင်း ဦးစီးတဲ့ ကရင်တပ်က အဲဒီလေယာဉ်ပျံကို စီးနင်းသိမ်းပိုက်လိုက်ပါတယ်။ အဲဒီ ကရင်တပ်များက ပဲခူးစစ်မျက်နှာက ဆုတ်လာတဲ့ တပ်များပါ။ တပြည်လုံးလည်း ဖရိုဖရဲ ကသောင်းကနင်း ဖြစ်နေလို့ အဲဒီနေ့ မနက်အစောကြီးက မိတ္ထီလာကို သိမ်းတဲ့သတင်း မင်္ဂလာဒုံ မရောက်ခင် ဒီလေယာဉ်က ထွက်လာခဲ့တာပါ။ အဲဒီနေ့ဟာ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်ဖြစ်ပါတယ်။

ဗိုလ်နော်ဆိုင်းဟာ အဲဒီလေယာဉ်နဲ့ မေမြို့ကို သွားပြီး မေမြို့ဆက်သွယ်ရေးတပ်ဝင်းအတွင်းမှာ ဖေဖေ လက်နက်ဖြုတ်ပြီး၊ ထိန်းသိမ်းထားတဲ့ ကရင်တပ်သားများကို လက်နက်တပ်ဆင်ပေးပြီး အဲဒီနေ့မှာပဲ မေမြို့ကို သိမ်းလိုက်ပါတော့တယ်။

မေမေ့ကို အဲဒီနေ့က ရန်ကုန်က လေယာဉ်လာခေါ်မယ်လို့ အကြောင်းကြားထားလို့ အထုပ်အပိုးတွေပြင်ပြီး စောင့်နေတာ ညနေစောင်းအထိ လာမခေါ်ဘဲ၊ မေမြို့ ကရင်တွေလက်ထဲ ရောက်သွားပြီဆိုတဲ့ သတင်းပဲရလိုက်ပါတော့တယ်။ အဲဒီ ညတွင်းချင်းမှာပဲ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခံရိပ်သာမှာ ဖေဖေနေရာချထားပေးခဲ့တဲ့ ဗိုလ်ချုပ်စမစ်ဒွန်းက လူလွှတ်ပြီး သူတို့နဲ့ လာပေါင်းနေဖို့ခေါ်လို့ မေမေတို့သားအမိ လိုက်သွားပြီး အဲဒီဧည့်ရိပ်သာမှာပဲ ဗိုလ်ချုပ်စမစ်ဒွန်း မိသားစုနဲ့ အတူနေခဲ့ကြရပါတယ်။ မေမေ့ကိုလည်း ဗိုလ်ချုပ် စမစ်ဒွန်းက ဘာမှ စိတ်မပူဖို့နဲ့ သူအသက်ရှင်နေသရွေ့ မေမေတို့သားအမိကို ကာကွယ်စောင့်ရှောက်ပါ့မယ်လို့ မေမေ့ကို အားပေးသတဲ့။

မေမြို့ကို ကရင်တပ်တွေက သိမ်းလိုက်ပြီဆိုပေမယ့် တမြို့လုံးကို သိမ်းလိုက်နိုင်တာ မဟုတ်ပါဘူး။ နဂို မြောက်ပိုင်းတိုင်းမှာရှိတဲ့ အစိုးရတပ်များကလည်း မြို့ထဲကို ဆုတ်သွားပြီး မြို့ထဲကနေ ချောင်ရင်ချောင်သလို ပြန်ပစ်ခတ်တိုက်လိုက်၊ ကရင်တပ်က ပြန်ပစ်လိုက်နဲ့ မေမေတို့မှာ ရင်တမမနဲ့ နေခဲ့ကြရပါတယ်။ (မေမြို့ဟာ တပ်မြို့ဖြစ်ပေမယ့် စစ်တပ်အများအပြားဟာ မြို့အနောက်ဘက် အစွန်ဘက်မှာ ရှိနေပြီး၊ မြို့လည်ခေါင်မှာတော့ အရပ်ဖက်ဆိုင်ရာ ရုံးများ၊ ဈေးများ ရှိနေပါတယ်။ ကရင်တပ်က အဓိက

သိမ်းထားတာဟာ အဲဒီမြို့အပြင် အစွန်က တပ်နယ်ကိုသာ ဖြစ်ပါတယ်။)

ဒါကြောင့် ဗိုလ်ချုပ်စမစ်ဒွန်း မိသားစုက မြစ်ကြီးနားပြောင်းချင်တဲ့အကြောင်း စစ်ရုံးကို အကြောင်းကြားပါတော့တယ်။ ဒီတော့ ဖဆပလအစိုးရက ဗိုလ်ချုပ်စမစ်ဒွန်းမိသားစုကို မြစ်ကြီးနားပို့ပေးမယ်။ အပြန်အလှန်အားဖြင့် ဗိုလ်ကျော်ဇောမိသားစု (မေမေတို့ မိသားစု) ကို ခေါ်မယ်လို့ ကေအင်ဒီအိုများနဲ့ အပေးအယူလုပ်ပြီး ယူဘီအေလေယာဉ် ၂ စီး စီစဉ်ပေးလိုက်လို့ မေမေနဲ့စန်း ရန်ကုန်ပြန်ရောက်လာပါတော့တယ်။

ဖေဖေဟာ အဲဒီအချိန်က အင်းစိန်တိုက်ပွဲ အပြင်းအထန် တိုက်ပွဲတိုက်နေရချိန်ဖြစ်လို့ မင်္ဂလာဒုံလေဆိပ်ကို အရာရှိ ၂ ယောက်လွှတ် အကြိုခိုင်းလိုက်ပြီး တခါတည်း မေမေ့မိဘများရှိရာ သုံးဆယ်မြို့ကို ပြန်ပို့ခိုင်းလိုက်ပါတော့တယ်။

ဖေဖေက အဲဒီအဖြစ်အပျက် အဆုံးသတ်ကလေးကို "ကျနော်လည်း တဖက်တလမ်းက စိတ်အေးသွားရပါသည်။ မေမြို့ကျ သွားကြောင်း ကျနော်ကြားရကတည်းက ကျနော့်ဇနီး တခုခုဖြစ်သွားလျှင် သူ့မိဘများကို ဘယ်လိုပြောရမလဲဟု ပူပန်နေမိရာ ယခုတော့ တပူအေးသွားပါတော့သည်"...လို့ သူ့စာအုပ်မှာ ရေးထားတာ တွေ့ရပါတယ်။

အဲဒီမေမြို့က ဧည့်ရိပ်သာမှာ မေမေတို့သားအမိ ဗိုလ်ချုပ်စမစ်ဒွန်းတို့မိသားစုနဲ့ အတူနေခဲ့ကြစဉ်က အဲဒီဧည့်ရိပ်သာကို စောင့်ရတဲ့ ဗိုလ်နော်ဆိုင်းတပ်က ကရင်တပ်သားများနဲ့ မေမေနောင် နှစ်ပေါင်းများစွာ ပြန်လည်ဆုံစည်းကြရပါတယ်။

၁၉၇၆ ခုနှစ် ဖေဖေနဲ့ ကျွန်မတို့မောင်နှမတွေ တောခိုလာပြီးနောက် လေးနှစ်အကြာ ၁၉၈၀ ခုနှစ်မှာ မေမေတယောက်တည်း နောက်က ကျွန်မတို့ရှိရာ တောထဲလိုက်လာခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မတို့က တရုတ်ဗမာနယ်စပ်က ပန်ဆန်းဆိုတဲ့အရပ်မှာ နေနေကြပါတယ်။ ကျွန်မက အရှေ့မြောက်စစ်ဒေသက ဖွင့်ထားတဲ့ စစ်ဒေသဆေးရုံတွင်းမှာ နေပြီး ဖေဖေကတော့ ဗမာပြည်ကွန်မြူနစ်ပါ တီရဲ့ ဗဟိုရုံးချုပ်မှာ နေပါတယ်။ ကျွန်မက စစ်ဒေသဆေးရုံနဲ့ တွဲဖွင့်ထားတဲ့ ဗဟိုဆေးကျောင်းမှာ တာဝန်ယူ သင်ကြားပေးနေရပြီး နေတော့ စစ်ဒေသဆေးရုံ ဒုနိုင်ငံရေးမှူး ရဲဘော်ငွေ (ကျွန်မတို့အခေါ် ဆရာမကြီး) နဲ့အတူ ဆေးရုံဝိုင်းထဲက တန်းလျားတခုမှာ နေပါတယ်။

မေမေဟာ ဖေဖေနဲ့ ဗဟိုရုံးမှာ နေပေမယ့် အားရင်အားသလို စစ်ဒေသဘက် ဆင်းလာတတ်ပါတယ်။ ကျွန်မတို့နေတဲ့ တန်းလျားမှာတော့ တခါတလေ ညအိပ်ပြီးမှ မနက် ဗဟိုရုံး ပြန်တက်သွားတတ်ပါတယ်။ မေမေ ဒီလိုဆင်းလာပြီး ကျွန်မတို့ အိမ်မှာ ရောက်နေစဉ် တနေ့မှာ ကျွန်မတို့အိမ်နောက်မှာနေတဲ့ ရဲဘော်ရှုဒန်ဟာ သူ့ခြံထွက် ငှက်ပျောဖီးလေးတဖီး ဆွဲပြီး ကျွန်မတို့ဆီ ရောက်လာပါတယ်။

ရဲဘော်ရှုဒန်ဟာ အဲဒီကာလက အရှေ့မြောက်စစ်ဒေသက ဖွင့်ထားတဲ့ အကျဉ်းထောင်ရဲ့ တာဝန်ခံဖြစ်ပြီး ဂျင်းဖောအမျိုးသား တယောက်လည်း ဖြစ်ပါတယ်။ ဗိုလ်နော်ဆိုင်းနဲ့အတူ တရုတ်ပြည်ပါလာတဲ့ ရဲဘော်တဦးဖြစ်ပြီး သူ့ဇနီးက တရုတ်အမျိုးသမီးတဦးဖြစ် ကာ ကျွန်မတို့ဆေးရုံက ဌာနတခုမှာ အလုပ်လုပ်နေသူပါ။ ဒါကြောင့်ပဲ သူတို့မိသားစု ဆေးရုံဝိုင်းထဲမှာ နေနေတာပါ။

ရဲဘော်ရှုဒန် ကျွန်မတို့ အိမ်ထဲဝင်လာတဲ့အချိန်မှာ ကျွန်မရယ်၊ မေမေရယ်၊ ဆရာမကြီး ဒေါ်ငွေရယ် ထိုင်စကားပြောနေကြတာပါ။ ကျွန်မလည်း အိမ်ဝိုင်းထဲ ဝင်လာတဲ့ ရဲဘော်ရှုဒန်ကို ထနှုတ်ဆက်ပြီး နေရာပေးရပါတော့တယ်။ အကျဉ်းထောင်ထဲက အကျဉ်းသား တဦးဦး နေထိုင်မကောင်းလို့ ဆေးရုံက ဆရာဝန်လွှတ်ပေးဖို့ လာအကြောင်းကြားတာလို့ပဲ အောက်မေ့လိုက်ပါတယ်။ သူက ကျွန်မနဲ့ဆရာမကြီးကို နှုတ်ဆက်ရုံသာ နှုတ်ဆက်ပြီး မေမေဘက်လှည့်ကာ အစ်မကြီး ၁၉၄၉ ခုနှစ်က ဗိုလ်ချုပ်စမစ်ဒွန်း အိမ်မှာနေတုန်းက အဲဒီအိမ်ကို ကင်းစောင့်ပေးရတဲ့ တပ်စိတ်ထဲမှာ ကျွန်တော် ပါပါတယ်။ အဲဒီတုန်းက အစ်မကြီးချီချီထားတဲ့ ကလေးဟာ ဒီဆရာမလားလို့ ကျွန်မကို လက်ညှိုးထိုးပြီး မေးပြော ပြောပါတယ်။

မေမေလည်း ရုတ်တရက် အံ့အားသင့်နေရာက ဖော်ဖော်ရွေရွေပဲ ပြန်နှုတ်ဆက်ပြီး "အဲဒီကလေးက သူမဟုတ်ဘူး။ သူ့အောက် အငယ်ပါ" လို့ ပြန်ဖြေပါတယ်။ ဒီနောက်တော့ အဲဒီကာလက အကြောင်းအရာတွေရော ဒီနောက်ပိုင်းကာလ အဖြစ်အပျက်တွေရော ရှေးဟောင်းနှောင်းဖြစ် ပြောမကုန်အောင် ဆက်ပြောကြဆိုကြပါတယ်။

ရဲဘော်ရှုဒန်ဟာ အဲဒီလို ပထမအကြိမ် လာမိတ်ဆက်ပြီးကတည်းက မေမေ ကျွန်မ ဆေးရုံအိမ်ဆင်းလာတယ်ကြားတိုင်း ကျွန်မတို့အိမ်ဘက် ကူးကူးလာပြီး မေမေကိုလာနှုတ်ဆက်တတ်ပါတယ်။ ရဲဘော်ရှုဒန် ပြန်သွားပြီးတိုင်းလည်း မေမေက သူမှတ်မိလာတဲ့ အကြောင်းအရာတွေကို ပြောပြတတ်ပါတယ်။

ဖေဖေက မေမေကို ရန်ကုန်ကခေါ်လို့ ခဏဆင်းသွားဦးမယ်လို့ ပြောပြီးထွက်သွားလိုက်တာ မေမေတို့ သားအမိ မေမြို့ကို ကရင်တပ်တွေ သိမ်းချိန်မှာ မေမြို့မှာ ပိတ်မိနေခဲ့ပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်စမစ်ဒွန်းက သူ့အိမ်မှာလာနေဖို့ ခေါ်လို့ လိုက်သွားခဲ့ရပါတယ်။ အဲဒီအိမ်မှာ နေတုန်းမှာ ဖေဖေတို့ကလည်း အင်းစိန်တိုက်ပွဲကို အပြင်းအထန် တိုက်နေရပါပြီ။ မေမေက ညညရေဒီယိုသတင်းတွေ နားထောင်ပြီး အခြေအနေတွေကို နားလည်ယူကြည့်နေရပါတယ်။ "ညညသတင်းတွေမှာ ဗိုလ်မှူးကြီးကျော်ဇော (အဲဒီကာလ အစောတုန်းက ဖေဖေက ဗိုလ်မှူးကြီးပဲ ရှိပါသေးတယ်) ဦးစီးတဲ့ တပ်အမှတ် ဘယ်လောက်က ဘယ်တောင်ကုန်းကို အောင်မြင်စွာ သိမ်းပိုက်လိုက်ပါပြီဆိုတဲ့ အသံလွှင့်ချက်တွေက မပြတ်ပါနေတာ။ သူက အဲဒီမှာ သူ့ရဲကောင်းလုပ်နေပေမယ့် မေမေကတော့ ကရင်တွေလက်ထဲ ရောက်နေတော့ ည တထိတ်ထိတ်၊ နေ့တထိတ်ထိတ်ပဲ"လို့ ပြန်ပြောပြဖူးပါတယ်။ "တခါလည်း မြို့ထဲ ဈေးဝယ်သွားတဲ့ ထမင်းချက်ရဲဘော်လေးကို မြို့ထဲမှာရှိတဲ့ မေမေတို့တပ်က ရဲဘော်တွေက ကပ်စည်းရုံးပြီး မေမေ့ကို ပေးဖို့ စာတစောင် ပေးလိုက်တယ်။ အဲဒီစာထဲမှာ ရေးထားတာက "သူတို့ညနေ

ညည့်ရိပ်သာကို ဝင်စီးပြီး မေမေ့ကို ဝင်ကယ်မယ်။ ဒါကြောင့် သူတို့နဲ့ လိုက်ဖို့ အသင့်ပြင်ထားပါ”လို့ ရေးထားတယ်။ ညနေလည်းကျရော သူတို့ရှိတဲ့ အမြောက်တွေနဲ့ ညည့်ရိပ်သာကို ကျော်ကျော်ပြီး ပစ်တယ်။ ရွှေဥဏ်တော် စူးရောက်ပုံက သူတို့ အမြောက်နဲ့ပစ်ရင် ကင်းက ကရင်ရဲဘော်တွေက ထွက်ပြေးလိမ့်မယ်။ အဲသလို ထွက်ပြေးရင် မေမေတို့ သားအမိကို ဝင်ဆွဲမယ်လို့ စီစဉ်တာတဲ့။ ကရင်ရဲဘော်တွေက ဘယ်ငြိမ်ခံမလဲ။ သူတို့ကလည်း ရှိတဲ့လက်နက်နဲ့ ပြန်ပစ်တာပေါ့။ ဒီတင် ဟိုဘက်ဒီဘက် ၂ ဖက် ပစ်တဲ့ ကျည်ဆန်တွေက မေမေတို့ ခေါင်းပေါ်က ပလူပျံနေတာပဲ။ ကင်းရဲဘော်တွေက မေမေတို့ သားအမိ ဗုံးခိုကျင်းထဲဆင်းဖို့ လာခေါ်တယ်။ မေမေက ခပ်ပေပေပဲ၊ သမီးစန်းကို ရင်ခွင်ထဲ ပွေ့ထိုင်နေပြီး သေလည်း သားအမိနှစ်ယောက် အတူတူသေမယ်ဆိုပြီး ဗုံးခိုကျင်းထဲ မဆင်းဘဲ အိမ်ထောင့်တထောင့်မှာပဲ ထိုင်နေလိုက်တယ်။ ၂ ဖက်လုံး ပစ်ရခတ်ရတာ မောသွားတော့မှ ရပ်သွားကြတော့တယ်။ တော်သေးတယ်။ အကုန်သေမကုန်တာလို့ ပြောပြဖူးပါတယ်။ (၁၉၈၀ ခုနှစ်များမှာထုတ်တဲ့ သပြေမဂ္ဂဇင်းတစောင်မှာ အဲဒီကာလအဖြစ်အပျက်တွေကို တပ်မတော်သား ရဲဘော်ဟောင်းတဦးရေးထားတဲ့ စစ်အတွင်း အတွေ့အကြုံ ဆောင်းပါး တစောင်မှာ ဖတ်လိုက်ရဖူးပါတယ်။)

ရဲဘော်ရှဒန်တို့ဟာလည်း ဗိုလ်နော်ဆိုင်း တပ်ဆုတ်ရာ ပါလာပြီး တရုတ်ပြည်ကို ရောက်လာပါတယ်။ တရုတ်ပြည်က သူတို့ တတပ်လုံးကို ကွေ့ကျိုးပြည်နယ်က ခိုင်လီဆိုတဲ့အရပ်မှာ လက်ခံထားပြီး နိုင်ငံရေးသင်တန်းတွေပေးလို့ သူတို့ရဲ့ အရင်အမြင်တွေဖြစ်တဲ့ အမျိုးသားရေးတွေပျောက်သွားပြီး လူတန်းစားအမြင်စိတ်ဓာတ်တွေ ဝင်လာကာ ကျန် အဖိနှိပ်ခံ ဗမာပြည်သူများအားလုံး အတူတူ လွတ်မြောက်မှသာလျှင် သူတို့ အမျိုးသားရေးလုပ်ငန်းတွေလည်း အောင်မြင်မယ်၊ သူတို့အမျိုးသားတွေလည်း လွတ်မြောက်မယ်ဆိုတဲ့ အမြင်မှန်ကို နားလည်သဘောပေါက်လာကြပါတယ်။ အဲဒီအမြင်အောက်မှာ သူတို့တတွေ (ရဲဘော်နော်ဆိုင်း ဦးစီးတဲ့တပ်ဖွဲ့အနေနဲ့) ၁၉၆၈ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုအဖွဲ့ရဲ့ ဦးဆောင်မှုကို ခံယူပြီး ဗမာပြည်တွင်း ပြန်လည်ဝင်ရောက်လာပြီး ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကြီးထဲ ပါဝင်လာခဲ့ကြပါတော့တယ်။

ဒီလိုနဲ့ ကျွန်မတို့တတွေ အဲဒီကာလတော်လှန်ရေးကြီးရဲ့ ဌာနချုပ်ပန်ဆန်းမှာ ပြန်လည်ဆုံဆည်းကြရတာပါ။ ရည်ရွယ်ချက် ပန်းတိုင်တူကြသူတွေဟာ တနေ့နေ့ တချိန်ချိန်မှာ တော်လှန်ရေးလမ်းကြောင်းပေါ်မှာ ပြန်ဆုံတွေ့ကြရတတ်ပါတယ်။ တော်လှန်ရေးလမ်းကြောင်းဆိုတာ ရှည်လည်းရှည် ရှုပ်လည်းရှုပ်နဲ့ မပြီးနိုင်မစီးနိုင် လျှောက်ကြရတဲ့ လမ်းကြောင်း မဟုတ်ပါလား။

(မှတ်ချက်–ဗိုလ်နော်ဆိုင်းမှာ ကန္တီစာချုပ်အရ ပြန်လည်ဖွဲ့စည်းတဲ့ ဗမာ့တပ်မတော် ကချင်သေနတ်ကိုင်တပ်ရင်းမှာ တပ်ရင်းမှူးဖြစ်ပြီး၊ ၁၉၄၉ ကေအင်ဒီအို (ကရင်အရေးတော်ပုံ) ပေါ်ပေါက်လာခဲ့အခါ တပ်ရင်းလိုက် အဲဒီအရေးတော်ပုံနဲ့ ပူးပေါင်းခဲ့သူဖြစ်ပါတယ်။ သူ့တပ်မှာ ကချင် (ဂျင်းဖော) တိုင်းရင်းသားများက အများစုဖြစ်ပါတယ်။)

လှကျော်ဇော

၈–၈–၂၀၁၁။







# ကိုလေးမောင်နဲ့ ကျွန်တော်

ဖိုးသံ(လူထု)

ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ် ရိုက်ကြီးတင်ငိုမိတာဟာ ၁၉၇၁ခုနှစ်၊ မေလ၃ဝရက်နေ့၊ ခန့်မှန်းခြေအားဖြင့် ညနေသုံးနာရီခွဲလောက်မှာဖြစ်ပါ တယ်။

မှန်ပါတယ်။ အဲဒါဟာ ကိုကိုးကျွန်း ၅၃ ရက် အစာတော်ခံ တိုက်ပွဲရဲ့ နောက်ဆုံးနေ့ဖြစ်ပါတယ်။

ဒီအချိန်မှာ ထောင်အာဏာပိုင်တွေနဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေဖြစ်တဲ့ (လေထီး)ဗိုလ်အုန်းမောင်–ဆရာရာဂျန်တို့အကြား ဆွေးနွေးတာတွေကို ကျွန်တော်တို့အကြားမှာအချိန်မှန်ချပြနေတာမို့ တိုက်ပွဲဟာပြီးဆုံးခါနီးပြီ၊ ထောင်အာဏာပိုင်တွေဟာ အလျှော့ပေးရတော့မယ်ဆိုတာကို လူတိုင်းတွက်လို့ရနေပါပြီ။ နောက်ပြီး ဒီအရင်နေ့တွေတုန်းက ကိုယ့်မျက်စိအောက်မှာပဲ ရဲဘော်ငါးယောက်လည်း ကျဆုံးသွားခဲ့ပါပြီ။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ အောင်ပွဲအတွက် ဝမ်းမမြောက်နိုင်သေးဘဲ အသက်အန္တရာယ် ရှိနေတဲ့တိုက်ပွဲဝင် ရဲဘော်တွေအတွက်စိုးရိမ်ပူပန်မှုတွေကို ပခုံးထက်ထမ်းပြီး အခြေအနေကို စောင့်ဆိုင်းနေကြရပါတယ်။ သေတွင်း နှုတ်ခမ်းမှာ ရောက်နေပြီး ဖြစ်နေတဲ့လူတွေကလည်း လဲလျောင်းနေတာမနည်းပါဘူး။

ဒီလိုနဲ့ အဲဒီနေ့မနက်၁ဝနာရီလောက်မှာ ရဲဘော်မောင်မောင်စိုး (ကျောက်ဆည်က မန္တလေးတက္ကသိုလ် ကျောင်းသား) ကျဆုံးပါတယ်။ ကိုယ်နဲ့အတူတူတထောင်တည်း၊ တတိုက်တည်းကလာတဲ့လူမို့လား၊ သေတာတွေ သိပ်များနေပြီ ဖြစ်လို့လားမသိဘူး၊ သူခြေရင်းမှာရပ်ရင်း ဘယ်ကဘယ်လို ကျလာမှန်းမသိတဲ့ မျက်ရည်တွေကျလာမိပါတယ်။ ခြောက်ယောက်ရှိသွားပါပြီ။ (နောင်မှာ ထောင်အမှုတမ်းတွေက ဒီလိုတယောက်ပြီးတယောက် သေဆုံးနေတာကို ခင်ဗျားတို့တော့မသိဘူး။ ကျွန်တော်တို့တော့ ကြောက်မိလိုက်ကြတာမပြောပါနဲ့တော့လို့ ပြောကြပါတယ်) ကိုကိုးကျွန်းက ထောင်အာဏာပိုင်တွေမှာက ဘာအာဏာမှ မရှိလေတော့ အားလုံး ရန်ကုန်ကို အစီရင်ခံ၊ ရန်ကုန်က ညွှန်ကြားချက်ကို စောင့်လုပ်နေရပြီး အဲဒီစောင့်နေရတဲ့ အချိန်တွေက သိပ်ကြာပါတယ်။ ဒီလိုနဲ့တမိနစ်ပြီးတမိနစ်၊ တနာရီပြီး တနာရီကုန်ရင်း တိုက်ပွဲဝင်သူတွေဟာလည်း ခုခံအားတွေ လျော့ဆင်းရင်းလျော့ဆင်း ကျလာနေပါတယ်။ အဲဒီနေ့မနက်ပိုင်းမှာပဲ ထောင်အာဏာပိုင်တွေနဲ့ ကျွန်တော်တို့ ခေါင်းဆောင်တွေ တခါ ဆွေးနွေးခဲ့ပါသေးတယ်။

အဲဒီတုန်းက တိုက်ပွဲထဲမှာမပါတဲ့ ကျွန်တော်တို့လို လူတွေဟာ အလုပ်တာဝန်မရှိရင် တိုက်ပွဲဆောင်တွေနားမှာပဲ ရစ်သီရစ်သီနဲ့ ထိုင်မရထမရ ဖြစ်နေတတ်ကြပါတယ်။ အဲဒီနေ့ကတော့ ကျွန်တော်လည်းအားနေပါတယ်။ ဒီလိုနဲ့ နေ့လည်သုံးနာရီလောက်ကျတော့ ရဲဘော်လေးမောင် အခြေအနေ မကောင်းတော့ဘူးဆိုတဲ့သတင်း အဆောင်အပြင်ကို လွင့်လာပါတယ်။ ဒါကြောင့် ကျွန်တော်လည်း အဆောင်ထဲကိုဝင်ပြီး ရဲဘော်လေးမောင် လဲလျောင်းနေရာနဲ့မလှမ်းမကမ်းမှာ ယောင်လည်ယောင်လည် လုပ်နေလိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ဆေးမှူး ရဲဘော်ကိုအေးမြင့်က ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးနေတဲ့ တိုက်ပွဲဝင်ရဲဘော် လေကောင်းလေသန့် ရဖို့အတွက် မလိုအပ်ဘဲနဲ့ အနားမလာရဘူးလို့သတ်မှတ်ထားပါတယ်။ ဒါကြောင့် ကျွန်တော်လည်း အဆောင်အဝင်ပေါက်အနားမှာပဲ ရပ်ပြီး လည်တဆန့်ဆန့်ကြည့်နေခဲ့ပါတယ်။ ကျွန်တော်နဲ့နီးနီးမှာက ရှစ်ယောက်မြောက်နောက်ဆုံးကျဆုံးတဲ့ ရဲဘော်ထွန်းဝင်း လဲလျောင်းလျက်ရှိ နေပါတယ်။ ခဏအကြာမှာတော့ ကိုလေးမောင် ငယ်ချေးပါတယ် ဆိုတဲ့သတင်း ရောက်လာပါတယ်။ အခြေအနေ ဆိုးသွားပါပြီ။ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရဆိုရင် အဲဒီလိုငယ်ချေးပါပြီဆိုရင်

မရတော့ပါဘူး။ အချိန်ပိုင်းအတွင်းမှာဆုံးသွားတာပါပဲ။ ဒါကြောင့် ကျောက်ပန်းတောင်းက ကျောင်းသားရဲဘော်ကိုအောင်ဘော် (၁၉၇၅ တုန်းက ပဲခူးရိုးမှာကျဆုံးသွားသူ) နဲ့အတူ တယောက်လက်ကို တယောက်ကိုင်ပြီး ကျွန်တော်အထဲကို ဝင်သွားပါတယ်။ ကိုလေးမောင်ကို လှမ်းမြင်နေရတဲ့နေရာအထိ လျှောက်သွားလိုက်ပါတယ်။

ကိုလေးမောင်ရဲ့နံဘေးမှာ ကိုအေးမြင့်နဲ့ခေါင်းဆောင်ရဲဘော်တွေနှစ်ဦးဖြစ်တဲ့ ဆရာရာဂျန်နဲ့ဦးအုန်းမောင်တို့ နှစ်ယောက်ပဲ ရှိပါတယ်။ ဘာမှမကြာပါဘူး။ ကိုအေးမြင့်က ကျွန်တော်တို့ဘက်ကို လှည့်ပြီး ခေါင်းယမ်းပြတာတွေ့လိုက်ရပါတယ်။ သေချာသွားပြီပေ့ါ။ ဘာကြောင့်မှန်းမသိဘူး၊ ကျွန်တော်ဟာ ကျွန်တော့်ဘေးမှာရပ်နေတဲ့ ကိုအောင်ဘော်ရဲ့ပခုံးပေါ် ခေါင်းတင်ပြီး သဲကြီးမဲကြီး ငိုချလိုက်မိပါတယ်။ ဒီအရင်က ကျွန်တော့် တသက်မှာ တခါမှ ဒီလို မငိုဖူးသလို ကိုကိုးကျွန်းမှာ တခြားဘယ်သူမှလည်း ဒီလိုငိုတာ မတွေ့ဖူးသေးပါဘူး။ ငိုလိုက်လို့လည်း ရင်ထဲမှာပေ့ါမသွားပါဘူး။ အဲဒီနောက် ရဲဘော်ထွန်းဝင်းကျတော့ ငိုအားတောင်မရှိတော့တာ သတိထားမိပါတယ်။ ငိုတာဟာ တခြားရဲဘော်တွေ အင်တာနေရှင်နယ်သီချင်းကို ဆိုကြတော့မှ (ရဲဘော်တယောက်ကျဆုံးတိုင်း ကျန် လူအားလုံးက အင်တာနေရှင်နယ်–နိုင်ငံတကာ့သီချင်းကိုဆို၊ ကြွေးကြော်သံတွေ တိုင်ကြပါတယ်) ငိုတာရပ်ပြီး တချက်တချက် ရှိုက်ရင်း သီချင်းကို လိုက်ဆိုနေခဲ့ပါတယ်။

အဲဒါ သူနဲ့ကျွန်တော်နဲ့ခွဲရတဲ့နေ့ပါပဲ။

စတွေ့တာက သူနေတဲ့ ''အိမ်ဖြူတော်''အမည်ရ ထုံးဖြူသုတ်ထားတဲ့ ကပ်တဲတလုံးရဲ့ အပေါ်ထပ်မှာပါ။ သပိတ်ရောင်ထနေတဲ့ အသားအရောင်နဲ့လူက ဖြူစင်ရိုးသားလှတဲ့အပြုံးနဲ့ ကျွန်တော့်ကို ဆီးကြိုပါတယ်။ သူဟာ''ကျုပ်တို့မြို့ကတော့ ဆေးလိပ်နဲ့ ကွန်မြူနစ်ပဲ ထွက်တယ်''လို့ တချို့သူတွေပြောလေ့ရှိကြတဲ့ မြင်းခြံကပါ။ ဆေးလိပ်လည်း အသေအလဲ ကြိုက်ရှာပါတယ်။

ကျွန်တော်က သူနဲ့မတွေ့ဖူးခင်ကတည်းက သူ့နာမည်နဲ့ သူ့အကြောင်းကို ကြားဖူးနေပါတယ်။ တက္ကသိုလ်ကျောင်းသားအရွယ်တွေ ဆိုတော့ လူတယောက်အကြောင်း မိတ်ဆက်ပေးရင် ဟုတ်တာလည်းပါ၊ ကားတာလည်းပါ၊ ရယ်စရာလည်းပါ၊ အားကျစရာလည်း ပါပေ့ါ။ ဒီတော့ သူ့ကိုမတွေ့ဖူးမီကတည်းက သူ့ကဗျာတွေကို ဖတ်ဖူး၊ သူ့ချစ်ဇာတ်လမ်းလည်း ကြားဖူးနေပါတယ်။ သူက ကျွန်တော့်ထက် ၅ နှစ်လောက်ကြီးပြီး တက္ကသိုလ်ကိုတော့ ၃–၄ နှစ်လောက်စောရောက်နေပါတယ်။

ကျွန်တော် တက္ကသိုလ်ရောက်တဲ့ပထမနှစ်မှာ နောက်ဆုံး သမဂ္ဂရွေးကောက်ပွဲကို ကြံခဲ့ရသလို အဲဒီနှစ်က ကျောင်းသားညီညွတ်ရေးတပ်ဦးညီလာခံမှာ ကျွန်တော်ဟာ တပ်ဦးကောင်စီဝင်ဖြစ်ခဲ့ပါတယ်။ ကောင်စီဝင်ဆိုတာ အဖွဲ့ဝင်ကိုပြောတာပါ။ နိုင်ငံရေးတွေ ဘာတွေ နားလည်လို့ဆိုတာထက် ကျောင်းသားသမဂ္ဂ လုပ်တာ ကောင်းတယ်၊ ကျောင်းသားတွေအပေါ်မှာ ဖိနှိပ်မှုတွေ ရှိနေတယ် စတဲ့ အင်မတန်ရိုးစင်းတဲ့ အသိတွေကြောင့် သမဂ္ဂလုပ်ငန်းတွေကို တက်တက်ကြွကြွလုပ်ခဲ့တာပါ။ အတူလုပ်ရတဲ့လူတွေကလည်း ကျွန်တော်တို့လူထုတိုက်ကို ဝင်ထွက်ဖူးသူတွေ၊ ကျွန်တော့်အစ်ကိုနဲ့ရင်းနှီးသူတွေဖြစ်နေတော့ အလွယ်တကူပဲ တွဲလုပ်လို့ရပါတယ်။ ကိုယ်က သာသနာ့ပြုကျောင်းက လာတာဆိုတော့ တချို့ကျောင်းနေဘက်ဟောင်းတွေက မျက်မှောင်ကြုတ်ကြည့်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ကျောင်းရောက်ပြီးကတည်းက တိုက်ပွဲတွေ ဆက်တိုက်ပေါ်တာဆိုတော့ သူတို့က အပြစ်တင်အထင်သေးတာတော့ မရှိပါဘူး။

၁၉၆၂ခုနှစ်မှာ ၇ရက်ဇူလိုင်အရေးအခင်း ဖြစ်လိုက်တော့ တာဝန်ရှိတဲ့ သမဂ္ဂခေါင်းဆောင်နဲ့ ကျောင်းသားညီညွတ်ရေး တပ်ဦး ခေါင်းဆောင်တွေ အဖမ်းခံသူခံရ၊ ပြေးသူပြေး၊ ပုန်းသူပုန်း ဖြစ်ကုန်ကြပါတယ်။ ဒါပေမဲ့ ဒီလူသတ်ပွဲနဲ့ သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အဆောက်အအုံကြီးကို ဖျက်ဆီးထားတဲ့အရှိန်ကြောင့်ကျောင်းသားတွေဟာ ဘာကိုမှ မကြောက်ဘူး၊ မကြေဘူးဖြစ်နေကြပါတယ်။ ဒီလိုအခါမှာ ကျောင်းသားတွေအတွက် ခေါင်းဆောင်မှုလိုအပ်နေပါတယ်။ သမဂ္ဂကို သူတို့ သတိရကြပါတယ်။ ဒါကြောင့် ပြေးလွှားပုန်းလျှိုးနေကြတဲ့ ခေါင်းဆောင်တွေက ရှိနေသေးတဲ့၊ လွတ်လွတ်လပ်လပ်လှုပ်ရှားလို့ရနေတဲ့ ကိုယ့်လူတွေကို လှုပ်ရှားကြဖို့ စီစဉ်တိုက်တွန်းပါတယ်။ ကျွန်တော်က အဲဒီတုန်းက ၁၆–၁၇နှစ်သားပါ။ ဒါပေမဲ့ ကျွန်တော့်ကို ဆက်သွယ်ရတာလည်း လွယ်၊ ကျွန်တော်က ပေ့ါပေ့ါပါးပါးလည်း လှုပ်ရှားနိုင်တော့ ကျွန်တော်ဟာ အဓိကလှုပ်ရှားသူတွေထဲမှာ ပါနေပါတယ်။ နောက်တော့ ကျောင်းသားတွေနဲ့ ပြည်သူတွေရဲ့ မပြတ်တိုက်ပွဲဝင်မှုကြောင့် ဖမ်းထားသူတွေကို စစ်အစိုးရက ပြန်လွှတ်ရပါတယ်။ တဆက်တည်းမှာပဲ ရှောင်တိမ်းနေသူတွေလည်း အကုန် ပြန်ရောက်လာကြပါတယ်။ ကျွန်တော်တို့ တခါတည်း လုပ်ငန်းတွေကို အရှိန်မြှင့် လုပ်တော့တာပါပဲ။ မန္တလေးမှာလည်း အဖျက်ခံရတဲ့ သမဂ္ဂရုံးကွက်လပ် ရှိပါတယ်။ အဲဒီမှာ အစည်းအဝေးတွေလုပ်၊ တက္ကသိုလ်အဝင်နားကပန်းခြံထဲမှာ ကျောင်းသားညီညွတ်ရေး တပ်ဦးညီလာခံကို လုပ်၊ သမဂ္ဂရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်ကြ စတာတွေ ဒလဟော လုပ်ကြပါတယ်။ ဒါပေမဲ့ ဒါဟာ ဘာမှမကြာလိုက်ပါဘူး။ ကျောင်းသားတွေနဲ့ သမဂ္ဂအပေါ် အငြိုးအတေးကြီးလှတဲ့ဗိုလ်နေဝင်းဟာ ၁၉၆၃ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်ပြီးတဲ့အခါမှာတော့ သူတို့ကို ဆန့်ကျင်သူမှန်ရင် ထောင်ထဲ၊ ဒါမှမဟုတ် တောထဲမှာပဲ ရှိစေရမယ်ဆိုတဲ့ ပိုင်းဖြတ်ချက်နဲ့ဆန့်ကျင်သူမှန်သမျှကို ဖမ်းရာမှာ ကျောင်းသားတွေ ထိပ်က ပါကုန်ပါတော့တယ်။ ဒီအခါမှာ ကျန်ရစ်တဲ့ ကျွန်တော်တို့တတွေအဖို့ 'မန္တလေးကြိုစတမ်း' ဖြစ်လာပါတယ်။

အဲဒီလို လက်ကျန်တက်ကြွသူတွေကို စုစည်းရင်းနဲ့ ပဲခူးရိုးမမှာ မှားယွင်းစွာ အသတ်ခံလိုက်ရတဲ့ ကိုကျော်ခင်က တနေ့မှာ ကျွန်တော့်ကို ကိုလေးမောင်နေတဲ့ဆီကို ခေါ်သွားတာ ဖြစ်ပါတယ်။ အိမ်ဖြူတော်တဲထဲက စားပွဲတလုံးမှာ တကုပ်ကုပ်နဲ့ စာရေးနေသူဟာ ပုဆိုးဒူးဆစ်နား၊ ပင်နီအင်္ကျီ ရင်ဘတ်ဟပြဲနဲ့ ခဲထားတဲ့ ဆေးပေ့ါလိပ်ကို ဖြုတ်ပြီး ပြုံးပြနှုတ်ဆက်ပါတယ်။ လူတယောက်ကိုမြင်လိုက်ရတာနဲ့ ခင်မင်ယုံကြည် သွားရတယ်ဆိုတာ ကိုလေးမောင်လိုလူနဲ့တူပါတယ်။ သူ့ရဲ့ဟန်ဆောင်မှုကင်းတဲ့ ဖော်ရွေမှုနဲ့ပြောနည်းဆိုဟန်ဟာ တဖက်သားကို ကိုယ်စိတ်ချ

လက်ချ ပေါင်းသင်းတိုင်ပင်နိုင်တဲ့ လူတယောက်ဖြင့် တွေ့ပြီလို့ ခံစားမိစေပါတယ်။ သူဟာ သူနဲ့ အမြင်မတူလို့ ငြင်းခုံရင်တောင်မှ "ဟောဗျာ" ဆိုပြီး သူ့အမြင်ကို ပြုံး–ပြုံးနဲ့ ပြန်ပြောတတ်သူပါ။

ဒီလိုနဲ့ ကျွန်တော်ဟာ ကိုကျော်ခင်၊ ကိုလေးမောင် အပြင် ကဗျာဆရာကိုကြည်လင်(ကိုကြည်အောင်)၊ မစိမ်းပင်၊ ကိုအောင်မြင့်မြမ်း (မြင်းခြံ)၊ မန္တလေးထောင်ထဲမှာကျဆုံးသွားတဲ့ ကိုငွေးလှ စသူတွေနဲ့ လှုပ်ရှားကြပါတယ်။ မြေအောက်လှုပ်ရှားကြတာ ဖြစ်လို့ တခြားကျွန်တော်မသိသူတွေလည်း ရှိမှာသေချာပါတယ်။ အဲဒီအထဲက တချို့ကို ၁၉၆၆ခုနှစ်ထောင်ထဲရောက်တော့သိရ၊ တွေ့ရပါတယ်။

ထောင်ထဲကို ကျွန်တော်က သူ့အရင်လေးငါးရက် စောရောက်ပါတယ်။ ကျွန်တော့်ကို ဖမ်းပြီး နောက်တနေ့မှာပဲ မန္တလေးထောင်ထဲပို့ လိုက်တာဖြစ်ပြီး သူ့ကိုတော့ ထောက်လှမ်းရေးရုံးမှာ ချုပ်စစ်နေလို့ ကျွန်တော့်နောက်မှ ရောက်လာတာပါ။ အဲဒီတုန်းက မန္တလေးထောင်က မန္တလေးနန်းတွင်းထဲမှာ ဖြစ်ပြီး နှစ်တိုက်မှာ သူက အခန်း(၁)၊ ကျွန်တော်ကအခန်း(၂)ပါ။ အဲဒီအချိန်ကစပြီး သူဟာ ကျွန်တော့်ရဲ့ ရိုးရိုးရဲဘော်ရဲဘက်တင် မကတော့ဘဲ အတွေးအခေါ် အယူအဆ အရှုပ်အထွေးရှိရင် အကြံဉာဏ်ကောင်း ပေးနိုင်သူအဖြစ် နီးနီးနှောတိုင်ပင်ရတဲ့ ရဲဘော်တဦး ဖြစ်လာပါတယ်။ တခါမှ ထောင်မကျဖူးသူတွေ ထောင်ထဲရောက်ကြတော့ ဓမ္မတာပဲ။ ကျွန်တော်တို့ထဲမှာ အတွေးအခေါ်ယိမ်းယိုင်တာတွေ ကျဆင်းတာတွေ ဖြစ်တာ မဆန်းပါဘူး။ အဲဒီလိုရဲဘော်တွေကို ကိုလေးမောင် ဆွေးနွေးထိန်းထားခဲ့တာကို ကျွန်တော် အခုအထိ မှတ်မိနေပါတယ်။

ထောင်ထဲမှာက အဖွဲ့အစည်းပေါင်းစုံ၊ လူမျိုးပေါင်းစုံနဲ့ တွေ့ဆုံ ဆက်ဆံကြရလေ့ရှိပါတယ်။ ဒီအခါမှာ နိုင်ငံရေးအကျဉ်းသားအချင်းချင်း တဦးနဲ့တဦး အာဃာတတွေ ဖယ်ရှားဖို့ဟာ အင်မတန်မှ အရေးကြီးလှပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့အဖို့ ဒီလို အနေအထားမျိုးတွေအတွက် ကိုလေးမောင်ဟာ အကောင်းဆုံးသံတမန်ပါပဲ။ ဆိုလိုတာ သူ့ကို တခြားအဖွဲ့အစည်းကလူတွေ (ဗကပအပေါ် အင်မတန် အာဃာတထားလေ့ရှိတဲ့ အလံနီတွေအပါ)ဟာ သူ့ကို ခင်ခင်မင်မင် လေးလေးစားစား ဆက်ဆံကြပါတယ်။ သံဃာတော်တွေ၊ သူဌေးတွေ၊ အလုပ်သမား–လယ်သမားတွေ၊ ကျောင်းသား လူငယ်တွေ၊ ထောင်ဆိုတာအလွှာတွေက စုံပါဘိသနဲ့။ ဒါ့အပြင် ထောင်ဝါဒါလို အောက်ခြေအမှုထမ်းတွေ၊ ထောင်ကျတွေ၊ ဒီလိုဟာတွေနဲ့ဆက်ဆံရာမှာလည်း ကျွန်တော်တို့က သူ့ကိုပဲ ရှေ့တွန်းပို့လေ့ရှိကြပါတယ်။

ကိုကိုးကျွန်းပေါ်ရောက်ပြီး နောက်နှစ်ရက်၊ သုံးရက်အကြာ၊ တညမှာ ကျွန်တော်တို့က ဗိုလ်အုန်းမောင်နဲ့ဆရာရာဂျန်တို့ဆီမှာ ခွင့်တောင်းပြီး မန္တလေးထောင်ကလာတဲ့ ကျွန်တော်တို့အမှုတွဲ ကျောင်းသားလိုင်းက လူတွေ အစည်းအဝေးလုပ်ကြပါတယ်။ အဲဒီအစည်းအဝေးမှာ အားလုံးကပဲ သူ့ကို ကျွန်တော်တို့အစုရဲ့ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုပြီး ဆွေးနွေးပွဲကို ဦးစီးစေခဲ့ပါတယ်။

မိတ်ဆွေပဲဖြစ်ဖြစ်၊ သူငယ်ချင်းပဲဖြစ်ဖြစ်၊ အခက်အခဲတွေထဲမှာ အတူဖြတ်သန်းခဲ့သူတွေဟာ ပိုရင်း၊ ပိုသံယောဇဉ်ရှိကြတယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ ဒီတော့ မြေအောက်လုပ်ငန်းမှာ၊ ထောင်ထဲမှာ၊ ကိုကိုးကျွန်းမှာ အတူဖြတ်သန်း၊ ဆွေးနွေးတိုင်ပင်ခဲ့တဲ့ လူတွေချင်း ဘယ့်ကလောက် သံယောဇဉ်ကြီးတယ်ဆိုတာ နားလည်နိုင်ကြပါလိမ့်မယ်။ ရဲဘော်ရဲဘက်သံယောဇဉ်ဆိုတော့ ကိုယ့်အတွက် လိုအပ်ရင် သူဟာ အသက်ပေးမယ့်လူလို့ ယုံကြည်နားလည်ထားသလို၊ ကိုယ်ကလည်း သူ့လိုရဲဘော်တွေအတွက်ဆိုရင် အသက်ပေးနိုင်ရမယ်လို့ အမြဲနှလုံးသွင်းထားကြတာပါ။ သေရွာသွားတာကို အိမ်ပြန်သလို သဘောထားတယ်ဆိုတဲ့ အဆိုစကားတခုကို ကိုကိုးကျွန်းမှာ ကျွန်တော်တို့ရဲဘော်တွေ အတော်ကိုးကားလေ့ရှိကြပါတယ်။ တရုတ်သူရဲကောင်းတယောက်ရဲ့စကားလို့ မှတ်မိနေပါတယ်။ ဒါပေမဲ့ အခုလိုသူ စောစောစီးစီးကျဆုံးသွားတော့ ကျွန်တော်စိတ်မထိန်းနိုင်အောင် ဖြစ်ခဲ့ပါတယ်။

အသက်ရှင်ဆဲလူတွေဟာ ကွယ်လွန်သွားပြီးဖြစ်တဲ့ လူတွေအကြောင်းကို ပြောဆိုစဉ်းစားတိုင်း "သူသာအခုရှိနေသေးရင်– –" ဆိုတာမျိုး ပြောလေ့ရှိကြပါတယ်။ ဝန်ခံပါတယ်။ ကျွန်တော်လည်း ဒါမျိုးစဉ်းစားမိတာ အကြိမ်ကြိမ်ပါပဲ။ ဒီနေရာမှာ ကျွန်တော် ဘာစဉ်းစားတယ် ဆိုတာ အရေးမကြီးပါ။ အရေးကြီးတာက ကျွန်တော် သူ့ကို မကြာခဏစဉ်းစားမိတယ်ဆိုတာပါ။ သူဟာကျွန်တော့် အပါးမှာ အမြဲရှိနေသလိုပါပဲ။

ဟုတ်ကဲ့ ငိုခဲ့ပါတယ်။ ရဲဘော်လေးမောင်အတွက် ကျွန်တော် ငိုခဲ့သလို ကျွန်တော် ရဲဘော်လေးမောင်အတွက် သူ့ရဲ့ယုံကြည်ချက်တွေကိုလည်း အကောင်အထည်ဖော်နေပါတယ်။

ဖိုးသံ(လူထု)

ရဲဘော်ရဲဘက်သံယောဇဉ်ဆိုတော့ ကိုယ့်အတွက် လိုအပ်ရင် သူဟာ အသက်ပေးမယ့်လူလို့ ယုံကြည်နားလည်ထားသလို၊ ကိုယ်ကလည်း သူ့လိုရဲဘော်တွေအတွက်ဆိုရင် အသက်ပေးနိုင် ရမယ်လို့ အမြဲနှလုံးသွင်းထားကြတာပါ။



# အရိပ်မဲအောက်က လင်းလက် ကဗျာဆရာ မောင်လူမိုန်

မောင်လှဝင်း



## နိဒါန်း

မိုးဝေကဗျာလှုပ်ရှားမှုထဲက မိုးဝေကဗျာတွေ အကြောင်းပြောတိုင်း ကျွန်တော်တို့ကို မမေ့မချန် အလျဉ်းသင့်သလို ဖော်ပြ ပေးခဲ့တဲ့ ကဗျာဆရာ 'တမာခါး'ကို ကျေးဇူးတင်မိပါတယ်။ မောင်လူမိုန် ကွယ်လွန်သွားပြီးတဲ့နောက် 'တမာခါး' ပြန်လည်ဖော်ထုတ်ပေးလို့ မောင်လူမိုန် ၁၉၈၇ မှာ ရေးခဲ့တဲ့ "ဒီနေရာတဝိုက်" ဆိုတဲ့ ကဗျာလေးကို ဖတ်ရတယ်။

... ... ... ...
... ... ... ...
ဒီနေရာတဝိုက်
နေပူလေပူ တိုက်လိုက်ဖူးတယ်။
ဒီနေရာတဝိုက်
တမာရွက်ကြွေ ဝဲကျလိုက်ဖူးတယ်။
ဒီနေရာတဝိုက်
မီးလျှံမီးရဲ လောင်မြိုက်ဖူးတယ်။
ဒီနေရာတဝိုက်
မိုးတပြိုက်ရွာ ပန်းသစ်ပွင့်ဦးမယ်။
သြော် ဒီနေရာတဝိုက်
အသစ်ဆုံး ပန်းများပွေ့ပိုက်
မွှေးမြစွာ နမ်းရှိုက်ရဦးမယ်ကွယ်။

ငယ်ပေါင်းကြီးဖက်လိုလည်းဖြစ် ရေးဖော်ရေးဖက်လည်း ဖြစ်ခဲ့တာမို့ သူ့ကဗျာကို ကျွန်တော် အနက်ရှိုင်းဆုံး နားလည်ခံစားလိုက်မိတယ်။ ဒါဟာ ပါတီရဲ့ အနာဂတ်ကို မျှော်ရည်တမ်းတထားတာပါ။ 'အလင်းခေတ်' ကို ဖော်ကျူးလိုက်တာပါ။ "အသစ်ဆုံးပန်းများ" ဆိုတာဟာ အောင်ပွဲကြိုု အနီရဲရဲ ပန်းများကို သူဖွဲ့ဆိုတာဖြစ်ကြောင်း သူ ပြောခွင့်မသာပေမယ့် ကျွန်တော့်ရင်ထဲမှာ ခံစားသိရှိနေမိတယ်။

သြော်...ကျွန်တော်တို့က သူ့ကို ခွဲချန်ထားခဲ့ပေမယ့် 'သင်းကွဲ' လို ဖြစ်ကျန်ရစ်ခဲ့တဲ့ သူ့ရင်ထဲမှာ ပါတီနဲ့တော်လှန်ရေး စွဲမြဲစွာ သိမ်းဆည်း မြှုပ်နှံထားခဲ့တာပါကလား။ သူ့အတွက် ဝမ်းသာဂုဏ်ယူမိသလို သူ့အပေါ် နောက်ပိုင်းကာလတွေမှာ စိမ်းကားမိတဲ့ ကိုယ့်ကိုယ်ကို သင်ခန်းစာယူမိတယ်။ ဒါကြောင့်လည်း သူ့အကြောင်းကို အခုလို ပြန်လည်တမ်းတ ထုတ်ဖော်မိတာပါ။ အသစ်ဆုံးပန်းများကို နမ်းရှိုက်ခွင့်မရမီ ကွယ်လွန်သွားရှာပါပေ့ါလား။

တချိန်က သူနဲ့ကျွန်တော် နှစ်ယောက်သား ကျွန်တော်တို့ မြို့ကလေးကနေ 'မလှိုင်မြို့'ကလေးဆီ ခရီးထွက်ခဲ့ကြတယ်။ မလှိုင် မြို့ကရဲဘော်ရဲဘက်တွေလည်း ဖြစ်တဲ့ ကဗျာရေးသူတွေနဲ့ သွားရောက်တွေ့ဆုံကြတာပါ။ ထန်းတောထဲမှာ တွေ့ကြတာမို့ ကိုယ်ပြောချင်တဲ့ ကဗျာအကြောင်း နိုင်ငံရေးအကြောင်းတွေကို လွတ်လွတ်လပ်လပ် ပြောလို့ရတယ်။ ဒါကြောင့်လည်း အားပါးတရ ပြောဆိုဆွေးနွေးခဲ့ကြတယ်။ "ကဗျာနဲ့ကဗျာဆရာ ထပ်တူဖြစ်ရေး"အပြောနိုင်ငံရေးနဲ့ လက်တွေ့နိုင်ငံရေး

တသားတည်း ကျရေး”အကြောင်းအရာဟာ အဲဒီခေတ် အဲဒီကာလက စာပေအသိုင်းအဝိုင်းမှာ အတော်လေး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့တဲ့ အကြောင်းအရာမို့ ကျွန်တော်က စိတ်ထဲရှိတာတွေ သွန်ချပြီး ဆွေးနွေးလိုက်မိတယ်။ စာ၊ ကဗျာနဲ့ တော်လှန်နေရုံသာမက လူကပါ တော်လှန်ရမယ်ဆိုတဲ့အကြောင်းအရာပါ။

မြင်းခြံအပြန် ခရီးသည်တင်ကားပေါ်မှာ သူ စကားသိပ်မပြောဘဲ ငြိမ်သက်ပြီး စဉ်းစားတွေးတောနေတာ တွေ့ရတယ်။ ခရီးသည် အတက်အဆင်း ကျဲပါးသွားပြီး ကားပေါ် လူသိပ်မကျန်တော့တဲ့ အချိန်မှာ သူ စကားစလာတယ်။ “ဖိုးလှဝင်း(ကျွန်တော်တို့ အဲဒီကာလက တယောက်နဲ့တယောက် သိပ်ရင်းနှီးခင်မင်သွားတယ်ဆိုရင် နာမည်ရှေ့က ‘ဖိုး’ တပ် ခေါ်ခဲ့ကြတဲ့ အလေ့ရှိတယ်။ သူက ကျွန်တော့်ထက် အသက်ကြီးပေမယ့် သူ့ကိုလည်း ကျွန်တော်က “ဖိုးစန်းလှိုင်”လို့ ခေါ်တယ်။ တခြားရဲဘော်တွေကိုလည်း “ဖိုးသောင်းထွန်း”“ဖိုးရဲမြင့်” စသဖြင့် ခေါ်ခဲ့တယ်။)…မောင်ရင် တက်တက်ကြွကြွ ဆွေးနွေးတာ ကိုယ်အားရပါတယ်…ဒါပေမဲ့ ကိုယ်ရိုးရိုးသားသား ဝန်ခံထားချင်တာရှိတယ်။ ရှေ့ဆက် မတိုးခင် အခုအချိန် ပွင့်ပွင့်လင်းလင်း ပြောမှ ဖြစ်မှာမို့ ပြောရတာပါ… မောင်ရင်အနေနဲ့ ကိုယ့်ကို အဆုံးစွန်အထိ မျှော်လင့်မထားစေချင်ဘူး။ ပြောချင်တာကတော့ တောခိုတဲ့အထိတော့ ကိုယ်မလုပ်နိုင်ဘူး…ဒါပေမဲ့ ကိုယ် မာ့က်စ်ဝါဒကို ယုံကြည်တယ် … ပါတီကို ယုံကြည်တယ်…ကိုယ်တတ်နိုင်တာတော့ ကိုယ်လုပ်မှာပါ… အနည်းဆုံး ပါတီကို လက်ခုပ်တီး ကြိုဆိုသူအဖြစ် ကိုယ်ထာဝရ ရှိနေမှာပါ”တဲ့။

သူက အရိုးသားဆုံး အပွင့်လင်းဆုံး ပြောလိုက်တာ ဖြစ်ပေမယ့် ကျွန်တော် အတော် စိတ်ပျက်သွားတယ်။ သူ့အပေါ် မျှော်လင့်ထားခဲ့သမျှတွေ သဲထဲ ရေသွန် ဖြစ်ရလေခြင်းဆိုပြီး အတော် မကျေမနပ် ဖြစ်မိတယ်။ ဒီတခါ စကားမပြောနိုင်တော့ဘဲ နှုတ်ပိတ်ရေငုံ မှုန်သိုးသိုး ဖြစ်သွားရသူက ကျွန်တော်ပါ။

အဲဒီနောက် ကျွန်တော်တို့ ရဲဘော်အစုကလေးက သူနဲ့ အကွာအဝေးတခု ခွာထားလိုက်တယ်။ အခေါ်အပြော မပျက်ပေမယ့် ဆက်ဆံရေးကတော့ သိသိသာသာ ကျဲသွားခဲ့တာ နောက်ဆုံး ကျွန်တော်တို့ ပါတီထံ ‘ပြေး’လာရတဲ့အချိန်အထိပဲ။

အကြောင်းအရာချင်း ဆက်စပ်နေတာမို့ အလားတူ သင်ခန်းစာယူစရာ အဖြစ်အပျက်တခုကိုလည်း ပြောချင်ပါသေးတယ်။ ရန်သူက လိုက်ဖမ်းလို့ ‘ပြေး’ကြရမယ့်အချိန် ကျွန်တော်နဲ့ အခင်ဆုံး ရဲဘော် ‘အရှည်ကြီး’(အရပ်ရှည်လို့ အရှည်ကြီး၊ နှာတံရှည်လို့ ဗိုလ်နှာခေါင်းလို့ နံမည်ဝှက် ပေးထားခဲ့သူ)အိမ်မှာ စုရပ်လုပ်ပြီး ညအိပ်ခဲ့ကြတယ်။ မနက်ဝေလီဝေလင်း ကားဆိပ်ကို သွားဖို့ ထွက်လာခဲ့ကြတဲ့ အခါ လမ်းပေါ်မှာတင် သူက ဆွေးနွေးတယ်။ သူ့အမေ မကျန်းမမာနဲ့ နှလုံးရောဂါလည်း ရှိနေတာကြောင့်တကြောင်း၊ နောက်ပြီး ကလေးတွေ တပြုံကြီးနဲ့ သူအခုလို ထွက်သွားရင် အားလုံး ဒုက္ခရောက်ကုန်မှာ ဖြစ်ကြောင်း၊ ဒါကြောင့် သူ မလိုက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ကြောင်း၊ ဒါပေမဲ့ အဖမ်းခံရလည်း သစ္စာမဖောက်ဘဲ တော်လှန်ရေးလမ်းကြောင်း အပေါ် စွဲစွဲမြဲမြဲ ရပ်တည်သွားမယ့်အကြောင်း သူက ပြောပြတယ်။ ခရီးထွက်မယ့်ဆဲဆဲ လမ်းပေါ်မှာမှ ဒီလို ဖြစ်ရလေခြင်း။ ကျွန်တော် အတော် စိတ်ပျက်ဒေါသထွက်တယ်။ ဒါပေမဲ့ စိတ်ကိုထိန်းပြီး “သစ္စာမဖောက်ဖို့၊ ထောင်ထဲရောက်ရောက် ဘယ်အခြေအနေရောက်ရောက် ပါတီနဲ့ တော်လှန်ရေးအပေါ် သစ္စာရှိဖို့” မှာကြားပြီး သူ့ကို ချန်ထားခဲ့ရတယ်။ ကျွန်တော် စိတ်ပြောင်းပြီး သူ့ကို အဲဒီလို ပျော့ပျော့ပျောင်းပျောင်း ဆွေးနွေးခဲ့တာ မှန်ကန်ကြောင်း အဖြစ်အပျက်တွေက သက်သေပြခဲ့တယ်။ ဒီရဲဘော်ဟာ ထောင်အကြိမ်ကြိမ် ကျခဲ့တယ်။ သူ့သား သမီးတွေနဲ့ မိသားစုတခုလုံး မိုးသက်မုန်တိုင်းထဲ လွင့်ပါပျောက်ကွယ်ကုန်ကြတဲ့ အသိုက်ပျက်ငှက်တွေလို ဖြစ်ခဲ့ရတယ်။ အနှိပ်စက် အညှဉ်းပန်းခံရတဲ့ ဒဏ်တွေဟာ သေရွာအထိ ပါခဲ့တယ်။ အဲသလို စွန့်လွှတ်မှုမျိုးနဲ့ ပါတီလုပ်ငန်းတွေ သစ္စာရှိရှိ လုပ်ကိုင်ရင်း ကွယ်လွန် သွား ခဲ့ရှာတယ်။ ဒီနေရာကနေ အလေးပြုလိုက်ပါတယ်ရဲဘော်။

ဖိုးစန်းလှိုင်(မောင်လူမှိုန်)လည်း အလားတူပါပဲ။ သူ ယုံကြည်တဲ့အတိုင်း မာ့က်စ်ဝါဒ စွဲကိုင်သူ၊ ပါတီကိုရပ်ခံသူ ကဗျာဆရာ အဖြစ် ဆက်လက်ရပ်တည်နေထိုင်သွားခဲ့တယ်။ ရန်သူ စစ်အစိုးရကို တိုက်ခိုက်တဲ့ ကဗျာစာအုပ်လေးတွေ ထုတ်ခဲ့လို့ (ရ၈) ခုနှစ်လောက်မှာ ထောင်ကျခဲ့တယ်။ ထောင်ထဲမှာ ပါတီနဲ့ဆက်နွယ်တဲ့ ရဲဘော်တွေကိုဆိုရင် သူက လေးလေးစားစား ရှိတယ်။ ပါတီရဲဘော်က “အကူအညီ ပေးနိုင်မလား၊ ဟိုဘက်အဆောင်ကို သွားရဲသလား၊ သွားပြီး စုံစမ်းပေးစမ်းပါ”ဆိုရင် မကြောက်မရွံ့၊ “သွားပေးမှာပေါ့” ဆိုပြီး အကူအညီပေးခဲ့တယ်။ တခြားရဲဘော်တွေနဲ့လည်း ဆက်ဆံရေး ကောင်းပြီး သူတတ်နိုင်တာဆို ကူညီတယ်။ ပါတီရဲဘော်ကို “လေရှူးသုန်သုန်လည်း ဖတ်သင့်ပါတယ်၊ ဖတ်ကြည့်ပါဦး”စသဖြင့် ခင်ခင်မင်မင် တိုက်တွန်းတတ်တယ်။ လွှတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အခါ သူများတွေ လွှတ်တဲ့ အချိန်မှာ ပါတီကရဲဘော်နဲ့ သူ မလွှတ်ဘဲ ကျန်နေခဲ့ပြီး နောက်ပိုင်းမှ လွှတ်လာတယ်။ သူ ထောင်ထဲမှာ ရှိစဉ်က ရေးခဲ့တဲ့ သီချင်းတပုဒ် ရဲဘော်တွေက ပါတီထံ ပို့ပေးလို့ ရောက်လာခဲ့ဖူးတယ်။

အပြင်ရောက်ပြန်တော့လည်း ပါတီနဲ့ ဆက်နွယ်သူတွေဆို တတ်နိုင်သမျှ အကူအညီပေးတယ်။ စာပေလောကထဲက လူတွေကလည်း ရန်သူဖမ်းလို့ ပုန်းခိုရမယ့်သူ ရှိတယ်ဆိုရင်၊ ပါတီနဲ့ အဆက်အသွယ်လုပ်ချင်သူ ရှိရင် သူ့ကိုပဲ ပြေးမြင်တတ်ကြတယ်။ ပါတီထံ မသွားမီ ပုန်းဖို့ခိုဖို့ လိုအပ်တဲ့ရဲဘော်တွေကို သူ့အဆက်အသွယ်ရှိတဲ့ ရဲဘော်တွေဆီ ပို့ပေးပြီး အကူအညီ ပေးခဲ့တယ်။ တချို့ကလည်း ပါတီထံသွားဖို့ လမ်းကြောင်း လိုအပ်ရင် သူ့ဆီ တကူးတကလာပြီး အကူအညီ တောင်းတယ်။ ယုံကြည်စိတ်ချရတဲ့ရဲဘော်ဆိုရင် သူ့မှာတော့ အဆက်အသွယ်မရှိဘူး။ ဘယ်သူ့ကို ချဉ်းကပ်ရင် ရနိုင်လိမ့်မယ်လို့ အကြံပေး ကူညီခဲ့တယ်။ ဒီလိုရဲဘော်တွေကို အကူအညီ တတ်နိုင်သလောက် ပေးခဲ့တာချည်းပဲ။ အန္တရာယ်မပေးရုံမက ဘယ်တော့မှ လျစ်လျူရှုတာ မလုပ်ခဲ့ဘူး။ သူ လမ်းညွှန်ခဲ့လို့ ပါတီထံ ရောက်လာခဲ့တဲ့ ပါတီရဲဘော်တွေနဲ့ ရှစ်လေးလုံးအရေးအခင်းက ရဲဘော်တွေ ရှိခဲ့တယ်။ ပြောချင်တာက သူ လုပ်ပေးနိုင်သမျှ လုပ်ပေးပါမယ်ဆိုတဲ့ကတိ ကျေပွန်ခဲ့တယ်ဆိုတာပါပဲ။

စာပေအနုပညာသမားတွေထဲက ပါတီဆီ ရောက်လာခဲ့သူတွေလည်း ရှိတယ်။ တချို့ကျတော့လည်း မြို့ပေါ်မှာပဲ မာ့က်စ်ဝါဒ ရပ်တည်ချက်၊ ပါတီရပ်တည်ချက်နဲ့ နေထိုင်သွားသူတွေလည်း ရှိတယ်။ ဒုတိယအမျိုးအစားထဲမှာ ဖိုးစန်းလှိုင် (မောင်လူမှိုန်) ပါဝင်ခဲ့ပါတယ်။ သူ့တသက်တာလုံး ကဗျာစာပေနဲ့ ရန်သူကို ဆန့်ကျင်တိုက်ခိုက်ရင်း၊

ပြည်သူ နဲ့ တော်လှန် ရေးဘက်က ရပ်တည်ရင်း ကွယ်လွန်သွားခဲ့တယ်။

မိုးရွာပြီးစ
ညမှာ
သူ ရောက်လာတယ်။
သူဆိုတာ
ကဗျာပါ
ဖျားနာနေရှာတယ်။
သဲသဲမဲမဲ ဝက်ဝက်ကွဲ
မိုးထဲလေထဲက လာရရှာ
ခမျာမှာ တုန်ယင်နေ
အသားအရေတွေ ဝါဖျော့
အားနည်းပန်းလျနေပြီပေါ့။
ဒါပေမဲ့
မကြာဘူး
သူဟာ အားပြည့်
ဆေးကောင်းတွေ့တယ်
ကနေ့ပြည်သူဆီကပါ။
... ... ... ...

ဆိုတဲ့ သူ့ကဗျာအပိုင်းအစလေးကို သွားသတိရ လိုက်မိတယ်။

ပြည်သူဘက်က၊ ပါတီနဲ့ တော်လှန်ရေးဘက်က ရပ်တည်သမျှ သင်းကွဲ မဖြစ်ပါဘူးရဲဘော်။

တချိန်က "အနည်းဆုံး ပါတီကို လက်ခုပ်တီး ကြိုဆိုနေမယ့်သူ ဖြစ်နေမယ်" ဆိုတာအပေါ် စိတ်ပျက်မိပါတယ်။ ဒီကနေ့ ပြန်စဉ်းစားကြည့် လိုက်တော့ ပါတီထဲ ရောက်ပြီးမှ ပါတီအပေါ် သစ္စာဖောက်ပြီး ပါတီကို ဆဲရေးနေသူတွေ တန်ဖိုးမဲ့သလောက် ခင်ဗျားက လူပုဂ္ဂိုလ်အနေနဲ့ အရောင်မမှိန်ဘဲ ကဗျာအနေနဲ့ ဝင်းလက်တန်ဖိုးရှိနေသူပါ။

ကျွန်တော်တို့ကလည်း လက်ခုပ်တီးပြီး ကြိုဆိုနေမယ့်သူတွေကို တန်ဖိုးထားကြောင်း၊ လက်ခုပ်တီး ကြိုဆိုနေမယ့်သူတွေ များသထက် များလာအောင် ကြိုးစားသွားမယ်ဖြစ်ကြောင်း သိကြားစေလိုက်ပါတယ်ရဲဘော်။

**နိဒါန်း**

မောင်လူမိုက်အကြောင်း 'တမာခါး'တို့၊ စာရေးဆရာ 'ရာဇာလင်းသစ်'တို့ ရေးခဲ့ဖူးပါပြီ။ တခြားကဗျာဆရာတွေကလည်း သူကွယ်လွန်ပြီးနောက်ပိုင်း စာနဲ့ ဖြစ်စေ၊ ကဗျာနဲ့ဖြစ်စေ လွမ်းဆွတ်သတိရခဲ့ကြပါတယ်။ တချိန်က အတူ လက်တွဲပြီး ရေးဖော်ရေးဖက်၊ ရဲဘော်ရဲဘက်ဖြစ်ခဲ့သူ ကျွန်တော့်မှာလည်း သူ့အကြောင်း ရေးဖို့ တာဝန်ရှိနေတယ်လို့လည်း ခံယူထားခဲ့ပါတယ်။ ဒါပေမဲ့ အချိန်တွေ ဟိုရွှေ့ဒီရွှေ့နဲ့ ရေးဖို့ အထမမြောက်နိုင်ခဲ့ဘဲ အခုမှ မဖြစ်မနေ ချရေးလိုက်တာပါ။

မိုးဝေကဗျာခေတ်လို့ မသတ်မှတ်နိုင်ရင်တောင်မှ မိုးဝေကဗျာတွေဟာ ကဗျာလှုပ်ရှားမှုတရပ်အနေနဲ့ အထင်အရှား ရှိခဲ့တာ အမှန်ပါပဲ။ မိုးဝေကဗျာတွေအကြောင်း ဖော်ပြတဲ့အခါ ပုံသဏ္ဌာန်သစ်ဘက်ကိုချည်း အလေးတင်း ဖော်ပြမနေကြပါနဲ့။ မိုးဝေကဗျာတွေအကြောင်း အလေးထားဖော်ပြနေရတာဟာ ရန်သူစစ်အစိုးရကို အဲဒီခေတ်အနေအထားအရ သွယ်ဝိုက်လို့ဖြစ်စေ၊ ကဗျာနည်းပရိယာယ်အသုံးပြုလို့ဖြစ်စေ ဖွင့်ချတိုက်ခိုက်တဲ့ကဗျာတွေနဲ့ ပြည်သူလူထုဘက်က ရပ်တည်တဲ့ကဗျာတွေ အတော်များများ ပါဝင်နေလို့ ဖြစ်ပါတယ်။ ကဗျာဆရာ တဦးချင်းအနေနဲ့ စစ်အစိုးရကို ဆန့်ကျင်ပြီး ပြည်သူ့ဘက်က ရပ်တည် ရေးသားတဲ့ ကဗျာဆရာတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ မိုးဝေကဗျာတွေကျတော့ အုပ်စိုးသူကို ဆန့်ကျင်ပြီး ပြည်သူ့ဘက်က ရပ်တည်တဲ့ ကဗျာဆရာတွေ မိုးဝေမဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ စုစည်းမိခဲ့ကြတာဟာ ထူးခြားချက်တရပ်အဖြစ် ဆိုနိုင်လိမ့်မယ် ထင်ပါတယ်။ အဲဒီခေတ်အနေအထားအရ မာ့က်စ်ဝါဒကို ယုံကြည်လက်ခံတဲ့ ကဗျာဆရာတွေလည်း မိုးဝေမဂ္ဂဇင်းမှာ ဝင်ရောက် ရေးသားခဲ့ကြပါတယ်။

မောင်လူမိုက်ဟာ အဲဒီလို ကဗျာဆရာမျိုးပါ။ နောက်ပြီး မိုးဝေကဗျာတွေအကြောင်း ပြောတဲ့အခါမှာ မောင်လူမိုက်ဟာ ချန်လှပ်ထားလို့ မရနိုင်ဘဲ အခန်းဝင်မှုရှိတဲ့ ကဗျာဆရာတယောက်လည်း ဖြစ်နေပြန်ပါတယ်။

နောက်ပြီး ကဗျာရေးဖော်ရေးဖက်တွေ မောင်လူမိုက်ကို မမေ့နိုင်ကြတဲ့ အကြောင်းတခုကတော့ သူဟာ ကဗျာစာပေနဲ့ အနုပညာအပေါ်မှာ ဘဝတလျှောက်လုံး ဖွဲ့နှောင်ကြီးစွာ တစိုက်မတ်မတ် မြတ်နိုးတွယ်တာ မွေ့ဖက်မွေ့ပျော်ခဲ့တဲ့ သူ့ရဲ့ စိတ်ဓာတ်ကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော်ခံစားချက်အရ သူဟာ ယုံကြည်ချက်နဲ့ တွဲဖက်ပြီး ကဗျာစာပေ၊ အနုပညာစိတ်နဲ့ ရှင်သန်နေတဲ့ လူသားတယောက်လို့တောင် ထင်မြင်မိပါတယ်။ ကျွန်တော်တို့ အတူ နေထိုင်ဖြတ်သန်းဖူးတဲ့ ကာလတလျှောက် သူဟာ ကဗျာစာပေအလုပ်ကလွဲလို့ တခြားအလုပ် လုပ်ကိုင်ခဲ့ဖူးတာ မရှိသလောက်ပါပဲ။ သူ့အိမ်က အလုပ်အကိုင်ရှာဖွေပေးလို့ မလွှဲသာတဲ့အတွက် စာရေးအလုပ်ကို လုပ်ကိုင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ လေးငါးလထက် ပိုမလုပ်ခဲ့ပါဘူး။ ပြဇာတ်ရေးဆရာအဖြစ် ဇာတ်ထဲ ခဏ လိုက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ တနှစ်လောက်တောင် ကြာမယ် မထင်ပါဘူး။ အိမ်ကကျွေးတဲ့ထမင်းကိုစား၊ အပေါင်းအသင်းတွေ ပေးကမ်းတဲ့ငွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်။ ကျွန်တော် သိရှိခဲ့သလောက် လူ့ဘဝရဲ့ စည်းစိမ်ခံစားမှုအဖြစ် သူ့ဘဝမှာ ဒါထက်ပိုတာ ဘာမှ မရှိခဲ့ပါဘူး။ အနုပညာနဲ့ ကဗျာစာပေအပေါ် စူးစိုက်မှုကျတော့ ရာသက်ပန်လို့ ဆိုနိုင်ပါလိမ့်မယ်။ ကဗျာအသိုင်းအဝိုင်းက သူ့ကို မမေ့တဲ့နိုင် လွမ်းဆွတ်သတိရနေကြတာမှာ သူ့ရဲ့ဒီစိတ်ဓာတ်လည်း အကြောင်းအချက် တခုအနေနဲ့ ပါဝင်နေပါလိမ့်မယ်။

**မောင်လူမိုက်နဲ့ ကဗျာ**

မောင်လူမိုက်ဟာ အခြားရဲဘော်တယောက်နဲ့အတူ ထောင်ကလွတ်လာတဲ့အခါမှာ အိမ်ကို ချက်ချင်းမပြန်နိုင်သေးတာမို့ ရန်ကုန်က မိတ်ဆွေတယောက်အိမ်မှာ သူတို့နှစ်ယောက်သား တည်းခိုခဲ့ကြတယ်။ "ကိုလူမိုက်ဖွဲ့ကြီးလိုက်ပုံများ... အဲဒီညက တညလုံးမအိပ်ဘဲ ကဗျာတွေ အတိုးချ ရေးနေလေရဲ့ဗျာ" လို့ ဒီရဲဘော်က ပြန်ပြောင်းပြောပြတယ်။

မောင်လူမိုက် နောက်ပိုင်းရေးခဲ့တဲ့ "သဘာဝသင်းကွဲ"ဆိုတဲ့ ကဗျာလေးကို သူကွယ်လွန်ပြီးတဲ့နောက်ပိုင်း ကဗျာဆရာ အတော်များများက အထူးပြုပြီး အမှတ်တရ ဖော်ပြလာကြတာ တွေ့ရတယ်။

## သဘာဝသင်းကွဲ

စာ၊ ခို၊ ကျီးကန်း ပျံကျသမား
ရေအိုင်ဘဲဖြူ လေ့ထိုးသား
တီကောင်လယ်ထွန်စား။

(မောင်လူမှိန်)

အကြောင်းအရာ၊ ပုံသဏ္ဌာန်နဲ့ အသံပါ ကောင်းတဲ့ကဗျာလေးပါ။ ဆက်စပ်အတွေးနယ်ချဲ့မယ်ဆိုရင် အများကြီး ကျယ်ကျယ် ပြန့်ပြန့် ဆက်စပ်တွေးတောလို့ ရတဲ့ကဗျာလေး ဖြစ်ပါတယ်။ မတူတဲ့ အလုပ်အကိုင်တွေနဲ့ ဘဝကို ရုန်းကန်ကြရတဲ့အကြောင်း တွေးရင်လည်း ရပါတယ်။ သူ့မှာ ကိုယ့်မှာ အလှကိုယ်စီ စွမ်းရည်ကိုယ်ငရှိနေကြတဲ့ အကြောင်း သရုပ်ဖော်တာလည်း ဖြစ်နိုင်ပါတယ်။ "သဘာဝ သင်းကွဲ" ဆိုတဲ့ သူ့ခေါင်းစဉ်လေးကြောင့် ဒါထက်ပိုတဲ့ တခြားအဓိပ္ပာယ်များ ရှိနေသလားဆိုပြီး ကျွန်တော် တမျိုးတမည် တွေးမိပါသေးတယ်။ ကျွန်တော်တို့ရဲဘော်တွေနဲ့ သူက သင်းကွဲလို ဖြစ်သွားခဲ့တဲ့ အချိန်မှာ သင်းကွဲလို ထင်ရပေမယ့် ကိုယ်သန်ရာ ကိုယ်လမ်းကြောင်းကနေ လောကကို အကျိုးပြုနေပါတယ်–လို့ သူဖော်ပြချင်တာလားဆိုတဲ့ အတွေးကို သူ့ကို လှမ်းဆွတ်ရင်း တွေးတောမိပါတယ်။

သူရော ကျွန်တော်ပါ မိုးဝေမဂ္ဂဇင်းမှာ ကဗျာတွေ စတင်ရေးစဉ်ကာလက သူနဲ့ပတ်သက်လို့ အမှတ်ထင်ထင် ဖြစ်ရတဲ့ ကဗျာက 'အရိပ်မဲ'ပါ။ ကဗျာဆရာ'တမာခါး' ကလည်း မိုးဝေကဗျာတွေအကြောင်း ပြောတဲ့အခါမှာ မောင်လူမှိန်ရဲ့ 'အရိပ်မဲ'ကဗျာကိုအထူးပြု ဖော်ပြထားတာ တွေ့ရပါတယ်။

မောင်လူမှိန်နဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲ မမေ့မလျော့ဖြစ်နေရတဲ့ ကဗျာကတော့ 'ကားပျက်ကြီး(ရဲ့ အထုပ္ပတ္တိ)' ကဗျာ ဖြစ်ပါတယ်။ မိုးဝေမဂ္ဂဇင်းမှာ ပထမဆုံးဖော်ပြခဲ့တဲ့ သူ့ရဲ့ ကဗျာလို့လည်း မှတ်မိနေပါတယ်။ အမှတ် ထင်ထင်ဖြစ်စရာလည်း ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကားပျက်ကြီးဟာ တကယ်ရှိနေလို့ပါ။

မြင်းခြံမြို့မှာ ဝတ်လုံတော်ရရှေ့နေကြီး ဦးကျွန်းကျော်ဟာ နာမည်ကြီးပုဂ္ဂိုလ်တယောက်ဖြစ်ပြီး ချမ်းလည်း ချမ်းသာပါတယ်။ ဖဆပလ အမတ်လောင်းအနေနဲ့ ရွေးကောက်ပွဲမှာ ဝင်အရွေးခံခဲ့ဖူးပါတယ်။ မြေတွေလည်း အများကြီး ပိုင်ပါတယ်။ မြင်းခြံမြို့ထဲက ဦးကျွန်းကျော် ဝိုင်းလို့ အထင်ကရ လူသိများတဲ့ ဦးကျွန်းကျော်ရဲ့ အိမ်မြေဝိုင်းဟာ အလွန့်ကို ကျယ်ပါတယ်။ အဲဒီဦးကျွန်းကျော်ဝိုင်းရဲ့ အနောက်တောင်ထောင့်မှာ မောင်လူမှိန်တို့ မိသားစုရဲ့ အိမ်ကလေး တည်ရှိပါတယ်။ (အဲဒီဝိုင်းထဲမှာ ဦးကျွန်းကျော် နောက်ပိုင်း မနေတော့ပါဘူး။ သူ့ရဲ့ အိမ်ဟောင်းလိုလို ဂိုဒေါင်လိုလို အဆောက်အဦးကြီးကြီးက အထီးတည်းတည်ရှိနေတယ်။) ဦးကျွန်းကျော်ဟာ မောင်လူမှိန်ရဲ့ ဦးကြီးလားမသိ၊ တော်ပါတယ်။ ဆွေမျိုးတော်တာတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း ဦးကျွန်းကျော်က သူ့မြေဝိုင်းရဲ့ ထောင့်တနေရာမှာ အိမ်ကလေးတလုံး ဆောက်ပြီး သူတို့ကို နေစေခဲ့တာပါ။ ဒါပေမဲ့ ဦးကျွန်းကျော် ချမ်းသာသလောက် မောင်လူမှိန်တို့ မိသားစုကတော့ ဆင်းရဲပါတယ်။ ( နောက်ပိုင်း မှာ မောင်လူမှိန်ဟာ အဲဒီ အိမ်လိုလို ဂိုဒေါင်လိုလို ဦးကျွန်းကျော်ရဲ့ အဆောက်အဦးကြီးထဲ သူတဦးတည်း ပြောင်းရွှေ့နေထိုင်ပါတယ်) ဦးကျွန်းကျော်ဝိုင်းရဲ့ အနောက်တောင်ထောင့်က မောင်လူမှိန်တို့ အိမ်ကလေးဆီကို ကျွန်တော်သွားတိုင်း နှစ်ပေါင်းများစွာ ပစ်ထားလို့ သံချေးတက်နေတဲ့ ကိုယ်ထည်သက်သက် ကားပျက်ကြီးဘေးက ကပ်ပြီး အမြဲဖြတ်သွားရပါတယ်။ ဘီးမပါ တန်ဆာပလာမရှိ မြေပေါ်ပိုးလိုးပက်လက် ခြေကားယား လက်ကားယားဖြစ်နေတဲ့ ဒီကားပျက်ကြီးဘေးက ကပ်ပြီး ဖြတ်သွားရ တိုင်း မောင်လူမှိန်ရဲ့ကဗျာကို သွားသွား အမှတ်ရမိတတ်ပါတယ်။

မောင်လူမှိန်ရဲ့ ကဗျာက 'ကားပျက်ကြီးရဲ့ အထုပ္ပတ္တိ' ကို ဖွဲ့ထားပါတယ်။ အခုတော့ ကားပျက်ကြီး၊ အရင်တုန်းကတော့ ပြေးဆွဲနေတဲ့ ငယ်ရွယ်နုပျို သွက်သွက်လက်လက် ခရီးသည်တင်ကားပေါ့။ တောကစျေးသည် အဒေါ်ကြီး တွေ တင်ခဲ့ဖူးတယ်။ အပျိုမတွေလည်း စီးခဲ့ဖူးသလို အဖိုးကြီးတွေလည်း စီးခဲ့ဖူးတယ်။ စျေးသည်အချင်းချင်းလည်း ကားပေါ်မှာ ရန်ဖြစ်ခဲ့ဖူးတယ်။ စပယ်ရာလေးရဲ့ ချွေးစက်တွေလည်း ကျခဲ့ဖူးတယ်။ ကားကြီးက တာဝန်ကျေအောင် ကုန်းရုန်းရှာဖွေကျွေးခဲ့လို့ ကားပိုင်ရှင်ကတော့ ချမ်းသာသထက် ချမ်းသာသွားတယ်။ ဒါပေမဲ့ အောက်လွှာက လူ့ဘဝတွေနဲ့အတူ ကားကြီးကတော့ ဗုန်းဗုန်းလဲကျပြီး သံချေးတွေတက်လို့…ဆိုတာမျိုး လှလှပပလေး ရေးဖွဲ့ထားတယ်လို့ စိတ်ထဲမှတ်မိနေပါတယ်။ မောင်လူမှိန် သရော်ထားတဲ့ ကားပျက်ကြီးရဲ့ပိုင်ရှင်ကတော့ သူ့ဦးကြီးဖြစ်သူပါပဲ။ (စကားပြောရာမှာဖြစ်စေ၊ ကဗျာစာ ရေးရာမှာဖြစ်စေ မထိတထိ သရော်တတ်တာက မောင်လူမှိန်ရဲ့ ဟန်တမျိုးပါ)

မောင်လူမှိန်က သူ့အဖေကိုတောင် သရော်တတ်ပါတယ်။ သူ့အမေက မြင်းခြံစျေးကြီးထဲမှာ စျေးရောင်းပါတယ်။ သူ့အဖေကတော့ စိတ်ကူးပေါက်မှ ဟိုအလုပ် ထလုပ်လိုက်၊ ဒီအလုပ်ထလုပ်လိုက် ဖြစ်ဟန်တူပါတယ်။ မောင်လူမှိန်က စာပေကဗျာ၊ ပြဇာတ်အနုပညာ ဝါသနာပါသလို သူ့အဖေကလည်း ရုပ်ရှင်ကို ဝါသနာပါ ပါတယ်။ မြင်းခြံမှာ "ဝါးရမ်း ပြေးဖိုးသိန်း"တို့၊ "ရွှေညာမြေ"တို့ကအစ ရုပ်ရှင်ကားတွေ ရိုက်ဖို့လာကြရင် သူ့အဖေဟာ တခြား ဘာအလုပ်ကိုမှ စိတ်ထဲ မထားတော့ဘဲ ရုပ်ရှင်ရိုက်တဲ့နောက် တကောက်ကောက် လိုက်နေတတ်တယ်။ မြင်းစီးတဲ့ အခန်းတွေပါရင် သူ့အဖေလည်း ရုပ်ရှင်ထဲ ပါပြီပေါ့။ ရုပ်ရှင်ရူးသွပ်တဲ့ သူ့အဖေအကြောင်း သရော်တော်တော်ပြောပြီး "မြင်းစီးဇာတ်လိုက်ကျော်ကြီး"လို့ ခေါ်တတ်တယ်။

မောင်လူမှိန် ကဗျာစရေးတာ မိုးဝေမဂ္ဂဇင်းမှာ မဟုတ်ပါဘူး။ အဲဒီအရင်က ဖယောင်းစက္ကူပေါ် လက်နှိပ်စက်နဲ့ ရိုက်ပြီး စာကူးစက်နဲ့ ပုံနှိပ်တဲ့ ကဗျာစာအုပ်လေးတွေမှာ သူ ကဗျာ စရေးခဲ့တာပါ။ ကျွန်တော်တို့က ဖယောင်းစက္ကူနဲ့ ရေးပြီး 'ရွက်နု'မဂ္ဂဇင်းဆိုတာ ထုတ်တော့ မောင်လူမှိန်က ကဗျာစာအုပ်တအုပ်လောက် ထုတ်ရအောင် ပြောလာတယ်။ ဒါမျိုးဆိုတာကလည်း အစိုးရမသိအောင် ထုတ်ရတာဆိုတော့ လျှို့ဝှက် အစည်းအဝေး လုပ်ရပါတယ်။ မှတ်မိတာကတော့ သူနဲ့အတူ သူ့သူငယ်ချင်း ကိုအောင်ရင်နဲ့ အဲဒီအချိန်က စစ်အစိုးရရုံးတရုံးမှာ စာရေးကြီးလုပ်နေတဲ့ ကိုချစ်လှတို့ပါတယ်။ (အဲဒီစာရေးကြီးကပဲ ကဗျာစာအုပ်အတွက် လက်နှိပ်စက်နဲ့ ကဗျာတွေ ရိုက်ပေး၊ ညအချိန် ခိုးကြောင်ခိုးဝှက် စာကူးစက်နဲ့ စာလိုမ့်ပေးလို့ ကဗျာစာအုပ်လေး သပ်သပ်ယပ်ယပ် ထွက်နိုင်ခဲ့တာပါ)ကျွန်တော်နဲ့အတူ ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာတယောက်ပါတယ်။ အဲဒီအစည်းအဝေးမှာ မောင်လူမှိန် တင်ပြတဲ့"ပေသံ"ဆိုတဲ့ ကဗျာစာအုပ်နံမည်ကို အားလုံးက လက်ခံ

အတည်ပြုခဲ့ကြပါတယ်။(ပေသံ–ဆိုတာ အဖိနှိပ်ခံတို့ရဲ့ အသံလို့ ပြောတာပါ)

မိုးဝေမဂ္ဂဇင်းမှာ ကဗျာတွေပါဖို့ သူရော ကျွန်တော်ပါ အတော်ကြီး ကြိုးပမ်းအားထုတ်ခဲ့ရတာပါ။ ကဗျာရေးတာများလို့ သူရော ကျွန်တော်ပါ ကဗျာတွေကို စာအုပ်လိုက် လုပ်ထားတတ်ကြတယ်။ သူရော ကျွန်တော်ပါ မိုးဝေမှာ ကဗျာတပုဒ်ပါဖို့ တချို့အခါတွေမှာ (၁၀) ပုဒ်ကျော်ကျော် လောက်တောင် ပို့ခဲ့ရတာ ရှိပါတယ်။ ကျောင်းသုံးဗလာ စာအုပ်ထဲမှာ ကဗျာတွေ ရေးထားတဲ့ သူ့လက်ရေးလေးတွေကို အခုထိ မှတ်မိနေပါသေးတယ်။ သူ့ကဗျာ ကိုယ့်ကဗျာ အပြန်အလှန် လဲလှယ်ဖတ်ရှုပြီး ဝေဖန်ချက် ထင်မြင်ချက် ပေးလေ့ရှိကြပါတယ်။

## မောင်လူမှိုန်နဲ့ ကမ္ဘာကျော် ဆိုးပေကြီးများ

မဂ္ဂဇင်းတွေထဲ ကဗျာ ပါတာမှာ ကျွန်တော်က မောင်လူမှိုန်ထက် စောပြီး မိုးဝေမဂ္ဂဇင်းမှာ ကဗျာရေးတာကျတော့ မောင်လူမှိုန်က ကျွန်တော့်ထက် စောပါတယ်။ ပြောရရင် မောင်လူမှိုန်နဲ့ ကျွန်တော်က အသက်ကွာပါတယ်။ သူက ကျွန်တော့်ထက် လေးငါးနှစ်လောက် ပိုကြီးတဲ့ အကိုကြီးအရွယ်ပါ။

သူ့ကို သူတို့အုပ်စုအနေနဲ့ စပြီး သိတာပါ။ ကျွန်တော်တို့ ကလေးသာသာဘဝမှာ သူတို့က လူပျိုကာလသား လူမိုက်အုပ်စု ဖြစ်နေပြီ။ ကျွန်တော်တို့ရပ်ကွက်က လှအောင်ကြီး(နောင်မှာ ပြဇာတ်မင်းသား၊ ရုပ်ရှင်ဇာတ်ရန် ဖြစ်သွားသူ)၊ ကိုတင့်ဆွေကြီးတို့လည်း သူတို့အုပ်စုထဲမှာ ပါတယ်။ သူတို့နှစ်ယောက်လုံး အရပ်တွေက ရှည်သလား မမေးနဲ့။ လက်သီးကလည်း ပြင်းမှပြင်း။ ကျွန်တော်တို့ကျောင်းရဲ့ ရန်ပွဲတခုမှာ ပျဉ်ပြားချပ်တွေကို လက်သီးနဲ့ ထိုးခွဲပြီး သူတို့ဟန်ရေးပြနေတာ ကြောက်စရာတောင် ကောင်းသေးရဲ့။ အခုထိ ပြန်လည်မြင်ယောင်နေမိသေးတယ်။ မောင်လူမှိုန်တို့အုပ်စုထဲမှာ ပါတဲ့ ကိုချစ်လှဆိုရင်လည်း အရပ်အတော်ရှည်တဲ့သူ၊ ကိုအောင်ရင်ကတော့ အရပ်မရှည်ပေမယ့် ဗလကောင်းတယ်။ သူတို့အုပ်စုထဲမှာ မောင်လူမှိုန်က အပိန်ဆုံး၊ အညက်ဆုံး။

ဒါပေမဲ့ သူတို့အုပ်စုကို ခပ်ရမ်းရမ်းစရိုက်တွေ ဝင်လာအောင်နဲ့ အနုပညာမျိုးစေ့လေးတွေ အညှောက်တွယ်လာအောင် နောက်ကွယ်ကနေ ကိုင်တွယ်သူကတော့ မောင်လူမှိုန်လို့ ကျွန်တော်ထင်တယ်။ ထင်စရာအကြောင်းကလည်း ရှိနေပါတယ်။

တချို့ အနုပညာသမားတွေမှာ တယောက်တမျိုးဆိုသလို ထူးခြားချက်လေးတွေ ရှိနေတတ်ပါတယ်။ ကိုကျော်ဆိုင် (နိုင်ဝင်းဆွေ) က ဟဲမင်းဝေးရဲ့ စာပေတွေအပေါ် ရူးသွပ်တတ်သလို မောင်လူမှိုန်ကလည်း တက်တိုးရဲ့ “ကမ္ဘာကျော် ဆိုးပေကြီးများ”စာအုပ်ကို သူ့ရဲ့ လက်စွဲအဖြစ် ထားတတ်တယ်။ သူတို့အုပ်စုဝင်အချင်းချင်း လှည့်ဖတ်တဲ့ အခါဖတ်၊ ဒါပေမဲ့ အချိန်တန်ရင် သူ့ဘေးမှာ ပြန်ရောက်နေပြီး သူက အမြဲတစေ တယုတယ သိမ်းထားတတ်တယ်။ နောင် မဒ့္ဂက်စ်ဝါဒ စာအုပ်တွေ ဘယ်လိုပဲ လေ့လာလေ့လာ “ကမ္ဘာကျော်ဆိုးပေကြီးများ” စာအုပ်ကတော့ သူ့အိပ်ရာဘေးမှာ အမြဲရှိနေတတ်တယ်။ ကမ္ဘာကျော် ဆိုးပေကြီးတွေလို သူတို့တတွေ ကမ္ဘာမကျော်ပေမယ့် အနုပညာအကြောင်းတွေကို အရက်သောက်ရင်း ငြင်းကြခုန်ကြ၊ ဆူကြပွက်ကြ ရမ်းကားကြတာတွေကတော့ ရပ်ကျော်ရွာကျော်ပဲ။ အနုပညာအကြောင်းတွေကို သူက လေအေးအေးနဲ့ ပြောပြီဆိုရင် ကျန်တဲ့သူတွေက တလေးတစား နားထောင်တတ်တယ်။ သူတို့အုပ်စုတွင်း ဖတ်သင့်တဲ့အနုပညာနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို မောင်လူမှိုန်က ညွှန်ပြပေးပြီး ကျန်သူတွေက ရှာဖတ်ကြတာလည်း တွေ့ဖူးတယ်။

## မောင်လူမှိုန်နဲ့ ပြဇာတ်

သူတို့အုပ်စုကို ကျွန်တော် စတင်ခင်တွယ်မိတာကတော့ သူတို့ရဲ့ မြေဝိုင်းပြဇာတ်တွေကြောင့်ပါ။ သူတို့ပြဇာတ်တွေ အကြောင်းပြောရင် မြင်းခြံမြို့က သုံးဆူဘုရားပွဲအကြောင်း ရှင်းပြဖို့ လိုအပ်ပါလိမ့်မယ်။ သုံးဆူဘုရားပွဲမှာ ဘုရားလှည့်တဲ့အခါ တမြို့လုံးက ရပ်ကွက်တွေကို လှည့်တယ်။ ဘုရားလှည့်တာနဲ့အတူ ယိမ်းတွေ၊ အဆိုနဲ့ တီးဝိုင်းအဖွဲ့တွေ၊ ပြဇာတ်တွေက နောက်ကနေ လိုက်ပါပြီး ကပြဖျော်ဖြေကြတယ်။ တချို့က ကားတွေနဲ့၊ တချို့က ခြေလျင်။ စည်တော်ကြီးယိမ်းလို ခမ်းခမ်းနားနား အပျိုချောလေးတွေ ကတဲ့ ယိမ်းတွေက ကားတွေ၊ မီးစက်တွေနဲ့ ခမ်းခမ်းနားနား လှည့်တတ်သလို ကလေးတွေ ကာလသားတွေရဲ့ “ဘိုးသူတော်ယိမ်း”လို ယိမ်းမျိုးတွေကလည်း ခြေလျင်လှည့်ကြတာပေါ့။ မြင်းခြံမြို့မတူရိယာအဖွဲ့တို့၊ ကျွဲကြီးတူရိယာအဖွဲ့တို့လို တူရိယာအဖွဲ့တွေကလည်း အဆိုတွေ အကတွေနဲ့အတူ (မန္တလေးသင်္ကြန်မှာ အလှပြကားတွေ လှည့် သလိုမျိုး) ကားနဲ့ လှည့်တတ်ကြတယ်။ အဲသလို လှည့်တဲ့အဖွဲ့ပေါင်း ရာကျော်သလို ဘုရား ရေသပ္ပာယ်ဖို့နဲ့ ဒီအဖွဲ့တွေ ရပ်နားကပြဖို့ အကျွေးအမွေးတွေနဲ့ ညှော့်ခံတဲ့မဏ္ဍာပ်တွေကလည်း တရပ်ကွက်ကို လေးငါးခြောက်ခုမက တမြို့လုံး စုစုပေါင်း ရာကျော်ရှိတယ်။ တနေ့လုံး တညလုံး လှည့်လည်ကပြလိုက်တာ နောက်နေ့ မိုးလင်းတဲ့အထိပဲ။ ဆင်းရဲတဲ့ကလေးတွေလည်း ဒီလိုပွဲတော်မျိုးမှာမှ ဗိုက်ကားအောင် စားရတော့မယ်ဆိုပြီး ပုဏ္ဏားယိမ်း၊ အဖိုးကြီးအိုယိမ်းဆိုပြီး မိတ်ကပ်တွေ လူးကာ ပွဲတော်မှာ ဝင်နွှဲလိုက်ကြတာ ဘာမှ မစားနိုင်တော့ဘဲ ခြေကုန်လက်ပန်းကျကာ ပစ်လဲတဲ့အထိ ဖြစ်ကုန်ရတာလည်း ရှိတယ်။

မောင်လူမှိုန်တို့ ပြဇာတ်က ခြေကျင်လိုက်ပါကပြတဲ့ ပြဇာတ်အဖွဲ့လေးပါ။ နောက်က ဗမာဂီတာတွေ၊ မယ်ဒလင်နဲ့ တခြား တူရိယာ အတီးအမှုတ်လေးတွေ ပါပါတယ်။ ဒါပေမဲ့ အထင်တော့ မသေးလိုက်ပါနဲ့။ သူတို့မြေဝိုင်းပြဇာတ်ရဲ့ အနုပညာတွေ၊ စကားလုံးတွေ၊ သရုပ်ဆောင်မှုတွေကောင်းလွန်းလို့ ကြေးစားပြဇာတ်က သရုပ်ဆောင်တွေ၊ ဇာတ်သဘင်သမားတွေကိုယ်တိုင် သူတို့ပြဇာတ်ကို အတုခိုးဖို့ မှောင်ရိပ်ကွယ်ကနေ လိုက်လံလေ့လာနေကြရတာပါ။ ဒီပြဇာတ်တွေရဲ့ စကားလုံးတွေကို မောင်လူမှိုန်က ရှာဖွေပေးရတယ်ဆိုတာ ပြောစရာ မလိုပါဘူး။ ပြဇာတ်နာမည်တွေလည်း မောင်လူမှိုန် ပေးတာပါ။ “မဲခေါင်မြစ်ဝှမ်းက သွေးစည်းသံ”ဆိုတဲ့ ပြဇာတ်တပုဒ်ကို ကျွန်တော် အခုထိ မှတ်မိနေပါသေးတယ်။ အဲဒီကတည်းက သူ့ပြဇာတ်တွေမှာ နိုင်ငံရေးသဘောတွေ ပါနေပါပြီ။ မောင်လူမှိုန်ကိုယ်တိုင် သရုပ်ဆောင်အဖြစ် ပါဝင်ပါတယ်။ ဒါပေမဲ့ သရုပ်ဆောင် တဲ့ဘက်မှာတော့ နောင် ပြဇာတ်မင်းသားဖြစ်သွားတဲ့ ကိုလှအောင်ကြီးတို့၊ ကိုတင့်ဆွေတို့က သူ့ထက် ပိုကောင်း ပါတယ်။ မင်းသမီးအဖြစ်ကတော့ ‘ကုလားကြီး’ ဆန်းညွန့်လို့ခေါ်တဲ့ မိန်းမရှာတယောက်က မင်းသမီးတွေ ရှုံးအောင် သရုပ်ဆောင်နိုင်တာ တွေ့ခဲ့ရပါတယ်။ ကျွန်တော်ဆို

သူတို့ပြဇာတ်တွေကို စွဲလမ်းပြီး သူတို့ကလေရာ မဏ္ဍပ်တခုပြီးတခု ဆက်တိုက် လိုက်ကြည့်ခဲ့ရတယ်။ မိုးလင်းပိုင်း ရောက်လို့ သူတို့အဖွဲ့တွေ အတော်မူးနေကြမှ လှည့်ပြန်ခဲ့ရတယ်။

သူတို့အဖွဲ့ ရမ်းလိုက်တာလည်း မပြောနဲ့၊ သူတို့အဖွဲ့ ကပြဖို့ အလှည့်မရောက်ခင် တခြားယိမ်းအဖွဲ့ကနေတုန်း "အလကားဟာတွေ…ဘာတွေကနေမှန်းမသိဘူး"ဆိုပြီး သူတို့သူငယ်ချင်း မူးနေတဲ့ ကိုအောင်ရင်က ကနေတဲ့လူအုပ်ထဲ ဘေးက ဆိုင်းအဖွဲ့ရဲ့ စည်တိုတလုံး ကောက်ပြီး သူ့ဗလကြီးနဲ့ လွှဲပြီး ပစ်ပေါက်လိုက်တာ…အနားမှာ ရှိနေတဲ့ ကျွန်တော်က ကြောက်လန့်တကြား ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်တာ စည်တိုရဲ့ သားရေကြိုးဖမ်းမိပြီး အောက်နား ပြုတ်ကျသွားလို့ တော်သေးရဲ့၊ မဟုတ်ရင် သေသူသေ၊ ဒဏ်ရာရသူရနဲ့ ပွက်လောရိုက်ပြီး အမှုအခင်းတွေ ဖြစ်ကုန်တော့မှာ။ မောင် လူမိုန်ရော၊ သူ့အဖွဲ့တွေမှာပါ ဒီလို စရိုက်မျိုးတွေ ရှိတတ်တာကို ပြောပြတာပါ။

အဲသလို မြေဝိုင်းပြဇာတ်တွေက နာမည်ကျော်လာတော့ သူတို့အဖွဲ့ထဲက ကိုလှအောင်ကြီးက နောင်မှာ ပြဇာတ်မင်းသား ဖြစ်သွားပြီး မောင်လူမိုန်ကလည်း ပြဇာတ်ရေးဆရာအဖြစ် ဘဝတခဏတာ ထူထောင်ကြည့်လိုက်ပါသေးတယ်။

## မောင်လူမိုန်နဲ့ စတင်တွေ့ထိမိပုံ

သူတို့အဲသလို ပြဇာတ်တွေ ကနေတဲ့အထိ သူနဲ့ ကျွန်တော် မရင်းနှီးသေးပါဘူး။ ကျွန်တော်ကပဲ သူတို့ကို သိနေရုံသက်သက်ပါ။ ဒါပေမဲ့ သူနဲ့တွဲနေတဲ့သူတွေက ကျွန်တော်တို့ရပ်ကွက်နဲ့ အနီးအနားရပ်ကွက်ကလူတွေ များတယ်။ ကိုလှအောင်ကြီးတို့၊ မိန်းမရှာ 'ကုလားကြီးဆန်းညွန့်' တို့က ကျွန်တော်တို့ရပ်ကွက်က ဖြစ်ပြီး ကပ်လျက်ရပ်ကွက်က ကိုတင့်ဆွေကလည်း ကျွန်တော်တို့ ရပ်ကွက်သားလို ဖြစ်နေတော့ ကျွန်တော်ကဗျာရေး တဲ့သတင်း၊ ဆုတွေရတဲ့သတင်းကို သူက ကြားနေပါတယ်။

သူက တွေ့ချင်တယ်ဆိုလို့ ကိုလှအောင်ကြီးက ခေါ်သွားပြီး ဆုံတွေ့ပေးတဲ့အတွက် သူတို့အိမ်မှာ သူနဲ့ စတွေ့ပါတယ်။ သူ့ရဲ ဝသီအတိုင်း ရှုမဝမှာ ကဗျာတိုလေးတွေ ပါတာတော့ သူက အားပေးပြီး ငွေတာရီနဲ့ သွေးသောက်မှာ ပါတာတွေကျ သရော်သလိုလို ပြောပါတယ်။ ကျွန်တော့်ဆီက ကဗျာတွေ၊ စာအုပ်တွေ တောင်းဖတ်၊ ငှားဖတ်လုပ်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်အထိ သူ ကဗျာမရေးသေးပါဘူး။ သူနဲ့တွဲမိသွားရင်း ပိုရင်းနှီးသွားတာက နိုင်ငံရေးကြောင့်ပါ။ သူ့ဆီမှာလည်း နိုင်ငံရေးစာအုပ်တွေ ရှိပါတယ်။ ကျွန်တော်ကလည်း နိုင်ငံရေးစာအုပ်တွေ ဟိုကဒီက ရလာတာတွေ ရှိတယ်။ စာအုပ် လဲဖတ်ကြရင်း ပိုရင်းနှီးသွားကြတာပါ။

## မောင်လူမိုန်နဲ့ နိုင်ငံရေး

ဒီလိုနဲ့ တနေ့မှာ သူက စတာလင်မွေးနေ့ အထိမ်းအမှတ်ပွဲကလေး တခု လုပ်ချင်တယ်လို့ ပြောလာပါတယ်။ သူက သူယုံကြည်တဲ့သူ တယောက်ပါမယ်၊ ကျွန်တော်က ကျွန်တော်ယုံကြည်တဲ့သူ နှစ်ယောက်ပါမယ်၊ စုစုပေါင်း ငါးယောက်လောက်နဲ့ လုပ်ဖို့ တိုင်ပင်ကြတယ်။ ကျွန်တော်နဲ့ပါတဲ့ ရဲဘော်နှစ်ယောက်က သူနဲ့လည်း သိနေပါတယ်။ သူခေါ်ထားတဲ့တယောက်ကတော့ ကျွန်တော်တို့မသိတဲ့ လူစိမ်းပါ။ လုပ်မှာကတော့ ဦးကျွန်းကျော်ဝိုင်းထဲက လုံခြုံတဲ့ သူ့အိမ်မှာ လုပ်မှာပါ။ သူ့မိဘတွေလည်း ဈေးသွားကြ၊ သူ့ညီမလေးနဲ့ ညီငယ်တယောက်လည်း ကျောင်းသွားကြ၊ အဲဒီအချိန်မှာ လုပ်ဖို့ စီစဉ်ခဲ့ကြတာပါ။ ကျွန်တော်တို့ကလည်း မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်၊ မော်စီတုန်း အားလုံးကို ကြည်ညိုနေတာဆိုတော့ သူ စတာလင် အထိမ်းအမှတ် လုပ်ချင်တာကို လိုက်လျောခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီနေ့ သူ့အိမ်မှာ စတာလင်ကိုလည်း အလေးနီပြုပြီးရော၊ သူနဲ့ သူ့ရဲဘော် အထိမ်းအမှတ်ပြု ပြောစကားတွေက အလံနီပါတီအကြောင်းတွေ ဖြစ်နေပါတယ်။ ဒီမှာတင် ကျွန်တော်နဲ့ ကျွန်တော့်ရဲဘော်တွေက မကျေမလည်ဖြစ်ပြီး အချေအတင် ပြောဆိုဆွေးနွေးကြရပါတယ်။ လျှို့ဝှက်လုပ်ရတဲ့ အခမ်းအနားကလေးဖြစ်တော့ ထိန်းထိန်းသိမ်းသိမ်းနဲ့ ကိုယ်ယုံကြည်ရာ ကိုယ်ပြောကြပြီး သိုသိုသိပ်သိပ်နဲ့ ပွဲသိမ်းလိုက်ရပါတယ်။

အဲဒီနောက် သူနဲ့ ကျွန်တော်တို့ ခပ်တန်းတန်း ဖြစ်သွားခဲ့ပါတယ်။ အဲဒီကာလတွေအတွင်းမှာ သူရဲ့ကောင်းမွန်ချက်တခုက မာ့က်စ်ဝါဒကို ဆက်လက်လေ့လာပြီး သူ့အမှားကို သူပြင်တာပါပဲ။ ကျွန်တော်တို့ရဲဘော်တွေနဲ့ သူက ဆက်လက် ထိတွေ့ပြီး ဆွေးနွေးပြောဆိုရင်းက သူ့ရဲ့ အလံနီရဲဘော်နဲ့ လုံးဝ အဆက်ဖြတ်လိုက်ပါတယ်။ ကျွန်တော်တို့ပါတီဘက် သူ ရောက်လာပါတယ်။ သူ့ဆီမှာ သူ ဘယ်က ရှာထားမှန်းမသိတဲ့ မော်စီတုန်းဩဝါဒ စာအုပ်နီကလေးနဲ့ မော်လက်ရွေးစင်ကျမ်းတွေ ရှိနေလို့ ကျွန်တော်က သူ့ဆီက ငှားဖတ်ရပါတယ်။ မာ့က်စ်ဝါဒစာအုပ်တွေ တယောက်မှာ ရှိရင် ကိုယ့်ရှိတာလေးတွေ ပေးဝေပြီး အတူ လေ့လာခဲ့ကြပါတယ်။ စစ်အုပ်စု၊ စစ်အစိုးရဆန့်ကျင်ရေးအကြောင်းတွေလည်း အတူဆွေးနွေး၊ အတူရပ်တည်ရင်းက ကျွန်တော်တို့တတွေ ရဲဘော်တွေအဖြစ် လက်တွဲမိခဲ့ကြပါတယ်။

ဒါပေမဲ့ သူနဲ့ ကျွန်တော်တို့ ကျန်ရဲဘော်တွေ မတူတဲ့အချက်တချက်က အနေအထိုင်ပါပဲ။ ကျွန်တော်တို့က လူထုထဲမှာ (နောင်တချိန် အရောင်ပေါ်သွားရင်တောင်) ကွန်မြူနစ်ဆိုတာ ဟောဒီလိုလူတွေပါလား–လို့ သိကျန်ရစ်အောင်၊ အိမ်မှာ ရပ်ကွက်မှာ လူထုထဲမှာ လူထုမကြိုက်တာတွေ ရှောင်ရှားပြီး လူအများ လက်ခံနိုင်တဲ့ အနေအထိုင်အတိုင်း နေထိုင်ပြုမူရမယ်လို့ ယုံကြည်လက်ခံထားကြပါတယ်။ အဲဒီအတိုင်းလည်း အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြပါတယ်။ သူက လေလွင့်တတ်တယ်။ သောက်စားရမ်းကားပြီး စကားများတတ်တယ်။ ရန်ဖြစ်တတ်တယ်။ တနေကုန် ဟိုသွားဒီသွား လက်ဖက်ရည်ဆိုင်ထိုင် လုပ်တတ်တယ်။ ဒီလို အကျင့်စရိုက်တွေကို ကျွန်တော်တို့ ရဲဘော်တွေက မကြိုက်ကြပါ။ (သူ့ချို့ယွင်းချက်တွေ ဖော်ပြနေတာ မဟုတ်ပါဘူး။ သူဘယ်လိုလူမျိုးလဲဆိုတဲ့ သူ့ဘဝရုပ်လုံးပေါ်အောင် သူ့စရိုက် ပေါ်အောင်တွဲပြီး ဖော်ပြနေတာပါ။ နောက်တချက်က နိုင်ငံရေးသမားတွေ ဆင်ခြင်နိုင်ဖို့ အချက်အလက်တခုအဖြစ် ဖော်ပြနေတာပါ)

မှတ်မိပါသေးတယ်။ သူနဲ့ ရင်းနှီးကာစက ကဗျာစကားစာစကားပြောချင်ရင် သူထိုင်သောက်တတ်တဲ့ ခေါက်ဆွဲဆိုင်တွေမှာ လိုက်ရှာရပါတယ်။ သူ့အတွက် ကိုယ့်မုန့်ဖိုးထဲက အရက်ဝယ်တိုက်၊ အမြည်းဝယ်ကျွေး လုပ်ရပါတယ်။ တခါတော့ ကိုအောင်ရင်တို့ ခေါက်ဆွဲဆိုင်မှာ သူက ကိုအောင်ရင်နဲ့အတူပေါင်းပြီး ကျွန်တော့်ကို

အရက်တိုက်တာ၊ ကျွေးမွေးတာ လုပ်ကြပါတယ်။ "အရက်ဆိုတာ ရေနဲ့ ရောသောက်ရင် အသည်းကို မထိခိုက်ဘူး"ဆိုပြီး မောင်လူမှိန်က အရက်ကို ဖန်ချိုင့်ထဲက ရေနဲ့ ရောရောပြီး ကျွန်တော့်ကို တိုက်ပါတယ်။ အမှန်က ဖန်ချိုင့်ထဲမှာ ထည့်ထားတာတွေကလည်း ရေမဟုတ်ဘဲ အရက်တွေပါ။ ကျွန်တော့်မှာ တညလုံး မူးသွားလိုက်တာ ကေရာဇ်မြစ်တွေ သွေးတိုက်တာတောင် အမူးဒဏ်မပြေဘဲ နှစ်ရက်လောက် ဒဏ်ခံလိုက်ရပါတယ်။ သတိရတဲ့အချိန် ကျောမှာလည်း ဘာဖြစ်ထားမှန်းမသိတဲ့ ဒဏ်ရာတွေနဲ့ပါ။ အဲဒီနောက် သူတို့ဘယ်လောက်တိုက်တိုက် သူတို့နဲ့ တွဲ မသောက်တော့ပါဘူး။ နောက်ပိုင်း ပါတီနဲ့ အဆက်ရတဲ့အခါ ကျွန်တော်တို့ရဲဘော်တွေအားလုံး အရက်မသောက်တော့တဲ့အခါ မောင်လူမှိန်တို့ အရက်ဝိုင်းနဲ့ လုံးဝကင်းကွာသွားပါတယ်။

ဒါပေမဲ့ မောင်လူမှိန်ရဲ့ အားကောင်းချက်ကတော့ စာအုပ်တွေနဲ့ မကင်းမကွာ နေတာပါပဲ။ သူ့လက်ထဲမှာ မာ့က်စ်ဝါဒနဲ့ဆိုင်တဲ့ စာအုပ်တမျိုးမျိုး ဖြစ်စေ၊ စာပေနဲ့ သက်ဆိုင်တဲ့ စာအုပ်တမျိုးမျိုး ဖြစ်စေ ကိုင်ထားတတ်ပါတယ်။ လက်ဖက်ရည်ဆိုင် ထိုင်ရင်းလည်း စာအုပ်ကို ဖတ်တတ်ပါတယ်။ မောင်လူမှိန်ရဲ့ ထူးခြားချက်က အတန်းပညာ (၇) တန်း (၈) တန်းလောက်သာရှိပေမယ့် စာပေလေ့လာမှုအားကောင်းလို့ အခုလို ကဗျာဆရာဖြစ်လာတာပါ။ စာပေအနုပညာ လေ့လာမှုမှာ မဟာဂီတပေါင်းချုပ်ကအစ လေ့လာပါတယ်။ မဟာဂီတပေါင်းချုပ် စာအုပ်ကြီး ဆိုရင် ကျွန်တော် သူ့ဆီက ငှားယူပြီး လေ့လာရတာပါ။

သူနဲ့ ကျွန်တော် တွဲနေတဲ့ကာလက တခြားမြို့က နိုင်ငံရေးဆွေးနွေးသူတွေ သူ့ဆီလာရင်လည်း ကျွန်တော်နဲ့ ပေးတွေ့ပြီး ဆွေးနွေးစေပါတယ်။ မှတ်မှတ်ရရ ကိုကျော်ဝင်း(ယခု စာရေးဆရာ ကျော်ဝင်း) ကျောင်းသားဘဝက မောင်လူမှိန်အိမ်မှာ တွေ့ပြီး ကျွန်တော်တို့ ဆွေးနွေးခဲ့ကြဖူးပါတယ်။ (အဲဒီကတည်းက ကိုကျော်ဝင်းအယူအဆတွေကို ကျွန်တော်တို့ လက်မခံနိုင်ခဲ့ကြပါ)

ကျွန်တော်တို့ ရဲဘော်အစုလေးနဲ့ သူတွဲမိစဉ်ကာလက ဒီအစုကလေးရဲ့ တာဝန်ပေးချက်အရ သူနဲ့ အခြားရဲဘော်တယောက် လားရှိုး–မူ ဆယ်ဘက်တက်ပြီး ဗကပနဲ့ အဆက်အသွယ်ရအောင် တက်ရှာခဲ့ဖူးတာလည်း ထည့်သွင်းဖော်ပြမှ ပြည့်စုံနိုင်လိမ့်မယ်ထင်ပါတယ်။

စာပေအနုပညာဘက်မှာ မောင်လူမှိန်ရဲ့ နိုင်ငံရေးအယူအဆကတော့ ပြည်သူ့စာပေ၊ ပြည်သူ့အနုပညာ ပေါ်ထွန်းရေးနဲ့ သူကိုယ်တိုင်ကတော့ ပြည်သူ့ကဗျာဆရာ ဖြစ်ရေးပါပဲ။

## မောင်လူမှိန်နဲ့ ချစ်မေတ္တာ

ကျွန်တော်တို့ငယ်ငယ် သူ လူပျိုကာလသားအရွယ်က မောင်လူမှိန် မိန်းမပျိုတွေ ပိုးပန်းတာ ရှိဖူးတယ်လို့ သဲ့သဲ့တော့ ကြားဖူးပါတယ်။ ဒါပေမဲ့ ဘယ်သူနဲ့ သမီးရည်းစား ဖြစ်ဖူးတယ်ရယ်လို့ တခါမှ မကြားဖူးပါ။ ခနရှင်အချစ်၊ ခနရှင်လူတန်းစား အိမ်ထောင်ရေး ဆန့်ကျင်တယ်လို့ ပြောင် ကြွေးကြော်ပြောဆိုနေတာကတကြောင်း၊ အလုပ်အကိုင် အတည်တကျမလုပ်ဘဲ ကဗျာကိုပဲ ရေးနေတာကတကြောင်း သူ့မှာ ချစ်သူရည်းစား ရဖို့လည်း မလွယ်လှပါ။

နောက်ပိုင်းမှာတော့ နိုင်ငံရေးဘက်က ရဲဘော်မတယောက်ကို သူ အဝေးကနေ စွဲစွဲလမ်းလမ်း ချစ်ခင်ကာ ကြိတ်ပြီး ပိုးပန်းဖူးပါတယ်။ လက်ဖက်ရည်ဆိုင်က စောင့်ကြည့်ပြီး ပိုးပန်းတာမျိုးလောက်ပါ။

ကျွန်တော် ခွဲခွာလာပြီးတဲ့နောက်ပိုင်းမှာလည်း သူ အိမ်ထောင်ကျတယ်လို့ မကြားမိပါ။ တသက်လုံး လူပျိုကြီး ဘဝနဲ့ အရိုးထုတ်သွားတယ် ထင်ပါရဲ့။

## ကဗျာဆရာရဲ့ နိဂုံး

သူနဲ့အတူ မြင်းခြံပါလာဖူးပြီး သူနဲ့ အတော် ရင်းနှီးတဲ့ ကဗျာဆရာ ရေးတဲ့ ဆောင်းပါး ဖတ်ရမှ မောင်လူမှိန် ရေနစ်သေဆုံးသွားတယ်လို့ ကြားသိရပါတယ်။ စိတ်မကောင်း ဖြစ်ရပါတယ်။ အစက ရောဂါနဲ့ ကွယ်လွန်သွားတယ်လို့ ထင်မိတာပါ။ သူက အရက်လည်း ကြိုက်တတ်တာကိုး။ (နောက်ပြီး ဘာကြောင့်လဲ မသိ လူတောထဲ ရောက်ရင် သူ့နှုတ်ခမ်းကို လက်ကိုင်ပဝါလေးနဲ့ အုပ်ထားတာ သူ့ရဲ့ဟန်တမျိုးလို့ ဆိုရပါမယ်။ သူက ရုပ်ရှင်မင်းသား မြတ်လေးကိုလည်း အတော်စွဲပါတယ်။ သူ့ဆံပင်ကလည်း မြတ်လေးဆံပင်ပုံစံမျိုးပါ။) မောင်လူမှိန် ဒီအသက် ဒီအရွယ်ရောက်မှ ဘယ်လို ရေနစ်သေရတာပါလိမ့်။ တချို့သော အနုပညာသမားတွေ ဖြစ်လေ့ဖြစ်ထ ရှိသလို ကိုယ့်ကိုယ်ကို သတ်သေတာများလားလို့ မဝံ့မရဲ တွေးလိုက်မိပါသေးတယ်။ အဲသလို မဟုတ်ပါစေနဲ့။ မာ့က်စ်ဝါဒ ယုံကြည်သူ၊ ပါတီကို ယုံကြည်သူ၊ အရေးတော်ပုံကိုအားပေးသူမို့ မောင်လူမှိန် ကွယ်လွန်သွားခြင်းအတွက် အလွန်နှမြောတသခြင်း ဖြစ်မိပါတယ်။ ။



(လူနာမည် ကလောင်နာမည်များ ပြောင်းလဲဖော်ပြထားပါတယ်)

မောင်လှဝင်း



# ပြည်တွင်း ငြိမ်းချမ်းရေး

မိုးလင်းဝင်း

ဆရာကြီးဒဂုန်တာရာက ၁၆–၂–၂၀၁၁ နေ့မှာ ပြည်တွင်းငြိမ်းချမ်းရေး စေ့ဆော်တဲ့အနေနဲ့ အနုပညာရှင်တွေ၊ အသိပညာရှင်တွေ အခု ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ပါဝင်ကြဖို့ မျှော်လင့်ကြောင်း ပြောဆိုလိုက်ပါတယ်။ လွတ်လပ်ရေးရပြီးခါစ ပြည်တွင်းစစ်မီး တောက်လောင်လာချိန်တုန်းက သခင်ကိုယ်တော်မှိုင်း ဦးဆောင်မှုအောက်မှာ လှုပ်ရှားခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှာလည်း ဆရာဒဂုန်တာရာ ပါဝင်ခဲ့တယ်။ ၁၉၄၈ မတ်လ ၂၈ ရက်နေ့က ပြည်တွင်းစစ်ပဋိပက္ခကြီး စတင်ခဲ့တယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဖဆပလ အဖွဲ့ကြီးထဲက ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်တို့ရဲ့ ပဋိပက္ခမှာ ၂ ဖက်စလုံး သူ့တပည့်သားမြေးတွေချည်းပဲ၊ သူမှားတယ်၊ ကိုယ်မှားတယ်လို့ ပြောမနေကြနဲ့တော့။ အားလုံးသင်ပုန်းချေကြစို့၊ ဒီမီးငြိမ်းအောင် လုပ်ကြရမယ်လို့ ပြောခဲ့တယ်။

၅–၁၂–၄၈ ကန်တော်မင်ပန်းခြံ လူထုအစည်းအဝေးပြုလုပ်ပြီး ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောင်းဆိုချက်တွေ တင်ပြခဲ့တယ်။ ရန်ကုန်မြို့ပေါ်က ကျောင်းတိုက် ၁၀၀ ကျော်က သံဃာတော်တွေကို ဆရာကြီးမှိုင်းကိုယ်တိုင် ၇ ရက်လုံး လုံး လိုက်ပြီးလျှောက်ထားတယ်။ ၂၅ ရက်နေ့မှာ သံဃာတော် ၃,၀၀၀ ကျော်နဲ့ လူ ၂,၀၀၀ ကျော်ပါတဲ့ အစည်းအဝေးကနေ အပြုတ်တိုက်ရေး မကျင့်သုံးဖို့ သင်ပုန်းချေနည်းကို ကျင့်သုံးဖို့ တောင်းဆိုခဲ့တယ်။ ဒီလူထုအစည်းအဝေးက ချမှတ်ဆုံးဖြတ်ချက်တွေကို အစိုးရဆီ ပို့ခဲ့တယ်။ ဘာအကြောင်းမှ မပြန်ကြားပါ။ ၁၉၆၀ ခုနှစ်ပိုင်းမှာ အသစ်တဖန်ပြန်လည် ဖွဲ့စည်းပြီး၊ ပြီးခဲ့တဲ့ သူမနာကိုယ်မနာ စေ့စပ်ဆွေး နွေးရေး အဆင့်ကနေ တဆင့်တက်ခဲ့တယ်။ အမျိုးသားဒီမိုကရေစီရေး၊ နယ်ချဲ့ဆန့်ကျင်ရေးပေါ်မှာ အခြေတည်မှ ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ဖြစ်မယ်ဆိုပြီး “ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရေး အခြေခံသစ်”ကို ချပြခဲ့တယ်။ ဆရာကြီးအသက် ၈၄ နှစ်ကျော်လာပြီမို့ ဗိုလ်ကျော်ဇော တို့၊ ဦးထွန်းတင်တို့က ဆရာကြီးရဲ့ အမွေဆက်ခံပြီး ပြည်တွင်းငြိမ်းချမ်းရေး ဆက်လက်ကြိုးပန်းခဲ့ကြတယ်။ ဒါပေမဲ့ အစိုးရပိုင်းက လက်မခံတဲ့အတွက် ကြိုးပမ်းမှုလုပ်ငန်းတွေ အောင်မြင်မှုမရခဲ့ဘူး။

၁၉၆၄ မတ်လမှာတော့ ဗိုလ်နေဝင်း စစ်အစိုးရရဲ့ “အမျိုးသားညီညွတ်ရေး၊ ထိန်းသိမ်းကာကွယ်ရေးဥပဒေ”ပေါ်ပေါက်လာပြီး ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဟာ လှုပ်ရှားမှုမရှိသလောက်ဖြစ်ခဲ့ရတယ်။ ၁၉၆၄ နောက်ပိုင်း တောတွင်းလက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေနဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ တဖွဲ့ပြီးတဖွဲ့ ပျက်ပြားခဲ့တယ်။ လက်နက်ကိုင်ပဋိပက္ခ ဆက်လက်ဖြစ်ပေါ်ခဲ့တယ်။ ၆၇–၆၈ ခုနှစ်မှာ ပြည်တွင်းစစ်မီးကြီး ပြည်တွင်းမှာရော နယ်စပ်ဒေသများမှာပါ တောက်လောင်ခဲ့တယ်။ မဆလ စစ်အစိုးရခေတ်မှာ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ၂၀ ကျော်အထိ တိုးများလာခဲ့တယ်။ လက်နက်ကိုင် တော်လှန် တိုက်ပွဲမဝင်တဲ့ လူမျိုးစုရယ်လို့ မရှိသလောက်ဖြစ်ခဲ့တယ်။

၁၉၈၈–၈၉ မှာတော့ ပြည်တွင်းပြည်ပ နိုင်ငံရေးအခင်းအကျင်းတွေ ပြောင်းခဲ့တယ်။ နယ်စပ်ဒေသ လူမျိုးစု လက်နက်ကိုင် တော်လှန်ရေးအင်အားစုများဟာ ဂလေးလုံးအရေးအခင်းကို လက်နက်နဲ့ နှိပ်ကွပ်သတ်ဖြတ်ပြီး တက်လာတဲ့ နဝတအစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေ ရရှိခဲ့တယ်။ နဝတအစိုးရနဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ယာယီရပ်စဲသွားခဲ့တယ်။ စစ်လည်းမဖြစ် ငြိမ်းချမ်းရေးလည်းမရတဲ့ အခြေအနေသစ်တခုကို ဖြတ်သန်းခဲ့ကြရတယ်။ နဝတ–နအဖစစ်အစိုးရဟာ အပစ်ရပ်အဖွဲ့တွေရဲ့ နိုင်ငံရေး တောင်းဆိုချက်တွေကို မျက်ကွယ်ပြုပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ချော့မြူရေးနည်းနာကို အသုံးပြုပြီး လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကို ဖြိုခွဲပစ်ခဲ့တယ်။ သွေးခွဲအုပ်ချုပ်ခဲ့တယ်။ နဝတ–နအဖ ဦးစီးကျင်းပခဲ့တဲ့ ခေါ်ဆိုလေ့ရှိတဲ့ အမျိုးသားညီလာခံမှာ တက်ရောက်ခွင့်ရခဲ့ပေမယ့် “အမျိုးသားတန်းတူရေး၊ သွေးစည်းရေး၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်”တွေ တောင်းဆိုခဲ့တာတွေကတော့ ဘာတခုမှ မရခဲ့ပါ။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲပြီးနောက်မှာတော့ အပစ်ရပ်အဖွဲ့များအတွင်း နိုင်ငံရေးမကျေနပ်မှုတွေဟာ ပေါက်ကွဲလာတော့တယ်။ ခန့်မှန်းခြေအားဖြင့် စုစုပေါင်း အင်အား ၄ သောင်းလေက်ရှိတဲ့ အပစ်ရပ် လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေကို ကာကွယ်ရေးဦးစီးချုပ်လက်အောက်ခံတပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းရမယ်လို့ ပြဋ္ဌာန်းလိုက်တယ်။ တနည်း နယ်ခြားစောင့်တပ် BGF အဖြစ် အသွင်ပြောင်းရေးကို တောင်းဆိုလာတယ်။ ဒါကို အပစ်ရပ်အဖွဲ့များက လက်မခံနိုင်ကြပါ။ မိမိတို့ရဲ့ တန်းတူရေး၊ သွေးစည်းရေး၊ ကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့် ဆုံးရှုံးခဲ့ရပြီလို့ ယူဆကြပြီး စစ်အစိုးရနဲ့ လက်နက်ကိုင် ပဋိပက္ခဖြစ်လာပါတယ်။ ကရင်အမျိုးသား အစည်းအရုံး KNU မှ ခွဲထွက်လာတဲ့ DKBA ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး အဖွဲ့ဝင်တွေဟာ KNU နဲ့ ပြန်လည် ပူးတွဲပြီး စစ်အစိုးရကို ခုခံစစ် ပြုလုပ်ခဲ့တယ်။ နိုဝင်ဘာ ၈ ရက်နေ့ ဗိုလ်သန်းရွှေရဲ့ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှ စတင်ကာ အပစ်ရပ် လူမျိုးစု လက်နက်ကိုင် အင်အားစုတွေနဲ့ စစ်အစိုးရစစ်တပ်တွေအကြား လက်နက်ကိုင်ပဋိပက္ခဟာ ပိုကြီးထွားလာတယ်။ စစ်အစိုးရတပ်တွေဟာ ကရင်ပြည်နယ်အတွင်း စစ်ရေးတိုးချဲ့မှုတွေ လုပ်လာတယ်။

မေလ ၁၁ ရက်နေ့က အစိုးရရဲ့ ထိုးစစ်ဒဏ်ကြောင့် ကရင်ပြည်နယ် မြောက်ပိုင်း (ဖာပွန်) ခရိုင် လူသောမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၀၀ ကျော်မှာ နေထိုင်ကြတဲ့ လူပေါင်း ၁,၀၀၀ နီးပါးဟာ စားနပ်ရိက္ခာအကျပ်အတည်း ပြဿနာနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ စစ်တပ်စခန်းချထားရာနေရာတွေ၊ တိုက်ပွဲဖြစ်ပွားရာနေရာတွေမှာ ကရင်ရွာသားတွေဟာ စိုက်ပျိုးရေးအခက်အခဲ ကြုံနေရသလို စစ်မက်ဖြစ်ပွားနေတာကြောင့်

အခက်အခဲ ပိုကြီးမားနေပါတယ်။ တချို့ရွာတွေမှာ ကလေးသူငယ်များကိုသာ အစားအစာကျွေးနိုင်ပြီး လူကြီးတွေမှာ စားစရာမရှိလို့ အငတ်ခံနေရတာမျိုးလည်း ရှိတယ်။ ပြည်တွင်းစစ်ရဲ့ အန္တိမ်ဒုက္ခရုံတွေ ကျယ်ပြန့်မလာအောင် အခြေအနေ တွေက တောင်းဆိုနေတယ်။ တချို့ပြည်သူတွေဟာ ဗုံးသံ၊ သေနတ်သံတွေကြောင့် တဖက်နိုင်ငံမှာ သွားရောက်ခိုလှုံနေကြရတယ်။ ပြည်သူတွေခံစားရတဲ့ ဘဝက ခါးသီးလှပါတယ်။

နယ်ခြားစောင့်တပ်ဖွဲ့ရေး လက်မခံတဲ့ KIA တပ်ဖွဲ့နဲ့ စစ်အစိုးရ လက်နက်ကိုင်ပဋိပက္ခဟာလည်း ကချင်တောင်တန်းမှာ ကျယ်ပြန့်လာတယ်။ စစ်အစိုးရထိုးစစ်ကြောင့် ကချင်ပြည်နယ်အတွင်းက ပြည်သူတွေဟာ ကြောက်ရွံ့ထိတ်လန့်ပြီး တရုတ်–ဗမာနယ်စပ်ရှိ KIO ထိန်းချုပ်ထားရာ နယ်မြေအတွင်း ဝင်ရောက်ခိုလှုံနေကြရတယ်။ ကလေးအများစုနဲ့ သက်ကြီးရွယ်အို အများအပြား ပြေးလာ ကြပါတယ်။ ထိုင်းဗမာနယ်စပ်မှ တရုတ်ဗမာနယ်စပ်၊ ကချင်ပြည်နယ် မြောက်ပိုင်းမှ ရှမ်းပြည်တောင်ပိုင်း အလယ်ပိုင်းအထိ စစ်အစိုးရ ထိုးစစ်အမြောက်သံများ ပဲ့တင်ထပ်လာလို့ ရှမ်းအမျိုးသား ပြည်သူများလည်း မိမိရပ်ရွာကို စွန့်လွှတ်ပြီး ဘေးကင်းရာဒေသတွေကို ပြေးလာကြရတယ်။ စစ်ဘေးသင့်တဲ့ ဒေသက ကျောင်းသူကျောင်းသားများလည်း ကျောင်းသင်ခန်းကို စွန့်ခွာပြီး ထွက်ပြေးလာကြရတယ်။

၁၉၄၈ ကစတင်ခဲ့တဲ့ ပြည်တွင်းစစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် ပြည်သူတွေရဲ့ဘဝဟာ ဆင်းရဲမွဲပြာကျနေဆဲပါ။ ဖဆပလခေတ်မှ နဝတ၊ နအဖ ခေတ်အဆက်ဆက်၊ စစ်အစိုးရတွေဟာ တိုင်းပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးစတဲ့ပြဿနာတွေ ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းရမယ့်အစား ပြည်သူတွေရဲ့ အခွင့်အရေးတွေကို အကြမ်းဖက်နည်းနဲ့ ဖြေရှင်းခဲ့ကြတယ်။ နယ်စပ်ဒေသက စစ်ရေးထိုးစစ်တွေ၊ ရှမ်းတောင်တန်းပေါ်က ထိုးစစ်တွေရဲ့ ရိုက်ခတ်မှုကြောင့် ပြည်တွင်းက ပြည်သူလူထုကြီးကလည်း စိုးရိမ်တုန်လှုပ် သောကရောက်ကြရပါတယ်။ ၄၈ ခုနှစ်က စတင်ခဲ့တဲ့ ပြည်တွင်းစစ်မီးဟာ မီးခဲပြာဖုံးဘဝကနေ ပြန်လည်တောက်လောင် ကျယ်ပြန့်လာနေတာ တွေ့ကြရတော့ ရဟန်းရှင်လူပြည်သူတွေ ဘဝင်နှလုံး မရွှင်ပြုံးနိုင် ခံစားနေရပြီ။

ဒါကြောင့် လူမျိုးပေါင်းစုံပြည်သူလူထုကြီးရဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတောင်းဆိုမှုတွေ ပဲ့တင်ထပ်လာပြီး ဆရာကြီးဒဂုန်တာရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် စတဲ့ ပုဂ္ဂိုလ်တွေကလည်း ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းသွားမယ်လို့ ကမ္ဘာကို ကြေညာခဲ့ကြပြီ။ ဩဂုတ်လ ၃ ရက်နေ့က ရှမ်း၊ ကရင်၊ မွန်၊ ချင်း၊ ရခိုင်စတဲ့ တိုင်းရင်းသား ၅ ပါတီက ရန်ကုန်မြို့မှာ တွေ့ဆုံဆွေးနွေးကြပြီး ဦးသိန်းစိန်ရဲ့ လွှတ်တော်မှာ ငြိမ်းချမ်းရေးကော်မတီ ဖွဲ့စည်းသွားမယ်လို့ ပြောခဲ့ကြတယ်။ လာမယ့် ၂၂ ရက်နေ့ လွှတ်တော်မှာ အခုကိစ္စနဲ့ပတ်သက်ပြီး ဥပဒေပိုင်းအရ ဘာတွေ တင်ပြမလဲဆိုတာ ဆွေးနွေးခဲ့ကြောင်း၊ နောင်လာမယ့် ပြည်ထောင်စုလွှတ်တော်မှာလည်း တင်ပြမှာဖြစ်ကြောင်း ပြောဆိုခဲ့တယ်။ အဓိကဆွေးနွေးခဲ့သူ SNDP မှ ဦးစောသန်းမြင့်က ငြိမ်းချမ်းရေးအတွက် "တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ပါ ညှိနှိုင်းချင်ပေမယ့် အစိုးရက ခွင့်မပြုလို့"လို့ ဆိုပါတယ်။ ဒါကြောင့် လွှတ်တော်ကို အကြံပြုတောင်းဆိုသွားရမှာဖြစ်တယ်လို့ ပြောပါတယ်။


ဦးသိန်းစိန်အစိုးရ လွှတ်တော်ဆိုတာဟာ တသွေးတသံတမိန့်ဆန်တဲ့ လက်ညှိုးထောင် ခေါင်းညိတ်လွှတ်တော်ပါ။ နာဇီဟစ်တလာရဲ့ ရိုင်းစတက်လွှတ်တော်နဲ့ ထူးမခြားနားပါ။ ဒါကြောင့် ဓနရှင်ဒီမိုကရေစီအခွင့်အရေး တင်ပြနိုင်ခွင့်တောင် ကန့်သတ်ခံရတဲ့ လွှတ်တော်အမျိုးအစားဟာ ဗမာနိုင်ငံ လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတွေ၊ လူ့အခွင့်အရေးတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ခေတ်အဆက်ဆက်က စစ်အစိုးရတွေဟာ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်တွင်းစစ်ရပ်စဲရေးတွေ တင်ပြတိုင်း မျက်ကွယ်ပြုကြပါတယ်။ ပြည်တွင်းစစ်ကို ဖောက်ပြန်တဲ့ တန်ပြန်တော်လှန်ရေးစစ်နဲ့ အနိုင်ယူဖို့ အပြုတ်တိုက်ဖို့ လုပ်ကြပေမယ့် မအောင်မြင်ပါဘူး။ သူမနိုင်ကိုယ်မနိုင် အခြေအနေကို သဘောပေါက်သင့်ပါပြီ။ ပြည်တွင်းစစ်ရဲ့ ဒဏ်ရာဒဏ်ချက်ကြောင့် ပြည်သူတွေ မွဲပြာကျနေပြီ၊ တိုင်းပြည်ဟာ ကမ္ဘာ့မှာ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးအဆင့်ရောက်နေပြီ။ ပြည်တွင်းစစ်တရားခံဟာ ဘယ်သူလဲ။

ဒီနေ့ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ရတဲ့ ပြည်တွင်းစစ်တရားခံဟာ ဖဆပလ လက်ယာဆိုရှယ်လစ်နဲ့ စစ်ဗိုလ်ချုပ်ကြီး တွေသာဖြစ်တယ်ဆိုတာ ရှင်းသထက် ရှင်းလာနေပါပြီ။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တောင်းဆိုမှုတွေဟာ အုပ်စိုးသူ လူတန်းစားတွေ လက်ခံမှ အကောင်အထည်ပေါ်မှာပါ။ သူတို့ ခေတ်အဆက်ဆက်မှာလည်း မျက်ကွယ်ပြုခဲ့တယ်။ အခုလည်း ဘာလှည့်ကွက်နဲ့ ပြည်သူကို လိမ်ညာဦးမယ်ဆိုတာ မသိပါဘူး။ ဆက်လက်စောင့်ကြည့် ဖွင့်ချသွားရဦးမှာပါ။ ဒါပေမဲ့ ပြည်သူတွေရဲ့ တောင်းဆိုမှုတွေဟာ ရပ်စဲမသွားပါဘူး။ ငြိမ်းချမ်းရေးဟာ ပြည်သူ့နှလုံးစိတ်ဝမ်း တကယ်တမ်းငြိမ်းချမ်းစေမယ့် 'အေးမြသော ရေစင်'ပါ။ ဗမာပြည်ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ အသည်းနှလုံးက မွေးဖွားလာတာပါ။ ဦးသိန်းစိန် အစိုးရသစ်ရဲ့ ပြည်ထောင်စုလွှတ်တော်မှာ မဲခွဲဆုံးဖြတ်ရင်လည်း ငြိမ်းချမ်းရေးမရနိုင်ပါဘူး။

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရဲ့ အလိုအပ်ဆုံးကတော့ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ ညီညွတ်ရေးပါ။ အလုပ်သမား၊ လယ်သမား၊ အမှုထမ်းအရာထမ်း၊ ကျောင်းသူကျောင်းသား၊ တပ်မတော်သားများပါမကျန် စည်းစည်းလုံးလုံးနဲ့ လက်တွဲမဖြုတ် ညီညီညွတ်ညွတ်နဲ့ တိုက်ပွဲဝင်ကြမှ ပြည်တွင်းငြိမ်းချမ်းရေးရမှာပါ။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ပြည်သူလူထုကြီးတရပ်လုံး ထောက်ခံပါဝင်ပြီး ရေရှည်ဖွဲ့နဘဲနဲ့ မဆုတ်မနစ် ဆက်လက် တောင်းဆိုတိုက်ပွဲဝင်သွားကြရဖို့ အမှန်တကယ် လိုအပ်နေပါပြီ။ ။

ဗမာပြည်ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အဓွန့်ရှည်ပါစေ။

မိုးလင်းဝင်း



ကမ္ဘာ့ငြိမ်းချမ်းရေး
အာရှငြိမ်းချမ်းရေး
ပြည်တွင်းငြိမ်းချမ်းရေး
ငြိမ်းချမ်းရေးအလံကို
မြင့်မြင့်မားမား လွှင့်ထူကြ။

# တခါက လှည်းတန်းမှာ





သန့်ဇင်

အချိန်က ၁၉၆၃ ခု၊ တော်လှန်ရေးကောင်စီက ပြည်တွင်းငြိမ်းချမ်းရေးတွေလုပ်ဖို့ စပြီး ပြင်ဆင်နေတဲ့ ကာလပေါ့။

အဲဒီအချိန်တပိုက်…မြန်မာတိုင်းရင်းဆေးကုဖို့ဆိုပြီး တောဘက်က ဆွေမျိုးနီးစပ် အဖိုးအိုတယောက်

ကိုဘဆွေလေးရဲ့ ဇနီးနဲ့ သားသမီးတွေ နေထိုင်တဲ့ လှည်းတန်းကအိမ်မှာ ရောက်လာပြီး ၆ လလောက် နေထိုင်သွားခဲ့ဖူးတယ်။

ကိုဘဆွေလေးကတော့ အဲဒီအချိန် ရှိမထဲမှာပေါ့။

လမ်းထဲက လူ တယောက်စ နှစ်ယောက်စကတော့…သြော်…အငြိမ်မနေတတ်တဲ့ တောက အဖိုးကြီး တယောက်ပါ လားဆိုပြီးတော့ သတိပြုလိုက်မိကြတယ်။

ဒီတောသား အဘိုးကြီးကလည်း မနက် မိုးသောက်ပြီဆိုတာနဲ့ တဘက်ကို ခေါင်းမှာ ပေါင်း၊ ကျိုးနေလို့ သွပ်နန်းကြိုးနဲ့ တုပ်ချည်ထားတဲ့ မျက်မှန်ကိုင်းကို တပ်၊ ဝါးတံမြက်စည်းတိုကလေး လက်ကဆွဲပြီး လမ်းထဲက အိမ်တွေရဲ့ မျက်နှာစာရှေ့က အိမ်ကပြင်တွေကို တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလိုက်လုပ်ပေး၊ လမ်းထဲက ရေချမ်းစင်က ရေအိုးတွေ ရေဖြည့်၊ နောက် လမ်းထိပ်က နတ်ကွန်း လေးပါမချန် သန့်ရှင်းရေးကို ပုံမှန် ဝတ္တရားမပျက် လုပ်နေတတ်တယ်။

တခါတလေတော့လည်း  လမ်းထိပ်က သစ်ပင်အရိပ်အောက်မှာ ငုတ်တုတ်ကလေး တယောက်တည်း သွားထိုင်လို့၊ အနားမှာ ကစားနေကြတဲ့ ကလေးတွေနဲ့ စကားပြော၊ ဖြတ်သွားဖြတ်လာ ဟိုအသည် ဒီအသည်တွေနဲ့ စကားစမြည် ပြောနေ တတ်တယ်။

ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေကြတဲ့ ရပ်ကွက်ထဲက လူတွေကတော့ သူ့ကို အထူးတလည် ဂရုပြုမိကြပုံ မရပါဘူး။

ဒီလိုနဲ့ ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေပျက်၊ လူဖမ်းပွဲတွေ စ…

တနေ့မှာတော့ စစ်ကားတွေ၊ ထောက်လှမ်းရေးတွေ လမ်းထဲ တရကြမ်း ဝင်မွှေတဲ့အခါ လမ်းထဲက သူတွေလည်း တအံ့ တသြ ဖြစ်ကုန်ကြတယ်။

တောသားအဖိုးကြီးကတော့ ဆေးကုပြီးလို့ တောပြန်သွားပြီတဲ့။

ဒီလိုနဲ့ ညနေ ထမင်းကြမ်းဝိုင်းမှာ တယောက်က ဘာကြောင့်များ တနေ့က လမ်းထဲ စစ်သားတွေ လာသွားရတာတုံးလို့ မေးတော့…

တယောက်က…“ဗကပ–က သခင်ချစ် ရောက်နေတယ် သတင်းရလို့ဆိုပြီး ပြောနေကြတာပဲ”တဲ့။ ကိုဘဆွေလေးရဲ့ အိမ်ဘက် မေးထိုးပြရင်း “ငါတော့…ဟုတ်မယ်မထင်ပါဘူးကွာ၊ သိတဲ့အတိုင်း ဒီကောင်တွေဟာ သူတို့သားအမိတွေကို အငြိုးထားပြီး အမြဲတမ်း လာနှောင့်ယှက်နေကျပဲဟာ”လို့ မှတ်ချက်ပြုပါတယ်။

တကယ်ပဲ တောက အဖိုးကြီးဟာ သခင်ချစ်ပဲလား။ အာဏာပိုင်တွေနဲ့ ထောက်လှမ်းရေးတွေကပဲ သစ်ကိုင်းခြောက် ကျိုးသံကြားတာနဲ့ မိုးပြိုတော့မလားဆိုပြီး ချောက်ချားနေကြတာလား။ ။

# အာဖရိကတိုက် မီနေတဲ့ ‘ဘာလင်ကျိန်စာ’




ဝင်းထိုက်

## ဘာလင်ကျိန်စာ

၁၉ ရာစုက နယ်ချဲ့နိုင်ငံကြီးတွေ ဘာလင်မြို့မှာ အာဖရိကတိုက်ကို ခွဲဝေတဲ့ အစည်းအဝေး လုပ်တယ်။ သူပိုင်ကိုယ်ပိုင် ခွဲကြတာမှာ သူတို့ အုပ်ချုပ်ရေး အဆင်ပြေဖို့ပဲ စဉ်းစားကြတာပဲ။ အာဖရိကတိုက်ရဲ့ ပကတိအခြေအနေကို ထည့်မတွက်ဘူး။ တချို့နေရာတွေမှာဆိုရင် သူတို့ ရောက်တောင် မရောက်ဖူးဘူး။ အဲဒီလို နေရာမျိုးမှာတော့ ခပ်လွယ်လွယ် မျဉ်းဖြောင့်တခု ဆွဲလိုက်ကြတယ်။

ကမ္ဘာ့မြေပုံကို ကြည့်ပါ။ မျဉ်းဖြောင့်ဆွဲပြီး တိုင်းပြည် နယ်နိမိတ်ကို သတ်မှတ်တဲ့ နေရာတွေဟာ အမေရိကတိုက်နဲ့ အာဖရိကတိုက်မှာပဲ တွေ့နိုင်တယ်။

အဲဒီလိုလုပ်တော့ လူမျိုးစုတခုတည်းကိုပဲ ဟိုဘက်တိုင်းပြည်ပါ ဒီဘက်တိုင်းပြည်မှာပါ ဖြစ်ကုန်တယ်။ လူမျိုးရေးပြဿနာတွေ ပေါ်စေတယ်။

လွတ်လပ်တဲ့ တိုင်းပြည်တွေ ဖြစ်လာတော့ ပြဿနာတွေ တသီကြီး ပေါ်တော့တာပဲ။ ဟူတူနဲ့ တွတ်စီ လူမျိုးတုံး သတ်ပွဲမျိုးတွေ ဖြစ်တော့တာပဲ။ ဒါကို “ဘာလင်ကျိန်စာ” လို့ ခေါ်ကြတာပါ။

## ‘ကျိန်စာ’ အမျိုးမျိုး

အာဖရိက ဒေသခံလူမျိုးတွေချည်း ပဋိပက္ခ ဖြစ်တာ မဟုတ်ဘူး။ လူဖြူနဲ့ လူမဲ ပဋိပက္ခ ရှိတယ်။ ကိုးကွယ်တဲ့ဘာသာ မတူညီလို့ ပဋိပက္ခ ရှိတယ်။

တောင်အာဖရိကမှာက ကျိန်စာတမျိုး။ အခု ဆူဒန်တို့၊ ဆိုမာလီယာတို့မှာက ပဋိပက္ခတမျိုးပဲ။ အဲဒါတွေလည်း “ဘာလင်ကျိန်စာ” သင့် တာ ဖြစ်တယ်။

## ဆူဒန်ကို စောင့်ကြည့်

တိုင်းပြည် (၂)ပြည် ကွဲသွားပြီ။ ဒါပေမဲ့ မပြီးပြတ်သေးတဲ့ ကိစ္စတွေ ရှိနေတယ်။ အဆင်မသင့်ရင် စစ်ဖြစ်မယ်။

## အာဖရိကမြောက်ပိုင်းက ပဋိပက္ခ

အာဖရိကမြောက်ပိုင်းမှာ အခု မတည်မငြိမ် ဖြစ်နေတယ်။ အဲဒီနိုင်ငံတွေက တချိန်က ပြင်သစ်၊ အင်္ဂလိပ်၊ အီတလီတို့ရဲ့ ကိုလိုနီပဲ။ ဒါလည်း ကျိန်စာသင့်ပုံတမျိုးပဲလို့ ခေါ်ချင်ပါတယ်။ ။




# မာ့က်စ် အိန်ဂယ် လီနင်တို့၏ ကမ္ဘာ့တော်လှန်ရေးနှင့် ပတ်သက်သည့် ရေးသားချက်များနဲ့ လေ့လာရရှိချက်များ



**(NN)**

နိဒါန်း

အများနဲ့ ဝိုင်းဝန်းပြီး "၂၁ ရာစု မာ့က်စ်ဝါဒ"ကို ရှာဖွေချင်လို့ ဒီ စာတမ်းကို ရေးပါတယ်။

ငြင်းခုံဖို့ မဟုတ်ပါ။ အဖြေရှာဖို့ပါ။

အခုကာလမှာ ကမ္ဘာ့တော်လှန်ရေး (WR) ကို ရေးသူ ပြောသူ များများ မရှိပါဘူး။ ရှိတဲ့အနည်းစုကလေးကလည်း ထရော့စကီအနွယ်ဝင်တွေ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် (WR)နဲ့ ပတ်သက်ပြီး မာ့က်စ်လီနင်ဝါဒီတွေ ရေးတာကို ဖတ်မှတ်လေ့လာသလို အစုအဖွဲ့ကလေးတွေ ရေးတာလည်း ဖတ်ပါတယ်။ သူတို့ ဘာပြောသလဲ ဘာလုပ်သလဲဆိုတာ သိချင်လို့ပါ။

မာ့က်စ်၊ အိန်ဂယ်၊ လီနင်တို့က အများကြီး ရေးခဲ့ပါတယ်။ စာအုပ်၊ စာတမ်း၊ ဆောင်းပါး၊ ပေးစာတွေက ထောင် သောင်းချီပြီး ရှိပါတယ်။ အားလုံး မဖတ်နိုင်ပါ။ ဒါပေမဲ့ အရေးကြီးတာတွေ (WR) နဲ့ ပတ်သက်ပြီး ရေးတာတွေတော့ လက်လှမ်းမီသမျှ အတော်များများကို ဖတ်ခဲ့ရပါတယ်။ 'ဗကပ' ပါတီမထုထောင်မီ လေ့လာရေးအစုဝင်ဘဝက အခုအထိ ဖတ်ခဲ့တာဆိုတော့ များပါတယ်။ စိတ်ထဲ စွဲနေတာတွေ ရှိပါတယ်။

အခု "လေ့လာရရှိချက်စာတမ်း"ကို ရေးတော့ စိတ်ထဲ ဖြစ်ပေါ်လာသမျှကို ရေးပါတယ်။

(မူရင်း) စာအုပ်စာတမ်း၊ ပေးစာ၊ ဆောင်းပါးတွေကို ကိုးကားတာတော့ မလုပ်ပါ။ ကိုယ့်လေ့လာရရှိချက်ကိုပဲ ပြောချင်လို့ ဖြစ်ပါတယ်။

လို တို ရှင်း အရေးအသားကြောင့် ထိခိုက်သွားမိတာရှိရင် ခွင့်လွှတ်စေချင်ပါတယ်။

## အပိုင်း(၁)
## မာ့က်စ် အိန်ဂယ်တို့ပြောတဲ့ ကမ္ဘာ့တော်လှန်ရေး(WR)

သူတို့(၂)ဦး ပူးတွဲရေးတဲ့ "ကွန်မြူနစ်ကြေညာစာတမ်း"မှာ သူတို့ရဲ့ (WR) ရပ်တည်ချက်၊ အမြင်နဲ့ နည်းနာတွေကို တွေ့နိုင်ပါတယ်။ အခန်း(၁) ဓနရှင်များနဲ့ ပစ္စည်းမဲ့များ....နဲ့ အခန်း(၄) နိဂုံးချုပ်ရေးသားချက် နောက်ဆုံးစာပုဒ် (၂) ခုကိုပဲ လေ့လာလိုက်ရင် တွေ့မှာပါ။

သူတို့က အတွေးအခေါ် (ဝါဒ) ထုထောင်တာမှာပဲ မရပ်ဘဲ လက်တွေ့နိုင်ငံရေးကို ရှေ့ဆောင်ဖို့ "ပထမ အင်တာနေရှင်နယ်"ကို ထူထောင်ပါတယ်။

အဖိနှိပ်ခံ ပြည်ပြေးဘဝနဲ့ ထူထောင်ရတာဖြစ်လို့ ခက်ခဲပါတယ်။ ပဲရစ်ဘုံအဖွဲ့ကျဆုံးတော့ ဖိနှိပ်မှုတွေ သိပ်များလာလို့ အမေရိကန်ကို ဌာနချုပ် ပြောင်းရတယ်။ ဒါပေမဲ့ မကြာပါဘူး။ ကိုယ့်ဘာသာ ဖျက်သိမ်းလိုက်ရတယ်။

ဘာပဲပြောပြော "ပထမအင်တာနေရှင်နယ်"က ကမ္ဘာ့ပစ္စည်းမဲ့ ဆိုရှယ်လစ်တော်လှန်ရေးလမ်းကြောင်းကိုတော့ စိုက်ထူလိုက်နိုင်ပါတယ်။

မာ့က်စ်ရော အိန်ဂယ်ပါ ဂျာမနီဇာတိဖွားတွေပါ။ ပြည်ပြေးဘဝနဲ့ အင်္ဂလန်မှာပဲ ခေါင်းချသွားခဲ့ကြတယ်။ ပထမအင်တာနေရှင်နယ် ထူထောင်တာရဲ့ကျေးဇူးကြောင့် ဥရောပနဲ့ အမေရိကမှာ ကွန်မြူနစ်မျိုးစေ့တွေ ချနိုင်ခဲ့တယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ အပြန်အလှန် စာရေးပြီးလည်း အမြင် ညှိကြလေ့ရှိတယ်။ ဘယ်ကိစ္စ ဘယ်လိုသဘောထား မလဲဆိုတာကို ညှိကြတယ်။ အဲဒီစာတွေမှာ စိတ်ဝင်စားဖို့ ကောင်းတဲ့ ကိစ္စတွေ ပါလေ့ရှိတယ်။ ဥပမာ 'အင်္ဂလန်မှာ ဆိုရှယ်လစ် တော်လှန်ရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ရည်မှန်းချက် ရရှိနိုင်လိမ့်မယ်' ဆိုတာမျိုး အမြင်ညှိကြတယ်။ ဒါဟာ သူတို့ရေးတဲ့ ကြေညာစာတမ်း နိဂုံးချုပ်ပိုင်းက အဆိုနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာပဲ။ သူတို့ ရဲရဲတွေးတယ်–ဆိုတာကို တွေ့တဲ့ သာဓကပါ။

အင်္ဂလန်မှာ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်တယ်ဆိုတာကို သူတို့ အကြောင်းပြတာက အင်္ဂလန်ဓနရှင်တွေမှာ အမြဲတမ်း စစ်တပ်ကြီး၊ ဗျူရိုကရေစီ ယန္တရားကြီး မရှိသေးဘူး။ ဂျာမနီ၊ ပြင်သစ်မှာလို မဟုတ်ဘူး။ ဒါ

ကြောင့် ငြိမ်းချမ်းစွာ ဖြစ်နိုင်တယ်လို့ သူတို့တွေးမိတာပဲ။ ဒါဟာ အချက်အလက်မှားပေါ်မှာ အခြေခံပြီး ဒီအမြင် တည်ဆောက်မိတာပဲ ဆိုတာကိုလည်း သိရော အမြန်ပြင်ပစ်လိုက်ကြတာပဲ။

အချက်အလက်မှားပေါ်မှာ အခြေခံမိလို့ မှားတာတွေ တော်တော်များပါတယ်။ သူတို့ခေတ်က သတင်းမှန်ရဖို့က မလွယ်ဘူး။ သိပ္ပံပညာရှင်တွေနဲ့ သမိုင်းရေးသူတွေကလည်း အမှားတွေ ရေးလေ့ရှိတယ်။ အဲဒါကို ကိုးကားမိရင် သူတို့လည်း မှားတော့တာပဲ။ အိန္ဒိယမှာ အရှေ့အိန္ဒိယကုမ္ပဏီက ကုလားတွေ အများကြီးပါတဲ့ ကိုလိုနီစစ်တပ်ကြီး ထူထောင်ထားတာ ရှိကြောင်း မသိလို့ အဲဒီလို တွေးမိတာပဲ ဖြစ်တယ်။

ဒါကလည်း သူတို့ (၂) ဦး အမြင်ဖလှယ်ကြတဲ့ အပြန်အလှန်ပေးစာတွေ(သူတို့အတွက် လွန်ပြီးမှ တွေ့ပြီး) စာအုပ်ထုတ်လို့ သိရတာပါ။

## ကမ္ဘာ့တော်လှန်ရေး ဘယ်က စပြီး ပေါက်ကွဲပေါ်ထွက်မလဲ ဆိုတဲ့ ပြဿနာ

အရင်းရှင်စနစ်ထွန်းကားတဲ့ ရှေ့တန်းရောက်နိုင်ငံကြီးတွေမှာပဲ စတင်ပေါက်ကွဲမယ်လို့ သူတို့ တွေးထင်ခဲ့ကြတယ်။ အဲဒီတုန်းက ရှေ့တန်းရောက်တွေကလည်း သူတို့ကျင်လည်နေထိုင်ခဲ့တဲ့ တိုင်းပြည်ချည်းပဲ။ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်နဲ့ သူတို့ အဆက်အသွယ်ရှိတဲ့ အမေရိကန်…ဒါလောက်ပါပဲ။

ဒီလို တွေးထင်နေကြပေမယ့် ခေတ်နောက်ကျတဲ့ ပိုလန်မှာ၊ ရုရှားမှာ လှုပ်လှုပ်ရှားရှား ဖြစ်တာကို တွေ့တော့ အဲဒီနေရာတွေမှာလည်း စတင်ပေါက်ကွဲနိုင်တာပဲ၊ အရင်းရှင်စနစ်ကို မဖြတ်သန်းရဘဲ ရေးဟောင်းဘုံစနစ်အခြေခံကနေ ခေတ်သစ် ဆိုရှယ်လစ်စနစ်ဆီ တိုက်ရိုက်တက်လှမ်းတာကော မဖြစ်နိုင်ဘူးလား–လို့ ရေးတာကို ဖတ်ရဖူးပါတယ်။

ဒါပေမဲ့ ဒါလဲ ခဏပါပဲ။ ရုရှား၊ ပိုလန်တို့မှာ ဓနရှင်တွေ ပေါ်လာပြီး အရင်းရှင်စနစ် အညွန့်အညှောက်တွေ ပေါ်ထွက်လာတော့ အဲဒီအတွေးကို ပယ်လိုက်ပါတယ်။

## (WR) စစ်မှုရေးရာ ကြံဆချက်

ကွန်မြူနစ်ကြေညာစာတမ်းမှာ “တည်ရှိနေသော လူမှုရေးအခြေအနေအားလုံးကို (ဂျာမန်ဘာသာ မူရင်းမှာတော့ “တည်ရှိနေသော လူ့အဖွဲ့အစည်း စနစ်တခုလုံးကို”လို့ ပါတယ်) အကြမ်းဖက် ဖြိုချနိုင်မှ ရည်မှန်းချက်ကို ရရှိနိုင်တယ်–လို့ အတိအကျ ရေးပါတယ်။

အိန်ဂယ်ကတော့ ဆောင်းပါးတပုဒ်မှာ စစ်ရေးစစ်ရာ ကြံဆချက်တခုကို ရေးတာ တွေ့ပါတယ်။ သူ့ရေးသားချက် အချုပ်က ရှေ့တန်းရောက်တိုင်းပြည်တွေမှာ တော်လှန်ရေး အောင်မြင်ပြီးရင် ကမ္ဘာ့တော်လှန်ရေး တပ်မတော်ကြီး ဖွဲ့ရမယ်။ ပြီးတော့ ဖောက်ပြန်ရေးရဲ့ ပင်မ ခံတပ်ကြီးဖြစ်တဲ့ ဇာဘုရင်အုပ်စိုးတဲ့ ရုရှားကို ချီတက်တိုက်ခိုက်ရမယ်–ဆိုတာ ရေးပါတယ်။ ကုန်းကြောင်း ရေကြောင်းကချီပြီး တိုက်ရမယ်လို့ ရေးတာ တွေ့ပါတယ်။

မာ့က်စ်ကတော့ အဲဒီလို စစ်မှုရေးရာကို ရေးတာ မတွေ့မိပါဘူး။ “ပဲရစ်ဘုံအဖွဲ့ တော်လှန်ရေး” ရဲ့ သင်ခန်းစာကို (အပြန်အလှန်ပေးစာများမှာ) ရေးတာမှာပဲ တွေ့ပါတယ်။ ပဲရစ်မြို့မှာ အောင်ပွဲရတဲ့ တော်လှန်ရေးသမားတွေက ပြင်သစ် ဧကရာဇ် နန်းစံရာ ဗာဆေးမြို့တော်ကိုပါ ချီတက်သိမ်းပိုက်သင့်တယ်–လို့ ရေးပါတယ်။ ဗာဆေးနန်းမြို့က ပဲရစ်အနီးမှာပဲ ရှိတာပါ။ တက်သိမ်းရင် ရနိုင်ပါတယ်။

## ဒုတိယ အင်တာနေရှင်နယ်ခေတ်

မာ့က်စ်ကွယ်လွန်ပြီး(၁၈၈၃ မှာ ကွယ်လွန်တယ်) မှ “ဒုတိယ အင်တာနေရှင်နယ်” ဖွဲ့တာပါ။ ‘၁၈၉၅’ကျမှ ကွယ်လွန်တဲ့ အိန်ဂယ်ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ‘ပဲရစ်ဘုံအဖွဲ့တော်လှန်ရေး’ ကျရှုံးပြီးချိန်ဆိုတော့ ဖိနှိပ်မှုတွေ သိပ်များတယ်။ ‘ဆိုရှယ်ဒီမိုကရက်’ နာမည်နဲ့ ဖွဲ့စည်းရတာပါ။ မာ့က်စ်ဝါဒီတွေ ပါသလို တခြားအတွေးအခေါ် ရှိသူတွေလည်း ပါကြတယ်။ သူတို့က ပိုများပါတယ်။ ကမ္ဘာ့တော်လှန်ရေး(WR) ကို မပြောကြတော့ပါဘူး။ ဒုတိယအင်တာနေရှင်နယ် အဖွဲ့ချုပ်မှာပါတဲ့ ဆိုရှယ်ဒီမိုကရက်ပါတီတွေက ပါလီမန် ရွေးကောက်ပွဲဝင်ရေးပဲ လုံးပန်းကြပါတယ်။ အချောင်သမားဝါဒက အထက်စီး ရနေချိန်ဖြစ်လို့ (WR) ကို ပြည်ဖုံးကား ချထားကြပါတယ်။

(၁၉၀၀) ပြည့်မှာ နယ်ချဲ့သမားတွေက တကမ္ဘာလုံးကို ခွဲဝေတာ ပြီးမြောက်သွားပါပြီ။ နယ်ချဲ့အရင်းရှင်တွေကလည်း ကိုလိုနီနိုင်ငံတွေအပေါ် သွေးစုပ်လို့ရလာတဲ့ “ရောမ အမြတ်အစွန်း”တွေထဲက အနည်းအကျဉ်းကို ခွဲပေးပြီး အချောင်သမား ခေါင်းဆောင်တွေကို ဝယ်ယူကြပါတယ်။

ကမ္ဘာကြီးကို ခွဲဝေကြရာမှာ အင်္ဂလိပ်၊ ပြင်သစ် စသည်တို့က ဝေပုံကျ အများကြီး ရလိုက်တယ်။ ဂျာမနီ၊ ဩစတြီးယား စတာတွေက ဝေပုံကျ နည်းနည်းပဲ ရလို့ မကျေမချမ်း ဖြစ်ကြရာက ကမ္ဘာကြီးကို ပြန်လည် ဝေခြမ်းဖို့ ပြောလာကြတယ်။ ဂျာမနီ စက်မှုလက်မှု ဖွံ့ဖြိုးလာလို့ အဲဒီလို ပြန်လည်ဝေခြမ်းရေး ပြောဝံ့တာပဲ။

ချုပ်လိုက်ရင်တော့ ပထမကမ္ဘာစစ်ကြီး ဖြစ်လာရတယ်။ ဆိုရှယ်လစ်ဒီမိုကရက် ခေါင်းဆောင်တွေကလည်း “အဝယ်ခံထားရသူတွေ ပီပီ” ကိုယ့်တိုင်းပြည်က ဓနရှင်အုပ်စိုးသူတွေဘက်က ရပ်ခံကြတယ်။ “အဖတိုင်းပြည်ကို ကာကွယ်ကြ ”လို့ လူကြားကောင်းအောင် ကြွေးကြော်ကြတယ်။

ဂျာမနီ ဆိုရှယ်ဒီမိုကရက်က ဂျာမနီအုပ်စိုးသူဘက်၊ အင်္ဂလိပ် ဆိုရှယ်ဒီမိုကရက်က အင်္ဂလိပ်အုပ်စိုးသူဘက်ကနေ တိုက်ကြတာတွေ ဖြစ်ကုန်တယ်။ ဒုတိယအင်တာနေရှင်နယ်လည်း ဇိဝိန်ချုပ်သွားတော့တယ်။

## တတိယအင်တာနေရှင်နယ်ခေတ်

၁၉၁၉ မှာ လီနင်ဝါဒအခြေခံနဲ့ ဖွဲ့စည်းတာ ဖြစ်တယ်။ ၁၉၄၃ မှာ ကိုယ့်ဘာသာ ဖျက်သိမ်းတယ်။ သက်တမ်း(၂၄) နှစ် ရှိတယ်။

အာဏာရနေတဲ့ ရုရှားကွန်မြူနစ်ပါတီက ဦးစီးဖွဲ့စည်းတာဖြစ်လို့ ပထမ၊ ဒုတိယ အင်တာနေရှင်နယ်တွေလို မဟုတ်ဘူး။ နိုင်ငံရေးအရ ဘဏ္ဍာရေးအရ အင်အားရှိတယ်။ အကျယ်အပြန့် လုပ်နိုင်တယ်။

ကျွန်တော်တို့ အာရှတိုက်က ကွန်မြူနစ်ပါတီတိုင်းကို တတိယ အင်တာနေရှင်နယ်က ဦးစီးပြီး ဖွဲ့စည်းခဲ့တာချည်းပဲ။

## U T E(အရှေ့ဖျား လုပ်သားများ တက္ကသိုလ်)

အာရှတိုက်က နယ်ချဲ့ဆန့်ကျင်ရေးသမား လှုပ်ရှားတက်ကြွသူတွေကို ရွေးချယ်ပြီး U T E မှာ မာ့က်စ်ဝါဒ လီနင်ဝါဒကို အခြေခံက စပြီး သင်ကြားပေးတယ်။ ကျောင်းပြီးသွားတဲ့ ကျောင်းဆင်းတွေက ကိုယ့်တိုင်းပြည် ကိုယ်ပြန်ပြီး ကွန်မြူနစ်ပါတီတွေ ထူထောင်ကြတာပဲ။ (၁၉၂၀–၁၉၃၀) (၁၀) နှစ်အတွင်းမှာ အာရှပါတီတွေ ပေါ်လာတာ ဖြစ်တယ်။

## U T E ကို လီနင် ဘာကြောင့် ထူထောင်သလဲ

(၁၉၁၇) တုန်းက လီနင်က မာ့က်စ်၊ အိန်ဂယ်တို့ ကြံဆခဲ့သလိုမျိုး(WR) ဖြစ်မယ်လို့ ထင်ခဲ့တယ်။ အထူးသဖြင့် ဂျာမနီမှာ တော်လှန်ရေးဖြစ်မယ်လို့ ထင်ခဲ့တယ်။ ဂျာမနီမှာသာ တော်လှန်ရေး အောင်မြင်ရင် ပြင်သစ်၊ အင်္ဂလန်၊ အမေရိကန် အားလုံးကို ပျံ့နှံ့ ကူးစက်

သွားမှာပဲ။ WR အောင်မြင်မှာပဲ။ အဲဒီလို တွက်ခဲ့တယ်။

ရုရှားပြည်ကွန်မြူနစ်ပါတီ သတ္တမကွန်ဂရက်(၁၉၁၈) မတ်လ(၇) မှာ လုပ်တုန်းက လီနင်ရဲ့ အစီရင်ခံစာမှာ အောက်ပါအတိုင်း ခပ်ပြတ်ပြတ် သုံးသပ်ပြခဲ့တယ်။ သူ့သုံးသပ်ချက် အချုပ် သဘောက

+ ရုရှားတော်လှန်ရေးသက်သက်ကနေ ကမ္ဘာ့တော်လှန်ရေး(WR) ကို တွန်းဆော်ပေးရမယ်။

+ နိုင်ငံအားလုံးမှာ တော်လှန်ရေးအခြေအနေ ရင့်မှည့်နေပြီ။ (WR) တော်လှန်ရေးကြီး ဖြစ်တော့မယ်။ ဥရောပ တတိုက်လုံးမှာ တော်လှန်ရေး ဖြစ်တော့မယ်။

အဲဒီလို ‘အကောင်းမြင်’သဘောနဲ့ ပြောခဲ့သလို ‘အဆိုးဘက်’ကလည်း ဟောဒီလို သုံးသပ်ပြပြန်တယ်။

+ ဂျာမနီတော်လှန်ရေး ပေါ်မလာရင် ငါတို့ ရှုံးပြီ။

+ ငါတို့မျှော်မှန်းသလို မြန်မြန်တော့ ဖြစ်မှာ မဟုတ်ဘူး။

+ ရှေ့တန်းရောက်နိုင်ငံတွေမှာ ငါတို့လိုတော့ ကမ္ဘာ့ ဆိုရှယ်လစ်တော်လှန်ရေး လွယ်လွယ် မအောင်မြင်နိုင်ဘူး။

ဂျာမနီတော်လှန်ရေးက ဖြစ်တော့ဖြစ်လာတယ်။ ဒါပေမဲ့ မြန်မြန်ပဲ ရှုံးသွားတယ်။

## လီနင် ဘာလုပ်သလဲ

“ဂျာမနီတော်လှန်ရေးသာ မအောင်မြင်ရင် ငါတို့ရှုံးပြီ” လို့ ယတိပြတ်ပြောခဲ့တဲ့ လီနင်က WR ကို တခြားနည်းနဲ့ စဉ်းစားကြည့်တယ်။ ရှေ့တန်းရောက်တွေက မတော်လှန်ရင် ကိုလိုနီတိုင်းပြည်တွေက ပြည်သူတွေက တော်လှန်မှာပဲ–ဆိုပြီး တတိယအင်တာနေရှင်နယ် ထူထောင်တယ်။ UTE အရှေ့ဖျား လုပ်သားတက္ကသိုလ် ဖွင့်တယ်။

(ဒီနေရာမှာ ကြားဖောက်ပြီး သိရသမျှ ပြောပါမယ်။)

ပြောမှာက (၂) ခုပါ။ **U T E** ကျောင်းဆင်း ဟိုချီမင်းက သူ့တိုင်းပြည်မှာ ကွန်မြူနစ်ပါတီ တည်ထောင်သလို တဖက်ကလည်း တတိယအင်တာနေရှင်နယ်ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ မလေးယားကွန်မြူနစ်ပါတီကိုလည်း ဖွဲ့စည်းပေးခဲ့ တယ်။ (၁၉၃၀) မှာ ဖွဲ့တာပဲ။

ဗမာပြည်မှာက မဖွဲ့ဖြစ်ဘူး။ (၁၉၃၀) အထိ ကျွန်တော်တို့ရဲ့ အတွေးအခေါ်က မရင့်ကျက်သေးလို့ပဲ။ “မင်းလောင်း ဝါဒ” က မလွတ်ကျွတ်သေးလို့ပဲ။ (ဆရာစံ သူပုန်ထချိန်ပဲ)

မာ့က်စ်ဝါဒစာပေနဲ့ တော်လှန်တက်ကြွတဲ့လူငယ် မပေါင်းစပ်မိတာလို့ပဲ ယူဆပါတယ်။

၁၉၃၆ မှာတော့ စတင်ပေါင်းစပ်မိပါပြီ။ ဒါပေမဲ့ (၃) နှစ်ကြာမှ (၁၉၃၉ ကျမှ) ဗကပ ထူထောင်နိုင်တယ်။ (၁၃၀၀ ပြည့်ကျမှ အခြေအနေ ရင့်ကျက်လာလို့ ဖြစ်ပါတယ်)

နောက်အကြောင်းတခုကလည်း ဗမာပြည်ရဲ့ ပထဝီ အနေအထားပဲ။ ဗမာပြည်က အရှေ့တောင်အာရှ(အင်ဒိုချိုင်းနားကျွန်းဆွယ်) ထဲ ပါသလား။ တောင်အာရှ ၊ အိန္ဒိယနဲ့ ပိုဆက်စပ်သလား –ဆိုတဲ့ကိစ္စ မပြတ်သားဘူး။ အရှေ့တောင်အာရှထဲမှာ လို့ သတ်မှတ်ရင် စင်္ကာပူအခြေစိုက် အင်တာနေရှင်နယ်ရဲ့ ဗျူရိုက ဦးစီးပြီး ‘ဗကပ’ ဖွဲ့ပေးရမှာပါ။

အိန္ဒိယနဲ့ တတွဲတည်းလို့ပဲ သတ်မှတ်လို့ နောက်ကျမှ ဗြိတိသျှ အင်ပါယာထဲပါတဲ့ ဗမာပြည်ရဲ့ ကွန်မြူနစ်ပါတီကို ဖွဲ့ရတာပါ။

နောက် ကြုံလို့ပြောမယ့် ကိစ္စတခု။ သိပ်အရေးမကြီးပါဘူး။ ကိုချစ်လှိုင်(ကိုကိုမောင်ကြီး) ရဲ့ **U T E** တက်ချင်တဲ့ ရောဂါက ပါတီတွင်းမှာ လူသိများပါတယ်။ သခင်သန်းထွန်းကို ပြောကြည့်တယ်။ ဒီအချိန်မှာ ဒါတွေ မစဉ်းစားနဲ့၊ ဖက်ဆစ်တော်လှန်ရေး လုပ်ဖို့ပဲ စဉ်းစား–လို့ ပြောလို့ နောက်ဆုတ်ခဲ့ရတယ်။ ဒီကိစ္စကို သူရေးတာမှာ တမျိုး ရေးထားတယ်။ သခင်သန်းထွန်းရဲ့ မောက်မာမှုလိုလို ဖြစ်အောင် ရေးတယ်။ သခင်စိုးကိုပြောတော့ သခင်စိုးက လက်ခံတယ်။ ဒါပေမဲ့ သခင်စိုး အလံနီက နိုင်ငံတကာက ဝိုင်းပယ်ခံထားရတာပဲ။ ဘာအဆက်အသွယ်မှ မရှိဘူး။ နောက်ကျတော့ ဆိုရှယ်လစ်ပါတီ ကိုဗဆွေကို ကပ်ပြီး သွားရတယ်။ ပါရီမှာ သောင်တင်တယ်၊ ဗိုလ်နေဝင်းနဲ့ကျမှ မော်စကို ရောက်တယ်။ ဟိုမှာက ခရုရှက်ရဲ့ ညွှဲသည် ဖြစ်ခဲ့တယ်။

ကိုချစ်လှိုင် **U T E**တက်ရေး ရောဂါထတုန်းက တကယ်တော့ **U T E** မရှိတော့ဘူး။ ကွန်မင်တန်(တတိယ အင်တာနေရှင်နယ်) ဖျက်သိမ်းပြီးပြီ။ “ဆွန်ယက်ဆင်တက္ကသိုလ်”တောင် မရှိတော့ဘူး ထင်ပါတယ်။ မော်စကိုမှာ ရှိတဲ့ တက္ကသိုလ် တွေမှာပဲ ကျောင်းတက်ကြရတော့တဲ့ ကာလပါ။

ကြားဖောက် ပြောချင်တာ ပြီးပါပြီ။

## အပိုင်း(၂)
## မိမိရဲ့ လေ့လာရရှိချက်များ(သို့မဟုတ်) မိမိရဲ့ စဉ်းစားချက်များ

### ရှေ့တန်းရောက် တိုင်းပြည်များဆိုတာ အပြောင်းအလဲ ရှိတယ်

မာ့က်စ်၊ အိန်ဂယ်တို့ပြောတဲ့ ဟိုတုန်းက ရှေ့တန်းရောက်နိုင်ငံတွေဆိုတာ အခု မဟုတ်တော့ဘူး။

စစ်အေးခေတ်(၁၉၄၈–၈၉) ကာလမှာ ဈုပါ ပါဝါ (၂) ခုပဲ ရှိတယ်။ နောက်တော့ ပြောင်းလဲလာတယ်။

‘၂၁’ ရာစုရဲ့ ဒုတိယ ဆယ်စုနှစ်ရောက်တော့ တမျိုး ဖြစ်နေပြီ။

မာ့က်စ်တို့ပြောတဲ့ထဲက အမေရိကန်နဲ့ ဂျာမနီတော့ ပါနေသေးတယ်။ တရုတ်တို့ ဂျပန်တို့က နောက်တိုးတွေပဲ။ ရုရှားလည်း ပါလာတယ်။

ရှေ့တန်း ရောက်မရောက်ကို ဘာနဲ့တိုင်းမလဲ–ဆိုတဲ့ ပြဿနာလည်း ရှိတယ်။

ကျွန်တော်ကတော့ အထွေထွေ ကုန်ထုတ်စွမ်းအားစုနဲ့ပဲ တိုင်းတာရမယ်လို့ ယူဆတယ်။

### တကမ္ဘာလုံး(ဓနရှင်ခေတ်) ရောက်နေပြီ

+ ကမ္ဘာ့ဈေးကွက်ဆိုတာ စိတ်ကူးမဟုတ်ဘူး။ တကယ်ဖြစ်နေတာပဲ။

+ ဓနရှင်ပုံစံအတိုင်း ကမ္ဘာတခုကို ဖန်တီးပြီးနေပြီ။

+ အရင်းရှင်စနစ်ရဲ့ စီးပွားရေးကပ်က သံသရာလည်နေတယ်။

အဲဒီလို အခြေအနေမှာ မိမိတို့ရဲ့ ပကတိအခြေအနေတွေက ဘယ်လို ဖြစ်နေသလဲ။ ဘယ်လိုအတွေးအခေါ် ရှိနေသလဲ–ဆိုတာကို ကြည့်တော့ ...

မာ့က်စ်၊ အိန်ဂယ်၊ လီနင်တို့ရဲ့ ကမ္ဘာ့တော်လှန်ရေး (WR)က ခေတ်မစားဘူး။ အင်တာနေရှင်နယ်သီချင်းမှာသာ (WR) အတွေးအခေါ် ကျန်နေတယ်။

ဆိုရှယ်လစ်တော်လှန်ရေး ကျဆုံးတဲ့ နိုင်ငံတွေမှာတော့ မာ့က်စ်၊ လီနင် ရုပ်တုတွေပါ ဖြိုချခံလိုက်ရတယ်။ အင်တာနေရှင်နယ်သီချင်း အသံတိမ်သွားတယ်။

## ၂၁' ရာစု မာ့က်စ်ဝါဒ

အားလုံးလက်ခံနိုင်တဲ့ "၂၁'ရာစု မာ့က်စ်ဝါဒ" မရှိဘဲ **(WR)** ကို ပြောနေရင် ဗလာစကားပဲ။ သကြ်ာန်အမြောက်ပဲ ဖြစ်မယ်။

အခုအချိန်မှာ နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှု **(ICM)** ရှိသလားဆိုရင် ရှိတယ်လို့ ပြောနိုင်တယ်။ ဒါပေမဲ့ ဟိုတုန်းကလိုတော့ မဟုတ်ဘူး။

တခုတည်းသော ဘုံအတွေးအခေါ် မရှိဘူး။

တခုတည်းသော ဗဟိုခေါင်းဆောင်မှု မရှိဘူး။

ဒီလိုဖြစ်နေတာ အတော်ကြာလိမ့်မယ်လို့ ယူဆပါတယ်။ ကိုယ့်တိုင်းပြည်ရဲ့ ပကတိအခြေအနေနဲ့ ကိုယ့်တိုင်းပြည်ရဲ့ ထူးခြားတဲ့ လက္ခဏာကို အခြေခံပြီး "၂၁'ရာစု မာ့က်စ်ဝါဒ"ကို ထုဆစ်ကြရမှာပဲ။

၁၉'ရာစု မာ့က်စ်ဝါဒနဲ့ ၂၀'ရာစု မာ့က်စ်ဝါဒတွေကို <u>တရားသေ</u> ယူရင် မှားလိမ့်မယ်။

မာ့က်စ်ဝါဒရဲ့ တော်လှန်ရေးဝိညာဉ်ကို ပစ်ပယ်မိရင်တော့ <u>ရောမအမှား</u>ဖြစ်မယ်။

## မာ့က်စ်တကျော့ပြန်

မာ့က်စ် တကျော့ပြန်လာတာ ၂၀၀၈' အမေရိကန် ဘဏ္ဍာရေးကပ် ဆိုက်ကတည်းကပဲ။ ဒါပေမဲ့ နေရှင်စီးပွားရေး ပညာရှင် အသိုင်းအဝိုင်းမှာ မာ့က်စ်ကို စီးပွားရေးပညာရှင်ကြီးအဖြစ် အမွှန်းတင်ကြတယ်။ "အရင်းကျမ်း"ကိုပဲ လေ့လာကြတယ်။ မာ့က်စ်ဟာ "အရင်းရှင် ဂလိုဘယ်လိုက်ဇေးရှင်း"ရဲ့ ဖခင်ကြီးပါလား ဆိုပြီး အမွှမ်းတင်ကြတယ်။ "ကွန်မြူနစ်ကြေညာစာတမ်း"ကိုတော့ သူတို့ မလေ့လာကြဘူး။

ကျွန်တော်တို့က "ကြေညာစာတမ်း"ကို ကျေညက်အောင် လေ့လာရမယ်။ အရင်းကျမ်းကို အချိန်ရမှ လေ့လာလည်း ရတယ်။ ကြေညာစာတမ်းရဲ့ အခန်း(၁) ပထမစာပိုဒ်နဲ့ ဒုတိယစာပိုဒ်ကို အထူးထားပြီး လေ့လာရမယ်။ သူတို့ ဘာကို ဆိုလိုသလဲဆိုတာသိအောင် ရောမသမိုင်းစာအုပ်တွေ ဖတ်ရမယ်။

"လူ့အဖွဲ့အစည်း တခုလုံးကို တော်လှန်ကာ ပြန်လည်တည်ထောင်ခြင်း"–ဆိုတာက ရှင်းတယ်။ နေရှင်ဒီမိုကရေစီတော်လှန်ရေး၊ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးတွေမှာ လုပ်ခဲ့ကြတာတွေကို လေ့လာ လိုက်ရင် ရှင်းနေတယ်။

"တိုက်ခိုက်နေသော လူတန်းစားများပါ တပါတည်း ဆုံးရှုံး ပျက်စီးခြင်း"ဆိုတာကိုတော့ (ကျွန်တော်) မရှင်းဘူး။ ရောမခေတ်က ကိစ္စလို့ ဇဝေဇဝါ ထင်ပါတယ်။ ရောမသမိုင်း မလေ့လာဖူးလို့ပါ။ လေ့လာဖူးသူများက ပညာဖြန့်ဝေရင် အကျိုးရှိပါလိမ့်မယ်။

## ကျွန်တော့်ဆန္ဒကို ဖော်ပြရင်း နိဂုံးချုပ်ပါမယ်

ကြေညာစာတမ်းကို လက်ကုန်နှိုက် လေ့လာကြဖို့ လိုတယ်။ ဒါမှ မာ့က်စ်၊ အိန်ဂယ်တို့ရဲ့ ပစ္စည်းမဲ့တော်လှန်ရေး ရပ်တည်ချက်၊ အမြင်၊ နည်းနာကို သဘောပေါက်မှာပါ။

+ လေ့လာရေးအစုများခေတ်နဲ့ 'ဗကပ' ထူထောင်တဲ့ခေတ်ကနေ (၁၉၄၈) အထိ ပါတီထဲ ဝင်လာတဲ့သူတွေကို (ပထမမျိုးဆက်) လို့ ကျွန်တော် မှတ်ယူပါတယ်။ ဒီမျိုးဆက်က ဘဝနေဝင်ချိန် ရောက်ပါပြီ။ လေ့လာချိန် မရတော့ပါဘူး။ "၂၁'ရာစု မာ့စ်ဝါဒ" ထုဆစ်ချိန် မရတော့ပါဘူး။

+ ၁၉၄၈ က ၁၉၈၈ ကြားက (ဒုတိယမျိုးဆက်)

+ ၁၉၈၈ က အခုအထိနဲ့ နောက်ပိုင်း (တတိယမျိုးဆက်) လို့ အကြမ်းဖျင်း မှတ်ယူထားပါတယ်။

ဒုတိယမျိုးဆက်နဲ့ တတိယမျိုးဆက်ရဲဘော်များက–"ကွန်မြူနစ် ကြေညာစာတမ်း–ဋီကာ"ရေးပြီး အကျယ်အပြန့် လေ့လာကြရင် အကျိုးရှိမယ် ထင်ပါတယ်။

## လီနင်ဝါဒ တကျော့ ပြန်လာမလား

နယ်ချဲ့လက်သစ်ချင်း စစ်ဖြစ်ရင် တကျော့ ပြန်လာမှာပါ။ ဘယ်တော့ ဘယ်လို ဘယ်မှာ ဘယ်ပုံစံနဲ့ တကျော့ပြန် လာမလဲတော့ မပြောတတ်ပါဘူး။ အရင်းရှင်စနစ်ရဲ့ မွေးရာပါ ပဋိပက္ခများ မပျောက်ကွယ်သေးသမျှ တကျော့ပြန် ဖြစ်မှာ မုချပါပဲ။

## နိဂုံး

ထပ်ပြောပါရစေ၊ ငြင်းခုံဖို့ တင်ပြတာ မဟုတ်ပါ။ ရဲဘော်တွေလည်း မငြင်းခုံစေချင်ပါဘူး။ ဒီလိုကိစ္စမျိုးက အချိန်ယူရတယ်။ အပြန်အလှန် ဆွေးနွေးရတယ်။

အမြင်ချင်းမတူရင် နောက်တလှမ်းဆုတ်ပြီး စဉ်းစားရတယ်။ အပြန်အလှန် ညှိရတယ်။ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုနဲ့ ဖြတ်ပစ်လို့ မရပါဘူး။ အနည်းစုက မှန်နေတာလည်း ရှိတတ်လို့ပါ။

ပါတီက ယူဂျီ ဖြစ်နေလို့ အခုလို ရရှိချက်တင်ပြ– ဝိုင်းပြီး ဆွေးနွေး–အချိန်ယူပြီး စဉ်းစား၊ ထပ်ဆွေးနွေး လုပ်ကြရပါမယ်။

(NN)

စာမူရှင်များသို့
– ၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ ပြည်သူ့အင်အားစုစည်းရေး ရည်မှန်းချက်ဖြင့် 'အရေးတော်ပုံ ဂျာနယ်'အတွက် စာမူများ ဖိတ်ခေါ်အပ်ပါတယ်။
– 'အရေးတော်ပုံ ဂျာနယ်'ကို တော်လှန်ရေးကာလတလျှောက် ရေရှည်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။
– ဆောင်းပါးများ၊ အနုပညာဖန်တီးမှုအမျိုးမျိုးနဲ့ ရသစာပေ၊ ကာတွန်းများ ပေးပို့နိုင်ပါတယ်။
– ဆောင်းပါးပါ အချက်အလက်များကတော့ ခိုင်မာတိကျဖို့ လိုပါတယ်။
ရည်ညွှန်း(Ref;) ဖို့ လိုရင် အတိအကျ ဖော်ပြဖို့လည်း လိုပါတယ်။
– စာမူပေးပို့ရင် swptbn@yahoo.com ဆိုတဲ့ လိပ်စာနဲ့ ပေးပို့နိုင်ပါတယ်။

လေးစားစွာဖြင့်...

စာတည်းအဖွဲ့

# ဂျီးကဲလ်နှင့်ဟိုဒ်




မောင်သန်းမြွေ

တနေ့သ၌ လန်ဒန်မြို့ လူစည်ကားရာအရပ်ရှိ သန့်ရှင်းစည်ကား လင်းလက်ဈေးဆိုင်များ တောက်ပဈေးဝယ်များဖြင့် နှစ်လိုဖွယ် လမ်းသွယ်တခုအတွင်း ရှေ့နေကြီးအက်တာဆန် မိတ်ဆွေတဦးနှင့်အတူ လမ်းလျှောက်အလာ မိတ်ဆွေက အဖြစ်အပျက်တရပ်ကို ပြောပြသည်။ ၎င်းမိတ်ဆွေသည် ပွဲလမ်းသဘင်အပျော်အပါး ခုံမင်သူတဦးဖြစ်ကာ အက်တာဆန်နှင့် အသွင်လက္ခဏာမတူသော်လည်း သူတို့နှစ်ဦး ဘာကြောင့် မိတ်ဆွေဖြစ်ကြသည်ကို ဘယ်သူမှမသိပေ။ လမ်းသွယ်အဆုံးမှာ မှောင်မည်းဆန်းကြယ် ပြတင်းပေါက်မဲ့ အဆောက်အအုံတလုံးရှိပြီး တံခါးမကြီးမှာ လူခေါ်ခေါင်းလောင်းလည်း တပ်ဆင်မထား၊ လက်ကိုင်ဘုလည်းမရှိ၊ ဖုန်များဖြင့်ညစ်ပတ်နေကာ လှေခါးထစ်ပေါ် ညစ်ပေနေသောကလေးများ အကြောက်အလန့်မဲ့ ဆော့ကစားနေသည်ကို မည်သူကမှတံခါးဖွင့်ပြီး သူတို့ကိုမောင်းထုတ်ခြင်းလည်း မရှိပေ။

နံနက်သုံးနာရီ မှောင်မိုက်သည့်ဆောင်းတနံနက် အက်တာဆန်၏မိတ်ဆွေ အိမ်ပြန်အလာ ထိုလမ်းမပေါ်တွင် ပြေးလာနေသော ကလေးမငယ်လေးတဦး ခပ်ပုပုလူတယောက်နှင့် ရုတ်တရက်တိုက်မိပြီး ကလေးမလေး လဲကျသွားသည်။ ထိုလူက ခပ်အေးအေးပင် လဲနေသည့် ကလေးမလေးအပေါ် သူ့ဘွတ်ဖိနပ်ဖြင့်တက်နင်းက ကျော်ဖြတ်သွားသည်။ ကြောက်လန့်တကြား အော်ဟစ်ငိုယိုနေသော ကလေးမလေးကို ဒီအတိုင်းပစ်ထားခဲ့လေသည်။ လူမဆန်သည့်လုပ်ရပ် ဖြစ်သည့်အတွက် သူ့နောက်ကိုပြေးလိုက်ကာ ဖမ်းဆွဲထားလိုက်သည်။ ထိုပုဂ္ဂိုလ်သည် အလွန်ကိုအေးတိအေးစက်နိုင်လှပြီး သူ့အကြည့်သည် မကောင်းဆိုးဝါးဆန်ကာ ရင်ထဲအော်ဂလီဆန်သွားပေသည်။ မကြာမီ လူစုလူဝေးဖြစ်လာကာ ကလေးမလေး၏မိသားစုနှင့် ဆရာဝန်လည်း ရောက်လာသည်။ ထိုလူက မာနတခွဲသားနှင့် ဂြိုဟ်ကြည့်ကြည့်ကာ ဘယ်လောက်လျော်ရမလဲလို့ မေးသည်။ နောက်ဆုံးမှာ ပေါင်တစ်ရာ လျော်ကြေးပေးရန် သဘောတူလိုက်သည်။ ထိုလူက သူတို့ကို နောက်တဖန် ဂြိုဟ်ကြည့်ကြည့်ပြီး ထိုအိမ်ကြီးသို့ ခေါ်သွားလေသည်။ သော့ထုတ်၊ တံခါးဖွင့် အိမ်ထဲဝင်သွားသည်။ ခဏနေပြန်ထွက်လာကာ ရွှေသားဖြင့် ဆယ်ပေါင်ချက်လက်မှတ်ဖြင့် ပေါင် ၉၀ ပေးသည်။ ချက်လက်မှတ်ပေါ်မှ နာမည်သည် လူသိများသည့် ဂုဏ်သရေရှိပုဂ္ဂိုလ်တဦး ဖြစ်နေလေသည်။ ဆရာဝန်၏သင်္ကာမကင်းမှုကို မြင်တွေ့ရသည့်အခါ ထိုလူက မပူနဲ့ ဘဏ်ဖွင့်တဲ့အထိစောင့်ပြီး သူကိုယ်တိုင် ငွေထုတ်ပေးမယ်ဟု ဆိုသည်။ တကယ်ပါပဲ ချက်လက်မှတ်ကလည်း အမှန်ပဲ၊ ငွေထုတ်လို့ရပြီး ကလေးမလေးရဲ့မိသားစုကို ပေးလိုက်ပါသည်။

"ချက်လက်မှတ်ရေးပေးသူက အဲဒီအိမ်မှာပဲနေသလား" ရှေ့နေကြီးအက်တာဆန်က မေးလိုက်သည်။

"ကျွန်တော်မမေးချင်ဘူး" မိတ်ဆွေကဖြေသည်။ "ကျွန်တော့်အတွေ့အကြုံအရ သိပ်စပ်စုတာမကောင်းဘူး။ မကောင်းတဲ့အဖြေကို သိရခြင်းဟာ အတော်ဆိုးတဲ့ကိစ္စဖြစ်တတ်တယ်"။ အတန်ငယ်လျှောက်လာကြရင်း အက်တာဆန်က "ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကလေးမလေး ကို တက်နင်းသွားတဲ့လူရဲ့ နာမည်ကို ကျွန်တော်သိနိုင်မလား" "သူ့ပုံပန်းက ဘယ်လိုလဲ"။

"သူ့နာမည်က မစ္စတာဟိုဒ်လို့ ပြောတာပဲ" "ကြည့်ရတာတမျိုးကြီးပဲ၊ ပုပု ဂင်တိုတို သန်မာပုံရတယ်၊ တစုံတခု လွဲချော်နေပုံပဲ၊ စက်ဆုပ်ရွံရှာ မနှစ်မြို့စရာကောင်းတယ်၊ မဟုတ်သေးဘူး မုန်းစရာကိုကောင်းတာ ကျွန်တော်သူ့ကို မြင်မြင်ချင်း အမြင်ကပ်မိတယ်"။

"သူသော့ထုတ်ပြီး တံခါးဖွင့်တာသေချာသလား"။

"ဘာဖြစ်လို့လဲ၊ လွန်ခဲ့တဲ့တပတ်ကတောင် တံခါးသော့ဖွင့် ဝင်သွားတာ တွေ့လိုက်သေးတယ်"။

"ထူးဆန်းလို့ပေါ့ဗျာ၊ ခင်ဗျားတွေ့တဲ့အတိုင်းပဲ ချက်လက်မှတ်ပိုင်ရှင်ရဲ့ နာမည်ကို ခင်ဗျားကို ကျွန်တော်မမေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်သိနေလို့ပဲ"။

ချက်လက်မှတ်ပိုင်ရှင်နှင့် အိမ်ကြီးရှင်မှာ ဒေါက်တာဂျီးကဲလ် ဆိုသူ သိပ္ပံပညာရှင်တဦးဖြစ်၍ ကြင်နာသနားတတ်သူ၊ အလှူအတန်း ရက်ရောသူ လူကြီးလူကောင်းတဦးဖြစ်လေသည်။ သူသည် ရှေ့နေ ကြီးအက်တာဆန်၏ ကျောင်းနေဖက်သူငယ်ချင်းလည်းဖြစ်

အမှုသည်တဦးလည်း ဖြစ်၏။ ထိုညနေခင်း ညစာစားပြီးနောက် အက်တာဆန်သည် သူ့အမှုသည် ပေးအပ်ထားသော သေတမ်းစာ တစောင်ကို ထုတ်ဖတ်နေမိရင်း စိတ်မသက်မသာ ဖြစ်နေလေသည်။ သေတမ်းစာကို ဒေါက်တာဂျီးကဲလ်၏ လက်ရေးဖြင့်ရေးကာ ကိုယ်တိုင် လက်မှတ် ရေးထိုးထားသည်။ သေတမ်းစာတွင် ယခုလို ရေးထားသည်။

"အကယ်၍ ကျွန်ုပ်ကွယ်လွန်ခဲ့သော် သို့မဟုတ် သုံးလ ထက်ကျော်၍ ပျောက်ဆုံးနေခဲ့သော်၊ ကျွန်ုပ်ပိုင်ဆိုင်သမျှ အရာအား လုံးအား ကျွန်ုပ်၏ ချစ်မိတ်ဆွေ ဟိုဒ်အား လွှဲအပ်ပေးစေလိုပါသည်"။

**(နှစ်)**

နောက်တနှစ်လောက်အကြာ လန်ဒန်မြို့ရဲ့ညတည လမ်းမ ကြီးတခုပေါ်တွင် ရက်စက်ကြမ်းကြုတ်သော လူသတ်မှုတရပ်ဖြစ်ပွား ခဲ့သည်။ အသတ်ခံရသူမှာ စိတ်သဘောထားပြည့်ဝသော အသက် အရွယ်ကြီးရင့်သည့် လူကြီးလူကောင်းတဦးဖြစ်၍ လမ်းလျှောက်တုတ် ဖြင့် အကြောင်းမဲ့ မသေမချင်း ကြိမ်ဖန်များစွာ ရိုက်သတ်ခံရခြင်း ဖြစ် သည်။ လူသတ်သမားမှာ တခြားမဟုတ်၊ ဟိုဒ်ပင် ဖြစ်သည်။ အခင်း ဖြစ်ပွားရာနေရာတွင် လူသတ်သမား အသုံးပြုခဲ့သည့် ထက်ပိုင်းကျိုး နေသော လမ်းလျှောက်တုတ်ကိုလည်း သိမ်းဆည်းရမိသည်။ လမ်း လျှောက်တုတ်မှာ ဒေါက်တာဂျီးကဲလ်၏ တုတ်ဖြစ်သည်။ ဟိုဒ်ကို ရှာ မတွေ့၊ ပျောက်ခြင်းမလှ ပျောက်သွားသည်။

ဟိုဒ် ပျောက်သွားပြီးနောက် ဒေါက်တာဂျီးကဲလ်ကို မိတ်ဆွေ သင်္ဂဟများကြား ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြန်တွေ့ရသည်။ ဘုရားကျောင်း လည်း မှန်မှန်တက်သည်။ သူက အက်တာဆန်ကို ယခုလိုပြောသည်။

"ခင်ဗျားကို ကျွန်တော် ကတိပေးပါတယ်။ ကျွန်တော် ဟိုဒ်ကို ဘယ်တော့မှ ထပ်မတွေ့တော့ဘူး။ အလွန်ဆိုးတဲ့ကိစ္စပါပဲ။ သူနဲ့ကျွန် တော် ပြတ်ပြီ။ ဟိုဒ်ကို ကျွန်တော် ဂရုမစိုက်ဘူး။ ကျွန်တော့်ဂုဏ် သိက္ခာ ကိုပဲ ကျွန်တော်စဉ်းစားနေတာပါ"။

နောက်နှစ်လလောက်အကြာတွင် ဒေါက်တာဂျီးကဲလ်က ဧည့်သည်များကို လက်ခံတွေ့ဆုံဖို့ ငြင်းဆန်ပြန်သည်။ အက်တာဆန်က တွေ့ဆုံခွင့်ရဖို့ အကြိမ်ကြိမ်ခွင့်တောင်းသော်လည်း သူ နေထိုင်မကောင်း သည့်အတွက် ခွင့်လွှတ်ရန်တောင်းပန်သည့် ပြန်ကြားချက်ကိုသာ လက် ခံရရှိသည်။ တနေ့ အက်တာဆန်သည် သူနှင့်ဂျီးကဲလ်တို့၏ ရင်းချာသော မိတ်ဆွေလည်းဖြစ် ကျောင်းနေဖက်လည်းဖြစ်သူ ဒေါက်တာလင်ရန်ထံ အလည်အပတ်ရောက်ရှိသည်။ လင်ရန်က အက်တာဆန်ကို လက်ခံတွေ့ ဆုံသော်လည်း သူ့ကြည့်ရသည်မှာ ရုတ်တရက်အိုစာသွားသလို ပိန်ချုံးညှိုးရော်နေပြီး သေခါနီးလူမမာတယောက်နှင့် တူနေသဖြင့် အက် တာဆန်သည် ချောက်ချားသွားပေသည်။ သူက ဂျီးကဲလ်အမည်ကို သူ့အိမ်မှာ မပြောဖို့တားမြစ်သည်။ နောက်တပတ်အကြာတွင် ဒေါက် တာလင်ရန် ကွယ်လွန်သွားပြန်သည်။

ဒေါက်တာလင်ရန် –လက်ရေးဖြင့် မိမိထံလိပ်တပ်ထားသော 'ပုဂ္ဂိုလ်ရေး'ပေးစာတစောင်ကို အက်တာဆန်လက်ခံ ရရှိသည်။ စာအိတ်ကိုဖောက်လိုက်သောအခါ နောက်ထပ်စာအိတ် တလုံး ထွက် လာ၍ စာအိတ်ပေါ်တွင် ယခုလိုရေးထားသည်။ "ဒေါက်တာဂျီးကဲလ် မသေဆုံးခင် သို့မဟုတ် မပျောက်ဆုံးခင် ဤစာအိတ်ကို မဖွင့်ပါနှင့်"။ မိတ်ဆွေတဦးသေဆုံးပြီး နောက်မိတ်ဆွေတဦး စိတ်ဒုက္ခရောက်နေချိန်မှာ ကိုယ့်မျက်စိ ကိုယ် မယုံနိုင်လောက်သည့် စကားလုံးများကို ဖတ်လိုက်ရ သော်လည်း၊ အလွန်ရိုးသားဖြောင့်မတ်သည့် ပုဂ္ဂိုလ်တဦးနှင့် ရှေ့နေ တဦးလည်းဖြစ်သည်နှင့်အညီ အက်တာဆန်သည် သူ၏မိတ်ဆွေနှင့် အမှုသည်၏ နောက်ဆုံးဆန္ဒကို လေးစားရမည် ဆိုသည်ကို သိရှိပေသည်။ ဒေါက်တာလင်ရန်၏စာအိတ်ကို ဒေါက်တာဂျီးကဲလ်၏သေတမ်းစာနှင့် အတူ ဘီဒိုထဲတွင် သော့ခတ်သိမ်းဆည်းထားလိုက်၏။

နွေတညနေခင်း ရှေ့နေကြီးအက်တာဆန် ညစာစားပြီးချိန် ဒေါက်တာဂျီးကဲလ်၏အစေအပါး အဖိုးကြီးပူးလ် ဖြူဖတ်ဖြူရော် ထိတ် ထိတ်ပြာပြာနှင့် ရောက်ရှိလာသည်။ သူ့သခင်သည် တစုံတရာ ဒုက္ခကြုံ တွေ့နေရပြီဟု ယူဆကြောင်း၊ သူ့သခင်သည် ရံဖန်ရံခါ ဘယ်သူနှင့်မှ အတွေ့မခံဘဲ သူ့ဓာတ်ခွဲခန်းတွင်အောင်းကာ တံခါးပိတ်နေလေ့ရှိသော် လည်း ယခုမှု တပတ်ကျော်ပြီဖြစ်လို့ လိုက်ကြည့်စေလိုကြောင်း ပြော သည်။ သူတို့နှစ်ဦး ဒေါက်တာ ဂျီးကဲလ်အိမ်သို့ ရောက်သောအခါ အိမ် ခန်းမကြီးတွင် အစေခံများအားလုံးစုနေကာ တုန်လှုပ်ချောက်ချား တိတ်ဆိတ် ငြိမ်သက်နေသည်ကို တွေ့ရသည်။ အိမ်မျက်နှာစာကိုပတ်၍ ဓာတ်ခွဲခန်းသို့ရောက်သောအခါ ပူးလ်က မစ္စတာအက်တာဆန်က တွေ့လိုကြောင်း အကြောင်းကြားလိုက်သည်။

"ငါဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ပြောလိုက်" အခန်းထဲမှ အသံထွက်လာသည်။

"အသံပြောင်းသွားသလိုပဲ" အက်တာဆန်က ဖြူဖတ်ဖြူ ရော်နဲ့ တိုးတိုးပြောလိုက်သည်။

"ကျွန်တော် ဒေါက်တာဂျီးကဲလ်ဆီမှာ လုပ်လာတာ အနှစ်နှစ် ဆယ်ရှိပြီ၊ ဒါ ကျွန်တော့်ဆရာ့အသံ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ရှစ်ရက်က သူ့အသံကို နောက်ဆုံးကြားလိုက်ရတာပဲ။ တစုံတယောက်က ဆရာ့ကို သတ်လိုက်ပြီလား၊ ဘုရားရေ၊ ဒီအသံဟာ လူသတ်သမားရဲ့ အသံပဲ ဖြစ်မယ်" ပူးလ်ကတုန်တုန်ရီရီဖြင့်ပြောသည်။

"တကယ်လို့ ဒေါက်တာဂျီးကဲလ် အသတ်ခံရရင် လူသတ်သ မားက ဘာလို့ဆက်ရှိနေရသလဲ" အက်တာဆန်က စိတ်တည်ငြိမ် အောင် ကြိုးစားရင်းပြောသည်။ နောက်ဆုံးမှာ တံခါးကို ဖျက် ဝင်ရောက် ဖို့ ဆုံးဖြတ်လိုက်သည်။ အခန်းဝရောက်သည့်အခါ အက်တာဆန်က အသံမြှင့်ပြီး အော်ပြောလိုက်သည်။

"ဂျီးကဲလ် ခင်ဗျား ကျွန်တော့်ကို တွေ့မှဖြစ်မယ်၊ ခင်ဗျားငြင်း နေရင် တံခါးဖျက်ပြီးဝင်ရလိမ့်မယ်"

"အက်တာဆန် တောင်းပန်ပါတယ်။ ကျုပ်တယောက်တည်း နေပါရစေ" အထဲက အသံထွက်လာသည်။

"ဒါ ဂျီးကဲလ်အသံမဟုတ်ဘူး၊ ဒါ ဟိုဒ်အသံပဲ၊ ပူးလ် တံခါး ဖျက်ဟေ့" အက်တာဆန်က အော်ပြောလိုက်သည်။

သူတို့အခန်းထဲသို့ ရောက်ရှိချိန်တွင် အခန်းလယ်မှာ လူတ ယောက် မှောက်လျက်လဲကျနေသည်ကို တွေ့ရသည်။ ရှေ့နေကြီးက ဆွဲလှန်လိုက်သည့်အခါ ဟိုဒ်ရဲ့မျက်နှာကို တွေ့ရသည်။ သူနှင့် မတန်တဆ ကြီးသော အဝတ်အစားကို ဝတ်ဆင်ထားကာ လက်ထဲတွင် အဆိပ် ပုလင်းလွတ်ကိုလည်း တွေ့ရသည်။ အဆိပ်သောက် သတ်သေသွားခြင်း ပါပဲ။ သူတို့ အခန်းအနှံ့ ရှာဖွေကြသော်လည်း ဂျီးကဲလ်ကို အသေသော် လည်းကောင်း အရှင်သော်လည်းကောင်း မတွေ့ရှိရပေ။ အခန်းထောင့် စားပွဲတလုံးပေါ်တွင် ဖန်ခွက်တွေ ပုလင်းတွေ ဓာတုဗေဒပစ္စည်းတွေနှင့် အဖြူရောင်အမှုန့်တချို့ တွေ့ရသည်။ မှန်ဘီဒိုတွေကြားတွင် ကိုယ်လုံး ပေါ်မှန်ကြီးတချပ်ကိုလည်း ထူးထူးဆန်းဆန်းတွေ့ရသည်။ စာရေးစားပွဲ အံဆွဲထဲတွင် အက်တာဆန်ကို လိပ်မူထားသော စာထုပ်တထုပ်ကို တွေ့ရလေသည်။

လက်ရေးမှာ ဒေါက်တာဂျီးကဲလ်လက်ရေးပင်။ ရှေ့နေကြီး အက်တာဆန် စာထုပ်ကိုဖြေလိုက်သည့်အခါ စာအိတ်သုံးလုံးနှင့် ထည့်

ထားသော စာသုံးစောင်ထွက်လာသည်။ ပထမစာက သေတမ်းစာဖြစ်သည်။ ယခင်သေတမ်းစာနှင့် မတူတာက ကာယကံရှင်က သူ့ရဲ့ ကျန်ပစ္စည်းဥစ္စာအားလုံးကို ဟိုဒ်သို့ပေးအပ်ခဲ့ခြင်းမဟုတ်ဘဲ သူ့မိတ်ဆွေကြီးအက်တာဆန်သို့ ပေးအပ်ခဲ့ခြင်းပဲဖြစ်သည်။ ဒုတိယစာက ယနေ့နေ့စွဲဖြင့် ရေးထားခြင်းဖြစ်သည့်အတွက် ဒေါက်တာဂျီးကဲလ် ယနေ့ အထိ အသက်ရှင်နေသေးသည်မှာ ထင်ရှားပေသည်။ စာတိုကလေး တစောင်သာ ဖြစ်သည်။

ချစ်စွာသောအက်တာဆန်

ဒီစာကို ခင်ဗျားဖတ်နေချိန်တွင် ကျွန်ုပ်ပျောက်ကွယ်သွားပြီး ဖြစ်သည်။ ကျေးဇူးပြု၍ အိမ်ပြန်ပြီး လင်ရန်၏စာကို ဖတ်ပါလေ။ ဒီနောက် ကျွန်ုပ်၏ ဝန်ခံချက်ကို ဖတ်ပါ။

ကံအကြောင်းမလှစွာ စိတ်မချမ်းမြေ့ဖြစ်ရသော သင့်မိတ်ဆွေ

ဟင်နရီ ဂျီးကဲလ်

## (သုံး)

ဒေါက်တာလင်ရန်၏စာမှာ အောက်ပါအတိုင်းဖြစ်၏။

လွန်ခဲ့သောလေးရက်က စါတိုက်မှနေ၍ ဂျီးကဲလ် လက်ရေးနှင့် ကိုယ်တိုင်ရေးထားသော စာတစောင်လက်ခံရရှိသည်။ စာက မိတ်ဟောင်းဆွေဟောင်းတဦးအနေဖြင့် အကူအညီတရပ် တောင်းထားခြင်း ဖြစ်သည်။ သူ့အိမ်ဓာတ်ခွဲခန်းတွင်းရှိ ဓာတုဆေးရည်ပုလင်း ဆေးမှုန့်ထုပ်နှင့် ဆေးမှတ်တမ်းစာအုပ်တအုပ်ကို သွားယူပေးရန်နှင့် ညသန်းခေါင်ယံတွင် ရောက်လာမည့် ဧည့်သည်လူစိမ်းတဦးအား ပေးလိုက်ရန်ဖြစ်ပေသည်။ သူ့အသက်နှင့်စိတ်ငြိမ်းချမ်းမှုသည် မိမိအပေါ် တည်နေသဖြင့် မပျက်မကွက်ဆောင်ရွက်ပါရန် တောင်းပန်ထားသည်။ ကြောက်မက်ဖွယ် ဘေးဒုက္ခတရပ်နှင့် သူကြုံတွေ့နေရပြီး မိမိသာလျှင် ကယ်တင်နိုင်မှာဖြစ်ကြောင်း ရေးသားထားလေသည်။

ဂျီးကဲလ်ရှူးသွားပြီဟု ကျွန်ုပ်တွက်လိုက်သော်လည်း မိတ်ဆွေ မည်သည် မိတ်ဆွေသာဖြစ်သဖြင့် သူခိုင်းသည့်အတိုင်း ကျွန်ုပ်လုပ်ဆောင်ပေးခဲ့ပါသည်။ ထိုညသန်းခေါင်ယံတွင် ဂျီးကဲလ်လွှတ်လိုက်သော လူစိမ်းဧည့်သည် ရောက်လာသည်။ ၎င်းထက် မတန်တဆကြီးမားသည့် အဝတ်အစားကို ဝတ်ဆင်ထားသည့် မနှစ်မြို့စရာ ပုပုတုတ်တုတ်လူစိမ်းက ကျွန်ုပ်ထံမှ ကတိတခုတောင်းသည်။ ကျွန်ုပ်အနေဖြင့် အခန်းထဲမှထွက်လိုက ထွက်သွားနိုင်ပြီး သို့မဟုတ် သိပ္ပံနည်းကျ ရှင်းမပြနိုင်သည့် မယုံကြည်နိုင်ဖွယ် စမ်းသပ်မှုတရပ်ကို စောင့်ကြည့်နိုင်ကြောင်းပြောသည်။ သူဘာပြောနေသလဲ ကျွန်ုပ် နားမလည်ပါ၊ ခပ်ကြောင်ကြောင်ငနဲနှင့် တိုးနေပါပေ့လားဟု တွက်ဆနေမိသည်။ ဒါပေမဲ့ ကျွန်ုပ်အခန်းထဲမှာပဲ နေခဲ့ပါသည်။ သူသည်ဖန်ခွက်တလုံးတွင် ဓာတုဆေးရည်နှင့် ဆေးမှုန့်များရောစပ်ကာ တချိုးတည်းမော့ချလိုက်သည်။ သူ့ခန္ဓာကိုယ်တခုလုံး လှုပ်ခါနေကာ အသက်ရှူလည်း ပြင်းထန်လာပါသည်။ တခဏချင်းမှာပင် သူသည်တစတစ အရပ်ရှည်လာ ကြီးထွားလာ မျက်နှာလည်း မည်းပြာသွားရာမှ အသွင်ပြောင်းလာ၊ နောက်ဆုံး ကျွန်ုပ် မျက်စိရှေ့မှောက် ဖြူရော်ချည့်နဲ့ တုန်ယင်စွာ ရပ်နေသူမှာ ဟင်နရီ ဂျီးကဲလ်ပင် ဖြစ်ပေတော့သည်။

ထိုညက မျက်ရည်လည်ရွဲဖြင့် ဂျီးကဲလ် ဖွင့်ဟဝန်ခံချက်ကို ကျွန်ုပ်ပြန်ရေးပြဖို့ မတတ်နိုင်ပါ။ ကျွန်ုပ်မှာသာ သောကဗျာပါဒ ဖြစ်ကျန်ခဲ့ပါသည်။ သိပ္ပံပညာရှင်တယောက်အနေဖြင့် မယုံကြည်နိုင်ဖွယ်ကိစ္စတရပ်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပါသည်။ အိပ်စက်ခြင်းကား ကျွန်ုပ်ထံမှ ထွက်ပြေးသွားချေပြီတကား။ ကျွန်ုပ် တာရှည် မနေရတော့ဘူးဆိုသည်ကို အလိုလို သိနေပါသည်။ ကျွန်ုပ် နောက်ဆုံး ပြောလိုသည့်အချက်မှာ ဂျီးကဲလ် ပြောပြချက်အရ ထိုညက ကျွန်ုပ်အိမ်သို့ ရောက်ရှိ လာသည့် မကောင်းဆိုးဝါးကောင်၏ အမည်မှာ ဟိုဒ်ဖြစ်ပြီး လူသတ်မှုဖြင့် ပုလိပ်ဘက်က အလိုရှိနေသူ ဖြစ်သည် ဆိုသည့်အချက်ပင် ဖြစ်သည်။

ရှေ့နေကြီးအက်တာဆန်သည် စိတ်ချောက်ချားစွာဖြင့် ဒေါက်တာလင်ရန်၏စာကို ဖတ်ရှုပြီးနောက် ဒေါက်တာဂျီးကဲလ်၏ ဝန်ခံချက်ကို ဆက်လက်ဖတ်သည်။

## ဒေါက်တာဂျီးကဲလ်၏ဝန်ခံချက်

ကျွန်ုပ်ကို ၁၈— ခုနှစ်တွင်မွေးဖွားသည်။ ကျွန်ုပ်သည် ကျန်းမာသန်စွမ်းသောခန္ဓာကိုယ် ထက်မြက်သည့်ဉာဏ်ရည်ဖြင့် အောင်မြင်သောသိပ္ပံပညာရှင်တဦးအဖြစ် ကောင်းမွန်သောအနာဂတ်ကို ဆက်ခံထားပါသည်။ ကျွန်ုပ်သည် ပင်ကိုယ်အားဖြင့် အလုပ်ကြိုးစားသူ တဦးဖြစ်သည့် အားလျော်စွာ ကျွန်ုပ်နှင့်သက်တူရွယ်တူလူငယ်လူရွယ်များ အပြင်ထွက် လည်ပတ်ပျော်ပါးနေချိန်တွင် ကျွန်ုပ်မှာ အဖိုးအိုတယောက်လို အလုပ်ထဲ ပိနေသည်။ ပြင်ပအမြင်မှာ လေးနက်ကြိုးစားငြိမ်သက်သည့် စရိုက်လက္ခဏာ ရှိသော်လည်း နောက်ကွယ်မှာ တက်ကြွ ပျော်ရွှင် လည်ပတ်ပျော်ပါးလိုသော စရိုက်လက္ခဏာ ရှိနေသဖြင့် ကျွန်ုပ်အဖို့ အတော်မသက်မသာ ဖြစ်ရသည်။

လူတိုင်းမှာ စရိုက်လက္ခဏာနှစ်မျိုးရှိသည်။ ခန္ဓာကိုယ်တခုထဲတွင် လူနှစ်မျိုး အတူတကွ နေနေသည့် သဘောဖြစ်သည်။ ဘယ်လောက် ဆန်းကြယ်လိုက်ပါသလဲ။ ဒီနှစ်ခုကို ခွဲထုတ်လိုက်ပြီး အပျော်ကြိုက်သူကို ပျော်ခွင့်ပေးလိုက်၊ အလေးအနက်ကြိုက်သူကို လေးနက်ခွင့်ပေးလိုက်။ ဤသည်မှာ မဖြစ်နိုင်သောအရာ မဟုတ်ပေ။ စရိုက်နှစ်ခုကို သူ့ခန္ဓာကိုယ်နှင့်သူ့မျက်နှာ သီးခြားစီခွဲထုတ်လိုက်နိုင်သည့် ဆေးဝါးတရပ်ကို ဖော်ထုတ်ဖို့ ကျွန်ုပ်ကြိုးစားပါသည်။ နောက်ဆုံးမှာ ဆေးဝါးတရပ် ကျွန်ုပ်ဖော်ထုတ်နိုင်ခဲ့သည်။ အတော်ကြာကြာ ချီတုံချတုံ ဖြစ်နေပြီးနောက် ပြင်းပြသည့်ဆန္ဒ၏ လှုံ့ဆော်မှုကြောင့် ၎င်းဆေးကို ကျွန်ုပ်သောက်လိုက်သည်။ အပြင်းအထန်နာကျင်မှုနှင့်အတူ ကျွန်ုပ်၏အာရုံသည် ချာချာလည်သွားပေသည်။ နာကျင်မှုလျော့ပါးပြီး သတိပြန်ရလာသည့်အခါ ထူးခြားနှစ်လို့ဖွယ် ခံစားမှုတရပ်ပေါ်ပေါက်လာသည်။ စိတ်ရိုင်းစိတ်ကြမ်းတွေ ကျွန်ုပ်စိတ်အာရုံတွင် ကခုန်မြူးတူးနေကြသည်။ ကျွန်ုပ်သည် ပိုမိုနုပျိုပေ့ါပါး လွတ်လပ်သန်စွမ်း အပူအပင်မဲ့ဖြစ်လာသည်။ မကောင်းဆိုးဝါးဆန်ပေမယ့် ကျွန်ုပ် နှစ်ခြိုက်နေသည်။

သို့ရာတွင် ကျွန်ုပ် ပုသွား သေးသွားသည်ကို သတိပြုမိသည်။ မှန်ထဲတွင် ပုပု ဂင်တိုတို မကောင်းဆိုးဝါးတကောင်၏ အကြည့်ဖြင့် ကျွန်ုပ်ကိုကြည့်နေသော ဟိုဒ်ဆိုသူကို ကျွန်ုပ်တွေ့လိုက်ရသည်။ ကျွန်ုပ်သည် ရုပ်ပြောင်းရုပ်လွှဲဆေးကို အမြန်ဖော်စပ်ကာ ထပ်သောက်လိုက်ခြင်းဖြင့် နောက်တဖန် နာကျင်ကိုက်ခဲ မူးဝေခြင်းနှင့်အတူ ဂျီးကဲလ်စိတ်နှင့်ဂျီးကဲလ်ကိုယ် ပြန်ဖြစ်လာခဲ့ပါသည်။

ကျွန်ုပ်၏ ဟိုဒ်ဘဝ စက်ဆုပ်ဖွယ် လန်ဒန်ည လမ်းကြိုလမ်းကြား အပျော်အပါး စွန့်စားခန်းများအကြောင်း အသေးစိတ် မပြောလိုတော့ပါ။ လူတိုင်းမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေသော်လည်း ဟိုဒ်ကတော့ အကောင်းဆို၍ မရှိသလောက်ဖြစ်သည့် ရာဇဝတ်

ကောင် တကောင်သာ ဖြစ်ပါသည်။ ဒါကြောင့် ဂျီးကဲလ်နှင့် လုံးလုံးခြား နားသော သွင်ပြင်လက္ခဏာ ရှိနေခြင်းဖြစ်သည်။ မကောင်းဆိုးဝါးကို လှောင်အိမ်ထဲမှ လွှတ်လိုက်မိပြီ။ ကြာလေ ထိန်းရခက်လေ ဖြစ်လာပြီ။ တညမှာ လမ်းပေါ်တွင် ကလေးငယ်တယောက်ကို တက်နင်းပစ်ခဲ့သည်။ ကျွန်ုပ်လက်မှတ်ဖြင့် ချက်လက်မှတ်တစောင် လျော်ကြေးပေးခဲ့ရသည်။

တနံနက်ခင်း ကျွန်ုပ်အိပ်ရာအထ ထူးဆန်းသည့်ခံစားမှု တရပ်ကြောင့် တစုံတခုမှားယွင်းနေကြောင်း သတိပြုမိသည်။ ကိုယ့်လက် ကိုယ်ကြည့်လိုက်မိသည့်အခါ အရိုးငေါငေါ ညိုမှောင်ပိန်လှီ အမွေးထူထူ လက်ကြမ်းကြီးကို တွေ့လိုက်ရသည်။ ဂျီးကဲလ်အဖြစ် အိပ်ပျော်သွားသော်လည်း အိပ်ရာနိုးသောအခါ ဟိုက်ဒ်အဖြစ် နိုးလာခြင်းဖြစ်၏။ ကျွန်ုပ် အကြီးအကျယ် ချောက်ချားသွားသည်။ ကျွန်ုပ်၏ ခန္ဓာကိုယ်နှင့် စိတ်သန္တာန်အတွက် ကျွန်ုပ်၏စိတ်ကောင်းနှင့် စိတ်ယုတ်တို့ တိုက်ပွဲဆင်နေကြလေပြီ။ ဟိုက်ဒ်အဖြစ်မှ ဂျီးကဲလ်အဖြစ် ပြောင်းဖို့အတွက် ဆေးကို နှစ်ဆသောက်နေရသည်။ ဤအရာနှစ်ခုအနက် တခုခုကို ရွေးရတော့မည်ကို ကျွန်ုပ်သိသော်လည်း ပျင်းရိငြီးငွေ့ဖွယ် ဂျီးကဲလ်အဖြစ် ဆက်လက် မနေချင်စိတ်က အသာရရှိသွားပြီး၊ တညမှာ တိရစ္ဆာန်ရိုင်းတကောင် ဖြစ်သည့် ဟိုက်ဒ်ကို အနှောင်အဖွဲ့မှ တခါးဖွင့် လွှတ်လိုက်မိလေသည်။ ထိုညက ကျွန်ုပ်သည် လူကြီးလူကောင်း တယောက်ကို ဘာအကြောင်းမှမရှိဘဲ ကြမ်းကြုတ်ရက်စက်မှုအပေါ် ကြည်နူးသည့်စိတ်ဖြင့် မသေမချင်း ရိုက်သတ်လိုက်သည်။ ဂျီးကဲလ်အဖြစ် ပြန်လည်ရောက်ရှိလာသည့်အခါ ကျွန်ုပ်သည် ဒူးထောက်ပို ကြွေးပြီး ဘုရားသခင်ထံ ခွင့်လွှတ်ဖို့ တိုင်တည်မိပေသည်။ ဘုရားသခင် ကယ်တော်မူပါ။ ကျွန်ုပ်သည် ဟိုက်ဒ်ကို ပေးထားသည့် တံခါးသော့ကို ချိုးပစ်ပြီး လွှင့်ပစ်လိုက်သည်။ သွားပေတော့ ဟိုက်ဒ်။

နောက်နေ့တွင် လူသတ်မှုနှင့် လူသတ်သမားဟိုက်ဒ်သတင်းသည် လန်ဒန်တမြို့လုံး ပျံ့နှံ့နေသည်။ တနည်းတဖုံအားဖြင့် ကျွန်ုပ် ဝမ်းသာပါသည်။ ဟိုက်ဒ် ပြန်မလာနိုင်တော့ဘူး။ ပြန်လာရင် အဖမ်းခံရပေတော့မည်။ ကျွန်ုပ်သည် အလုပ်များသော်လည်း တာဝန်သိစိတ်ဖြင့် ပျော်ရွှင်ဖွယ်ကာလ တရပ်ကို ပြန်လည် ရရှိလာသည်။ သို့ရာတွင် ကျွန်ုပ်၏ပျော်ရွှင်မှုသည် တာရှည်မခံပေ။ ကြည်နူးသာယာဖွယ် နေသာသည့် တညနေခင်း ပန်းခြံတခုအတွင်း ခုံတန်းတခုပေါ်ထိုင်နေစဉ် ကျွန်ုပ်သည်အကြီးအကျယ် နေထိုင်မကောင်းဖြစ်လာကာ ဟိုက်ဒ် ပြန်ပေါ်လာပြန်သည်။ တခဏချင်းမှာပင် ကျွန်ုပ်သည် ထင်ရှားကျော်ကြား လူသိများသည့် ဆရာဝန်တဦးအဖြစ်မှ ပုလိပ်က အလိုရှိနေသော ကြမ်းကြုတ်သည့်လူသတ်သမား ရာဇဝတ်သား တဦး ဖြစ်သွားပေပြီ။

ဘယ်လိုလုပ် အိမ်ပြန်ပြီး ဆေးသောက်လို့ရပါတော့မလဲ။ နောက်ဆုံးမှာ ဟိုတယ်တခုမှာ သွားပုန်းပြီး မိတ်ဆွေကြီး ဒေါက်တာလင်ရန်ထံ အကူအညီတောင်းရပေသည်။ လင်ရန်၏ တုန်လှုပ်ချောက်ချားမှုကို မြင်တွေ့ရသည့်အခါ ကျွန်ုပ်အကြီးအကျယ် ရှက်မိပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ရွံမုန်းမိသည်။ ကျွန်ုပ်သည် ပုလိပ်ကိုမကြောက်ပါ။ ဟိုက်ဒ်ကိုသာ ကြောက်နေသည်။

အိမ်ပြန်ရောက်သည့်နောက်ပိုင်း ကျွန်ုပ်၏မိစ္ဆာကိုယ်ပွား ဟိုက်ဒ် ပြန်ပေါ်လာမှာကို ကျွန်ုပ်ကြောက်နေရသဖြင့် ဖြောင့်ဖြောင့် မအိပ်ရဲတော့ပါ။ အိပ်ရာနိုးသည်နှင့် ကျွန်ုပ်သည် ဟိုက်ဒ်ဖြစ်နေသည်။ ဆေးသောက်ရသည်မှာ အကြိမ်စိပ်လာသလို နှုန်းလည်းနှစ်ဆ သုံးဆ မြင့်လာသည်။ ကျွန်ုပ်အခန်းထဲမှ မထွက်ရဲတော့ပါ။ လိုအပ်သည့် ဓာတုပစ္စည်းကို စာဖြင့်ရေးကာ တခါးအောက်မှထိုးပေးပြီး ပူးလ်အား အဝယ်လွှတ်ရသည်။ ပူးလ်ဝယ်လာပေးသည့် ဓာတုပစ္စည်းသည် အရည်အချင်းမပြည့်ဟု ယူဆမိသော်လည်း မဟုတ်ပါ။ ဟိုက်ဒ်ကို ဆေးမတိုးတော့တာဖြစ်ကြောင်း သိလာရသည်။ ဟိုက်ဒ်က ပို၍ပို၍ သန်စွမ်းလာသလောက် ဂျီးကဲလ်မှာ သောက ဗျာပါဒ ဖိစီးမှုဖြင့် ချည့်နဲ့လာသည်။ ဂျီးကဲလ်နှင့်ဟိုက်ဒ် တယောက်ကိုတယောက် မုန်းတီးသထက် မုန်းတီးလာသည်။ ဟိုက်ဒ်က ဂျီးကဲလ်၏ စိတ်နှင့်ခန္ဓာမှ လွှတ်မြောက်စေရန် အမြဲ တိုက်ခိုက်နေပေသည်။ ဂျီးကဲလ်သူ့ကို မနှစ်မြို့တော့သည်ကိုလည်း မကျေမနပ်ဖြစ်လျက်ရှိ၏။ ဂျီးကဲလ်ကို ဟိုက်ဒ်မသတ်ရဲပေ။ သူ၏အပျော်အပါးခံမင်မှု၊ ပြင်းပြသည့် ဘဝရမက်ကြောင့် ဂျီးကဲလ်ကိုသတ်ခြင်းဖြင့် သူလည်းသေဆုံးမှာကို မလိုလားသောကြောင့် ဖြစ်၏။

လွန်ခဲ့သည့်တပတ်ကပင် လက်ကျန်ဆေး ကုန်ခန်းသွားပေပြီ။ နောက်ထပ်လည်း ဖော်စပ်၍ မရတော့ပေ။ ဤဆေးမှာ ကျွန်ုပ် ကိုယ်တိုင်ပင်လျှင် မသိသည့် တစုံတခုသောအကြောင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နောက်ထပ် လုပ်လို့မရသည့် တိုက်ဆိုင်မှုတရပ်သာ ဖြစ်ပေသည်။ လောလောဆယ်မှာ ကျွန်ုပ်သည် ဂျီးကဲလ်ဖြစ်နေသေး၏။ ကျွန်ုပ်မှာ အချိန်နည်းနည်းသာ ကျန်ပါတော့သည်။ ဟိုက်ဒ် ပြန်ပေါ်မလာမီ စာကို အဆုံးသတ်ပါတော့မည်။ ယခုအခါ ဟိုက်ဒ်မှာ ထောင်ခြောက်ထဲက တိရစ္ဆာန်တကောင်လို ဖြစ်နေသည်။ ဘယ်အချိန် ပုလိပ်က တံခါးလာခေါက်မလဲဆိုသည်ကို တထိတ်ထိတ်ဖြင့် နားစွင့်နေရသည်။ သူ အဖမ်းခံပြီး သေဒဏ် ကျခံမလား။ ဒါမှမဟုတ် အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမလား။ ခင်ဗျား ဤစာကို ဖတ်နေချိန်တွင် ခင်ဗျားသိသည့် ဟင်နရီ ဂျီးကဲလ်မှာ သေဆုံးသွားပြီးဖြစ်လိမ့်မည်။ ကျန်အပိုင်းက ဟိုက်ဒ်၏ အပိုင်းသာ ဖြစ်ပေတော့သည်။

## (လေး)

ဂျီးကဲလ်နှင့်ဟိုက်ဒ်ဝတ္ထု(၁၈၈၆)သည် စကော့တလန် စာရေးဆရာ စတီဗင်ဆန် (၁၈၅၀–၁၈၉၄) ၏ အင်္ဂလိပ်ဂန္ထဝင် ဝတ္ထုတပုဒ်ဖြစ်သည်။ The Strange Case of Dr Jekyll and Mr Hyde (1886) by R.L.Stevenson (1850-1894) စတီဗင်ဆန်သည် ဝတ္ထုတို ဝတ္ထုရှည် ဆောင်းပါး ကဗျာ ပြဇာတ်နှင့် ခရီးသွားဆောင်းပါးများစွာရေးသားခဲ့သည့်အနက် ယခုဝတ္ထုသည် အထင်ရှားဆုံး ဝတ္ထုရှည်တပုဒ်ဖြစ်သည်။ မူရင်းဇာတ်အိမ်နှင့် ရသကို မထိခိုက်စေရန် ကြိုးစား၍ အကျဉ်းချုံး ပြန်ဆို ဖော်ပြလိုက်ပါသည်။

ဤဝတ္ထုကို လျှို့ဝှက်ဆန်းကြယ်ဝတ္ထု စိတ္တဗေဒဝတ္ထု စရိုက်သရုပ်ဖော်ဝတ္ထု စသည်ဖြင့် ဝတ္ထုဗေဒအရ ခွဲခြမ်းစိတ်ဖြာကြသော်လည်း နေရှင်ပေါက်စများ၏ နှစ်ခွလက္ခဏာရှိမှုကို ဖော်ပြသောဝတ္ထုတပုဒ်အဖြစ် လီနင်ကမကြာခဏ ရည်ညွှန်းလေ့ရှိသည်။ ဥရောပစာပေတွင် စရိုက်နှစ်ခွရှိမှုကို ရည်ညွှန်းရာ၌ "ဂျီးကဲလ်နှင့်ဟိုက်ဒ်"အသုံးသည် တွင်နေပေပြီ။ အောက်စဖို့အဘိဓာန် (Advanced Learner's)က "လူတဦးတည်းတွင် အကောင်း(ဂျီးကဲလ်)နှင့် အဆိုး(ဟိုက်ဒ်) ကိုယ်ရည်ကိုယ်သွေး နှစ်မျိုးရှိခြင်း" ဟု အနက်ပေးသည်။ အောက်စဖို့အဘိဓာန် (Concise) က "အကောင်းနှင့်အဆိုး ဆန့်ကျင်ဘက် ကိုယ်ရည်ကိုယ်သွေးကို လူတဦးတည်းမှ ပြောင်းလဲဖော်ဆောင်ခြင်း" ဟု အနက် ဖွင့်သည်။

ဤဝတ္ထုမွေးဖွားရာဒေသသည် ဥရောပအရင်းရှင်စနစ်၏ ဘုမိနက်သန် အင်္ဂလန်နိုင်ငံဖြစ်ပြီး စက်မှုတော်လှန်ရေး ဖြစ်ပွားနေသော ကာလ လွတ်လပ်စျေးကွက်မှ လက်ဝါးကြီးအုပ်စနစ်သို့ တက်လှမ်းနေသော ကာလ ဖြစ်သည်။ ဗြိတိသျှအင်ပိုင်ယာ၏ နွေဦးကာလဖြစ်သည့်

ဝိတိုရိယခေတ်(၁၈၃၇–၁၉၀၁)ဖြစ်သည်။ မာကဲ့စ်က ကွန်မြူနစ်ကြေညာစာတမ်း (၁၈၄၈) တွင် ယခုလိုရေးသားခဲ့သည်။ "ရေးနွေးငွေ့နှင့် စက်ကိရိယာတို့က စက်မှုထုတ်လုပ်ရေးကို တော်လှန်ပြောင်းလဲစေလိုက်သည်။ ခေတ်မီ စက်မှုလုပ်ငန်းကြီးက ကမ္ဘာ့ဈေးကွက်ကို တည်ထောင် လိုက်သည်။ ခေတ်ရှင်တို့၏အရင်းအနှီးလည်း တိုးပွားလာကာ အလယ်ခေတ်က ကြွင်းကျန်နေသည့် လူတန်းစားမှန်သမျှကို နောက်ကွယ်သို့ ဖယ်ထုတ်လိုက်သည်"။ "ထုတ်လုပ်ရေး အမြဲမပြတ် ပြောင်းလဲခြင်း၊ လူမှုဆက်ဆံရေးအားလုံး အဆက်မပြတ်မငြိမ်မသက်ဖြစ်ခြင်း၊ ထာဝစဉ် မရေရာခြင်းနှင့် လှုပ်ရှားခြင်းတို့သည် အခြားခေတ်ကာလအားလုံးနှင့် မတူသည့်အချက်ပင်တည်း"။

လီနင်က နယ်ချဲ့စနစ်ကျမ်းတွင် အရင်းရှင်စနစ် ဖြစ်ပေါ်မှု အဆင့်ဆင့်ကို ယခုလိုရေးခဲ့သည်။ "ဥရောပအတိုင်းအတာဖြင့် ဆိုလျှင် လွတ်လပ်စွာပြိုင်ဆိုင်မှုမှာ ၁၈၆၀စုနှစ်များနှင့် ၁၈၇၀ စုနှစ်များတွင် အထွတ်အထိပ်သို့ရောက်ခဲ့သည်။ ယင်းကာလမှာ အင်္ဂလန်နိုင်ငံက သူ၏ရှေးဆန်သော အရင်းရှင်စနစ်အဖွဲ့အစည်း တည်ဆောက်မှု ပြီးဆုံးသောအချိန်ဖြစ်သည်"။ "လက်ဝါးကြီးအုပ်စနစ် ဖြစ်ပေါ်တိုးပွားမှု၏ ပထမဦးဆုံးအရေးပါသည့်ကာလမှာ ၇၀ စုနှစ်များတွင် စတင်ခဲ့ပြီး ၉၀ စုနှစ်များအထိ တည်ရှိခဲ့သော နိုင်ငံတကာ လက်မှုလုပ်ငန်း စီးပွားပျက်မှုကြီးနှင့် စတင်ခဲ့သည်"။ "ဥရောပတွင်မူ အရင်းရှင်စနစ်အသစ် (လက်ဝါးကြီးအုပ်)က အရင်းရှင်စနစ်ဟောင်း (လွတ်လပ်စွာပြိုင်ဆိုင်မှု) အား **အတိအကျ** ဆက်ခံလိုက်သော အချိန်ကို အတော်လေး တိကျအောင် ပြောနိုင်သည်။ ၂၀ရာစု အစတွင် ဖြစ်သည်"။

အရင်းရှင်စနစ်သည် လွတ်လပ်စွာ ပြိုင်ဆိုင်သော အရင်းရှင်စနစ် (တနည်းအားဖြင့် ရှေးဆန်သောအရင်းရှင်စနစ်) မှ လက်ဝါးကြီးအုပ်အရင်းရှင်စနစ် (တနည်းအားဖြင့် နယ်ချဲ့စနစ်)သို့ ဖြစ်ပေါ်တိုးပွားလာသည်နှင့်အမျှ အလယ်ခေတ်ဥရောပ ပဒေသရာဇ်သက်ဦးဆံပိုင် အာဏာရှင်စနစ်ကို တော်လှန်ခဲ့ရာ၌ တိုးတက်သည့် လက္ခဏာရှိခဲ့သော ဘူဇွာလူတန်းစား၏စိတ်ကူးစံ လစ်ဘရယ် ဒီမိုကရေစီသည် အိပ်မက်သဖွယ် ပျောက်ကွယ်သွားပေပြီ။ လွတ်လပ်တန်းတူ ညီညွတ် မျှတ ဆိုသည့်နေရာတွင် ဖိနှိပ် ချုပ်ချယ် ခွဲခြားကျွန်ပြုမှုက ဝင်ရောက်လာသည်။ ကုန်ထုတ်လုပ်မှု လူ့အဖွဲ့အစည်းလက္ခဏာ ဆောင်လာသည်နှင့်အမျှ နေဥစ္စာပိုင်ဆိုင်မှုက ပုဂ္ဂလိကလက္ခဏာဆောင်လာသည်။ ထုတ်လုပ်ရေး မင်းမဲ့လက္ခဏာ ဆောင်လာသည်နှင့်အမျှ စီးပွားရေးကပ်များနှင့်စစ်ပွဲများ ပေါ်ပေါက်လာသည်။ တဖန် ကပ်ဆိုက်မှုမျိုးစုံမှသည် စုပုံမှု(ထုတ်လုပ်ရေး အရင်းအနှီး)နှင့် လက်ဝါးကြီးအုပ်မှုဆီသို့ တိမ်းညွတ်စေပြန်သည်။ သို့ဖြင့် နယ်ချဲ့စနစ်နှင့် ကမ္ဘာစစ် နှစ်ကြိမ် ကြုံလိုက်ရသည်။

လက်တွေ့ဖြစ်ရပ်များက ခေါင်းမာလှချေသည်ဟု အင်္ဂလိပ်ဆိုရိုး ရှိသည်။ ထုတ်လုပ်ရေးလုပ်ငန်းနှင့် နိုင်ငံရေးအာဏာကို သွေးစုပ်သူတွေ ဆုပ်ကိုင်ထားသမျှ လွတ်လပ် တန်းတူ ညီညွတ် မျှတ ဆိုသည်မှာ မဖြစ်နိုင်။ ဒီမိုကရေစီစစ်စစ်၊ အထွေထွေဒီမိုကရေစီ၊ ကမ္ဘာ့ဒီမိုကရေစီ၊ လူတန်းစားမဲ့ ဒီမိုကရေစီ၊ လူတန်းစားအထက်က ဒီမိုကရေစီ ဆိုသည်များမှာ အတုအယောင် ကြောင်သူတော် ဒီမိုကရေစီများသာဖြစ်သည်။ အရင်း၏ ထမ်းပိုးအောက်မှ လုပ်အားမလွတ်မြောက်သမျှ ဒီမိုကရေစီဟူသမျှ ခေတ်ရှင်ဒီမိုကရေစီ များသာ ဖြစ်သည်။ ဖိနှိပ်ရေးယန္တရားနှင့် ဝါဒဖြန့်ချိရေးယန္တရား မျိုးစုံကို သွေးစုပ်သူလူတန်းစားက ကိုင်ဆောင်ထားသမျှ လွတ်လပ်စွာ စုရုံးခွင့်၊



စတီဗင်ဆန်

လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လူတိုင်းလွတ်လပ်စွာ မဲပေးခွင့်ဆိုသည်မှာ ဘယ်တော့မှ တန်းတူစွာ မျှတစွာ မဖြစ်နိုင်ပေ။ လွတ်လပ်စွာ လိမ်ညာခွင့်ပဲ ရှိပေသည်။

မာကဲ့စ်က ယခုလိုရေးခဲ့သည်။ "ပဒေသရာဇ်စနစ်ထက် သမိုင်းရေးတိုးတက်မှုမြင့်သည့် ဘူဇွာဒီမိုကရေစီကို တစုံတရာ အသုံးချနိုင်သော်လည်း ဘူဇွာဒီမိုကရေစီ၏ သမိုင်းရေးပြဋ္ဌာန်းချက်အရ အကန့်အသတ်ရှိမှုကို တဒင်္ဂမှ မမေ့ပါနှင့်၊ ဘုရင်စနစ်အောက်မှာ သာမက ဒီမိုကရေစီအကျဆုံး သမ္မတနိုင်ငံအောက်မှာပင်လျှင် နိုင်ငံတော်ဆိုသည်မှာ လူတန်းစားတရပ်က လူတန်းစားတရပ်ကို ဖိနှိပ်သည့် ကိရိယာဆိုသည်ကို မမေ့ပါနှင့်"။ "ပစ္စည်းမဲ့များအဖို့ ဘူဇွာများ၏ အသင့်ရှိပြီး နိုင်ငံတော်ယန္တရား (ဖွဲ့စည်းအုပ်ချုပ်ပုံ ပါလီမန်စသည်) ကို ကိုင်စွဲပြီး မိမိတို့အရေးအတွက် အသုံးပြု၍မရ၊ ဖြိုချဖျက်ဆီးပစ်မှ ရပေမည်"။

အရင်းရှင်စနစ်၏ နိဗ္ဗာန်ဘုံကိုသာမက အနိဋ္ဌာရုံကိုပါ မြင်တွေ့လာရသည့်အခါ ခေတ်ရှင်ပေါက်စလူတန်းစားသည် ချောက်ချားလာသည်။ သာယာရွှေပြည်ကြီးကိုသာမက လူတန်းစားတိုက်ပွဲနှင့် တော်လှန်ရေးများကို ကြုံတွေ့ရသည့်အခါ အထိတ်တလန့် ဖြစ်လာသည်။ ငြိမ်းချမ်းရေးအစား သွေးထွက်သံယို စစ်ပွဲများကို ဖြတ်သန်းလိုက်ရသောအခါ ငိုကြွေးတော့၏။ သူတို့သည် စိတ်ကူးစံနှင့် လက်တွေ့ကြား ဗျာများနေကြသည်။ သူတို့၏ လူတန်းစား လက္ခဏာအရ အကောင်းအဆိုး ဒွန်တွဲနေသည်။ သူတို့သည် ခေတ်ရှင်များနှင့် နီးစပ်သလို ပစ္စည်းမဲ့များနှင့်လည်း နီးစပ်ပေသည်။

ဂျီးကဲလ်ကိုကြည့်။ လေးနက် တည်ကြည် ဖြောင့်မတ် ရိုးသား ကြိုးစား ကြင်နာ ကူညီ ငြိမ်းချမ်း ပုဂ္ဂလိကလွတ်လပ်မှုကို တန်ဖိုးထား ဂုဏ်သိက္ခာထိန်းသိမ်း။ ဟိုဒ်ကတော့ပြောင်းပြန် အပျော်ကြူးပေါ်ကြော့ ကြမ်းကြုတ် ရန်လို လော်လီ ရမ္မက်ကြီး စွက်ဖက် ပူလောင်။ ဂျီးကဲလ်ဖြစ်လိုက် ဟိုဒ်ဖြစ်လိုက်။

ဝတ္ထုရေးဆရာက ဂျီးကဲလ်နှင့်ဟိုဒ်ရန်ပွဲကို ဖြန်ဖြေမပေးခဲ့ပေ။ ဖြန်ဖြေစေ့စပ်ပေး၍လည်း ရနိုင်ဖွယ် မရှိချေ။ နောက်ဆုံးမှာ နှစ်ယောက်စလုံးကို သတ်ပစ်လိုက်ပေသည်။ အကောင်းနှင့်အဆိုးကြား တတိယဇာတ်ကောင် မရှိဘူးလား။ ပစ္စည်းမဲ့နှင့်ခေတ်ရှင်ကြားကြားလူတန်းစား မရှိဘူလား။ ရှိတော့ ရှိနိုင်သည်။ သို့သော် ချည့်နဲ့မတည်ငြိမ်။ တချိန်ချိန်မှာ တဖက်ဖက်နှင့် ပေါင်းရပေမည်။ ဘယ်အရင်းရှင်လူ့အဖွဲ့စည်းဖြစ်ဖြစ် အရင်းရှင်နှင့် ပစ္စည်းမဲ့သည်သာ အဆုံးအဖြတ်ဖြစ်သောကြောင့် ဖြစ်ပေသည်။

မောင်သန်းမြရွှေ

(၈–၈–၂၀၁၁)




# ရှင်ဘုရင် ကြွေးတင်တော့

ကြည်ဝင်း

'ကြွေးတင် ရှင်ဘုရင် ဆပ်လိမ့်မယ်' လို့ ဆိုရိုးရှိပါတယ်။ တကယ်တော့ ရှင်ဘုရင်တွေ အသုံးအဖြုန်းကြီးလို့ အခွန်တွေ တိုးကောက်ကြတာပဲ ရှိတာပါ။ ရှင်ဘုရင်ကြွေး ပြည်သူက ဆပ်ရတာချည်းပါပဲ။ အခုလည်း ရှင်ဘုရင်ကြီးတပါး အကြီးအကျယ် ကြွေးတင်နေပြီး ပြန်တောင် မဆပ်နိုင်တော့မယ့် အခြေအနေဆိုက်သွားတာကြောင့် တကမ္ဘာလုံး မျက်ဖြူဆိုက် သွားရပါတယ်။ တခြားရှင်ဘုရင် မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံပါ။ အမေရိကန်နိုင်ငံဟာ စီးပွားရေးအရ၊ စစ်ရေးအရ အဖက်ဖက်က ကမ္ဘာ့ နံပါတ်တစ်နိုင်ငံကြီး ဖြစ်ပါတယ်။ အကြွေးလည်း အများဆုံးပါ။ သူ့ကို ချေးထားတဲ့နိုင်ငံတွေကလည်း များပါတယ်။ ဒါကြောင့် ငွေထပ်ချေးယူရေးကိစ္စ နောက်ဆုံးသတ်မှတ်ရက်နီးလာတဲ့ အချိန်အထိ အထက်အောက် လွှတ်တော်နဲ့ သမ္မတကြားမှာ ညှိနှိုင်းမရဖြစ်နေလို့ တကမ္ဘာလုံး ရင်တမမနဲ့ ဖြစ်ခဲ့ကြရတာပါ။

အမေရိကန်နိုင်ငံရဲ့အကြွေးသမိုင်းကို ပြောရမယ်ဆိုရင် နိုင်ငံစထူထောင်ချိန်ကတည်းက အကြွေးနဲ့ စခဲ့ရတာပါ။ ပြည်တွင်းစစ်အပြီးမှာ ထူထောင်ရတာဖြစ်လို့ ကြွေးမကင်းနိုင် ဖြစ်ခဲ့ရတာပါပဲ။ ဒီနောက်မှာလည်း အကြွေးတွေ ထပ်ထပ် တင်လာခဲ့တာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ အများဆုံးချေးယူခွင့်ရှိတဲ့ ငွေကြေးပမာဏ (Debt Ceiling DC) ကို လွှတ်တော်က သတ်မှတ် ပေးရပါတယ်။ ၁၉၆၂ ခုနှစ်မတ်လကနေ အခုအချိန်ထိဆို အဲဒီ DC ကို ၇၄ ကြိမ် တိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ နှစ်စဉ် ဒီလိုပဲ တိုးပေးနေကျ ဖြစ်နေပါပြီ။

၂၀၀၃ ဘဏ္ဍာရေးနှစ်ကစလို့ အမေရိကန် နိုင်ငံရဲ့ အကြွေး (Public Debt) ဟာ နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာဘီလျံ ၅၀၀ တိုးနေခဲ့တာ ဖြစ်တယ်။ ၂၀၀၉ ဘဏ္ဍာရေးနှစ်မှာဆိုရင် အကြွေး တစ်ထရီလျံ (ဘီလျံတထောင်) တိုးခဲ့ပြီး ၂၀၁၀ ဘဏ္ဍာရေးနှစ်မှာတော့ ၁.၇ ထရီလျံ ထပ်တိုးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ အကြွေးစုစုပေါင်းဟာ ပြည်တွင်းထုတ်ကုန်စုစုပေါင်း (GDP) ရဲ့ ၄၀% နီးပါးရှိပြီး ၂၀၁၁ ခုနှစ်မှာတော့ (GDP) ရဲ့ ၇၀% နီးပါး ဖြစ်လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့မှာရှိတဲ့ အမေရိကန်နိုင်ငံရဲ့ ကြွေးမြီ စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၁၄.၃၄ ထရီလျံ

ဖြစ်ပါတယ်။ အဲဒီအထဲက အမေရိကန်ဒေါ်လာ ၄.၄၅ ထရီလျံဟာ (ကြွေးစုစုပေါင်းရဲ့ ၄၇% နီးပါး) ပြည်ပကြွေးတွေ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် မေလစာရင်းအရ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၁၅၉.၈ ဘီလျံနဲ့ အများဆုံးဖြစ်ပြီး ဒုတိယက အမေရိကန်ဒေါ်လာ ၉၁၂.၄ ဘီလျံနဲ့ ဂျပန်နိုင်ငံ ဖြစ်ပါတယ်။ ဗြိတိန်က အမေရိကန်ဒေါ်လာ ၃၄၆.၅ ဘီလျံနဲ့ တတိယ ဖြစ်ပါတယ်။

နှစ်စဉ် ဩဂုတ်လဆန်း ၂ ရက်နေ့ မတိုင်ခင် ထပ်ချေးခွင့်ငွေ ပမာဏကို လွှတ်တော် ၂ ရပ်နဲ့ သမ္မတအကြား သဘောတူညီချက်ရယူပြီး သတ်မှတ်ပေးနေကျ ဖြစ်ပါတယ်။ အကြွေးဘယ်လောက် ထပ်ယူခွင့်ပေးမလဲ၊ အသုံးစရိတ် ဘယ်လောက်ဖြတ်မလဲ၊ ဘယ်ကဏ္ဍတွေမှာ ဖြတ်မလဲ၊ အခွန် တိုးကောက်မကောက် စတာတွေကို ဆွေးနွေးဆုံးဖြတ်ကြတာ ဖြစ်ပါတယ်။ ထုံးစံအတိုင်း လွှတ်တော်အတွင်းမှာ ဒီမိုကရက်နဲ့ ရီပတ်ဘလီကန်အမတ်တွေ ငြင်းကြခုံကြ လုပ်နေကျပါ။ အခု သမ္မတအိုဘားမားဟာလည်း လွှတ်တော်အတိုက်အခံအမတ်ဘဝတုန်းက သမ္မတဘုရှ်ကို ဝေဖန်ပြီး သူ့ချေးငွေအဆိုပြုချက်ကို ကန့်ကွက်မဲ ပေးခဲ့ဖူးပါတယ်။

ဒီတခေါက်မှာတော့ နောက်ဆုံးသတ်မှတ်ရက် ကပ်လာတဲ့အထိ သဘောတူညီချက်မရကြလို့ တကမ္ဘာလုံး စိုးရိမ်တကြီး စောင့်ကြည့်နေခဲ့ရပါတယ်။ သဘောတူညီချက်မရလို့ ငွေထပ်မချေးနိုင်တော့ရင် အစိုးရဝန်ထမ်းတွေပါ လစာမပေးနိုင်ဖြစ်တော့မှာမို့ အမေရိကန်အစိုးရရဲ့ယန္တရားကြီးပါ မလည်ပတ်နိုင်တော့ဘဲ ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ အမေရိကန်အစိုးရအနေနဲ့ အကြွေးပြန်မဆပ်နိုင်တော့တဲ့အဖြစ် (default) ကျရောက်သွားမှာလည်း ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာက နိုင်ငံတကာသုံး ငွေကြေးဖြစ်နေတာရယ်၊ နိုင်ငံအများအပြားရဲ့ နိုင်ငံခြားအရန်ငွေ (အကြွေးအပါအဝင်) ဟာလည်း ဒေါ်လာဖြစ်နေတာရယ်နဲ့ ကမ္ဘာ့စီးပွားရေးအကြီးဆုံး အမေရိကန်နိုင်ငံဟာ ကမ္ဘာ့နိုင်ငံအများအပြားရဲ့ အဓိကကုန်သွယ်ဘက်နိုင်ငံ ဖြစ်နေတာကြောင့် ကမ္ဘာ့စီးပွားရေးတခုလုံး ကမောက်ကမဖြစ်သွားမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်ကနေ ကောင်းကောင်းရုန်း မထွက်နိုင်သေးတဲ့ အချိန်လည်းဖြစ်သလို ဥရောပယူရိုငွေဈေးကွက်ကလည်း အကြွေးပြန်တွေပိလို့ အမျိုးမျိုးမန်းမှုတ် ကယ်တင်နေရတဲ့ အချိန်လည်းဖြစ်တာကြောင့် ပိုဆိုးတာ ဖြစ်ပါတယ်။

နောက်ဆုံးသတ်မှတ်ရက် ရောက်ခါနီးကျမှ သဘောတူညီချက် ရခဲ့တာ ဖြစ်ပါတယ်။ သဘောတူညီချက်အရ အမေရိကန် ဒေါ်လာ ၂.၄ ထရီလျံ ထပ်တိုးပြီးချေးခွင့် ရပါမယ်။ လောလောဆယ် အများဆုံးချေးနိုင်ခွင့် DC က အမေရိကန်ဒေါ်လာ ၁၄.၃ ထရီလျံ ဖြစ်ပါတယ်။ တဖက်မှာလည်း အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ တစ်ထရီလျံ လျှော့ချဖို့ ဆုံးဖြတ်ပါတယ်။ အသုံးစရိတ် လျှော့မယ့်အထဲမှာ ကာကွယ်ရေးအသုံးစရိတ်တော့ မပါပါဘူး။ အဲဒီတော့ လူမှုဖူလုံရေးအသုံးစရိတ်တွေမှာ လျှော့ချပစ်ဖို့ပဲ များပါတယ်။ အမေရိကန်နိုင်ငံရဲ့ဘတ်ဂျက်မှာ အသုံးစရိတ် အများဆုံးက လူမှုဖူလုံရေးစရိတ်ပါ။ ဒုတိယလိုက်တာက ကာကွယ်ရေးအသုံးစရိတ် ဖြစ်ပါတယ်။ အခွန်တိုးမကောက်ဖို့လည်း ဆုံးဖြတ်ပါတယ်။ ဘုရှ်လက်ထက်မှာ စီးပွားရေးတက်လာအောင်ဆိုပြီး အခွန်တွေ လျှော့ချပစ်တာ လုပ်ခဲ့တယ်။ တကယ်တော့ ဒီလို အခွန်လျှော့ပေးတာကြောင့် သူဌေးသူကြွယ်တွေက ပိုပြီးအကျိုးရှိကြတာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ခဲ့တဲ့အတွက်ကြောင့် အဆင့်အတန်း သတ်မှတ်တဲ့ နာမည်ကြီး ကုမ္ပဏီကြီးသုံးခုအနက်က တခုဖြစ်တဲ့ အက်စ် အင် ပီ (S&P Standard & Poor's) က အမေရိကန် နိုင်ငံရဲ့ ကြွေးမြီဆိုင်ရာအဆင့်အတန်းကို အေသုံးလုံးကနေ အေနှစ်လုံးအပေါင်း (AA+) အဆင့်သို့ တဆင့်နှိမ့်ပြီး သတ်မှတ်လိုက်ပါတယ်။ ဒီလိုနဲ့ ဂယက်က ပိုကြီးသွားပါတယ်။ စတော့ဈေးတွေဟာ ၂၀၀၈ နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားတာတွေ ဖြစ်ခဲ့ပါတယ်။

အခုနောက်ဆုံး ရရှိခဲ့တဲ့ သဘောတူညီချက်ကို ကြည့်ရင် ဝါရှင်တန်က နိုင်ငံရေးသမားတွေဟာ သူတို့ ပြန်လည် အရွေးခံရရရေးကိုပဲ ဦးစားပေးဆုံးဖြတ်ခဲ့ကြတာကို တွေ့ရပါတယ်။ အခွန်တိုးမကောက်ဘူး၊ အသုံးစရိတ်ဖြတ်မယ့်အထဲမှာ ကာကွယ်ရေးအတွက် မပါဘူးဆိုတာကြောင့် သူဌေးသူကြွယ်တွေနဲ့ ကာကွယ်ရေးစက်မှုလုပ်ငန်းကြီးတွေက သဘောကျကြမှာ ဖြစ်ပါတယ်။ (အမေရိကန်နိုင်ငံမှ ကာကွယ်ရေးနဲ့ဆက်စပ်တဲ့ လုပ်ငန်းကြီးတွေရဲ့ အရှိန်ဩဇာဟာ အလွန်ကြီးပါတယ်။) ဒါမှ ဒီအမတ်မင်းတွေ မဲဆွယ်ပွဲရန်ပုံငွေအတွက် စိတ်အေးရမှာ မဟုတ်လား။

လက်ရှိအခြေအနေက တကမ္ဘာလုံးက အမေရိကန်နိုင်ငံအပေါ် မှီခိုရသလို ဖြစ်နေတာပါ။ သူ စီးပွားပျက်ရင် တကမ္ဘာလုံးလည်း လိုက်ပျက်ပြီး ထိခိုက်နေကြရပါတယ်။ ၂၀၀၈ စီးပွားပျက်ကပ်ဆိုရင်လည်း အမေရိကန်နိုင်ငံအတွင်း ဘဏ္ဍာငွေကြေး ဈေးကွက်မှာ စည်းမဲ့ကမ်းမဲ့ လောင်းကစားသလို ရောင်းဝယ်ဖောက်ကားနေကြရာက ဖြစ်ခဲ့ရတာပါ။ အခုလည်း သူတို့နိုင်ငံရေးကစားကြရာက ကမ္ဘာ့စတော့ဈေးကွက်တွေပါ ထိခိုက်ကြရပြန်တာ ဖြစ်ပါတယ်။ ဂလိုဘလ်လိုက်ဇေးရှင်းခေတ်မှာ အခုလိုဖြစ်တာ မဆန်းဘူးလို့တော့ ပြောချင်ပြောနိုင်ပါတယ်။ ဒါပေမဲ့ ဒီတနိုင်ငံတည်းက တကမ္ဘာလုံးအပေါ် အခုလောက် ထိခိုက်စေနိုင်နေတာကတော့ မဖြစ်သင့်တော့ပါဘူး။

ဒီအခြေအနေကို ပြောင်းပစ်ဖို့လည်း ကမ္ဘာ့နိုင်ငံအများက ဆန္ဒရှိနေကြပါတယ်။ လွယ်လွယ်နဲ့မြန်မြန်တော့ ပြောင်းနိုင်ဦးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သာယာတဲ့ ကမ္ဘာ့ရွာကြီးဖြစ်ဖို့တော့ လက်ရှိအဆောက်အအုံကို မုချပြောင်းပစ်မှ ဖြစ်မှာပါ။

ကြည်ဝင်း

# လစ်ဗျားမှာ စစ်ရေးနဲ့ဝင်ကူခဲ့တဲ့ နေတိုးအတွက် အကျိုးအမြတ်



အေးမြင့်

လစ်ဗျားမှာ ၄၂ နှစ်ကြာ အုပ်စိုးခဲ့တဲ့ ကဒါဖီရဲ့ အာဏာဟာ ပြိုကွဲကျဆုံးတော့မယ့်အချိန် နီးလာနေပါပြီ။ ဒါပေမဲ့ အခုအချိန်အထိတော့ ကဒါဖီကို ရှာမတွေ့သေးပါ။ ထရီပိုလီမှာလည်း သေနတ်သံတွေ မစဲသေးပါ။ ဖေဖော်ဝါရီလက စခဲ့တဲ့ ပုန်ကန်မှုဟာ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့ရာက အခုလို ရုတ်ချည်း အပြောင်းအလဲတွေ ဖြစ်လာခဲ့တာကြောင့် အံ့စရာ ဖြစ်ခဲ့ရတယ်။

ဒီစစ်ပွဲကို နိုင်လိုက်သူကတော့ နေတိုး လို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက် အမှတ် ၁၉၇၃ အရ လစ်ဗျားပြည်သူတွေကို ဝင်ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ နေတိုးတပ်ဖွဲ့ဟာ လစ်ဗျားမှာ စစ်ရေးအရ ဝင်ပါခဲ့တယ်။ အမေရိကန်ရဲ့ ထောက်ခံမှုနဲ့ ပြင်သစ်နဲ့ဗြိတိန်တို့က ဦးစီးဦးဆောင်လုပ်ပြီး လူသားတွေကို ကာကွယ်ဖို့တာဝန်ရှိမှု (R2P) ဆိုတာနဲ့ လစ်ဗျားမှာ စစ်ရေးအရ ဝင်စွက်ဖက်ခဲ့တာ ဖြစ်ပါတယ်။ နေတိုးရဲ့ နဂိုရည်မှန်းချက်က ကဒါဖီ သေရင်သေ၊ မသေလည်း လက်နက်ချအညံ့ခံ ဒါမှမဟုတ် တိုင်းပြည်က ထွက်ပြေးသွားစေဖို့တို့ ဖြစ်ပါတယ်။ အချိန်တိုအတွင်းမှာ ရည်မှန်းချက်တွေ အောင်မြင်လိမ့်မယ်လို့ ယူဆခဲ့ကြတယ်။ ဒါပေမဲ့ ဒါတွေ တခုမှ ဖြစ်မလာခဲ့ဘူး။ သူပုန်တပ်ဖွဲ့ကလည်း ထင်တိုင်းမပေါက် ဖြစ်နေတယ်။ ဒီလိုနဲ့ နေတိုးအဖွဲ့ရဲ့ ကုန်ကျစရိတ်တွေ တဖြည်းဖြည်း တက်လာခဲ့တယ်။ ကိုယ့်တိုင်းပြည်တွေမှာကလည်း စီးပွားက ပျက်နေကြတာဆိုတော့ အတော်လေး ဘေးကျပ်နံကျပ်ဖြစ်နေကြတော့တယ်။ နောက်ဆုံးမတော့ အမြန်အဆုံးသတ်မှ ဖြစ်တော့မယ် ဆိုပြီး ‘အချက်ပေး ဥဩသံ စစ်ဆင်ရေး’ ကို အကောင်အထည်ဖော်တော့တာ ဖြစ်ပါတယ်။

ဇူလိုင်လဆန်းပိုင်းမှာ အိုဘားမား အစိုးရက အရေးပါတဲ့ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်လိုက်တဲ့အတွက်ကြောင့် ဒီစစ်ဆင်ရေးကို စနိုင်တာ ဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုက အရေးကြီး စစ်ရေး အချက်အလက်တွေကို နေတိုးအဖွဲ့ကို ခွဲဝေအသိပေးဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ကြားဖြတ်ဖမ်းယူရရှိတဲ့ ရုပ်ပုံများအပါအဝင် သတင်းအချက်အလက်တွေကို လေပြင်နဲ့ မြေပြင်ရှိ ပြင်

သစ်နဲ့ဗြိတိသျှတပ်ဖွဲ့တွေကို အသိပေးခဲ့တယ်။ အခုလို အမေရိကန်ရဲ့ ယှဉ်ဘက်ကင်းတဲ့ ပစ်ခတ်အား နည်းပညာတွေ၊ ဂြိုဟ်တုဆက်သွယ်ရေးနဲ့ မောင်းသူမဲ့လေယာဉ်တွေရဲ့ အစွမ်းမပါခဲ့ဘူးဆိုရင် နေတိုးတပ်ဖွဲ့ဟာ အခုလို အလျင်အမြန် ပွဲသိမ်းနိုင်မှာမဟုတ်ပါဘူး။ ဒီလိုနဲ့ နေတိုးတပ်ဖွဲ့တွေဟာ လစ်ဗျားအပေါ် အကြိမ်ပေါင်း ၂၀,၀၀၀ ကျော် လေကြောင်းက တိုက်ခိုက်မှုတွေပြုလုပ်ခဲ့နိုင်တယ်။ ပစ်မှတ် ၇,၅၀၀ ကျော်ကို ပစ်ခတ်ချေမှုန်းနိုင်ခဲ့တယ်။

ဒီလို လေကြောင်းက တိုက်ခိုက်မှုတွေအပြင် မြေပြင်က သူပုန်တပ်ဖွဲ့တွေ အင်အားတိုးပွားလာအောင်လည်း လုပ်ဆောင်ပေးခဲ့တယ်။ ပြီးခဲ့တဲ့ ၂ လကျော်ကဆိုရင် သူပုန်တပ်ဖွဲ့ အင်အားဟာ တထောင်ကျော်ကျော်လေးပဲ ရှိပါတယ်။ အင်အား တိုးပွားလာဖို့အတွက် နေတိုးရဲ့ ဖြေရှင်းနည်းကတော့ ကြေးစားတပ်သားတွေ စုဆောင်းလိုက်တာပဲ ဖြစ်ပါတယ်။ ဒီကြေးစားတပ်သားတွေထဲမှာ ကိုလံဘီယာက လက်မရွံ့တပ်သားဟောင်းတွေ၊ ကာတာနဲ့ အာရပ်စော်ဘွားနိုင်ငံက စုဆောင်းလိုက်တဲ့သူတွေ ပါတယ်။ လစ်ဗျားရှိ အလုပ်လက်မဲ့ တူနီးရှားတွေ၊ ထရီပိုလီအပေါ် မကျေမနပ်ဖြစ်နေတဲ့ လစ်ဗျားမျိုးနွယ်စုတွေနဲ့ စီအိုင်အေက မွေးထားတဲ့ မူဆလင်အခြေခံ (ဆလာဖီတွေ) တွေလည်း ပါဝင်တယ်။

ထရီပိုလီအနောက်ဘက် ကီလိုမီတာ ၅၀ အကွာမှာရှိတဲ့ အဓိကရေနံချက်စက်ရုံတွေရှိတဲ့ ဇာဝီယာမြို့ကို အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်မှုနဲ့ 'အချက်ပေးဥသြသံစစ်ဆင်ရေး' ကို နေတိုးတပ်ဖွဲ့က စတင်လိုက်တယ်။ ဒါကြောင့် ထရီပိုလီရဲ့လောင်စာလမ်းကြောင်းလည်း ပြတ်တောက်သွားခဲ့တယ်။ ဒီဗုံးကြဲတိုက်ခိုက်မှုကြောင့် အင်အား ၆၅,၀၀၀ ကျော်ရှိတယ်ဆိုတဲ့ လစ်ဗျားတပ်ရဲ့ ထက်ဝက်ကျော်ကို အရည်အသွေးလျော့ချ (degraded) လိုက်နိုင်တယ်လို့ နေတိုးက ပြောပါတယ်။ ဒီနေတိုးအသုံးအနှုန်းဟာ သေဆုံး (သို့မဟုတ်) ဒဏ်ရာအကြီးအကျယ်ရတာကို ဆိုလိုတာ ဖြစ်ပါတယ်။ 'အချက်ပေးဥသြသံစစ်ဆင်ရေး' မှာ အပါချီ ရဟတ်ယာဉ်တွေနဲ့ ဂျက်လေယာဉ်တွေဟာ မီးကုန်ယမ်းကုန် မဲမဲမြင်ရာ မရပ်မနား ပစ်ခတ် တိုက်ခိုက်ကြတယ်။ နေတိုးစစ်သင်္ဘောတွေဟာလည်း ပင်လယ်ပြင်ကနေ ထရီပိုလီမြို့ကို ပစ်ခတ်တိုက်ခိုက်ကြတယ်။ မစ်စရာထာမြို့မှ သူပုန်တပ်ဖွဲ့ဝင် ရာပေါင်းများစွာကို ရေကြောင်းမှတဆင့် ထရီပိုလီအရှေ့ဘက်ကမ်းအရောက် နေတိုးက ပို့ဆောင်ပေးခဲ့တယ်။

ပွဲကတော့ ပြီးခါနီးပါပြီ။ ပွဲပြီးရင် အရှုံးအမြတ်တွေလာပါတော့မယ်။ ပေါက်ကောင်ကလည်း ဖွင့်ထားပါပြီ။ လစ်ဗျားသူပုန်တပ်ဖွဲ့ရဲ့ ပင်လယ်ကွေ့ရေနံကုမ္ပဏီမှ ပြန်ကြားရေးမန်နေဂျာဖြစ်သူ အဘဒဲလ်ဂျာလီက 'အနောက်နိုင်ငံတွေဖြစ်တဲ့ ပြင်သစ်၊ ဗြိတိန်နဲ့အီတလီ ကုမ္ပဏီတွေနဲ့ ဘာပြဿနာမှ မရှိဘူး။ ဒါပေမဲ့ ရုရှား၊ တရုတ်နဲ့ဘရာဇီးလ် နိုင်ငံတွေနဲ့တော့ နိုင်ငံရေးပြဿနာတချို့ ရှိနိုင်ပါတယ်' လို့ ပြောနေပြီမဟုတ်လား။ ဒီလိုအပြောမျိုးနဲ့တင် လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေးကောင်စီအပေါ်မှာ စိတ်ချလက်ချပုံအပ်ထားဖို့ နေတိုးက စိတ်မကူးပါဘူး။ ကဒါဖီလွန်ခေတ်လစ်ဗျားနိုင်ငံမှာ နေတိုးလေတပ်ဖွဲ့တွေ ကင်းလှည့်တာ ဆက်ရှိနေမယ်လို့ ဗြိတိသျှအကြီးတန်းအရာရှိတဦးက ပြောပါတယ်။ ဂိုဏ်းအုပ်စုတွေ၊ မျိုးနွယ်စုတွေအချင်းချင်းကြား တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာခဲ့ရင် အရပ်သားတွေကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ကုလသမဂ္ဂက အပ်နှင်းထားတဲ့ အခွင့်အာဏာကို ဆက်ကျင့်သုံးနိုင်ဖို့အတွက် ဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် ပုလိပ်တပ်ဖွဲ့အဖြစ် အကူအညီပေးဖို့ဆိုပြီး ကာတာ၊ အာရပ်စော်ဘွားများနိုင်ငံနဲ့ ဂျော်ဒန်တို့က စစ်သည်အင်အား တထောင်ကျော် ထရီပိုလီကို စေလွှတ်မယ်လို့ ရိုက်တာသတင်းတရပ်မှာ တွေ့ရပါတယ်။ စစ်ပြီးနောက်မှာ ပြန့်ကျဲနေမယ့် ခဲယမ်းလက်နက်တွေ လုံလုံခြုံခြုံ ပြန်လည် ထိန်းသိမ်းနိုင်ရေးအတွက် အကူအညီပေးဖို့ အမေရိကန်တပ်ဖွဲ့တွေ စေလွှတ်မယ်လို့လည်း ပင်တာဂွန်က လေသံပစ်နေပါပြီ။

အမြတ်ထွက်မယ့်အထဲမှာ နေတိုးရဲ့နောက်လိုက် ကာတာနဲ့အာရပ်စော်ဘွားများနိုင်ငံတို့လည်း ပါကြမှာဖြစ်ပါတယ်။ ကာတာနိုင်ငံဟာ လစ်ဗျားအရေးမှာ ဂျက်တိုက်လေယာဉ်တွေအပြင် တပ်သားသစ်တွေပို့ပေးတာ၊ သူပုန်တပ်ဖွဲ့တွေကို စစ်သင်တန်းပေးတာတွေ လုပ်ပေးခဲ့တယ်။ ဒါကြောင့် အခုကတည်းက လစ်ဗျားအရှေ့ဘက် ရေနံရောင်းဝယ်ရေးလုပ်ငန်း စီမံခန့်ခွဲရာမှာ ကာတာဟာ ပါဝင်လုပ်ကိုင်နေပြီ ဖြစ်ပါတယ်။

လစ်ဗျားနိုင်ငံဟာ အခုအရေးအခင်းတွေ မဖြစ်ခင်က တနေ့ကို ရေနံ ၁ ဒသမ ၆ သန်း ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ ရေနံစည်ပေါင်း ၄၆ ဒသမ ၄ ဘီလျံ ရှိမယ်လို့ ခန့်မှန်းထားကြတယ်။ တနှစ်ကို ရေနံလုပ်ငန်းက အကျိုးအမြတ် ဒေါ်လာဘီလျံ ၅၀ ရှိလိမ့်မယ်လို့ ဆိုပါတယ်။ ဒီရေနံလုပ်ငန်းတွေအပြင် စစ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာဘီလျံပေါင်းများစွာတန်မယ့် ကန်ထရိုက်တွေလည်း ရရှိကြပါဦးမယ်။

ဒီလိုစစ်ပွဲမျိုးဟာ အရင်းအနှီးများပြီး စွန့်စားရသလို အကျိုးအမြတ်လည်းများတဲ့ ရင်းနှီးမြှုပ်နှံမှုတမျိုးပဲ မဟုတ်ပါလား။

အေးမြင့်



# ရင်လေးဖွယ် အာဖဂန်ရဲ့ အနာဂတ်

ရဲဘော်ရှုယဥ်

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းရဲ့ ညီတယောက်နဲ့ ထိပ်တန်းအကြံပေး ပုဂ္ဂိုလ်တဦး ဇူလိုင်အတွင်း တပတ်ပဲ ခွာပြီး လုပ်ကြံသတ်ဖြတ်ခံလိုက်ရပါတယ်။ ဒီသေဆုံးမှုများက ဘာကိုပြဆိုနေပါသလဲ။

ဇွန်လ ၂၂ ရက်နေ့မှာ အမေရိကန် သမ္မတ အိုဘားမားက အမေရိကန်စစ်တပ် အာဖဂန်နစ္စတန်မှ ဆုတ်ခွာမယ့်ခြေလှမ်းအဆင့်ဆင့်ကို ကြေညာခဲ့ပါတယ်။ အိုဘားမားက "အမေရိကန်ဟာ ကိုယ့်အိမ်ကိုယ် ပြန်လည်တည်ဆောက်ဖို့ အချိန်ရောက်ပြီ"လို့ ဆိုခဲ့ပါတယ်။ အာဖဂန်နစ္စတန်မှာ တပ်တွေလွှတ်ထားရတဲ့ တခြားနေတိုးနိုင်ငံခေါင်းဆောင်များကလည်း အလားတူပဲ စဥ်းစားလာကြပြီး အမေရိကန်က သူ့တပ် ဆုတ်ခွာရေးအစီအစဥ်ကို ကြေညာပြီးတာနဲ့ တဦးပြီးတဦး တပ်ဆုတ်ခွာရေးတွေ ကြေညာပြောဆိုလာကြပါတယ်။

အဲဒီတော့ အဲဒီတပ်တွေအားလုံး ဆုတ်ခွာသွားကြမယ့် ၂၀၁၄ ခုအထိ ကာဇိုင်းအစိုးရ တည်မြဲပါ့မလား။ ဒီတပ်တွေ ထွက်သွားရုံနဲ့ အမေရိကန် ဦးဆောင်ဆင်နွှဲခဲ့တဲ့ "အကြမ်းဖက်ဝါဒအပေါ် ဆင်နွှဲတဲ့စစ်ပွဲ"ဟာ အဆုံးသတ်သွားရော့လား။ အာဖဂန်နစ္စတန်နဲ့ အဲဒီဒေသကြီး တည်ငြိမ်ပြီး ငြိမ်းချမ်းသွားမှာလား။

ပြဿနာတွေကတော့ အများကြီးပါ။

တကယ်တော့ နေတိုးတပ်တွေ ဆုတ်ခွာသွားပြီးရင် အာဖဂန်နစ္စတန်နဲ့ အဲဒီဒေသရပ်ဝန်း တည်ငြိမ်အေးဆေးငြိမ်းချမ်းဖို့ စိန်ခေါ်မှုကြီး ၃ ခု ရှိပါတယ်။

၁။ အာဖဂန်လုံခြုံရေးအင်အားစုဟာ တာလီဘန်တွေ အာဏာပြန်ရမသွားဖို့ တားဆီးနိုင်တဲ့ အင်အားနဲ့ စွမ်းရည် အပြည့်အဝ ရှိရပါမယ်။

၂။ အာဖဂန်နစ္စတန်အစိုးရ ကိုယ်တိုင်ရဲ့ လူမှုရေး၊ စီးပွားရေး အုပ်ချုပ်မှု ကောင်းမွန်ရပါလိမ့်မယ်။

၃။ အိမ်နီးချင်းနိုင်ငံများနဲ့ အမေရိကန်တို့ဟာလည်း အတူပူးပေါင်းပြီး အာဖဂန်နစ္စတန်မှာ တည်ငြိမ်မှုရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းကူညီရပါလိမ့်မယ်။

ဒါပေမဲ့ လက်ရှိအခြေအနေအရ ကြည့်ရတာ ဒီစိန်ခေါ်မှုကြီး ၃ ချက်ကို ရရှိဖို့ဆိုတာ အတော်ခဲယဥ်းနေပါသေးတယ်။ ဥပမာအားဖြင့် အာဖဂန်နစ္စတန်ရဲ့ လုံခြုံရေးပြဿနာတွေပဲ ကြည့်ရအောင်ပါ။

၁။ အာဖဂန် လုံခြုံရေးအင်အားစုရဲ့ တည်ဆောက်ရေးနဲ့ ထိန်းသိမ်းရေးပဲ ကြည့်ပါ။ ရန်ပုံငွေ လုံလောက်မှု မရှိလို့ ခရီးမတွင်လှပါ။ ဒီနှစ်အတွင်း တပ်အင်အားတိုးချဲ့ဖို့နဲ့ တောင့်တင်းရေးအတွက် ဘတ်ဂျက်ရာထားငွေဟာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ဘီလီယံဖြစ်ပြီး နောင်နှစ်ဆိုရင် ၁၂ ဒသမ ၈ ဘီလီယံပါ။ အဲဒီငွေရဲ့ ၉၂ ရာခိုင်နှုန်းဟာ အမေရိကန်က လာမှာပါ။

ပြဿနာက အမေရိကန်က ဒီလောက်များပြားတဲ့ ငွေကြေးပမာဏကို ဘယ်လောက်ထောက်ပံ့နိုင်မလဲဆိုတာပါပဲ။ အမေရိကန်အစိုးရ ကိုယ်တိုင်က မိမိရဲ့ အသုံးစရိတ်တွေကို လျှော့ချရတော့မယ် မဟုတ်လား။ အမေရိကန်က မထောက်ပံ့နိုင်ရင် အမျိုးသား အစုစု ထွက်ကုန်တန်ဖိုး GDP ဘီလီယံ ၂၀ လောက်သာ ရှိတဲ့ အာဖဂန် နစ္စတန်ဟာ ဒီလောက်တန်ဖိုးကြီးလှတဲ့ ကာကွယ်ရေးစရိတ်ကို တတ်နိုင်ပါ့မလား။ တကယ်လို့ အာဖဂန်စစ်သားတွေရဲ့ ခံစားရခွင့်တွေ လခတွေ လျှော့ချရပြီဆိုရင် စစ်ပြေးတွေ တပ်ထွက်တာတွေဟာ များပြားလာမှာပါ။

၂။ ဒုတိယအန္တရာယ်က စစ်မက် ကြာရှည်ကြာများ ဖြစ်ပွားနေပြီး လူမျိုးစု၊ အုပ်စု အမျိုးမျိုးကွဲပြားနေတဲ့ ဒီနိုင်ငံမှာ အုပ်စု အမျိုးမျိုး ခွဲထွက်ရေး၊ စစ်ဘုရင် အမျိုးမျိုး ပြန်ပေါ်ထွက်လာပြီး နဂိုကတည်းက

သိပ်သိပ်သည်းသည်း ဖွဲ့စည်းထားရတာ မဟုတ်တဲ့ လုံခြုံရေးအင်အားစုများ၊ ပုလိပ်များ၊ တပ်သားများကို အဲဒီစစ်ဘုရင်တွေ၊ လူမျိုးစုခေါင်းဆောင်တွေက အလွယ်တကူ ဝယ်ယူသိမ်းသွင်းသွားနိုင်မှာဖြစ်ပြီး အမေရိကန်နဲ့ နေတိုးတပ်ဖွဲ့များ ဆုတ်ခွာသွားပြီးနောက် "ဆိုမာလီနိုင်ငံလို"အဖြစ်မျိုး ရောက်မသွားနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။

၃။ အမေရိကန်ဟာ တာလီဘန်အင်အားစုတွေကို တဖက်က စေ့စပ်ရေးစကားတွေ ပြောဆိုနေပေမယ့် တဖက်ကလည်း စစ်ရေးအရ ဖိတိုက်နေတာပါ။ အမေရိကန်က တာလီဘန်နဲ့ နိုင်ငံရေးအရ ပြန်လည်သင့်မြတ်အောင် လုပ်ရေးဟာ သူ့တပ်ဆုတ်ခွာရေး အစီအစဉ်ထဲက အရေးကြီးတဲ့အပိုင်းတရပ်လို့ သဘောထားပေမယ့် စေ့စပ်ရေးစကားဝိုင်းမှာ အပေါ်စီးရဖို့အတွက်ကတော့ စစ်မြေပြင်မှာ တာလီဘန်ကို အင်အားလျော့နည်းအောင် လုပ်နိုင်မှ ဖြစ်မယ်ဆိုတာကို အမေရိကန်တွေက နားလည်ထားကြပါတယ်။

တာလီဘန်တွေဘက်ကလည်း နိုင်ငံရေးဆွေးနွေးပွဲမှာ ပိုပြောနိုင်ဖို့ ဆိုနိုင်ဖို့ ပိုအခွင့်အရေးရဖို့ သူတို့စစ်ရေးအစီအစဉ်မြှင့်တင်ရမယ်ဆိုတာ သဘောပေါက်ပြီးသားပါ။ (၁ လအတွင်း ကာဇိုင်းအစိုးရရဲ့ အရေးပါသူ ၂ ယောက် လုပ်ကြံခံရမှုကို ကြည့်ပါ။)

ဒါကြောင့်ပဲ ဒီနှစ်များအတွင်း အမေရိကန်ဘက်ကရော တာလီဘန်ဘက်ကပါ စစ်ရေးအရှိန်တွေ မြှင့်တင်ကြမှာဖြစ်လို့ အာဖဂန်နိုင်ငံရဲ့ လုံခြုံရေးအခြေအနေကတော့ ပိုဆိုးရွားလာမှာပါ။ ဒါတွေကတော့ လုံခြုံရေးဆိုင်ရာ ပြဿနာတွေပါ။

စီးပွားရေးမျက်နှာစာမှာလည်း အမေရိကန်တပ်တွေ ထွက်သွားပြီဆိုရင် အာဖဂန်နစ္စတန်ရဲ့ စီးပွားရေးအကျပ်အတည်းက သေးမှာ မဟုတ်ပါဘူး။

အနှစ် ၃၀ ကျော် စစ်တလင်းဖြစ်ခဲ့ရတဲ့ အာဖဂန် နိုင်ငံမှာ စီးပွားရေးတရပ်လုံး ချွတ်ခြုံကျနေပါတယ်။ အမေရိကန်က "အကြမ်းဖက်ဝါဒကို တိုက်တဲ့စစ်ပွဲ" ဆင်နွဲချိန်မှ စလို့ အာဖဂန်နိုင်ငံသားအများအပြားဟာ သူတို့နိုင်ငံတွင်း ရောက်လာတဲ့ နိုင်ငံခြားသားတပ်ဖွဲ့များကို ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းအဝဝကို လုပ်ဆောင်ပြီး အသက်မွေးနေကြရတာပါ။ တခြားဘာလုပ်ငန်းမှ မယ်မယ်ရရ မရှိပါဘူး။ ဒ့ါအပြင် ကာဇိုင်းအစိုးရ ဘတ်ဂျက်ရဲ့ ၉၀ ရာခိုင်နှုန်းကို အမေရိကန်က ပေးနေရတာပါ။ ဒါတွေကို အမေရိကန်များအနေနဲ့ သူ့တပ်တွေ ဆုတ်ခွာသွားပြီးနောက်မှာ ပေးနိုင်ပါဦးမလား။ ကာဇိုင်းအစိုးရအနေနဲ့ ဘာစီးပွားရေးနဲ့ သူ့နိုင်ငံကို ထောက်ပံ့ထားနိုင်မှာလဲ။

ဒ့ါအပြင် အမေရိကန်နဲ့ နေတိုးတပ်များ ထွက်ခွာသွားပြီးနောက်မှာ အာဖဂန်လုံခြုံရေးဟာ ပိုမိုဆိုးရွားလာစရာရှိတယ်ဆိုတဲ့ အမြင်တွေအောက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း မျှော်လင့်နိုင်စရာ မရှိပါဘူး။ ဒါကြောင့်ပဲ ကာဇိုင်းအစိုးရရဲ့ မျှော်လင့်ချက် ရောင်ခြည်တွေဖြစ်တဲ့ ဓာတ်သတ္တု တူးဖော်ရေးတို့၊ စိုက်ပျိုး ရေးကဏ္ဍစီမံကိန်းတို့ဆိုတာတွေလည်း ရှေ့ခြေလှမ်းလေး တလှမ်းတောင် မတိုးနိုင် ဖြစ်နေရပါတယ်။

နိုင်ငံရေးမျက်နှာစာက ကြည့်ရင်လည်း ကာဇိုင်းအစိုးရ တည်ငြိမ်ခိုင်မာရေးအတွက် ရင်ဆိုင်နေရတဲ့ အတိုက်အခံအင်အားစု ၃ ရပ်ကလည်း ပိုမိုဆန့်ကျင်လာနေပါတယ်။ အင်အားအကြီးဆုံးကတော့ တာလီဘန်ဖြစ်ပြီး သူတို့က ဘာသာရေးနဲ့ မပတ်သက်တဲ့ ကာဇိုင်းအစိုးရကို ဆန့်ကျင်ရာမှာ နောက်အကြောင်းအချက်အနေနဲ့ အမေရိကန် ထူထောင်ပေးထားတဲ့ "ရုပ်သေးအစိုးရ"ဖြစ်တယ်လို့ စွပ်စွဲတိုက်ခိုက်နေတာပါပဲ။ တကယ်လည်း တာလီဘန်တွေဟာ အစိုးရ ထိပ်သီးအရာရှိကြီးတွေနဲ့ အမေရိကန်တွေကို ပိုမိုတိုက်ခိုက်လာနေတာ တွေ့ရပါတယ်။ အထက်မှာပြောခဲ့တဲ့ လုပ်ကြံသတ်ဖြတ်မှု ၂ မှုကိုပဲ ကြည့်ပါ။ အမေရိကန် ရဟတ်ယာဉ်တစီးကို ပစ်ချလိုက်နိုင်တဲ့အတွက် အမေရိကန်စစ်သား တချီတည်း တရက်တည်း ၃၀ ကျော် သေဆုံးရတဲ့အဖြစ်ကို ကြည့်ပါ။

ဒုတိယနဲ့ တတိယ အတိုက်အခံ အင်အားစုတွေကတော့ လူမျိုးစုနွယ် အကြီးအကဲများနဲ့ စစ်ဘုရင်များ ဖြစ်ပါတယ်။ သူတို့တတွေကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရထားတဲ့ နယ်ရှင်ပယ်ရှင်များဖြစ်တာကြောင့် ဗဟိုအစိုးရ (ကာဇိုင်းအစိုးရ) ဩဇာ နယ်ပယ်ချဲ့ထွင်လာမှာကို အကြောက်အကန် ဆန့်ကျင်နေတာပါ။ သူတို့အသီးသီးမှာလည်း ကိုယ်ပိုင်လက်နက်ကိုင်တပ်များ ရှိတာကြောင့် ကာဇိုင်းအစိုးရအနေနဲ့ သူ့မဖြစ်စလောက် လက်နက်ကိုင် လုံခြုံရေးတပ်ဖွဲ့လောက်နဲ့တော့ သူ့အုပ်ချုပ်ရေးကို ကာကွယ်ထိန်းသိမ်းဖို့ မလွယ်ပါဘူး။

ဒ့ါအပြင် အိုဘားမားရဲ့ တပ်ရုပ်သိမ်းရေးစီမံကိန်းဟာ အမေရိကန်ရဲ့ ပြည်တွင်းရေးအခက်အခဲကြောင့် အဓိကဖြစ်ပါတယ်။ အမေရိကန် စီးပွားရေးအခြေအနေက အမေရိကန်ရဲ့ စစ်ရေးသေနင်္ဂဗျူဟာ ရည်မှန်းချက်တွေ (ဥပမာ အာဖဂန်မှာ စစ်အခြေခံစခန်းများ ဆက်လက်ထားရှိရေး) ကို အကောင်အထည်ဖော်ဖို့ ခက်လာပါလိမ့်မယ်။ ဒ့ါကြောင့် အမေရိကန်ကို ဆက်လက်အားကိုးဖို့ ဆိုတာဟာလည်း သိပ်မရေရာလှပါဘူး။

ဒါကြောင့်ပဲ အမေရိကန်တပ်ရုပ်သိမ်းသွားမှုကို အခွင့်ကောင်းယူပြီး ဒေသတွင်းက အင်အားကြီးနိုင်ငံများက ပထဝီနိုင်ငံရေးအရ သေနင်္ဂဗျူဟာ အချက်အချာကျလှတဲ့ အာဖဂန်နိုင်ငံတွင်း ဝင်ရောက်ထိုးဖောက်လာကြဦးမှာဖြစ်ပြီး အာဖဂန်ရဲ့ နိုင်ငံရေးမျက်နှာစာဟာလည်း ရှုပ်ထွေးလာဦးမှာပါ။

အမေရိကန်ရဲ့ အာဖဂန်က တပ်ရုပ်သွားမှုဟာ အာဖဂန်ရဲ့ ရှုပ်ထွေးလှတဲ့ ပြဿနာများကို မဖြေရှင်းနိုင်ရုံမျှမက အလွန်ခက်ခဲတဲ့ နိုင်ငံရေးပြဿနာများကို ပေါ်ထွက်စေမှာ ဖြစ်ပါတယ်။ ဒီလိုဆိုတော့ အမေရိကန်အနေနဲ့ တန်ဖိုးအများကြီးပေးရတဲ့ (လူရော၊ ငွေရော၊ နိုင်ငံရေးဂုဏ်သိက္ခာရော) ဒီအာဖဂန် စစ်ပွဲမှာ ဘာများအမြတ်ရခဲ့သလဲ။

အမေရိကန်ပြည်သူတွေ နက်နက်ရှိုင်းရှိုင်း စဉ်းစားကြရပါလိမ့်မယ်။ တဦးတည်း စူပါပါဝါအဖြစ် ကျန်ခဲ့တဲ့ အမေရိကန်က နိုင်ငံရေးသမားများ အာဖဂန်ကပေးတဲ့ သခန်းစာများကို လေးနက်ကြဖို့ မျှော်လင့်ရပါတော့တယ်။

ရဲဘော်ရှုယဉ်

၈-၈-၂၀၁၁။



# သမိုင်းထဲက နိုင်ငံတကာ့စစ်သည်

**တရုတ်ပြည်သို့ စေလွှတ်လိုက်တဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ ကိုယ်စားလှယ်**



မာရင်း (Maring) (မူလအမည် Hendricus Sneevliet)

စိမ်းမြမြဝိုင်း

**တရုတ်ပြည်ကို သွားတဲ့ အနီရောင်ခရီးသည်**

၁၉၂၁ နွေဦး။ မာရင်း (Maring) (မူလအမည် Hendricus Sneevliet) လို့ခေါ်တဲ့ ဟော်လန်ကွန်မြူနစ်တယောက်ဟာ မော်စကိုကနေ တရုတ်ပြည်သို့ ထွက်လာခဲ့တယ်။ ဒီအကြိမ် သူ ထွက်လာတာဟာ အရေးကြီးတဲ့ တာဝန်တွေထမ်းဆောင်ဖို့ပဲ။ တရုတ်ပြည် ကွန်မြူနစ်ပါတီ ထူထောင်ရေးကို တွန်းဆော်ပေးဖို့နဲ့ ကွန်မြူနစ်အင်တာနေရှင်နယ် အရှေ့တိုင်းဌာနရဲ့ မော်စကိုခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ဖို့ ဖြစ်တယ်။

မာရင်းဟာ ၁၈၈၃ ခုနှစ် ဟော်လန် ဆင်းရဲသားမိသားစု တခုမှ ဆင်းသက်လာသူဖြစ်တယ်။ သူဟာ ကိုလိုနီ၊ ကိုလိုနီတပိုင်း နိုင်ငံတွေက ပြည်သူတွေကို စာနာတဲ့သဘောထား ရှိသူဖြစ်တယ်။ ဒတ်ချ်ရဲ့ ကိုလိုနီဖြစ်တဲ့ အင်ဒိုနီးရှားမှာ အင်ဒိုနီးရှား ပြည်သူတွေရဲ့ အရှင်သခင်နိုင်ငံကို ဆန့်ကျင်တဲ့ တိုက်ပွဲများမှာ ပါဝင်ခဲ့သလို အင်ဒိုနီးရှားကွန်မြူနစ်ပါတီ စတင်ထူထောင်ရေးမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ အရှင်သခင်နိုင်ငံက နိုင်ငံသားတဦးဖြစ်နေပေမယ့် ကိုလိုနီအရှင်သခင် အုပ်စိုးသူများက လက်အောက်ခံ ကိုလိုနီပြည်သူများအပေါ် ဖိနှိပ်မှုကို သိပ်နာကြည်းမုန်းတီးသူ ဖြစ်တယ်။ ဒါကြောင့် ၁၉၁၈ ဒီဇင်ဘာမှာ ကိုလိုနီအုပ်စိုးသူ အာဏာပိုင်များက သူ့ကို အင်ဒိုနီးရှားမှ နှင်ထုတ်ပစ်လိုက်တယ်။

၁၉၂၀ ကွန်မြူနစ်အင်တာနေရှင်နယ် ဒုတိယကွန်ဂရက်ကို သူ တက်ရောက်တယ်။ အဲဒီကွန်ဂရက်မှာ သူဟာ အမှုဆောင်ကော်မတီဝင်အဖြစ် အရွေးခံရတယ်။ လီနင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေတဲ့ ကိုလိုနီပြဿနာကော်မတီမှာ အတွင်းရေးမှူးတာဝန်ပေးခြင်းလည်း ခံရပါတယ်။ အင်ဒိုနီးရှားတော်လှန်ရေးကာလအတွင်းက သူ့ရဲ့ထူးချွန်တဲ့ဖော်ပြမှုတွေနဲ့ တော်လှန်ရေးအတွေ့အကြုံကြွယ်ဝမှုတွေကြောင့် လီနင်က သူ့ကို ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ ကိုယ်စားလှယ်အဖြစ် တရုတ်ပြည်ကိုစေလွှတ်ဖို့ မျက်စိကျနေခဲ့တာပါ။

မာရင်း တရုတ်ပြည်ကို မသွားမီကတည်းက ဗြိတိန်၊ ဟော်လန်စတဲ့ နိုင်ငံတွေဟာ အပြန်အလှန် သတင်းတွေ ဖလှယ်ကာ သူ တရုတ်ပြည် ထွက်မလာနိုင်အောင် ဟန့်တားဖို့ ကြိုးစားခဲ့ကြတာပါ။ ၁၉၂၀ ဒီဇင်ဘာ ၁၀ ရက်နေ့မှာ တရုတ်ပြည်မှာရှိတဲ့ အင်္ဂလိပ် သံအရာရှိယ်တဦးက ဟော်လန်သံအရာရှိယ်တဦးထံ သတင်းပေးပို့ အကြောင်းကြားခဲ့တယ်။ သတင်းမှာ–"(H.Sneeveliet) လို့ အမည်ရှိတဲ့ ဟော်လန်သားတဦးဟာ ဒတ်ချ်လက်အောက်ခံ အရှေ့အိန္ဒိယမှာ ဘော်လ်ရှီဗစ်များရဲ့ ဝါဒဖြန့်ချိရေးတာဝန် ထမ်းဆောင်ရန် အရှေ့တိုင်းကို သွားလိမ့်မယ်။ ကြေးနန်းစာမှာ သူ ဗြိတိန်မှာရှိတဲ့ တရုတ်သံအရာရှိယ်ထံ နိုင်ငံကူးလက်မှတ် လျှောက်ထားချိန်က ဗီဇာ တားမြစ်ခံရဖူးတယ်။ ဒီလူရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်တဲ့ အထောက်အထား ကျွန်တော့်မှာ ဘာမျှမရှိသေးဘူး။ သူဟာ လွန်ခဲ့တဲ့ ၂ နှစ် လောက်က ဟော်လန်ရဲ့ လက်အောက်ခံ အရှေ့အိန္ဒိယမှ ဟော်လန်ကို ပြန်ရောက်လာတာလေက်ပဲ သိထားပါတယ်" လို့ ဖော်ပြထားတယ်။

၁၉၂၁ နွေဦးရာသီ နှောင်းပိုင်းလောက်မှာ သူ တရုတ်ပြည်သွားဖို့ နိုင်ငံကူးလတ်မှတ် လျှောက်လွှာတင်ရန် ဗီယင်နာမှာ ပေါ်လာပြန်တယ်။ အဲဒီက ပုလိပ်တွေကလည်း နောက်ကြောင်းရာဇဝင် ထူးခြားတဲ့ ဒီပုဂ္ဂိုလ်ကို သတိနဲ့စောင့်ကြည့်နေကြတယ်။ ဩစတြီးယား နိုင်ငံက ပုလိပ်တွေက သူ့ကို "အနီဂိုဏ်းသား" ဆိုတဲ့ ပြစ်ချက်နဲ့ ဖမ်းဆီးပြီး နယ်နှင်လိုက်ပါတယ်။ သူ့နိုင်ငံကူးလက်မှတ်ကိုလည်း နိုင်ငံခြား ဆက်သွယ်ရေးဌာနကို အပ်လိုက်ပြီး မာရင်းသွားမယ့် နိုင်ငံနဲ့ ဒေသတွေကို ကြိုတင်အကြောင်းကြားလိုက်တယ်။

၁၉၂၁ မေ ၁၅ ရက်နေ့မှာ ဗီယင်နာက ထွက်ခွာလာခဲ့တယ်။ မေ ၂၁ မှာ သူဟာ အီတလီ၊ ဗင်းနစ်မြို့ကို ခြေချပြီး သင်္ဘောနဲ့ အရှေ့တိုင်း ရှန်ဟဲသို့ လီနင်နဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်က ပေးအပ်လိုက်တဲ့ မှန်မြတ်တဲ့တာဝန်များကို ဆောင်ရွက်ရန် ထွက်ခွာလာတယ်။

၁၉၂၁ မေ ၃၀ ရက် ဟော်လန်မှာရှိတဲ့ ရှန်ဟဲယာယီကောင်စစ်ဝန်ချုပ်က ရှန်ဟဲ အလုပ်သမားဌာနကို စာပို့အကြောင်းကြား လိုက်တယ်။ စာထဲမှာ မာရင်းနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ အင်ဒိုနီးရှားကွန်မြူနစ် ဘာစစ်၊ ဒီကွန်မြူနစ် ၂ ယောက်ဟာ ရှန်ဟဲကို သွားနေ တယ်။ “သူတို့ရဲ့လှုပ်ရှားမှုတွေကို နီးနီးကပ်ကပ် စောင့်ကြည့်”ရမယ်လို့ ဖော်ပြထားတယ်။ တချိန်တည်းမှာလည်း သူက “တရုတ်ပြည် ပုလိပ် အသိုင်းအဝိုင်းနဲ့ ကိုလိုနီပုလိပ်တွေကိုလည်း အကြောင်းကြားခဲ့တယ်”။

ဇွန်လ ၃ ရက်မှာ သူတို့စီးလာတဲ့ သင်္ဘောဟာ ဟွမ်ဖူမြစ်ထဲ ဖြည်းဖြည်းချင်းခုတ်မောင်းဝင်ရောက်လာတယ်။ ရှန်ဟဲသင်္ဘောဆိပ်ကို ခြေချမိလိုက်တာနဲ့ လျှို့ဝှက်စုံထောက်တွေရဲ့ မျက်လုံးတွေဟာ သူ့ကို မျက်ခြေမပြတ် စောင့်ကြည့်နေကြပါတယ်။ ရှန်ဟဲကို ရောက်ပြီးနောက် မာရင်းဟာ ‘တာ့တုန်ဟိုတယ်’ အခန်းနံပါတ် ၂၃ မှာ တည်းခိုနေပါတယ်။ နောက်တနေ့မှာ သူဟာ ‘အန်တရာစင်း’ ဆို တဲ့အမည် ပြောင်း လိုက်ပါတယ်။ ဟော်လန်ရှိ ရှန်ဟဲကောင်စစ်ဝန်ရုံးကို သွားပြီး ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်စဉ်က မိမိရဲ့ လုပ်ငန်းတာဝန်ကို “ဂျပန် (အရှေ့တိုင်း ဘောဂဗေဒပညာရှင်) မဂ္ဂဇင်းရဲ့ သတင်းထောက်”လို့ပြောထားခဲ့တာပါ။ လျှို့ဝှက်စုံထောက်တွေဟာ မျက်ခြည်မပြတ် ကြပ် မတ်ကြည့်ရှုနေကြပေမယ့် နောက်ဆုံးမှာ လူရည်လည်လှတဲ့ မာရင်းဟာ မိမိနောက်လိုက်နေတဲ့ “စုံထောက်တွေ” ကို မျက်ခြည်ဖြတ်ပစ်ခဲ့တယ်။ သူဟာ ‘တတုန်ဟိုတယ်’က အမြန်ဆုံး ထွက်ခွာလိုက်ပြီး မိုက်ကင်းလမ်း အမှတ် ၃၂ တည်းခိုခန်းမှာ ဝင်တည်းခိုလိုက်ပါတယ်။ နောင်မှာတော့ သူဟာ တရုတ်တွေနဲ့ ဆက်သွယ်ရာမှာ “နီကုန်းချင်”ဆိုတဲ့ နောက်ထပ် ပြောင်းလဲထားတဲ့ အမည်ကိုပဲ သုံးပါတယ်။

## “ပထမအကြိမ် ကွန်ဂရက်”ကို တက်ရောက်ခဲ့တဲ့ နိုင်ငံခြားသားတဦး

ရှန်ဟဲကို “နီကုန်းချင်”ရောက်လာပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီ ပထမအကြိမ် ကွန်ဂရက်ကို ၁၉၂၁ ဇူလိုင်လထဲမှာ ခေါ်ယူနိုင် အောင် ကူညီဆောင်ရွက်ပေးခဲ့တယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ ပထမအကြိမ် ကွန်ဂရက်မှာ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ ကိုယ်စား လှယ်အဖြစ် မာရင်းက အမှာစကား ပြောပါတယ်။ သူက“တရုတ်ပြည်ကွန်မြူနစ်ပါတီကို စနစ်တကျ ထူထောင်လိုက်ပြီ။ ဒါဟာ အ ရေးပါတဲ့ လေးနက်တဲ့ နိုင်ငံတကာ့အဓိပ္ပာယ်ဆောင်ပါတယ်။ ကွန်မြူနစ်အင်တာနေရှင်နယ်အတွက် အရှေ့တိုင်းမှာ ကလာပ်စည်းတခု တိုးလာတာ ဖြစ်သလို ဘော်လ်ရှီဗစ်တွေအတွက် အရှေ့တိုင်းမှာ တိုက်ဖော်တိုက်ဖက်တဦး တိုးလာတာပဲ”လို့ ဆိုပါတယ်။ တရုတ်ပြည်မှာ ကွန်မြူနစ်ပါတီ ထူထောင်နိုင်ရေးကို လီနင်က မျှော်လင့်တောင့်တခဲ့သလို အရှေ့တိုင်းမှာ ဆိုရှယ်လစ်စနစ်ပေါ်ထွက်လာရေးကိုလည်း မျှော်လင့်တောင့်တခဲ့ ပါတယ်လို့ မာရင်းက ပြောလိုက်တဲ့အခါ အစည်းအဝေးဟာ တမုဟုတ်ချင်း သောင်းသောင်းဖြဖြ ဖြစ်သွားတော့တယ်။ လျှို့ဝှက်စုံထောက်တွေ အာရုံမစိုက်မိအောင် ကိစ္စမပြီးခင် လက်ခုပ်သြဘာသံတွေ၊ ကြွေးကြော်တာတွေ မလုပ်ဖို့ မာရင်းက ပြောမထားရင်တော့ အစည်းအဝေးဟာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေရဲ့ လက်ခုပ်သြဘာသံတွေ၊ ကြွေးကြော်သံတွေနဲ့ သောင်းသောင်းဖြဖြ ဖြစ်နေမှာ အသေချာပါပဲ။

ဇူလိုင် ၃၀ ရက်ညမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီ ပထမအကြိမ် ကွန်ဂရက် ကျင်းပရာနေရာကို ယခင်လာရောက် ထောက်လှမ်းဖူးတဲ့ လျှို့ဝှက်စုံထောက် လာရောက် ထောက်လှမ်းချိန်မှာပဲ မာရင်းဟာ နှစ်ပေါင်းများစွာ လျှို့ဝှက်ရေးလုပ်ငန်း အတွေ့အကြုံရှိသူပီပီ၊ ဒါ “စုံ ထောက်”ပဲဆိုတာကို ရိပ်စားမိလိုက်တာနဲ့ အစည်းအဝေးကို ချက်ချင်းရပ်ပစ်ကာ ကိုယ်စားလှယ်များကို ဒီနေရာက မြန်မြန်ဆုတ်ခွာ လူစုခွဲ လိုက်ဖို့ အကြံပြုလိုက်ပါတယ်။ မာရင်းရဲ့အကြံပေးမှုကြောင့် လျှို့ဝှက်ရေးလုပ်ငန်း အတွေ့အကြုံမရှိသေးတဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီ ပထမ အကြိမ်ကွန်ဂရက် ကိုယ်စားလှယ်များဟာ ဘေးရန်တရပ်ကနေ လွတ်မြောက်ခဲ့ရတယ်။ နောက်ရက်မှာတော့ ကိုယ်စားလှယ်တွေဟာ “ကျရှင်း နန်ဟူ”(တောင်ဒက္ခိဏရေကန်သာ) ရှိ ခရီးသွား လှေတစင်းပေါ်မှာ ကွန်ဂရက် ဆက်လက် ကျင်းပခဲ့တယ်။

အဲဒီတုန်းက တရုတ်ပြည်မှာ ကွန်မြူနစ်ဝါဒ အစုငယ်တွေ စတင်ဖွဲ့စည်းခဲ့တဲ့ ချင်တူရှုဟာ ကွမ်တုန်း ပညာရေးကော်မတီ ဥက္ကဋ္ဌ လုပ်နေလို့ အလုပ်အားလပ်ရက် မရှိတာကြောင့် ပထမကွန်ဂရက်ကို မပါနိုင်ပါဘူး။ သြဇာဂုဏ်သိက္ခာရှိသူနဲ့ လှုံ့ဆော်နိုင်စွမ်းကြီးသူ ဖြစ် တဲ့အလျောက် ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် သူ့ကိုပဲ ရွေးခဲ့ကြတယ်။

ချင်တူရှုကို ပါတီရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ပြီးနောက် မာရင်းက တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ လုပ်ငန်း တာဝန်တွေ အမြန်ဆောင်ရွက်ရေးကို စိတ်လောနေပါတယ်။ ဒါကြောင့် ချင်တူရှုထံ အကြိမ်ပေါင်းများစွာ လူလွှတ် ကြီးကြပ် စစ်ဆေးပါတယ်။ သူက ရှန်ဟဲသို့ ပြန်လာပြီး ပါတီရဲ့ လုပ်ငန်းတာဝန်များကို ပါဝင်ဆောင်ရွက်ဖို့ မျှော်လင့်နေပေမယ့် ချင်တူးရှုဟာ အလုပ်တာဝန်တွေနဲ့ လုံးထွေးနေရလို့ တ ခဏလေးတောင်မှ အလုပ်က ခွာလို့မဖြစ်တာကြောင့် အချိန်ကြာတဲ့အထိ ပြန်မလာနိုင်ခဲ့ပါဘူး။ ချင်တူရှုရဲ့ ဒီပြုမူဆောင်ရွက်ချက်ဟာ ကွန်မြူ နစ်ဝါဒ တော်လှန်ရေးအပေါ် တာဝန်မယူရာ ရောက်သလို သူတဦးချင်းရဲ့ အရှိန်သြဇာအပေါ် စိန်ခေါ် ရာရောက်တယ်လို့ မာရင်းက ယူဆတယ်။

ပထမဆုံးတခေါက် ရှန်ဟဲကို ရောက်စဉ်က မာရင်းဟာ လီတာ့၊ လီဟန်ကျွန်းတို့နဲ့ ဆက်သွယ်ခဲ့ပေမယ့် သူတို့ ပထမဆုံး တွေ့ဆုံ မှုဟာ ဆွေးနွေးဖို့ အခွင့်မသာခဲ့ဘူး။ သာမန်မဟုတ်တဲ့ ဘဝအတွေ့အကြုံတွေ ရှိနေခဲ့သူဖြစ်တဲ့အလျောက် မာရင်းဟာ စိတ်ဓာတ် အလွန် ပြင်းထန်ပြီး အသင့်အတင့် မာနကြီးသူ ဖြစ်ပါတယ်တဲ့။ ကာယကံရှင်တဦးရဲ့ ပြန်လည်သတိရချက်မှတ်တမ်းအတွင်း လူတဦးချင်းရဲ့ စွဲလမ်းစိတ်နဲ့ ရေးထားတာမို့ အသိအမှတ်မပြုလို့ မဖြစ်ပါဘူး။

“ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ ကိုယ်စားလှယ် ၂ ဦး အသစ်ဝင်လာပါတယ်။ တယောက်က နီကိုလေ့ဗ်စကီး၊ လက်ထောက် အဆင့်နေရာ၊ စကားသိပ်မပြော။ ရိုးသားတဲ့ပုံ ရှိတယ်။ နောက်တယောက်ကတော့ အရေးကြီးတာဝန်ရှိသူ။ နာမည်က မာရင်း တဲ့။

အဲဒီမျက်နှာဖြူဟာ အလွန်မာနကြီးပြီး၊ စကားပြောရခက်သူပါ။ လုပ်ဟန်ဟာ ဗေကင်စကီး (တရုတ်အမည် 'ဝူထင်ခန်း'၊ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ နောက်ထပ် ကိုယ်စားလှယ်တဦး) နဲ့ လုံးလုံးလျားလျား မတူကွဲပြားပါတယ်'' လို့ ကျန်းကိုးထောင်ကလည်း ''ကျွန်တော်ရဲ့ ပြန်လည်သတိရချက်များ'' ဆိုတဲ့မှတ်တမ်းမှာ ရေးသားဖော်ပြထားတယ်။

မာရင်းရဲ့ ဒီလုပ်ဟန်တွေနဲ့ ချင်တူရှုအပေါ် သူ့ရဲ့ မကျေနပ်မှုတွေဟာ တမုဟုတ်ချင်း ချင်တူရှုထံ ရောက်သွားပါတယ်။ ချင်တူရှုဟာ ဒါတွေနဲ့ပတ်သက်လို့ မကျေမလည်ဖြစ်ကာ ယိုးမယ်ဖွဲ့ အချိန်ဆွဲပြီး ပါတီရဲ့ အထွေထွေအတွင်းရေးမှူးတာဝန် ထမ်းဆောင်ဖို့ ရှန်ဟဲကို ပြန်မလာတာဖြစ်တယ်။

ကွမ်ကျိုးမှာနေနေတဲ့ ချင်တူရှုဟာ မာရင်းရဲ့ လောဆော်နေမှုကို ဂရုမစိုက်တော့ဘဲ ပါတီအတွက် ငွေကြေးရှာဖွေရေးကို ယိုးမယ်ဖွဲ့ကာ ကွမ်ကျိုးမှာပဲ ဆက်နေနေပါတယ်။ မာရင်းထံကိုလည်း ရှန်ဟဲသို့ ဘယ်တော့ပြန်လာပြီး တာဝန်ထမ်းပါ့မယ်ဆိုတာလည်း မပြန်ကြားဘဲ နေခဲ့တယ်။ အဲဒီလို ကွမ်ကျိုးမှာနေထိုင်နေစဉ်အတွင်း ပါတီရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ကျန်းကိုးထောင်ထံမှ စာ ၂ စောင်၊ ၃ စောင် ဆက်တိုက် လက်ခံရရှိပါသေးတယ်။ စာထဲမှာ ကျန်းကိုးထောင်က ပါတီအတွက် အသုံးစရိတ်ငွေရရှိရေးနည်းလမ်းကို အမြန်စဉ်းစားကြံဆကူညီပါလို့ တောင်းဆိုထားတယ်။ လွန်ခဲ့တဲ့တနှစ်က ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ တခြား ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဗေကင်စကီးက တရုတ်ပြည် နေရာတိုင်းမှာ ကွန်မြူနစ်အစုလေးတွေ စတင်ပြီး တဖြည်းဖြည်း ထူထောင်နေကြပြီ။ ဒီလို ကွန်မြူနစ်အဖွဲ့တွေ ဖွဲ့ပြီးတာနဲ့ တောက်လျှောက် အသုံးစရိတ်ပြဿနာ အခက်ကြုံရလိမ့်မယ်လို့ ပြောခဲ့ဖူးတယ်။

ချင်တူရှုက တရုတ်ပြည်တော်လှန်ရေးဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပြဿနာ၊ တရုတ်တော်လှန်ရေးသမားတွေကို မှီခိုပြီး မိမိတို့ဘာသာ လုပ်ရန် လိုအပ်တယ်ဆိုတဲ့ အယူအဆကို တလျှောက်လုံး ဆုပ်ကိုင်ထားသူဖြစ်တယ်။ ချင်တူရှုက တရုတ်ပြည် ကွန်မြူနစ်ပါတီ ထူထောင်လိုက်ကတည်းက အမှီခိုကင်းရေးကို ပိုပြီး နိုးကြားသိမြင်လာကာ ကွန်မြူနစ်အင်တာနေရှင်နယ်ထံ အသုံးစရိတ် တောင်းရေးစဉ်းစားပေမယ့် သူများရဲ့ ကန့်သတ်ချုပ်ချယ်မှု အလွယ်တကူ ခံရကောင်း ခံရလိမ့်မယ်။ ကွန်မြူနစ်ပါတီရဲ့ အမှီခိုကင်းရေးကို ထိန်းသိမ်းရေးအတွက် အကြိမ်ကြိမ် အလေးထားပြီး တရုတ်တော်လှန်ရေးဟာ တရုတ်တွေ မိမိတို့ရဲ့ ပြဿနာဖြစ်တယ်။ မိမိတို့ဘာသာ လုပ်ဆောင်သွားရမယ်လို့ စဉ်းစားခဲ့တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီကို စနစ်တကျ ထူထောင်ပြီးလို့ တလအကြာမှာတော့ အသုံးစရိတ်ပြဿနာဟာ ထပ်မံပြီး ရှေ့တန်း ရောက်လာပြန်တယ်။ အဲဒီတုန်းက တရုတ်ပြည်အလုပ်သမားအစည်းအရုံး၊ အတွင်းရေးမှူးဌာန တာဝန်ခံလုပ်နေတဲ့ ကျန်းကိုးထောင်ရဲ့ ပြန်လည်သတိရချက်ထဲမှာ အဲဒီတုန်းက ဝါဒဖြန့်ချိရေးစာစောင်တွေ ပုံနှိပ်တဲ့အရေးအတွက်ဟာ ချက်ချင်းတက်လာတာကြောင့် အသုံးစရိတ်ဟာ ၃၊ ၄ ဆယ်ကနေ ၂၀၀ ယွမ်အထိ တက်သွားခဲ့တယ်။ အခက်အခဲဆုံးအခြေအနေကို ရောက်လာတော့ ကျန်းကိုးထောင်ဟာ သူ့ ရဲ့အဝတ်အစားအားလုံး အပေါင်ဆိုင် သွားပေါင်လိုက်ပါတယ်။ အဲဒီလိုရလာတဲ့ငွေနဲ့ ပါတီရဲ့ ပုံမှန်လည်ပတ်ရေးကို မှီခိုခဲ့ရတယ်လို့ ဖော်ပြခဲ့တယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီမှာ ဖြစ်ပေါ်နေတဲ့ အသုံးစရိတ်ပြဿနာကို ရည်စူးပြီး အလုပ်သမားအစည်းအရုံး အတွင်းရေးမှူးဌာန တာဝန်ခံလုပ်နေတဲ့ ကျန်းကိုးထောင်ကို မာရင်းက သီးခြားခေါ်ယူပြီး ပါတီရဲ့လှုပ်ရှားမှုတွေအတွက် အသုံးစရိတ်ထောက်ပံ့ရေး တောင်းရေးကို ထပ်မံတင်ပြလာတယ်။ သူက ''နိုင်ငံတကာဝါဒ ရပ်တည်ချက်ကနေ ကွန်မြူနစ်အင်တာနေရှင်နယ်က နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီအသီးသီးကို ကူညီရန် တာဝန်ဝတ္တရား ရှိပါတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီအနေနဲ့လည်း စိုးရိမ်ကြောင့်ကြမှု ကင်းကင်းနဲ့ လက်ခံယူသင့်တယ်'' လို့ ဆိုပါတယ်။ တချိန်တည်းမှာလည်း လုပ်ငန်းစီမံကိန်းနဲ့ ကြိုတင်ခန့်မှန်းချေအသုံးစရိတ်ကို ချက်ချင်းရေးဆွဲဖို့ ကျန်းကိုးထောင်ကို မာရင်းက တောင်းဆိုပါတယ်။

## ချင်တူရှုနဲ့ အပေးအယူတည့်အောင် မဆက်သွယ်လို့ မဖြစ်

ကျန်းကိုးထောင်ရဲ့ ရသုံးခန့်မှန်းချေ ငွေစာရင်း (ဘတ်ဂျက်) ချက်ချင်း ထွက်ပေါ်လာပါတယ်။ ဒါပေမဲ့ သူဟာ ဒါကို ချင်တူရှုထံ ပေးပို့ အစီရင်ခံတဲ့အခါ အပြင်းအထန် ကန့်ကွက်မှုနဲ့ ရင်ဆိုင်ရပါတယ်။ တကယ်တော့ ကွမ်ကျိုးမှာရှိနေတဲ့ ချင်တူရှုကသာမက အခြားအဆင့်တွေကလည်း ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ နောင်မှာ ချိုးနှိမ်ပြောဆိုတာ ခံရမှာကို စိုးရိမ်ပူပန်ကြပါတယ်။ တကယ်လည်း နောင်မှာ တရုတ်ပြည် ကွန်မြူနစ်ပါတီဟာ ဒီပြဿနာအပေါ်မှာ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ ပြစ်တင်ပြောဆိုမှုတွေ ခံရပါတယ်။ အထွေထွေ အတွင်းရေးမှူး ချင်တူရှုက သဘောမတူတဲ့အတွက် ဒီကြိုတင်ခန့်မှန်းခြေ အသုံးစရိတ် မူကြမ်းဟာ အဲဒီတုန်းက ချောင်ထိုးထားလိုက်ရပါတယ်။ မစ္စတာ ချင်တူရှု ရှန်ဟဲသို့ ပြန်ရောက်လာတဲ့အခါမှာမှ နောက်ဆုံး ဆုံးဖြတ်ချက်ချလိမ့်မယ်လို့ ပါတီက မာရင်းကို အဖြေပေးထားခဲ့တယ်။

၁၉၂၁ စက်တင်ဘာမှာ ချင်တူရှု ရှန်ဟဲသို့ ပြန်ရောက်လာပြီး ယွီရန်လီ အခန်းနံပါတ် ၂ မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အထွေထွေ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ပါတယ်။ တာဝန်ကို ထမ်းဆောင်လိုက်တာနဲ့ လီတထံမှာ မာရင်းဟာ တရုတ်ရဲဘော်တွေအပေါ် လေးစားမှု မရှိကြောင်း၊ မာန်မာနထောင်လွှားတဲ့ သဘောထားတွေ ရှိနေကြောင်းနဲ့ တချို့ပြဿနာတွေကို ကိုယ်ထင်သလို ဖြေရှင်းနေတဲ့အခြေအနေတွေကို သိရှိလာပါတယ်။ ရှန်ဟဲပြန်ရောက်ခါစ ဖြစ်တဲ့ ချင်တူရှုဟာ မာရင်းနဲ့ လူချင်းမတွေ့ဖြစ်သေးဘဲ မိုင် ထောင်ချီဝေးလံတဲ့ အရပ်က ရောက်လာတဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ တရုတ်ကိုယ်စားလှယ်အပေါ် သဘောမကျမှုတွေ ရှိနေလို့ ခပ်ကင်းကင်းဖြစ်နေတယ်။ နောက်ဆုံးတော့ ကျန်းကိုးထောင်ရဲ့ ဖျောင်းဖျပြောဆိုမှုအောက်မှာ ချင်တူရှုဟာ စိတ်မပါ့တပါနဲ့ မာရင်းနဲ့ တွေ့ဆုံခဲ့တယ်။

ကွန်မြူနစ်အင်တာနေရှင်နယ်ထဲဝင်ရေးနဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်ထံမှ စီးပွားရေးအရ အကူအညီယူရေးပြဿနာအပေါ် သူတို့၂ယောက် ရန်ဖြစ်လိုက်ကြတာ ဖြန်ဖြေလို့ မရနိုင်လောက်အောင်ပါပဲ။ နောက်ဆုံးတော့ ချင်တူရှုဟာ အကျိုးလက်ခါပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ထွက်ခွာသွားပြီး ၂ယောက်သား စိတ်လက်မအီမသာနဲ့ ပွဲသိမ်းလိုက်ရတယ်။ သူတို့၂ယောက်အကြားက ပဋိပက္ခဟာလည်း ကြီးထွားပြီးရင်း ကြီးထွားလာနေလို့ တရုတ်ပြည်မှာ မာရင်းဟာ အလုပ်လုပ်ဖို့တောင် အခက်ကြုံလာရတော့တယ်။ မာရင်းနဲ့ ချင်တူရှုအကြား ပဋိပက္ခတွေ ပြောင်ပြောင်တင်းတင်း ပြင်းထန်လာတဲ့အချိန်မှာ မမျှော်လင့်တဲ့ ဖြစ်ရပ်တခု ပေါ်လာလို့ သူတို့၂ဦးအကြား ဆက်ဆံမှုမှာ ရုတ်တရက် ပြောင်းလဲသွားပါတယ်။

၁၉၂၁ အောက်တိုဘာ ၄ ရက် ၄ နာရီမှာ ချင်တူရှုဟာ ကိုလိုနီဥပဒေနဲ့ ကိုလိုနီပုလိပ်များရဲ့ ဖမ်းဆီးထောင်ချခံရတယ်။ ဒါကြောင့် နယ်ပယ်အသီးသီးက ပြင်းထန်စွာ တုံ့ပြန်ခဲ့ကြတယ်။ အဖွဲ့အသီးသီးကလည်း လွှတ်မြောက်ရေးကို ကြိုးစားဆောင်ရွက်ကြတယ်။ မာရင်းကလည်း သတင်းကြားပြီးနောက် အဆက်အသွယ် အမျိုးမျိုးဖြင့် ချင်တူရှုလွှတ်မြောက်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ နောက်ဆုံး ကွင်းဆက်အသီးသီးကို ထိုးဖောက်လိုက်နိုင်ခဲ့ပြီး နာမည်ကြီး ပြင်သစ်ရှေ့နေနဲ့ တရားရုံးတက် ထုချေခဲ့လို့ ငွေကြေးနဲ့ ရှေ့နေရဲ့တန်ခိုးကြောင့် အောက်တိုဘာ ၂၆ မှာ ချင်တူရှု ပြန်လွှတ်လာပါတယ်။

ချင်တူရှုလွှတ်တဲ့နေ့မှာပဲ ကျန်းထိုက်လေ့ ချင်တူရှုနေအိမ်ကို ရောက်လာပြီး မာရင်းက နွေးထွေးစွာ နှစ်သိမ့်အားပေးကြောင်း တဆင့်ပြောပြပါတယ်။ “တကယ်လို့ အဆင့်သင့်ရင် ကိုယ်တိုင်လာရောက် နှစ်သိမ့်အားပေးလိုကြောင်း” လည်း ပြောပြခဲ့ပါတယ်။ ချင်တူရှုကလည်း “ ၁ ရက် ၂ ရက်လောက်ရှိရင် သူနဲ့ဆွေးနွေးရအောင် ကျွန်တော် ထပ်မံချိန်းပါ့မယ်လို့ ရဲဘော်မာရင်းကို တဆင့်ပြောပြပေးပါ”လို့ မှာကြားလိုက်ပါတယ်။ ဒ့ါအပြင် အထွေထွေအတွင်းရေးမှူးတာဝန်ကိုလည်း စတင်ထမ်းရွက်နေပါတယ်လို့ တင်ပြလိုက်ပါတယ်။ ဒီလိုနဲ့ သူတို့၂ဦးအကြားရှိ ပဋိပက္ခတွေဟာလည်း မြူခိုးများ ပျောက်ကွယ်သလို လွင့်စင်ကွယ်ပျောက်သွားခဲ့တယ်။ ဒီတွေ့ဆုံ မှုတွေက မမျှော်လင့်ဘဲ ချင်တူရှုကို အကြီးအကျယ် တက်ကြွထက်သန်လာစေခဲ့တယ်။ သူ့ကို တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပကတိ တည်ရှိနေတဲ့ အခြေအနေကို သာမက မော်စကိုနဲ့ ဆက်ဆံရေးကိုပါ အေးအေးဆေးဆေး စဉ်းစားသုံးသပ်လာစေနိုင်ခဲ့ပါတယ်။

၁၉၂၁ အောက်တိုဘာ ၂၇ ချင်တူရှု လွှတ်မြောက်ပြီး နောက်တရက်မှာ ပါတီဝင်တွေကိုစုစည်းပြီး ပထမဆုံးအကြိမ် အရေးကြီး အစည်းအဝေးတရပ်ကို ခေါ်ယူကျင်းပတယ်။ အဲဒီအစည်းအဝေးမှာ တရုတ်အလုပ်သမားအစည်းအရုံး၊ အတွင်းရေးမှူးဌာနတာဝန်ခံ ကျန်းကိုးထောင် ပြုလုပ်ထားတဲ့ ချောင်ထိုးထားတဲ့ လုပ်ငန်းစီမံကိန်းနဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းမူကြမ်းကို အတည်ပြုခဲ့ကြတယ်။ ဒီမူကြမ်းကို ကွန်မြူနစ်အင်တာနေရှင်နယ်သို့ စစ်ဆေးအတည်ပြုပေးရန် တင်သွင်းရေးကိုလည်း တချိန်တည်း ဆုံးဖြတ်လိုက်တယ်။

၁၉၂၂ ဇူလိုင်မှာ ကျင်းပခဲ့တဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ဒုတိယကွန်ဂရက်မှာ ကွန်မြူနစ်အင်တာနေရှင်နယ်ဝင်ရေးကို တရားဝင် ဆုံးဖြတ်ခဲ့တယ်။ နောင်မှာ ကွန်မြူနစ်အင်တာနေရှင်နယ် အဖွဲ့ဝင်ဖြစ်လာလို့ အဖွဲ့ဝင်စည်းမျဉ်းများကို ကျင့်သုံးဖော်ဆောင်ခဲ့ရပေမယ့် ချင်တူရှုထင်ထားသလို လွတ်လပ်မှုဆုံးရှုံးမသွားဘဲ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့တယ်။

## ကူမင်တန် ကွန်မြူနစ် ပူးပေါင်းဆောင်ရွက်ရေး စိတ်ကူးစိတ်သန်းကို ဖွဲ့တည်ခဲ့သူ

တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ သိမ်မွေ့တဲ့ဆက်ဆံရေးကို ဖြစ်မြောက်စေခဲ့ပြီးနောက် အခြားတဖက်ကို မာရင်းဟာ မျက်စိပိတ်မထားဘဲ ၁၉၂၁ ဒီဇင်ဘာ ၂၃ မှာ ကျန်းထိုက်လေ့ ကူညီလိုက်ပါဆောင်ရွက်ပေးခြင်းဖြင့် ကွမ်းရှီး ကွေ့လင်သို့သွားရောက်ပြီး ဆွန်ယက်ဆင်ကို လေးစားစွာ သွားရောက်တွေ့ဆုံပါတယ်။ ဆွန်ယက်ဆင်ထံမှာ ၉ ရက်တိုင် နေထိုင်ခဲ့ပြီး ကူမင်တန်ပါတီကို အသေးစိတ် စူးစမ်းလေ့လာပါတယ်။ ဆွန်ယက်ဆင်က မာရင်းကို သူဟာ မာ့က်စ်ဝါဒကို မယုံကြည်ပေမယ့် သူ့ရဲ့အတွေးအခေါ်တွေဟာ မာ့က်စ် အတွေးအခေါ်တွေနဲ့ တညီတညွတ်တည်းကျနေတဲ့ အပိုင်းတွေ များစွာ ရှိနေကြောင်းကို တင်ပြခဲ့တယ်။

မာရင်းဟာ အဲဒီတုန်းက တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ အဲဒီကာလက အရှေ့အိန္ဒိယ ဆိုရှယ်ဒီမိုကရက်မဟာမိတ်အဖွဲ့နဲ့ တူသလို ကူမင်တန်ပါတီရဲ့ အခြေအနေဟာလည်း အဲဒီကာလတုန်းက အရှေ့အိန္ဒိယအစ္စလမ်ဘာသာရေး မဟာမိတ်အဖွဲ့နဲ့ တူတယ် လို့ ခံစားမိသတဲ့။ အဲဒီတုန်းက အရှေ့အိန္ဒိယဆိုရှယ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ဟာ အင်အားကချည့်နဲ့၊ ကြီးလည်းကြီးထွား မလာသေးဘူး။ အစ္စလမ်ဘာသာရေး မဟာမိတ်အဖွဲ့ကတော့ အင်အားကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ လျော့ရဲရဲ ဖြစ်နေတယ်။

ဒါနဲ့ သူဟာ ‘ဂျာဗား’မှာ အလုပ်လုပ်နေစဉ်ကာလက အရှေ့အိန္ဒိယ ဆိုရှယ်ဒီမိုကရက်မဟာမိတ်အဖွဲ့ဝင်တွေကို အစ္စလမ်ဘာသာရေးမဟာမိတ်အဖွဲ့ထဲ ဝင်ရောက်ရေး တိုက်တွန်းခဲ့လို့ အရှေ့အိန္ဒိယ ဆိုရှယ်ဒီမိုကရက် မဟာမိတ်အဖွဲ့ တမုဟုတ်ချင်း အင်အားကောင်းလာခဲ့တာကို ပြန်လည် စဉ်းစားမိတယ်။

မာရင်းက တရုတ်ပြည်မှာလည်း ဒီပေါ်လစီအတိုင်း ကျင့်သုံးနိုင်တယ်လို့ ယူဆတယ်။ တရုတ်ပြည် ကွန်မြူနစ် ပါတီဝင်တွေဟာ မိမိပါတီဝင်ဘဝရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားပြီး ကူမင်တန်ပါတီထဲဝင်ကာ ကူမင်တန်ပါတီရဲ့ ခေါင်းဆောင်အဆင့်မှာ ပါဝင်ကြရမယ်။ ဒီလိုနည်းနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ တမုဟုတ်ချင်း အင်အားကောင်းလာနိုင်တယ်။ မာလင်ရဲ့ ဒီသေနင်္ဂဗျူဟာ သဘောဆောင်တဲ့ ထင်မြင်ယူဆချက်ဟာ အလွန်အရေးကြီးပါတယ်။ သူက စူးစမ်းလေ့လာပြီးနောက် တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ဆွန်ယက်ဆင်နဲ့ ပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတဲ့ အယူအဆကို ကွန်မြူနစ်အင်တာနေရှင်နယ်အမှုဆောင်ကော်မတီကို တင်ပြအစီရင်ခံလိုက်တယ်။

မာရင်းရဲ့ ကွန်မြူနစ်ပါတီဝင်တွေ တဦးချင်း ကူမင်တန်ပါတီထဲ ဝင်ရေးအကြံပြုချက်ကို ကွန်မြူနစ်ပါတီဝင်များက ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြပါတယ်။ အထွေထွေအတွင်းရေးမှူး ချင်တူရှုက ကူမင်တန်–ကွန်မြူနစ်ပူးပေါင်းဆောင်ရွက်ရေးကို လုံးဝသဘော မတူသလို ကွန်မြူ နစ်ပါတီဝင်တွေ တဦးချင်း ကူမင်တန်ပါတီဝင်ရေးကိုလည်း လုံးဝသဘောမတူပါဘူး။

အဲဒီနောက် ၁၉၂၂ ဧပြီ ၂၃ မှာ မာရင်းဟာ ဂျပန်သင်္ဘောစီးပြီး ဟော်လန်ကို ပြန်သွားခဲ့တယ်။ အဲဒီကတဆင့် ဘာလင်ကို ဖြတ်ကာ မော်စကိုသွားပြီး ကွန်မြူနစ်အင်တာနေရှင်နယ် အမှုဆောင်ကော်မတီအား တရုတ်ပြည်မှာ သူဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းအခြေအနေများကို အစီ ရင်ခံပါတယ်။ သူ့ရဲ့ ကူမင်တန်–ကွန်မြူနစ်ပူးပေါင်းဆောင်ရွက်ရေးအဆိုကို ကွန်မြူနစ်အင်တာနေရှင်နယ်ကလည်း လုံးဝ သဘောတူပါတယ်။

ဇူလိုင် ၂၇ မှာ ဆိုဗီယက်ရုရှားအစိုးရက တရုတ်ပြည်သို့ နိုင်ငံခြားသံကိုယ်စားလှယ်အဖြစ် ရွှဲ့ဖေ့ကို စေလွှတ်တဲ့အခါ မာရင်းဟာ အတူလိုက်ပါလာခဲ့တယ်။ သူက နိုင်ငံတကာ ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ အရှေ့တိုင်းဌာနအား တရုတ်ပြည်ကလာပ်စည်းအတွက် ညွှန်ကြားချက်ကို လက်နှိပ်စက်နဲ့ ရိုက်ကာ သူ့ရှပ်အင်္ကျီပေါ်ကို ရိုက်နှိပ်စေပါတယ်။ ရှန်ဟဲကို ရောက်တဲ့အခါ ချင်တူရှုကို ကြည့်ခိုင်းပြီး အဲဒီအင်္ကျီကို ချင်တူးရှု အားပေးလိုက်တယ်။

ညွှန်ကြားချက်ကတော့ “ကွန်မြူနစ်အင်တာနေရှင်နယ် သဘာပတိအဖွဲ့ရဲ့ ဇူလိုင် ၁၈ ဆုံးဖြတ်ချက်အရ တရုတ်ပြည်ကွန်မြူ နစ်ပါတီ ဗဟိုကော်မတီဟာ အကြောင်းကြားစာ ရရချင်း ကွမ်ကျိုးသို့ ချက်ချင်း နေရာပြောင်းရမယ်။ အလုပ်အားလုံးလည်း မာရင်းနဲ့ နီးနီးကပ်ကပ် ဆက်သွယ် ဆောင်ရွက်ရမယ်”တဲ့။ ဒါဟာ မာရင်း ကြိုက်သလို ဖြည့်ရေးဖို့ ခွင့်ပြုလိုက်တဲ့ ဘာမှရေးမထားသေးတဲ့ ချက်လက်မှတ်ဖြစ်သလို မာရင်း အတွက် “ဘုရင်မင်းမြတ်ရဲ့ သံလျက်”လို့လည်း ဆိုနိုင်ပါတယ်။

၁၉၂၂ ဩဂုတ်လမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထူးအစည်းအဝေးကို ဟန်ကျိုး၊ ရှီးဟူမှာ ကျင်းပတယ်။ ကူမင်တန်–ကွန်မြူနစ်ပူးပေါင်းဆောင်ရွက်ရေးပြဿနာကို အထူးတလည် ဆွေးနွေးကြတယ်။ မာရင်းက သူ့အဆိုကို ထပ်တင်ပြပြန်တယ်။ ထပ်မံပြီး ဆန့်ကျင်ခံရပါတယ်။ သူက အင်္ကျီကျယ်သီးကိုဖြုတ် “ဘုရင်မင်းမြတ်ရဲ့ သံလျက်”ကို ပြလိုက်တယ်။ ဆန့်ကျင်သူတွေ ချက်ချင်း ပါးစပ်ပိတ်လောင်းနဲ့ နှုတ်ဆိတ်ကုန်တယ်။ ၂ ရက်တိုင် ဆွေးနွေးပြီး မာရင်းရဲ့ အဆိုပြုချက်ကို ပါတီက လက်ခံလိုက်တယ်။ ကွန်မြူနစ် ပါတီဝင်တွေ တဦးချင်း ကူမင်တန်ပါတီထဲ ဝင်ရေး ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့တယ်။ အဲဒီနောက် လီတာကျောက်၊ မော်စီတုန်းစတဲ့ ကွန်မြူနစ်ပါတီဝင်တသိုက် တဦးချင်းအနေနဲ့ ကူမင်တန်ပါတီထဲဝင်ခဲ့ကြတယ်။ ၁၉၂၃ တရုတ်ပြည်ကွန်မြူနစ်ပါတီ တတိယအကြိမ် ကွန်ဂရက်ပြီးနောက် ပါတီဝင်တွေ အစုလိုက်အပြုံလိုက် ကူမင်တန်ပါတီထဲ ဝင်ကြတော့တယ်။ လတချို့ ကြာပြီးနောက် မော်စကိုသို့ မာရင်း ပြန်သွားတယ်။

၁၉၂၆ နွေရာသီကုန်ဆုံးသွားပြီးနောက် စတာလင်က ကွန်မြူနစ်အင်တာနေရှင်နယ်နဲ့ ဆိုဗီယက်ကွန်မြူနစ်ပါတီ (ဘော်လ်ရှီဗစ်) အတွင်းရှိ ထရော်စကီဂိုဏ်းနဲ့ အတိုက်အခံဂိုဏ်းကို တိုက်ပွဲဆင်ပါတယ်။ မာရင်းဟာ အတွေးအခေါ်အရ ထရော်စကီကို စာနာသူ ဖြစ်တယ်။ နောက်ဆုံးတော့ နောက်တနှစ်မှာ ဟော်လန်ကွန်မြူနစ်ပါတီမှ နုတ်ထွက်လိုက်တယ်။

၁၉၂၉ မှာ မာရင်းဟာ ထရော်စကီးဂိုဏ်းသားတွေကို စုစည်းပြီး “တော်လှန်တဲ့ ဆိုရှယ်လစ်ပါတီ”ကို ဟော်လန်မှာ ထူထောင်တယ်။ အဲဒီနောက် တော်လှန်တဲ့ ဆိုရှယ်လစ်ပါတီ ကိုယ်စားလှယ်အဖြစ် ဟော်လန်ပါလီမန်လွှတ်တော်မှာ ပါဝင်ခဲ့တယ်။ ၁၉၃၈ စတုတ္ထနိုင်ငံတကာ ထရော်စကီဂိုဏ်းကာလမှာ ထရော်စကီဂိုဏ်းမှာ ပါဝင်ရေးကို လုံးဝငြင်းပယ်ခဲ့တယ်။

၁၉၄၀ မှာ ဂျာမန်ဖက်ဆစ်က ဟော်လန်ကို ကျူးကျော်သိမ်းပိုက်တယ်။ သစ္စာစောင့်သိတဲ့ ပြည်ချစ်ဝါဒီတယောက်အနေနဲ့ မာရင်းဟာ ဖက်ဆစ်ဆန့်ကျင်ရေး တရားတဲ့တိုက်ပွဲအတွင်း ခြေစုံပစ် ပါဝင်လိုက်တယ်။ သူဟာ “စပ့်ါတကတ်”ဆိုတဲ့ ဂျာနယ်ကို တည်းဖြတ် ထုတ်ဝေကာ ဟော်လန်ပြည်သူများအား ကျူးကျော်ရေးသမားများကို နိုးကြားဆန့်ကျင်ကြဖို့ အားပေးခဲ့တယ်။ နောက်ပိုင်းမှာ ရှောင်တခင် အရေးအခင်း တခုကြောင့် ဒဏ်ရာရလို့ ဆေးရုံကို ပို့ရာမှာ ဂျာမန်ဖက်ဆစ်များလက်တွင်းသို့ ကျသွားခဲ့ရတယ်။

အကျဉ်းထောင်အတွင်းမှာ သစ္စာစောင့်သိ အညံ့မခံသလို တရားရုံးတော်မှာ တရားခံရုံးဖွဲ့ပြီး စစ်ဆေးတော့လည်း ဂျာမန်ဖက်ဆစ်တွေကို ဒေါသတထောင်းထောင်းနဲ့ ပြစ်တင်ရှုံ့ချပြီး ကွန်မြူနစ်တယောက်ရဲ့ ခိုင်မာတဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ကို ဖော်ပြခဲ့တယ်။ ကံဆိုး မိုးမှောင်ကျနေတဲ့ ကြမ္မာဆိုးက မိမိမလွတ်မြောက်နိုင်တော့ဘူးဆိုတာ မိမိဘာသာ သိရှိနေတဲ့အလျောက် သမီးနဲ့သားမက်ထံသို့ စိတ်ထိခိုက်စရာကောင်းလှတဲ့ ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်တဲ့စာတွေ ရေးထားခဲ့ပါတယ်။ သူ့စာမှာ …

သားတို့ သမီးတို့ …

ဖေဖေဟာ ဖေဖေရဲ့ မျှော်လင့်ချက်အတွက် ဘယ်လိုမှ နောက်မတွန့်ဘဲ ရိုးသားဖြူစင်တဲ့ဆန္ဒဖြင့် မိမိကိုယ်ကိုယ် ပေးလှူသွားမယ်။ ဘယ်သူမဆို မမျှော်လင့်ဘဲ သေမင်းနဲ့ ရင်ဆိုင်ရလိမ့်မယ်၊ ဒါဟာ ရှောင်လွှဲလို့ မရနိုင်ဘူးဆိုတာ သိကြတာချည်းပါပဲ။ ဒါပေမဲ့ ဖေဖေ့ နှလုံးသားကတော့ တည်ငြိမ်နေပါတယ်။ ဖေဖေဟာ နှစ်ပေါင်းများစွာ တလျှောက်လုံး သစ္စာစောင့်သိတဲ့ စစ်သားတယောက်ဖြစ်ခဲ့တယ်။ ဖေဖေ့မိတ်ဆွေတွေနဲ့ တရားသူကြီးတွေကို “ပွင့်လင်းဖြောင့်မတ်မှုအတွက် သေသွားရသူကို အသိအမှတ်မပြုသူ မရှိဘူး”လို့ ဖွင့်ဟတိုင် တည်ပြီးခဲ့ပါပြီ။ ဖေဖေဟာ သေတဲ့အထိ တလျှောက်လုံး စွဲစွဲမြဲမြဲရှိသူ၊ မိမိရဲ့ယုံကြည်ချက်နဲ့ မိမိရဲ့ ရိုးသားစွာသစ္စာစောင့်သိမှုအပေါ် ခိုင်မြဲစွာ သန္နိဋ္ဌာန်ချထားသူပီပီ၊ ကိုယ်အားဉာဏ်အားရှိသမျှ အစွမ်းကုန်စိုက်ထုတ်ကာ မိမိယုံကြည်ချက်အလံတော်ကို မြင့်မြင့်မားမား လွှင့်ထူပြီး နောက်ဆုံး ထွက်သက်အထိ လုံးပန်းတိုက်ခိုက်သွားမယ်ဆိုတာ လူအားလုံး သိမြင်နားလည်သွားပြီမို့ ဖေဖေသိပ်ကို လှိုက်လှိုက်လှဲလှဲဖြစ်မိတယ် … …။

ကိုးကား။ ။ **WORLD VIEW (2011-July 1-15)** ထုတ်ဂျာနယ်။

စိမ်းမြမြဝိုင်း

၁–၈–၂၀၁၁။



# အသက် ၉၀ ပြည့်သွားပြီဖြစ်တဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီ

မသန်းအေး

၁၉၂၁ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ဒီနှစ် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှာ အနှစ် ၉၀ ပြည့်မြောက်ခဲ့ပါပြီ။ တရုတ်ပြည်တဝန်းလုံး တရုတ်ပြည် ကွန်မြူနစ်ပါတီ ဒီအနှစ် ၉၀ ပြည့် အခမ်းအနားတွေကို ကျင်းပခဲ့ကြပါတယ်။ တရုတ် တော်လှန်ရေးကြီးကို ဦးဆောင်ခဲ့တဲ့ မော်စီတုန်းကစလို့ ခေတ်အဆက်ဆက် တော်လှန်ရေးတိုက်ပွဲများအတွင်းနဲ့ တိုင်းပြည်တည် ဆောက်ရေးလုပ်ငန်းပေါင်းစုံအတွင်း အသက်ပေးလှူ စွန့်လွှတ်သွားခဲ့ကြတဲ့ တရုတ်ကွန်မြူနစ်ပါတီဝင် သူရဲကောင်း အပေါင်းရဲ့ အတ္ထုပ္ပတ္တိတွေ၊ လုပ်ဆောင်ချက်တွေ၊ စွန့်လွှတ်မှုတွေကို သတင်းမီဒီယာမျိုးစုံကနေ ထုတ်လွှင့်ပြသ၊ ပုံနှိပ်ထုတ်ဝေတာတွေ လုပ်နေကြပါတယ်။ ကနေ့ ရေကြည်သောက်နေရသူများက ရေတွင်းတူးပေးသွားခဲ့သူများရဲ့ ကျေးဇူးတရားကို ဖော်ပြ ပြောဆိုကြပြီး အောက်မေ့တသ လွမ်းဆွတ်နေကြပါတယ်။

တချိန်တည်းမှာလည်း အာဇာနည်အထောင်အသောင်းတို့ရဲ့ သွေးချွေးအသက်တွေနဲ့ လဲလှယ်ယူလာခဲ့တဲ့ အောင်ပွဲအသီးအနှံတွေကို ဘာပဲစွန့်လွှတ်ရ စွန့်လွှတ်ရ ကာကွယ်စောင့်ရှောက်ပြီး အဲဒီအာဇာနည်တွေ မျှော်မှန်းခဲ့တဲ့ အိပ်မက်တွေ အကောင်အထည် ပေါ်လာရေးကို ဆောင်ရွက်သွားကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကိုလည်း မျိုးဆက်သစ် တရုတ်ကွန်မြူနစ်ပါတီဝင်တွေက ချမှတ်နေကြပါတယ်။

ကမ္ဘာပေါ်မှာ ပထမဆုံးသော ဆိုရှယ်လစ်နိုင်ငံ ကြီးဖြစ်တဲ့ ဆိုဗီယက်ယူနီယံကြီးနဲ့တကွ အရှေ့ဥရောပ ကွန်မြူနစ် နိုင်ငံများ ၁၉၉၀ ခုနှစ်များအတွင်းက တဖုန်းဖုန်း ပြိုလဲသွားပြီးနောက် ကွန်မြူနစ်ဝါဒကြီး နိဂုံးတံသွားပြီလို့ လူတချို့က ယူဆခဲ့ကြပါတယ်။ ဆိုဗီယက်ပြီးနောက် ဆိုရှယ်လစ်နိုင်ငံတွေထဲမှာ အင်အားကြီးနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက ကွန်မြူနစ်ပါတီလည်း မကြာခင်ပြိုလဲမှာပဲလို့ ယူဆခဲ့ကြပါတယ်။ ဒါနဲ့ပြောင်းပြန်ပဲ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ မပြိုလဲရုံမက ပြုပြင်ပြောင်းလဲရေးများလုပ်ပြီး ကမ္ဘာမှာ အသစ်အဆန်းဖြစ်တဲ့ ‘ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးစနစ်’ ကို ကျင့်သုံးကာ “တရုတ်ရဲ့ ထူးခြားချက်လက္ခဏာတွေနဲ့ ကိုက်ညီတဲ့ တရုတ်ဆိုရှယ်လစ်စနစ်” ဆိုတာကို ဖော်ဆောင်ပြီး ကမ္ဘာမှာ ဒုတိယ အင်အားကြီးနိုင်ငံဖြစ်အောင် တရုတ်ပြည်ကို ဆွဲတင်ခဲ့ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ဘာကြောင့် ဒီလိုအောင်မြင်မှုတွေ ရနေရတာလဲ။ ဒီပါတီဟာ သူ့ရဲ့ပါတီဝင်တွေကို အဆက်မပြတ် သဘောတရားရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ ဘက်ပေါင်းစုံက အရည်အချင်းပြည့်မီတဲ့ အုပ်ချုပ်ရေးအရာရှိတွေ၊ ပြည်သူလူထုအကျိုးကို အမြဲမပြတ်ဆောင်ရွက်နေတဲ့ နိုင်ငံ့ဝန်ထမ်းကောင်း၊ ပြည်သူအတွက်ဆို အသက်ကိုပါ စွန့်လွှတ်နိုင်တဲ့ ကွန်မြူနစ်ကောင်းတွေ ဖြစ်အောင် မွေးမြူပေးနေနိုင်တာဟာလည်း ဒီအောင်မြင်မှုတွေရရှိနိုင်အောင် အာမခံချက်ပေးနေတဲ့ အကြောင်းတရပ် ဖြစ်ပါတယ်။

ကောင်းပါပြီ။ ဒါဖြင့် ဘယ်လိုနည်းများနဲ့များ မွေးမြူပေးနေကြသလဲ။ ကြည့်ရအောင်ပါ။

တရုတ်ပြည် မြို့တော်ပီကင်းမှာ အလွန်လျှို့ဝှက် နက်နဲတဲ့ ကျောင်းတကျောင်းရှိပါတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီရဲ့ ပါတီကျောင်းပါ။ အတိုအနေနဲ့ “ဗဟိုပါတီကျောင်း” လို့ ခေါ်ပါတယ်။ အဲဒီကျောင်းရဲ့ ဝင်းတံခါးတွေကို လက်နက်ကိုင်ရဲများက ၂၄ နာရီ တင်းတင်းကျပ်ကျပ် စောင့်ကြပ်ထားပါတယ်။ ဒီကျောင်းရဲ့ ကျောင်းအုပ်ကြီးများဟာ နိုင်ငံတော်ရဲ့ သမ္မတကြီးများသော်လည်းကောင်း၊ ဒုသမ္မတများသော်လည်းကောင်း ဖြစ်နေတတ်ပါတယ်။ မော်စီတုန်း၊ လျူရှောက်ချီမှသည် ဟူကျင့်ထောင်အထိဟာ အဲဒီ ကျောင်းမှာ ကျောင်းအုပ်

ကြီးများ လုပ်ခဲ့ကြဖူးပါတယ်။ ယခုအခါ ဒီကျောင်းရဲ့ ကျောင်း အုပ်မှာ ဒုသမ္မတ ရှိကျင့်ဖင် (၂၀၁၂ မှာ ဟူကျင့်ထောင်ရဲ့ အရိုက် အရာကို ဆက်ခံမည့်သူအဖြစ် သတင်းပြေးနေသူ) ဖြစ်ပါတယ်။

တရုတ်ပြည်ရဲ့ စီးပွားရေးနဲ့ လူမှုရေးအနာအဆာများကို ကုသပေးနိုင်တဲ့ နည်းလမ်းပေါင်းစုံကို ဆွေးနွေးကြ၊ ငြင်းခုံကြ၊ အပြန်အလှန်ညှိနှိုင်းကြပြီး အနာဂတ် ချမှတ်မယ့် ပေါ်လစီများကို ရေးဆွဲကြတဲ့ နေရာလည်း ဖြစ်ပါတယ်။

ဒီကျောင်းဟာ တခြားတက္ကသိုလ်တွေ၊ ကျောင်းတွေနဲ့ မတူဘဲ၊ အလွန် ငြိမ်းချမ်းအေးဆေးလှပါတယ်။ ကျောင်းဝင်းအတွင်း အစိုးရဝန်ထမ်းကြီးများရဲ့ ကားများဖြစ်တဲ့ အနက်ရောင် အော်ဒီဆလွန်းကားများ တန်းစီရပ်ထားတာကို တွေ့နိုင်ပါတယ်။ အဲဒီကျောင်းမှာ တက်ရောက်နေတဲ့ ကျောင်းသားများကိုလည်း ကြည့်ပါဦး။ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေ၊ အစိုးရဝန်ကြီးတွေ၊ အစိုးရအရာရှိကြီး၊ လတ်၊ ငယ်တွေ၊ သူတို့ရဲ့ ညှိပါမောက္ခတွေ၊ တခါတရံတိုင်းပြည်ရဲ့ ထိပ်တန်းခေါင်းဆောင်တွေစတဲ့ အကျော်အမော်တွေကို တွေ့နိုင်ပါတယ်။

အဲဒီပါတီကျောင်းမှာ ပြောကြားတဲ့ ထိပ်တန်းခေါင်းဆောင်များရဲ့ မိန့်ခွန်းနဲ့ ကျောင်းကထုတ်ဝေတဲ့စာစောင်များမှာ ပါတဲ့ သူတို့ရဲ့ ဆောင်းပါးတွေမှာဆိုရင် မကြာခင်ချမှတ်တော့မယ့် ဗဟိုအစိုးရရဲ့ သေနင်္ဂဗျူဟာ အသစ်တွေ၊ ပေါ်လစီအသစ်တွေရဲ့ အစအနတွေ၊ အညွှန်းတွေ ပါလာတတ်ပါတယ်။

မကြာခင်ကမှ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တရပ်ကို ဥပမာ ပေးပါရစေ။ အခုတလော ပေါ်ပေါက်နေတဲ့ ညီမျှမှုမရှိတဲ့၊ ရေရှည်မခံနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပြည်သူလူထုရဲ့ စိုးရိမ်မှုပေါ် မူတည်ပြီး ပြည်သူလူထုရဲ့ အခြေခံအကျိုးစီးပွားတွေကို တဖက်က ဖြည့်ဆည်းပေး – တဖက်ကလည်း ပေါ်ပေါက်နေတဲ့ လူမှုရေးပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းရေးအတွက် နည်းနာတွေ ရှာနေပါတယ်။ အဲဒီထဲက 'တီထွင်ဖန်တီးမှုရှိတဲ့ လူမှုရေးဆိုင်ရာ အုပ်ချုပ်ရေး အတတ်ပညာ' ဆိုတဲ့ အယူအဆတရပ် ပေါ်ပေါက်လာပါတယ်။ ဘယ်လိုပေါ်ပေါက်လာသလဲ။ ဖြစ်စဉ်ကို ကြည့်ရအောင်ပါ။

ဒီနှစ် ဖေဖော်ဝါရီလမှာ ကျင်းပခဲ့တဲ့ ပြည်နယ်အဆင့်၊ ဝန်ကြီးအဆင့် အရာရှိများရဲ့ သင်တန်းဖွင့်ပွဲမှာ သမ္မတဟူကျင်းထောင်က မိန့်ခွန်းတရပ် ပြောခဲ့ပါတယ်။ သမမျှတမှုရှိပြီး တက်ကြွရှင်လန်းမှုနဲ့ ပြည့်နေတဲ့ တည်ငြိမ်တဲ့ လူ့အဖွဲ့အစည်းတရပ် ပေါ်ပေါက်ရေး အာမခံချက်ရှိတဲ့ လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အတတ်ပညာသစ်၊ နည်းနာသစ်တွေ ရှာဖို့ "ဟူ"က ကျောင်းသင်တန်းသားများကို တိုက်တွန်းခဲ့ပါတယ်။ "ဟူ"ကပဲ တိုင်းပြည်မှာ အံ့မခန်းဖွယ် လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိနေလင့်ကစား အချိန်မရွေး လူမှုရေးမတည်ငြိမ်မှုတွေ၊ ပဋိပက္ခတွေ ပေါ်ပေါက်နိုင်ပါတယ်လို့လည်း သတိပေးထားတယ်။ လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အဆောက်အအုံတွေ လိုအပ်ကြောင်းလည်း "ဟူ"က ထောက်ပြပြီး ဒါတွေကို ကော်မတီများရဲ့ ခေါင်းဆောင်မှု၊ အစိုးရရဲ့ တာဝန်ပိုင်းဆိုင်ရာပါဝင်မှု၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပြည်သူလူထုရဲ့ ထောက်ခံမှုတွေ ရရှိအောင်ပြုလုပ်ဖို့လည်း တိုက်တွန်းပြောဆိုခဲ့ပါတယ်။

မတ်လမှာ ကျင်းပတဲ့ လွှတ်တော် ၂ ရပ်အစည်းအဝေးမှာတော့ လာမယ့် ၁၂ ကြိမ်မြောက် ၅ နှစ်စီမံကိန်း (၂၀၁၁–၂၀၁၅ ကာလ) အတွင်း တရုတ်ပြည်ရဲ့ ထူးခြားချက်လက္ခဏာများနဲ့ ကိုက်ညီတဲ့ ကောင်းမွန်ပြည့်ဝတဲ့ လူမှုရေးစီမံခန့်ခွဲမှု စနစ်တရပ် ပေါ်ပေါက်ရေးအတွက် တောင်းဆိုမှုတွေကို လေ့လာရပါတယ်။ အဲဒီအချိန်က စ လို့ ပိုအသေးစိတ်ကျတဲ့ စီမံကိန်းတွေကို ရေးဆွဲလာပါတယ်။ (ဥပမာ အားဖြင့် အခုကောက်ယူနေတဲ့ လူဦးရေစစ်တမ်းဆိုပါစို့) ဒါကိုကြည့်ရင် ဒီပါတီကျောင်းဟာ တရုတ်ပြည်ရဲ့ ပေါ်လစီများ ချမှတ်ရာ ထိန်းချုပ်ပဲ့ကိုင်နေတာဟာ အစဉ်အလာဖြစ်ကြောင်း သိသာပါတယ်။

"ဒီဗဟိုပါတီကျောင်း"ကို ၁၉၃၃ ခုနှစ်က ကျန်းရှီးပြည်နယ်မှာ စတင်ထူထောင်ခဲ့တာပါ။ အဲဒီတုန်းက တရုတ်တော်လှန်ရေးကို မော်စီတုန်းနဲ့ ချူတေးတို့ခေါင်းဆောင်ပြီး ကျင်ကန်းစန်းဆိုတဲ့ အလွန်ခေါင်တဲ့ တောတောင်ဒေသတွေမှာ ပြောက်ကျားစစ်ပုံစံနဲ့ ဖော်ဆောင်နေကြတာပါ။ အခြေခံစခန်းလေးတခု တည်ဆောက်နိုင်တာနဲ့ "ပါတီကျောင်း"ဆိုတာ ဖွင့်ပြီး သင်တန်းသားတွေကို အလှည့်ကျ တက်ရောက်ခိုင်းကာ မော်စီတုန်းက သူ့အတွေးအခေါ်တွေ၊ စဉ်းစားချက်တွေကို ဟောပြောပြီး သင်တန်းသားများကိုလည်း ပွင့်ပွင့်လင်းလင်း ပြန်လှန်ဆွေးနွေးခိုင်း၊ မေးမြန်းခိုင်းတာတွေ လုပ်ပြီး သဘောတရားသစ်တွေ ပေါ်ထွက်လာစေခဲ့တာပါ။ ဒီလိုနည်းနဲ့ "မော်အတွေးအခေါ်များ"ဆိုတာ ပေါ်ထွက်လာပြီး တရုတ်ပြည်တော်လှန်ရေးရဲ့ လမ်းညွှန်သဘောတရားတွေ ဖြစ်လာခဲ့ပါတယ်။ တော်လှန်ရေး အောင်မြင်ပြီးတော့လည်း တိုင်းပြည်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ သဘောတရားတွေ၊ သေနင်္ဂဗျူဟာတွေ၊ နည်းပရိယာယ်တွေကို ဒီလိုပဲ ပါတီဝင်တွေအကြား ဆွေးနွေးပြောဆို ငြင်းခုံပြီး အရယူနိုင်ခဲ့ကြပါတယ်။ အင်မတန် အောင်မြင်တဲ့ လုပ်ဟန်ကောင်းတခုပါ။

ဒီပါတီကျောင်းက ဌာနအသီးသီးက ခေါင်းဆောင်များ (ဥပမာ– ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ) ကို အလှည့်ကျ ၂ လသင်တန်း ဖွင့်ပေးပါတယ်။ အဲဒီမှာ နိုင်ငံရေးသိပ္ပံ၊ ပြည်သူ့အုပ်ချုပ်ရေးပညာ၊ စီးပွားရေး၊ သမိုင်းစတာတွေကို ဉာဏ်သစ်လောင်း သင်တန်းတွေအဖြစ် ပို့ချပေးပါတယ်။ ရာထူးတိုးမြှင့်ပေးခြင်းခံရတော့မယ့် အလယ်အလတ် အရာရှိများကိုတော့ ၆ လသင်တန်း သို့မဟုတ် ၁ နှစ်သင်တန်းတွေ တက်ရပါတယ်။

တရုတ်ပြည်သမိုင်းရဲ့ အချိုးအကွေ့ အလှည့်အပြောင်း ကာလမှာ ဒီပါတီကျောင်းဟာ အလွန်အရေးကြီးတဲ့ အခန်းက ပါဝင်ခဲ့ပြီး တိုင်းပြည်ရဲ့ ရှေ့ခရီးအနာဂတ်ကို လမ်းကြောင်းပေးနိုင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကျောင်းက သင်တန်းသားတွေဟာ ပေါ်လစီရေးဆွဲသူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများဖြစ်နေလို့ပါပဲ။

ဥပမာတခု ပြောပါရစေ။

ယဉ်ကျေးမှုတော်လှန်ရေး (၁၉၆၆–၁၉၇၆) အပြီးမှာ အဲဒီပါတီကျောင်းရဲ့ ရေပန်းအစားဆုံး အပြင်းထန်ဆုံးဆွေးနွေးတဲ့ အကြောင်းအရာဟာ "အမှန်တရားကို စမ်းသပ်ခြင်း"ဆိုတဲ့ အကြောင်းအရာပါပဲ။ အဲဒါကို ကျောင်းအုပ်ကြီး ဟူရောင်ပန်း (ထိုစဉ်က တရုတ်ပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး) ဦးဆောင်ပြီး သင်တန်းသားတွေ ဆွေးနွေးကြတာပါ။ အဲဒီကာလက ဥက္ကဋ္ဌမော် ပြောသမျှ အမှန်ချည်းပဲ၊ မှုတွေချည်းပဲ။ အားလုံးကို လိုက်နာရမယ်ဆိုတဲ့ အတွေးအခေါ် လွှမ်းမိုးနေတာပါ။ ဒီစကား မှန် မမှန် ငြင်းခုံကြတာပါ။ အလွန် ပြင်းထန် သည်းသန်တဲ့ ငြင်းခုံဆွေးနွေးပွဲများကနေ "လက်တွေ့ကသာလျှင် အမှန်တရားကို စမ်းသပ်နိုင်တဲ့ ဆုံးဖြတ်ချက် ဖြစ်တယ်"ဆိုတဲ့ ရရှိချက်ကို ရလိုက်ပါတယ်။ ဒါကိုလည်း တပြည်လုံးမှ ပါတီဝင်များက အပြင်းအထန် ငြင်းခုံဆွေးနွေးကြပါတယ်။ ဒီ ပြောဆို ဆွေးနွေးချက်များကနေ တပြည်လုံး ပြည်သူတွေဟာ

အတွေးအခေါ်တွေ လွတ်မြောက်သွားကြပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေကနေ လွတ်မြောက်ကာ ဒီနောက်ပေါ်ပေါက်လာတဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ၊ တံခါးဖွင့်ပေါ်လစီတွေအတွက် ခိုင်မာတဲ့ သဘောတရား အခြေခံတွေကို ရရှိခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲတွေကနေ ရရှိခဲ့တဲ့ ဥက္ကဋ္ဌမော်အပေါ် အကဲဖြတ်ချက်ဖြစ်တဲ့ "ဥက္ကဋ္ဌမော်ဟာ သူရဲ့ လုပ်ဆောင်ချက်တွေ အားလုံးမှာ ၇၀ ရာခိုင်နှုန်း မှန်ပြီး၊ ၃၀ ရာခိုင်နှုန်းမှားတယ်"ဆိုတဲ့ အယူအဆဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီဝင်များအကြား (အထူးသဖြင့် ဥက္ကဋ္ဌမော်ကို နည်းနည်းလေးမှ အထိမခံနိုင်တဲ့ သမရိုးကျသမားများနဲ့ ပါတီကို ပြုပြင်ပြောင်းလဲဖို့ လိုလားတဲ့ မျိုးဆက်သစ်များအကြား) စည်းလုံးညီညွတ်မှုကို ဖန်တီးပေးနိုင်ပြီး ပါတီတွင်း ညီညွတ်ရေးကို တဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

ဒီဥပမာကို ကြည့်ခြင်းအားဖြင့် ဒီ ဗဟိုပါတီကျောင်းမှာရှိတဲ့ သင်တန်းသားတွေ၊ သုတေသနပညာရှင်တွေဟာ တိုင်းပြည်နဲ့ ပါတီအနာဂတ်အတွက် ဘာအကြောင်းအရာမဆို ပွင့်ပွင့်လင်းလင်း ပြောနိုင်ဆိုနိုင် ငြင်းခုံနိုင်တဲ့နေရာဖြစ်ပြီး အဲဒီကနေ ပေါ်ပေါက်နေတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မယ့်နည်းနာတွေကို ရှာဖွေတွေ့ရှိတဲ့နေရာလည်း ဖြစ်နေတာကို မြင်နိုင်ပါတယ်။

အခုကာလ ဆွေးနွေးပွဲများကတော့ အခုခေတ်စားနေတဲ့ မြေယာအတင်းအကျပ် သိမ်းပိုက်တဲ့ကိစ္စတွေ၊ ကျေးလက်နဲ့မြို့ မတူကွာဟနေမှုတွေ၊ လာဘ်ယူလာဘ်စားမှုတွေ စတာတွေဖြစ်ပါတယ်။ တခါတရံလည်း အဲဒီပြဿနာတွေအပေါ်မှာ ကျွမ်းကျင်တဲ့ ပြောရဲဆိုရဲရှိတဲ့ ပြင်ပပညာရှင်တွေ ဖိတ်ကြားပြီး ဟောပြောပို့ချမှုတွေလည်း လုပ်ပါတယ်။

အချိန်ကာလတွေ ပြောင်းလာသလို လူတွေရဲ့ အတွေးအခေါ်တွေ ပြောင်းလာနေတယ်ဆိုတာကို ပါတီကိုကိုယ်စားပြုပြီး အုပ်ချုပ်လုပ်ကိုင်နေကြတဲ့ အရာရှိ၊ အရာခံတွေ သိရှိဖို့၊ ပါတီကျောင်းက အများကြီး ကြိုးစားပညာပေးပါတယ်။ အရင်တုန်းက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဆိုတဲ့အယူအဆကို တူးတူးခါးခါး ငြင်းဆိုနေတဲ့ အစိုးရအရာရှိတွေဟာ အခုအခါ လူမှုရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအောက်မှာ လူမှုရေးတည်ငြိမ်အောင်လုပ်ဖို့ အစိုးရတရပ်အနေနဲ့ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးတွေ လိုအပ်တယ်ဆိုတာ သဘောပေါက်လာကြပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲမှုတွေ လုပ်မှသာ ပါတီရော၊ သူတို့ကိုယ်တိုင်ရော အာဏာ မြဲနေမယ်ဆိုတာ နားလည်လာကြပါပြီ။

အဲဒီ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်လို့ ဆွေးနွေးငြင်းခုံဖို့ ဒီဗဟိုပါတီကျောင်းဟာ အသင့်တော်ဆုံးနေရာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်ရဲ့ အဆင့်မြင့်အရာရှိကြီးများ ရာနဲ့ချီပြီး လအချို့ စုစည်းထားတဲ့ နေရာဖြစ်နေလို့ပါပဲ။

ဒါ့အပြင် ၁၉၉၀ ခုနှစ်များ အလယ်ကစပြီး ဒီဗဟို ပါတီကျောင်းမှာ တခြားဧည့်ပါမောက္ခများလည်း ရောက်လာပါသေးတယ်။ ဒါတွေကတော့ နိုင်ငံခြားတိုင်းပြည်က အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေပါပဲ။ ဒီလိုနည်းနဲ့ တရုတ်အရာရှိများကို တခြားယဉ်ကျေးမှုများအကြောင်း၊ တခြားတန်ဖိုးများအကြောင်း၊ တခြားနိုင်ငံရေးစနစ်များအကြောင်း နားလည်စေပါတယ်။

အဲသလိုနည်းနဲ့ တရုတ်ကွန်မြူနစ် ပါတီဝင်တွေကို ခေတ်နဲ့တပြေးတည်းဖြစ်အောင် (မိမိတို့ရဲ့ အတိတ်အောင်မြင်မှုအပေါ်မှာသာ ယစ်မူးမနေကြဘဲ) အဆက်မပြတ် မြှင့်တင်ပေးနေတာကြောင့် တရုတ်ကွန်မြူနစ်ပါတီဟာ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ဆက်လက်ရရှိနေတာဖြစ်ပါတယ်။ အခုတင်ပြခဲ့တာဟာ "ဗဟိုပါတီကျောင်း" အကြောင်းသာဖြစ်ပြီး ပြည်နယ်အသီးသီးမှာလည်း "ပြည်နယ်အဆင့် ပါတီကျောင်း"များ ရှိပြီး၊ အဲဒီကျောင်းတွေမှာလည်း ခရိုင်အဆင့်၊ မြို့နယ်အဆင့် (ဒေသအရာရှိတွေ) အရာရှိတွေကို ဒီပုံစံအတိုင်း အဆက်မပြတ်ပညာပေး မြှင့်တင်နေတာ ဖြစ်ပါတယ်။

ဒီလောက်ဆိုရင်တော့ တရုတ်ပြည် ကွန်မြူနစ်ပါတီဟာ ဘာကြောင့် ပြိုလဲမသွားဘဲ ပိုမိုကြီးမားတဲ့ အောင်ပွဲတွေကို ရရှိနေသလဲဆိုတာ အကြမ်းဖျင်းအားဖြင့် သဘောပေါက်လောက်ပါပြီ။

တရုတ်ပြည်ကွန်မြနစ်ပါတီ အစွန့်ရှည်ပါစေ။
ဆက်လက်ပြီးလည်း အောင်ပွဲများ ရရှိပါစေ။

မသန်းအေး

၁၇–၆–၂၀၁၁





# “အတွေးအခေါ်အယူအဆကို ဘေးချိတ်ထား”တဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီချင်းဆက်ဆံရေး

(အမေရိကန် သတင်းမီဒီယာများတွင် ဖော်ပြထားတဲ့ သတင်း)

ဘိုကေသောင်း

တရုတ်ပြည်ကွန်မြူနစ်ပါတီ အဆင့်မြင့်ခေါင်းဆောင်ပိုင်းက ပါတီတည်ထောင်တဲ့ နှစ် ၉၀ မြောက် အကြိုကာလမှာ “တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံခြားဆက်ဆံမှုအတွင်းမှာ အတွေးအခေါ်အယူအဆကို စည်းကြောင်းအဖြစ် မထားတော့ဘဲ ဥပဒေပ နိုင်ငံရေးပါတီများရော အစွန်းရောက်နိုင်ငံရေးပါတီများနဲ့ပါ ဆက်ဆံမှုမလုပ်သလို၊ တရားဝင် နိုင်ငံရေးအာဏာကို လက်နက်ကိုင်တော်လှန်နေတာကိုလည်း မထောက်ခံပါဘူး”လို့ ထောက်ပြကြပါတယ်။ ခွဲခြမ်းစိတ်ဖြာသူ ပုဂ္ဂိုလ်တွေကတော့ တော်လှန်ရေးတင်ပို့မှု ရပ်တန့်လိုက်ခြင်းဟာ မော်စီတုန်းလွန် ခေတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ အရေးကြီးတဲ့ ပြောင်းလဲမှုတရပ်လို့ ယူဆကြတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ကမ္ဘာ့တော်လှန်ရေးကို အချိန်ကြာမြင့်စွာ ထောက်ခံအားပေးခဲ့ဖူးသလို အဖိနှိပ်ခံပြည်သူတွေရဲ့ လက်နက်ကိုင်တိုက်ပွဲတွေကိုလည်း ထောက်ခံအားပေးခဲ့တယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ “နေရာတိုင်းမှာ မိုးတိမ်တွေ ကဆုန်စိုင်း၊ မြစ်ချောင်း အင်းအိုင်တွေ ဗလောင်ဆူ ပြောင်းဆန်နေပြီ၊ တိုက်ကြီး ၅ တိုက်စလုံးမှာ မိုးကြိုးမုန်တိုင်းတွေ ထစ်ချုန်းရိုက်ဟည်း သိမ့်သိမ့်တုန်ခါနေတဲ့” ခေတ်ကာလလို့ ကြွေးကြော်ခဲ့သူပါ။ အဲဒီတုန်းက မော်စီတုန်းက “ကျွန်တော်တို့ မိတ်ဆွေတွေ နေရာအနှံ့မှာ ရှိနေတယ်”လို့ ပြောခဲ့ပေမယ့် တကယ့်လက်တွေ့ကျတော့ နိုင်ငံခြားဆက်ဆံရေးအတွင်း ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတွေလောက်နဲ့သာ ထိတွေ့ ဆက်ဆံခဲ့တာပါ။

တံခါးဖွင့် ပြုပြင်ပြောင်းလဲရေး လုပ်လိုက်ပြီးတဲ့နောက်တော့ အခြေအနေတွေဟာ ပြောင်းလဲသွားခဲ့ပါပြီ။ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားဆက်ဆံရေးဌာန အရာရှိက ယခုအခါ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံ ၁၆၀ ကျော်က နိုင်ငံရေးပါတီနဲ့ အဖွဲ့အစည်း ၆၀၀ ကျော်နဲ့ ထိတွေ့ ဆက်ဆံမှုတွေ ရှိနေပါတယ်လို့ ဆိုပါတယ်။ တရုတ်ပြည်ကွန်မြူ နစ်ပါတီ၊ နိုင်ငံခြားဆက်ဆံရေးဌာန ဒုတိယဝန်ကြီး အိုက်ဖျင်က ကျွန်တော်တို့ဟာ “လွတ်လပ်–အမှီခိုကင်းရေး၊ လုံးဝတန်းတူရေး၊ အပြန်အလှန်လေးစားရေး၊ သူတပါး အတွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး”ဆိုတဲ့ ပါတီချင်း ဆက်ဆံရေးမူ ၄ ချက်ကို ချမှတ်ထားပြီး အတွေးအခေါ် အယူအဆ မတူတာတွေကို ကျော်နင်းကာ အပြန်အလှန်နားလည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကိုသာ ရှာဖွေခဲ့ပါတယ်။ ကျွန်တော်တို့ဟာ တံခါးဖွင့်ထားတဲ့အနေအထားနဲ့ ကမ္ဘာ့ နိုင်ငံအသီးသီးက နိုင်ငံရေးပါတီများနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆံနေပါတယ်”လို့ ရှင်းပြပါတယ်။

ပြောင်းလဲမှုကို ၁၉၇၈ တိန့်ရှောင်ဖင် စက်ာပူ တရားဝင်အလည်အပတ် ခရီးစဉ်က စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက တရုတ်ပြည် နိုင်ငံခြားဆက်ဆံရေး လမ်းညွှန်တွေကို ဆွေးနွေးကြရာမှာ စင်္ကာပူခေါင်းဆောင် လီကွမ်ယူးက တိန့်ကို “တရုတ်ပြည်ဟာ တော်လှန်ရေး တင်ပို့မှုကို ရပ်တန့်ပစ်ရမယ်”လို့ ပြောလိုက်ပါတယ်။ တိန့်ရှောင်ဖင်ဟာ ခဏတာ မှင်တက်မိသွားပြီးနောက် “ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုလုပ်ဖို့ တောင်းဆိုလိုက်တာလဲ”လို့ ရုတ်တရက်မေးလိုက်ပါတယ်။ “မလေးယားကွန်မြူနစ်ပါတီနဲ့ အင်ဒိုနီးရှား ကွန်မြူနစ်ပါတီတွေရဲ့ ဟွာနန်အသံလွှင့်ရုံတွေကို ရပ်ပစ်ပါ။ ပြောက်ကျားတပ်တွေကို ထောက်ခံကူညီနေတာတွေကိုလည်း ရပ်ပစ်ပါ” လို့ လီကွမ်းယူက သတ္တိရှိရှိ ပြောချလိုက်ပါတယ်။ တိန့်ရှောင်ဖင်ဟာ လီကွမ်ယူးရဲ့ အကြံပြုချက်ကို လက်ခံခဲ့ပါတယ်။

ဇွန် ၁၀ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံခြား ဆက်ဆံရေးဌာနရဲ့ လွတ်လပ်စွာ ပြောဆိုဆွေးနွေးရေးလှုပ်ရှားမှုကို တက်ရောက်လာတဲ့ နိုင်ငံခြားသတင်းထောက်တွေနဲ့ တွေ့ဆုံရာမှာ အိုက်ဖျင်က တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ တခြားနိုင်ငံတွေက နိုင်ငံရေး ပါတီတွေနဲ့ ဆက်ဆံရေးမှုတွေကို ရှင်းပြခဲ့ပါတယ်။

သူက အိန္ဒိယသတင်းထောက် မေးလာတဲ့ မေးခွန်းကို ဖြေကြားရာမှာ “အခြေအနေတမျိုးအောက်မှာ တရုတ်ပြည်

ကွန်မြူနစ်ပါတီဟာ ဥပဒေပ နိုင်ငံရေးပါတီတွေနဲ့ အစွန်းရောက် နိုင်ငံရေးပါတီတွေနဲ့ ဆက်ဆံရေး မလုပ်ပါဘူး။ ဥပမာအားဖြင့် တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ အိန္ဒိယ ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ) နဲ့ ပါတီချင်း ဆက်ဆံမှု မရှိပါဘူး။ သမိုင်းမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ကမ္ဘာ့ တော်လှန်ရေးကို ထောက်ခံကူညီတဲ့ ပြောဆိုနည်းတွေ ရှိခဲ့ပါတယ်။ အခုတော့ တရားဝင် နိုင်ငံရေးအာဏာတရပ်ကို လက်နက်ကိုင် တွန်းလှန်တဲ့ပုံစံမျိုးကို ကျွန်တော်တို့ ထောက်ခံအားပေးတာ မလုပ်တော့ပါဘူး''လို့ ဆိုပါတယ်။

အခုတော့ အတိတ်က ''ဆိုးသွမ်းလှတဲ့ အမေရိကန် နယ်ချဲ့စနစ်'' ရဲ့ ဒီမိုကရက်တစ်ပါတီနဲ့ ရီပတ်ဘလစ်ကန်ပါတီလို့ ခေါ်ဆိုခဲ့တဲ့ ၂ ပါတီနဲ့တောင် မနှစ်ကစတင်ပြီး အဲဒီပါတီတွေရဲ့ အဆင့်မြင့်ခေါင်းဆောင်များနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ပြည် နိုင်ငံခြားဆက်ဆံရေးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူ ဟွမ်ဟွာကွမ်းက အရင် ဒါမျိုး မရှိခဲ့ဖူးပါဘူးလို့ ဆိုပါတယ်။ အမေရိကန်နဲ့ပတ်သက်လို့ ပြောရရင် တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ အမေရိကန်ကွန်မြူနစ်ပါတီနဲ့ ထိတွေ့ ဆက်ဆံမှုကိုလည်း ထိန်းသိမ်းထားပါတယ်။ ဒါပေမဲ့ မတူတဲ့ ပါတီတွေ ဆွေးနွေးကြတာမို့ ပြဿနာတွေလည်း မတူကြပါဘူးလို့လည်း ရှင်းပြပါတယ်။

သူက''ကျွန်တော်တို့ ရီပတ်ဘလစ်ကန်ပါတီ၊ ဒီမိုကရက်တစ်ပါတီတို့နဲ့ ဆက်ဆံတဲ့အခါ အပြန်အလှန်နားလည်မှုကို ဘယ်လို အားဖြည့်သွားကြမလဲ၊ ၂ နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လို တွန်းဆော်ကြမလဲ ဆိုတဲ့ဘက်တွေကို ဆွေးနွေးကြပါတယ်။ အမေရိကန် ကွန်မြူနစ်ပါတီနဲ့ကျတော့ သဘောတရားရေးပြဿနာအရ စူးစမ်းလေ့လာဆွေးနွေးမှုတွေ ပိုများပါတယ်။ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှု၊ အမေရိကန် နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေ၊ တရုတ်ပြည်ဖွံ့ဖြိုးတိုးတက်မှုအတွင်းက တချို့ ပြဿနာတွေကို ဆွေးနွေးကြတာပေါ့''လို့ ရှင်းပြပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ အမေရိကန် ကွန်မြူနစ်ပါတီနဲ့ လက်နက်ကိုင်တော်လှန်ရေး ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ပြဿနာမျိုးကို မဆွေးနွေးပါဘူးလို့ ဟွမ်ဟွာကွမ်းက ဆိုပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီကိုယ်တိုင်ကလည်း လက်နက်ကိုင်တော်လှန်ရေးကို မှီခိုအားထား ထူထောင်ခဲ့ရတာပါ။ ''သေနတ်ပြောင်းဝက အာဏာထွက်တယ်''ဆိုတာကလည်း တော်လှန်ပုန်ကန်တာ တရားတယ်။ အကြမ်းဖက် တော်လှန်ပုန်ကန်ရမယ်လို့ ပြောတာပါ။ အခု ဘာကြောင့် ရပ်တည်ချက် အကြီးအကျယ် ပြောင်းသွားရတာလဲ။ အခြေအနေက ပြောင်းသွားလို့လား။ ဒါမှမဟုတ် တရုတ်ပြည်ကွန်မြူနစ်ပါတီ ကိုယ်တိုင်က လက္ခဏာ ပြောင်းသွားလို့လား။

တရုတ်ပြည်ကွန်မြူနစ်ပါတီက ''ခေတ်နဲ့ အမီလိုက်ရေး''ကို တလျှောက်လုံး စွဲစွဲမြဲမြဲ ကျင့်သုံးခဲ့တယ်လို့ အိုက်ဖျင်က ဖြေကြားခဲ့တယ်။ သူက ''တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ တစီတတန်းကြီးသော ဆုံးဖြတ်ချက်များ၊ ပေါ်လစီများ အားလုံးဟာ ကမ္ဘာ့ ပကတိအခြေအနေ၊ နိုင်ငံတော်ရဲ့ ပကတိအခြေအနေ၊ ပါတီရဲ့ ပကတိအခြေအနေတွေနဲ့ နီးနီးကပ်ကပ် ဆက်စပ် အကဲဖြတ်ချက်တွေ ဖြစ်ပါတယ်။ ကမ္ဘာ့အခြေအနေ ပြောင်းလဲသွားပါပြီ။ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်၊ လမ်းညွှန်၊ ပေါ်လစီတွေဟာလည်း အထိုက်အလျောက် ပြောင်းလဲမှုတွေ ရှိလာပါတယ်'' လို့ ရှင်းပြပါတယ်။ ဒါတွေဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပြောင်းလဲမှုတွေနဲ့လည်း ဆက်စပ်နေပါတယ်လို့ သူက ဝန်ခံခဲ့ပါတယ်။ သူက တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ တော်လှန်ရေးပါတီတရပ်ကနေ နိုင်ငံရေးအာဏာ ဆုပ်ကိုင်ထားတဲ့ ပါတီဖြစ်လာတဲ့အထိ ခေါင်းဆောင်ခဲ့ရသလို အခုတခါ တံခါးဖွင့် ပြုပြင်ပြောင်းလဲရေးကို ခေါင်းဆောင်နေတဲ့ ပါတီ ဖြစ်လာရပြန်ပါပြီ။ တွက်ဆကြည့်ရင်လည်း လက္ခဏာတမျိုး ပြောင်းလဲသွားခဲ့ပါပြီလို့လည်း ဆိုပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ မျှော်မှန်းချက်၊ သဘောတရားရေးအခြေခံနဲ့ ရည်မှန်းချက်တွေကတော့ ပြောင်းလဲမှုမရှိပါဘူးလို့လည်း အိုက်ဖျင်က တချိန်တည်းမှာ အလေးထား ပြောသွားခဲ့ပါတယ်။

ဘိုကေသောင်း

**ကိုးကား။ ။ တရုတ်ပြည်'ချန်းခေါင်သတင်းစဉ်' ဇွန် ၁၅ မှာ ပြန်လည်ဖော်ပြခဲ့တဲ့ အမေရိကန် အသံလွှင့်ဌာန ဝက်ဆိုဒ်မှာ ဖော်ပြထားတဲ့ သတင်း။**



# စီးပွားရေးအကျပ်အတည်းအောက်က တောင်အာရှနိုင်ငံများရှိ ကွန်မြူနစ်ပါတီများရဲ့ အခြေအနေကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း




ခင်အေးကြည်မြ

တောင်အာရှမှာ မော်လ်ဒိုက်နိုင်ငံမှအပ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့မှာ ကွန်မြူနစ်ပါတီတွေ ရှိနေကြပါတယ်။ ဒီကွန်မြူနစ်ပါတီတွေဟာ အင်အားအရ အကြီးအသေး မတူကြပါဘူး။ ၎င်းတို့အနက် နှိုင်းယှဉ်ချက်အရ အင်အားကြီးတာက အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)၊ အိန္ဒိယကွန်မြူနစ်ပါတီ၊ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်လီနင်ဝါဒ)၊ အိန္ဒိယ ကွန်မြူနစ်ပါတီ (မော်စီတုန်းဝါဒ)၊ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ)၊ နီပေါကွန်မြူနစ်ပါတီ (စည်းလုံး ညီညွတ်သော မာ့က်စ်လီနင်ဝါဒ) စတဲ့ ပါတီတွေဖြစ်တယ်။

ဒီကွန်မြူနစ်ပါတီတွေဟာ သဘောတရားနဲ့ ပေါ်လစီဆိုင်ရာတွေမှာ ကွဲပြားချက်တွေ ရှိနေတဲ့အလျောက် အသက်ရှင်တည်ရှိခွင့်ရအောင် ဆောင်ရွက်မှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်၊ အဆင့်နေရာရရှိရေးအတွက် ကျင့်သုံးတဲ့ အခိုင်အမာလမ်းကြောင်းတွေလည်း မတူကြပါဘူး။ လွှတ်တော်လမ်းကြောင်းနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်အတွင်းက ချီတက်နေတဲ့ ကွန်မြူနစ်ပါတီနဲ့ အကြမ်းဖက်တော်လှန်ရေးနည်းနာ ဖြစ်တဲ့ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ပြင်ပက ကွန်မြူနစ်ပါတီအဖြစ် ၂ မျိုးခွဲနိုင်တယ်။

နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှု ဒီရေနိမ့်ကာလမှာပဲ ရှိနေသေးတဲ့ ဒီနေ့လိုအချိန်ကာလမှာကိုပဲ ဒီကွန်မြူနစ်ပါတီ ၂ မျိုးလုံးဟာ လောလောဆယ်ဆယ် နှစ်များအတွင်း တောင်အာရှဒေသ၊ အထူးသဖြင့် အိန္ဒိယနဲ့နီပေါမှာ အလွန်ဩဇာကြီးပါတယ်။ အိန္ဒိယ ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ဦးဆောင်တဲ့ လက်ဝဲဂိုဏ်းတပ်ပေါင်းစုဟာ အနောက်ဘင်္ဂလားပြည်နယ်မှာ ဒေသအစိုးရအဖြစ် ၂၀၁၀ အထိ ၃၃ နှစ်တိုင် အာဏာဆုပ်ကိုင်ထားနိုင်ခဲ့တယ်။ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) [၂၀၀၉ ဇန်နဝါရီမှာ နီပေါ စည်းလုံး ညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) လို့အမည်ပြောင်းခဲ့] ဟာလည်း ၂၀၀၈ ဩဂုတ်လမှ ၂၀၀၉ မေလအထိ နီပေါမှာ နိုင်ငံရေးအာဏာ ရရှိခဲ့သေးတယ်။ ဒါပေမဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်လာတော့ အရင်းရှင်လူတန်းစားက အလုပ်သမား၊ လယ်သမားများရဲ့ အခွင့်အရေးများကို တိုးချဲ့ ထိုးစစ်ဆင်လာတဲ့အခြေအနေအောက်မှာ ဒီကွန်မြူနစ်ပါတီ ၂ ပါတီလုံးဟာ ဆိုးဝါးပြင်းထန်တဲ့ အခြေအနေတွေကို ရင်ဆိုင်ကြုံတွေ့ရပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆက်ကာလမှာ ရောက်ရှိနေပါတယ်။

## စီးပွားရေးအကျပ်အတည်းအောက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအတွင်းက ကွန်မြူနစ်ပါတီများ ကြုံတွေ့နေရတဲ့ အခြေအနေ

တောင်အာရှဒေသမှာ လွှတ်တော်ရွေးကောက်ပွဲဝင်ခဲ့တဲ့ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)၊ အိန္ဒိယကွန်မြူနစ်ပါတီ၊ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ(မော်ဝါဒီ)နဲ့ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော မာ့က်စ်လီနင်ဝါဒ) ပါတီတို့ဟာ မဲရရှိမှုနှုန်း အလွန်နိမ့်တဲ့အပြင် ပြည်တွင်းနိုင်ငံရေးဘဝအတွင်းမှာ ကြီးကြီးမားမား ဩဇာသက်ရောက်မှုလည်း ဖြစ်မလာပါဘူး။

စီးပွားရေးအကျပ်အတည်းက တောင်အာရှဒေသ နိုင်ငံအသီးသီးကို ပြင်းထန်ဆိုးဝါးတဲ့ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေနဲ့ ကြုံတွေ့စေခဲ့တယ်။ ဒီအခြေအနေအောက်မှာ လွှတ်တော်ရွေးကောက်ပွဲဝင်တဲ့ ကွန်မြူနစ်ပါတီတွေလည်း မသေးလှတဲ့ အခက်အခဲများ ကြုံတွေ့စေခဲ့တယ်။ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) နဲ့ နီပေါစည်းလုံးညီညွတ်သောကွန်မြူနစ်ပါတီ (မော်ဝါဒီ) တို့ဟာ ဒီပြဿနာနဲ့ ပတ်သက်လို့ ကိုယ်စားပြုမှုနဲ့ စံတင်လောက်တဲ့ လက္ခဏာတွေ ရှိခဲ့တယ်။

### (က) အန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ဒေသနိုင်ငံရေးအာဏာ အဆင့်နေရာ ထိန်းသိမ်းရေး အခက်ကြုံတွေ့ရခြင်း

အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) နိုင်ငံရေးအာဏာ ဆုပ်ကိုင်လာပြီးနောက် အကြီးဆုံး ရှုံးနိမ့်မှုနဲ့ ကြုံရခြင်း။ ။အိန္ဒိယ နိုင်ငံရေးလောကမှာ မျှော်လင့်ချက်ထားခဲ့တဲ့ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ရဲ့ ဝါရင့်သက်ကြီးခေါင်းဆောင် အနောက်ဘင်္ဂလားပြည်နယ် ယခင်ထိပ်တန်းဝန်ကြီးဟောင်းတဦးဖြစ်တဲ့ ဘာဆူးဟာ ၂၀၁၀ ဇန်နဝါရီမှာ ကွယ်လွန်သွားခဲ့တယ်။ ဘာဆူး ကွယ်လွန်သွားခြင်းဟာ အိန္ဒိယ ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) အဖို့ ကြံ့ခိုင်တောင့်တင်းနေရာမှ ဆုတ်ယုတ်ပျက်ပြားခြင်းရဲ့ အမှတ်လက္ခဏာလို ဖြစ်လာခဲ့ရတယ်။ ၂၀၀၉ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနဲ့ ၂၀၁၀ ဇူလိုင် အနောက်ဘင်္ဂလားပြည်နယ်၊ ကာလကတ္တားမြို့ လွှတ်တော် ရွေးကောက်ပွဲမှာ ရှုံးနိမ့်မှုဟာ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ၃၃ နှစ်ကြာ နိုင်ငံရေးအာဏာ ဆုပ်ကိုင်လာခဲ့ပြီးနောက် အကြီးမားဆုံး အခက်အခဲနဲ့ ရင်ဆိုင်ခဲ့ရခြင်း ဖြစ်တယ်။

လွှတ်တော်ရွေးကောက်ပွဲများမှာ ရှုံးနိမ့်သွားရတဲ့အကြောင်းရင်းများကို ပြန်လည်သုံးသပ်ရေးအတွက် ၂၀၁၀ ဩဂုတ် (၇–၁၀) မှာ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ရဲ့ ဗဟိုကော်မတီတိုးချဲ့အစည်းအဝေးခေါ်ယူကျင်းပခဲ့တယ်။ ရှုံးနိမ့်ရတဲ့ အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာကြည့်တဲ့အခါ (၁) ရွေးကောက်ပွဲဆိုင်ရာ နည်းပရိယာယ် မှားယွင်းခြင်း (၂) ရေရှည်အာဏာချုပ်ကိုင်လာနိုင်မှုက ပါတီစည်းရုံးရေးနဲ့ တည်ဆောက်ရေးကို အကျိုးမရှိတဲ့ ရိုတ်ခတ်မှုကို ဖြစ်စေခြင်း (ဗျူရိုကရက်ဝါဒ၊ လာဘ်စားအကျင့်ပျက်မှု၊ ရင်းနှီးသူများကို ရာထူးခန့်ထားခြင်း၊ တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့လာခြင်း စသည်) (၃) တပ်ပေါင်းစုပေါ်လစီမှားယွင်းခဲ့ခြင်း (၄) စီးပွားရေး ပေါ်လစီမှားယွင်းမှုနဲ့ (၅) ပါတီတွင်း ခွဲထွက်မှုအကျပ်အတည်းတွေ ဖြစ်ပေါ်လာခြင်းတို့ဟာ ရွေးကောက် ပွဲရှုံးနိမ့်ခြင်းရဲ့ အကြောင်းရင်းတွေ ဖြစ်တယ်လို့ သုံးသပ်ခဲ့ကြတယ်။

### (ခ) နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) နောက်တကြိမ် နိုင်ငံရေးအာဏာဆုပ်ကိုင်နိုင်ဖို့ အလားအလာ မှေးမှိန်သွားခြင်း

၁။ နီပေါ စည်းလုံးညီညွတ်သောကွန်မြူနစ်ပါတီ (မော်ဝါဒီ) ရဲ့ ရွေးကောက်ပွဲအခြေအနေအပေါ် ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း။ ။ ဒီပါတီဟာ လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းကို စွန့်လွှတ်ပြီး လွှတ်တော်နိုင်ငံရေးထဲပါဝင်လာပြီးနောက် နိုင်ငံရေးအာဏာ ရလိုက်ပေမယ့် ပြည်တွင်းက ပဒေသရာဇ်အင်အားစုများကို ရှင်းလင်းမပစ်နိုင်တာကြောင့် ဆိုရှယ်လစ်ဝါဒပြုပြင်ပြောင်းလဲရေးကိုလည်း အထိုက်အလျောက် မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ မိမိရဲ့ လက်နက်ကိုင်အင်အားများကို အကန့်အသတ်ခံလိုက်ရတဲ့အတွက် အာဏာရဲ့ အခြေခံအုတ်မြစ်ကိုလည်း တည်ငြိမ်အောင်ထိန်းမထားနိုင်ခဲ့ဘူး။ ပါတီရဲ့ ဥက္ကဋ္ဌ ပရာချန်ဒါဟာ ဝန်ကြီးချုပ်အဖြစ် ၈ လတာ တာဝန် ထမ်းဆောင်ပြီးနောက် ၂၀၀၉ မေလမှာ တာဝန်က ဆင်းပေးခဲ့ရတယ်။

၂၀၁၀ ဇူလိုင် ၂၁ မှာ ပြုလုပ်တဲ့ နီပေါ လွှတ်တော်အတွင်းဝန်ကြီးချုပ်ရွေးချယ်ပွဲမှာ အဲဒီကာလက အင်အားအကြီးဆုံး နိုင်ငံရေးပါတီဖြစ်တဲ့ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ရဲ့ ဥက္ကဋ္ဌ ပရာချန်ဒါဟာ ရွေးကောက်ပွဲကို ၇ ကြိမ်တိုင် ပါဝင်အရွေးခံကြည့်ပြီးနောက် ဘယ်လိုမှ အောင်နိုင်ဖို့ အလားအလာ မရှိတဲ့အောက်မှာ စက်တင်ဘာ ၁၇ ရက်နေ့မှာ အဲဒီရွေးချယ်ပွဲမှ နှုတ်ထွက်ကြောင်း ကြေညာလိုက်ရတယ်။

အဲဒီကာလက လွှတ်တော်မှာ ဒီပါတီဟာ အင်အားအကြီးဆုံးပါတီဖြစ်နေရတဲ့ အရင်းခံအကြောင်းရင်းမှာ ပြည်သူစစ်ပွဲရဲ့ ရလဒ်နဲ့ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့ အင်အားများ တည်ရှိနေမှုကြောင့်ပါပဲ။ ဒါပေမဲ့ လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်လိုက်တာနဲ့ နောက်တချီရွေးကောက်ပွဲအတွင်း သူဟာ အင်အားအကြီးဆုံးပါတီအဆင့်နေရာကနေ လျော့ကျသွားခဲ့ရတယ်။ လိုရင်းသဘောကို ပြောရရင် နီပေါစည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဟာ ဒီမိုကရေစီသစ် တော်လှန်ရေးကို ဆုံးခန်းတိုင် မဆင်နွှဲနိုင်ခဲ့တဲ့အပြင် ဆိုရှယ်လစ် တော်လှန်ရေးရောက်အောင် မတွန်းဆော်နိုင်ခဲ့ဘူး။ ဒါကြောင့် ပြည်တွင်းပြည်ပ ဖောက်ပြန်တဲ့အင်အားစုများက ပူးပေါင်းချေမှုန်းမှုအောက်မှာ အခက်အခဲများအတွင်း ကျရောက်ခဲ့ရတယ်။

၂။ ကွဲထွက်မှုများနဲ့ တချိန်တည်းမှာ ပြန်လည်ပေါင်းစည်းမှုများဆောင်ရွက်ခြင်း။ ။ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဟာ လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်လိုက်ပြီး လွှတ်တော်စနစ်အတွင်း ဝင်လိုက်တာနဲ့ တဆက်တည်း ပါတီတွင်းမှာ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေ အဆက်မပြတ်ပေါ်ထွက်ခဲ့တယ်။ တိုက်ပွဲရဲ့ အလေးထားချက်မှာ လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ဆုပ်ကိုင်မလား၊ စွန့်လွှတ်မလားဆိုတာပါပဲ။ ဒါကြောင့် ၂၀၀၉ ခုနှစ်မှာ ပြင်းထန်တဲ့ ခွဲထွက်မှုတွေ ဖြစ်ခဲ့တယ်။ အဲဒီနှစ် ဖေဖော်ဝါရီမှာ တရားဝင် ခွဲထွက်မှုတွေ ဖြစ်ခဲ့တယ်။ အဲဒီပါတီရဲ့ ယခင်နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ‘ယာတဖူ’ က ပရာချန်ဒါ ဦးဆောင်တဲ့ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီဟာ “ပြန်ပြင်ရေးဝါဒ”နဲ့ “ပြုပြင်ရေးဝါဒ” ပါတီအဖြစ် ပြောင်းသွားပြီလို့ ပြောဆိုဝေဖန်ခဲ့တယ်။ သူက ပဒေသရာဇ်ဘုရင်ခေတ်ကို ပြည်သူ့စစ်ပွဲဖြင့် တွန်းလှန်တဲ့ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ရဲ့ တော်လှန်ရေးစိတ်ဓာတ်ကို ဆက်လက်လှုံ့ဆော်စည်းရုံးပြီး နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ကို ပြန်လည် ထူထောင်လိုက်တယ်။

ညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) မှာ ခွဲထွက်မှုတွေရှိနေတာနဲ့ တချိန်တည်း နီပေါရှိ တခြား ကွန်မြူနစ်ပါတီများနဲ့ ပူးပေါင်းမှုတွေ ရှိနေပြန်တယ်။ ၂၀၀၉ ဇန်နဝါရီမှာ နီပေါကွန်မြူနစ်ပါဒီ (မော်ဝါဒီ)နဲ့ နီပေါကွန်မြူနစ်ပါတီ (စည်းလုံးညီညွတ်သော ဗဟို–မီးတုတ်) တို့ ပူးပေါင်းခဲ့ကြတယ်။ ဧပြီလမှာ နီပေါကွန်မြူနစ်ပါတီ(တပေါင်းတစည်းတည်း)နဲ့ ပူးပေါင်းပြီး နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ် ပါတီ (မော်ဝါဒီ) အမည်သစ်နဲ့ ထူထောင်လိုက်ပါတယ်။ ပရာချန်ဒါပဲ ဥက္ကဋ္ဌတာဝန်ယူခဲ့ပါတယ်။

၂၀၁၀ ဧပြီ ၂၂ လီနင် အနှစ် ၁၄၀ မွေးနေ့ကာလမှာ ပရာချန်ဒါက နီပေါရှိ ကွန်မြူနစ်ဂိုဏ်းအသီးသီးကို နီပေါရဲ့ တခုတည်းသော ကွန်မြူနစ်ပါတီဌာနချုပ်ဖြစ်လာရေးကို လှုံ့ဆော်ခဲ့ပါတယ်။

၃။ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ)ရဲ့ သဘောတရားအမြင်များ ပြောင်းလဲသွားခြင်း။ ။နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဗဟိုကော်မတီအစည်းအဝေးကို ၂၀၀၉ နိုဝင်ဘာမှ ၂၀၁၀ ဇန်နဝါရီထိ ၃ လနီးပါး ကျင်းပခဲ့တယ်။ အစည်းအဝေးက “မျက်မှောက်အခြေအနေနဲ့ ပစ္စည်းမဲ့လူတန်းစားရဲ့ သမိုင်းပေးတာဝန်”ဆိုတဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့တယ်။ ဆုံးဖြတ်ချက်က နီပေါရဲ့ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းလက္ခဏာဟာ အရင်းခံအားဖြင့် မပြောင်းသေးဘူး။ မျက်မှောက် ပစ္စည်းမဲ့လူတန်းစားရဲ့ သမိုင်းပေးတာဝန်မှာ နိုင်ငံတော်ကို ပဒေသရာဇ်တပိုင်း၊ ကိုလိုနီတပိုင်း အခြေအနေက လွတ်မြောက်ရေးဖြစ်တယ်။ “ငြိမ်းချမ်းတဲ့ အခြေခံဥပဒေရှိတဲ့ တိုင်းပြည်လွတ်လပ်တဲ့ ပြည်သူတွေအဆင့်အတန်းမြင့်တဲ့၊ မော်ဝါဒီဂိုဏ်းက ဦးဆောင်တဲ့ ပြည်လုံးဆိုင်ရာ အစိုးရ ဖြစ်

လာရေး'' ကြွေးကြော်သံအခြေခံပေါ်မှာ ဥပဒေအရ လမ်းမများပေါ်မှာ အစီအစဉ်အရှိရှိ တိုက်ပွဲဝင်ရင်း ဖောက်ပြန်တဲ့အင်အားစုများရဲ့ လုပ်ကြံမှုများအား အနိုင်ယူရေးကို လူထုအား လှုံ့ဆော်စည်းရုံးသွားရန်ဖြစ်တယ်။ အဲဒီကတဆင့် ဒီမိုကရေစီတော်လှန်ရေး သေနင်္ဂဗျူဟာ ရည်မှန်းချက်ကို အကောင်အထည်ဖော်သွားရေးပါပဲ။

ယခင်က ပြည်သူ့စစ်ပွဲသဘောတရားအမြင်ကို ဆုပ်ကိုင်ထားတဲ့ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ(မော်ဝါဒီ) ဟာ လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းကို စွန့်လွှတ်လိုက်ပြီး လူထုလှုပ်ရှားမှုနဲ့ အစားထိုးလိုက်တယ်။ ဆိုလိုတာက ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းနဲ့ သပိတ်မှောက်ခြင်းအားဖြင့် နီပေါနိုင်ငံရေးဘဝအတွင်းမှာ သြဇာကိုထိန်းသိမ်းထားပြီး နိုင်ငံရေးတောင်းဆိုချက်ကို ရောက်ရှိသွားစေရေး ဖြစ်တယ်။ ၂၀၀၉ ဒီဇင်ဘာနဲ့ ၂၀၁၀ မေလမှာ ညီညွတ်သော နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဟာ ၂ ကြိမ် ပြည်လုံးကျွတ်သပိတ် မှောက်ခဲ့တယ်။ တခုလုံးကို ချုပ်ကြည့်လိုက်ရင် ဒီလှုပ်ရှားမှုတွေရဲ့ အကျိုးရလဒ်ဟာ အကန့်အသတ်ရှိနေပြီး မူလ သတ်မှတ်ထားတဲ့ ရည်မှန်းချက်ကို မရောက်ပါဘူး။ ဒ့ါအပြင် ဒီရွေးကောက်ပွဲတွေကနေ ကြည့်ပြန်တော့လည်း နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဟာ နိုင်ငံတော်အတွင်း နိုင်ငံရေးသြဇာ ကျဆင်းနေတာကလည်း ငြင်းလို့မရတဲ့ တကယ့်ဖြစ်ရပ် ဖြစ်နေပါတယ်။

**ဖွံ့စည်းအုပ်ချုပ်ပုံစနစ်ပြင်ပရှိ ကွန်မြူနစ်ပါတီများ (လက်နက်ကိုင်တိုက်ပွဲအတွင်း အသက်ရှင်ဖွံ့ဖြိုးတိုးတက်နေခြင်း)**

၁။ နိုင်ငံတကာနဲ့ ပြည်တွင်း နှစ်ထပ်ကွမ်းဖိအားကို ရင်ဆိုင်နေရခြင်း။ ။ မော်ဂိုဏ်းနိုင်ငံရေးပါတီများအနက် သြဇာအကြီးဆုံးကတော့ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ)နဲ့ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ) တို့ဖြစ်ပါတယ်။ ဒါပေမဲ့ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ကတော့ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေရာကနေ နောက်ဆုတ်လိုက်တာမို့ ယခုအခါ အိန္ဒိယ ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ကသာ အကြီးဆုံးဖြစ်နေပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်အတွင်းရှိ ကွန်မြူနစ်ပါတီများနဲ့ နှိုင်းယှဉ်ရင် လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းကို ဆုပ်ကိုင်ထားတဲ့ ကွန်မြူနစ်ပါတီများဟာ ပိုပြင်းထန်ဆိုးဝါးတဲ့ အခြေအနေကို ရင်ဆိုင်နေရတယ်။ ၎င်းရဲ့ အသက်ရှင်တည်ရှိရေး ကွက်လပ်ဟာ ''အကြမ်းဖက်မှု ဆန့်ကျင်ရေး''အမည်အောက်မှာ အဆက်မပြတ် ဖိအားများကြောင့် သေးကျုံ့လာနေပါတယ်။ ၂၀၀၉ ဇွန်လမှာ အိန္ဒိယအစိုးရဟာ အမေရိကန်အစိုးရနဲ့ ဆက်သွယ်ပြီးနောက် အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ)ကို နံပါတ် ၃၄ မြောက် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် စာရင်းသွင်းလိုက်ပါတယ်။ ပါတီကိုလည်း အပြင်းအထန် ထိုးစစ်ဆင်ချေမှုန်းခဲ့တယ်။ အမေရိကန်ဟာ ရုပ်ဝတ္ထုအရ၊ သတင်းနဲ့ လက်နက်ကိုင်စစ်သားများကို လေ့ကျင့်ပေးရေးနဲ့ မော်ဝါဒီလက်နက်ကိုင်များကို ရှင်းလင်းရေးလှုပ်ရှားမှုတွေကို ထောက်ခံအားပေးခဲ့တယ်။

၂၀၀၉ နိုဝင်ဘာလက စတင်ပြီး အိန္ဒိယအစိုးရဟာ မော်ဝါဒီလက်နက်ကိုင်များအား ချေမှုန်းရေး ''အစိမ်းရောင်တောလိုက် လှုပ်ရှားမှု''ကို ဆင်နွှဲခဲ့တယ်။ ၂၀၁၀ ဇူလိုင် ၂ ရက်နေ့မှာ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ)ရဲ့ နာမည်ကျော် သဘောတရားဆရာနဲ့ ပြော ရေးဆိုခွင့်ရှိသူဖြစ်တဲ့ နံပါတ် ၃အဆင့်ရှိ ခေါင်းဆောင်တဦး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပါတယ်။ ဒါဟာ အစိုးရရဲ့''အစိမ်းရောင်တော လိုက် လှုပ်ရှားမှု'' ကြောင့် လုပ်ကြံသတ်ဖြတ်ခံလိုက်ရတာလို့ ယူဆပါတယ်။

တောင်အာရှ တခြားနိုင်ငံတွေရှိ မော်ဝါဒီလက်နက်ကိုင်တွေဟာလည်း ဥပဒေပြင်ပအနေအထားမှာ ရှိနေပြီး အင်အားရော သြဇာ သက်ရောက်မှုပါ သိပ်မရှိလှသေးပါဘူး။

၂။ အရင်းရှင်စနစ်ရဲ့ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု မညီညာတဲ့ ပဋိပက္ခဟာ ကွန်မြူနစ်ပါတီများ ဥပဒေပြင်ပ တည်ရှိရေးရဲ့ ရေခံမြေခံဖြစ်တယ်။ ။ မျက်မှောက်ကာလမှာ မော်လဒိုက်နဲ့ ပါကစ္စတန်မှအပ ကျန်တဲ့ ၆ နိုင်ငံမှာ မော်စီတုန်းဝါဒ နိုင်ငံရေးပါတီနဲ့ လက်နက်ကိုင်အင်အားများ တည်ရှိနေပါတယ်။

မော်ဝါဒီလက်နက်ကိုင်အင်အားများအနက် လှုပ်ရှားမှုအရှိဆုံးဖြစ်တဲ့ အိန္ဒိယကို ဥပမာထားကြည့်ကြပါစို့။ ၁၉၉၁ နောက်ပိုင်း အိန္ဒိယမှာ ဆင်းရဲချမ်းသာ ကွာဟမှုဟာ အလွန်ပြင်းထန်လာတယ်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ စီမံကိန်းဌာနနဲ့ အိန္ဒိယအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းရဲ့ နောက်ဆုံးစာရင်းကောက်ယူချက်အရ အိန္ဒိယလူဦးရေရဲ့ ၂၁ ရာခိုင်နှုန်း လူဦးရေ သန်း ၂၃၀ ကျော်ဟာ အာဟာရ မလုံလောက်တဲ့ အနေအထားမှာ ရှိနေတယ်။ ဒါဟာ တကမ္ဘာလုံးရဲ့ ဆင်းရဲငတ်မွတ်နေသူ လူဦးရေရဲ့ ၂၇ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ထိပ်ဆုံးမှာ ရှိနေတယ်။ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒ)ဟာ ကျေးလက်မှာ သီးစားခလျှော့ချရေး၊ အတိုးနှုန်းလျှော့ပေါ့ရေးပေါ်လစီကို ကျင့်သုံးပြီး မြေရှင်များကို တိုက်ခိုက်ကာ ဇာတ်နိမ့်သူများ၊ အမျိုးသမီးများနဲ့ ဇာတ်တူစုပြည်သူများ စတဲ့ ချည့်နဲ့တဲ့ မျိုးတူအုပ်စုများရဲ့ အကျိုးစီးပွားကို ကာကွယ် ထိန်းသိမ်းပါတယ်။ လက်နက်ကိုင်အင်အားဖြင့် အဲဒီဒေသတွေက လယ်ယာထွက်ကုန်တန်ဖိုးကို ခိုင်မာစွာ အာမခံပေးတယ်။ ဒီနည်းနဲ့ အဲဒီဒေသတွေက ဆင်းရဲသားတွေရဲ့ ဝင်ငွေကို အာမခံချက်ရှိစေတယ်။ သူတို့က အဲဒီဒေသတွေရဲ့ ရေပေးသွင်းရေးစနစ်ကို တည်ဆောက်ပေးခြင်း၊ ဆေးဝါးကုသရေးကို အထောက်အကူပြုခြင်း စတာတွေကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသများမှာ ရပ်တည်ခွင့် ရရှိလာခဲ့ကြတယ်။ မျက်မှောက်ကာလမှာ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ) အတွင်းမှာ မော်ဂိုဏ်း (နာဆာဘာရီဂိုဏ်း) အပါအဝင် လက်နက်ကိုင် အင်အားများဟာ အိန္ဒိယရဲ့ ပြည်နယ် ၁၂ ပြည်နယ်၊ ဒေသ ၁၂၅ ဒေသမှာ သြဇာသက်ရောက်မှုရှိနေပါတယ်။ လှုပ်ရှားနေတဲ့ ဒေသတွေဟာ အိန္ဒိယပိုင်နက်နယ်မြေရဲ့ ၄၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ သူတို့ဟာ အိန္ဒိယရဲ့ အလယ်ပိုင်းနဲ့ မြောက်ပိုင်းက ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ဒေသတွေမှာ စတုရန်းကီလိုမီတာ ၉ သိန်း ၂ သောင်းရှိတဲ့ ''နာဆာဇုန်''ကို ဖြစ်တည်စေပါတယ်။ အိန္ဒိယပြည်ထဲရေးဌာနရဲ့ ၂၀၀၄ ခန့်မှန်းချက်အရ မော်ဝါဒီဂိုဏ်းရဲ့ လက်နက်ကိုင်အင်အားမှာ ၅ သောင်းမှ ၁ သိန်း ၂ သောင်းအထိ ရှိနိုင်တယ်လို့ ဆိုပါတယ်။ အဓိက အဖွဲ့ဝင်အင်အားမှာ ၉,၃၀၀ လောက် ရှိနိုင်ပြီး သမရိုးကျလက်နက်များနဲ့ ကိုယ်တိုင်လုပ် လက်နက်များကို ကိုင်ဆောင်ထားကြတယ်။ ဂုဏ်နဲ့ဒြပ် ဟပ်မိတဲ့ တကယ် အင်အားရှိတဲ့ အစိုးရကိုဆန့်ကျင်ရေး လက်နက်ကိုင်အင်အားစု တစု ဖြစ်တယ်။

အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ)ဟာ နည်းပရိယာယ်အရ ပြည်သူ့စစ်ပွဲအလေးထားပြီး ပြောက်ကျားစစ်နည်းနာများအရ စစ်ဆင်နေတာမို့ အိန္ဒိယပုလိပ်များ ဘာမှမတတ်နိုင်ပါဘူး။

တောင်အာရှဒေသ လူ့အဖွဲ့အစည်းအတွင်းရှိ ပဒေသရာဇ်စနစ် အကြွင်းအကျန်တွေကို ရှင်းလင်းမပစ်နိုင်ရင်ဖြစ်စေ၊ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုကြောင့် အဆင့်အတန်းကွဲပြားမှုတွေနဲ့ အစွန်းနှစ်ခု ကွဲသွားမှုကို မဖြေရှင်းနိုင်ရင်ဖြစ်စေ တောင်အာရှဒေသအတွင်း မော်ဝါဒ နိုင်ငံရေးပါတီတွေနဲ့ သူတို့ရဲ့လက်နက်ကိုင်အင်အားစုတွေ ပျောက်ကွယ်သွားလိမ့်မယ်မဟုတ်ပါဘူး။

၃။ တောင်အာရှဒေသ မော်ဝါဒနိုင်ငံရေးပါတီတွေနဲ့ တခြားလက်နက်ကိုင်အဖွဲ့များအကြားက ဆက်ဆံမှုကို အားဖြည့်ခြင်း။ ။ ဆိုးဝါး ပြင်းထန်တဲ့ တိုက်ပွဲအခြေအနေတွေကို ရင်ဆိုင်ပြီး မော်ဝါဒနိုင်ငံရေးပါတီများဟာ ‘တောင်အာရှဒေသရှိ မော်ဝါဒနိုင်ငံရေးပါတီများ ညီညာဖြိုဖြို စည်းရုံးဖွဲ့စည်းလုပ်ဆောင်ရေး ကော်မတီ’ မှတဆင့် သတင်းမျှဝေရေး၊ အပြန်အလှန်ဖလှယ်ရေးတွေ ဆောင်ရွက်တဲ့အပြင် တောင်အာရှဒေသက တခြားလက်နက်ကိုင် အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ကာ အပြန်အလှန် အထောက်အကူပြုကြလို့ ကြီးထွား အရှိန်အဟုန် ကောင်းလာပါတယ်။ ၂၀၀၉ အောက်တိုဘာမှာ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ)ရဲ့ အထွေထွေ အတွင်းရေးမှူးက “သီရိလင်္ကာက ကျားသူပုန်အဖွဲ့ ပြန်လည်ဖွဲ့စည်း တိုက်ပွဲဝင်ရေးအတွက် လက်နက်ပစ္စည်းများ အထောက်အကူ ပေးခဲ့တယ်” လို့ တင်ပြခဲတယ်။ ဒ့ါအပြင် အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ) စတဲ့ မော်ဝါဒ နိုင်ငံရေးပါတီတွေဟာ ကက်ရှမီးယား လက်နက်ကိုင်အဖွဲ့နဲ့လည်း အမြဲတမ်းဆက်သွယ်ရေး ထူထောင်ကြတယ်။ ဒီအဖွဲ့အစည်းတွေအကြား လက်နက်၊ သတင်း၊ အဖွဲ့ဝင်တွေချင်း ကွန်ရက်ချိတ်ဆက်မှုတွေ ထူထောင်ကြပြီး တဦးလိုအပ်မှုကို တဦးက ဖြည့်စွမ်းပေးခဲ့ကြတယ်။ အစိုးရရဲ့ တိုက်ခိုက်ရေးအင်အားတွေကို ချုပ်ငင်ထားပေးပြီး အသက်ရှင်ရပ်တည်ရေး နေရာကို တိုးချဲ့ခဲ့ကြတယ်။

၃။ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) အပေါ် ပြင်းထန်တဲ့ဝေဖန်ရေးသဘောထားကို ဆုပ်ကိုင်ထားခြင်း။ ။ ဒီပါတီဟာ လက်နက်ကိုစွန့်၊ လွှတ်တော်နိုင်ငံရေးအတွင်း ပါဝင်ခဲ့ပြီးတဲ့နောက် လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းကို ဆက်လက် ဆုပ်ကိုင်ထားတဲ့ မော်ဝါဒ နိုင်ငံရေးပါတီအသီးသီးရဲ့ အာဘော်အရ အလွန်ကြီးမားတဲ့ ဖိအားပေးအကျပ်ကိုင်ခြင်း ခံခဲ့ရတယ်။ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ရဲ့ ဒီလုပ်ရပ်ကြောင့် ကျန်မော်ဝါဒ နိုင်ငံရေးပါတီများအတွက် အင်အားကောင်းတဲ့ မဟာမိတ်တဦး ဆုံးရှုံးသွားတာနဲ့တချိန်တည်းမှာ တစုံတရာအတိုင်းအတာအထိ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်အရ လက်ဦးမဲ့တဲ့ အခြေအနေသို့ ကျရောက်သွားခဲ့ရတယ်။ မော်ဝါဒီ လက်နက်ကိုင်အင်အားစုအားလုံးက နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ)ဟာ ပြန်ပြင်ရေးဝါဒအမှားကို ကျူးလွန်ခဲ့ပြီး လက်နက်ချရေးလမ်းကြောင်းအတိုင်း ချီတက်နေတာဖြစ်တယ်။ ဒါကြောင့် သူ့ကို ပြင်းထန်စွာ ဝေဖန်ရေး သဘောထားကို ဆုပ်ကိုင်ထားကြတယ်။

၂၀၀၉ ဇူလိုင်မှာ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ) က အိတ်ဖွင့်ပေးစာ တစောင်မှာ ပရာချန်ဒါဟာ တော်လှန်ရေးကို ကျောခိုင်းသွားခဲ့ပြီလို့ ဝေဖန်ရှုတ်ချခဲ့တယ်။ အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ) က လက်နက်တွေကို ဝရမ်းကပ်လိုက်တာ၊ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ကို စခန်းချထားတဲ့နေရာမှာ ကန့်သတ်ထားပြီး ကုလသမဂ္ဂရဲ့ စောင့်ကြပ်မှု ခံနေရတာဟာ ပါတီစုံဒီမိုကရေစီ အမည်အောက်မှာ ပြည်သူ့စစ်ပွဲနဲ့ လူတန်းစားတိုက်ပွဲကို စွန့်လွှတ်ပစ်လိုက်တာဖြစ်တယ်။ ဒါဟာ ၁၀ နှစ်ကျော် ပြည်သူ့စစ်ပွဲအတွင်း ရရှိခဲ့တဲ့ အသီးအပွင့်တွေကို ထိခိုက်စေတယ်လို့ ယူဆတယ်။

၂၀၀၉ မှာ အာဖဂန်ကွန်မြူနစ်ပါတီ (မော်ဝါဒီ) က နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ)ဟာ ပစ္စည်းမဲ့လူတန်းစား နိုင်ငံတကာဝါဒကို ကျောခိုင်းသွားပြီ။ နီပေါ စည်းလုံးညီညွတ်သော ကွန်မြူနစ်ပါတီ (မော်ဝါဒီ) ရဲ့ တော်လှန်ရေးကို ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်တဲ့ ပါတီဝင်တွေနဲ့ လွှတ်မြောက်ရေးတပ်မတော်သားတွေဟာ ဒီရုက်စရာကောင်းတဲ့ အခြေအနေကို အမြန်ဆုံး အဆုံးသတ်ပစ်ရေး ပါတီခေါင်းဆောင်အဆင့်ကို ဖိအားပေးအကျပ်ကိုင်ရမယ်လို့ ယူဆတယ်။


ချုပ်လိုက်ရင် စီးပွားရေးအကျပ်အတည်း အခြေအနေကြီးအောက်မှာ လွှတ်တော်နိုင်ငံရေးအတွင်း ပါဝင်တဲ့ ပါတီပဲဖြစ်ဖြစ် လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းကို လျှောက်တဲ့ကွန်မြူနစ်ပါတီပဲဖြစ်ဖြစ် အားလုံးဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ဆိုးဝါးတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီလိုအခြေအနေတွေအောက်မှာ တနည်းအားဖြင့် ကမ္ဘာ့မူပြုမှုအောက်မှာ အားကောင်းလာတဲ့ အကျိုးရလဒ်တွေကို နယ်ချဲ့အင်အားစုတွေက အတားအဆီးပြုလာနိုင်တာဟာ ပါတီအသီးသီးရဲ့ သဘောတရား၊ ပေါ်လစီအမှားတွေနဲ့ ဆက်စပ်နေတယ်။

တောင်အာရှနိုင်ငံများမှာ ရှိနေတဲ့ ကွန်မြူနစ်ပါတီတွေ ရင်ဆိုင်နေရတဲ့ ဖိအားတွေဟာ အချိန်တိုအတွင်း လျော့သွားဖို့ မရှိပါဘူး။ ဒါပေမဲ့ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ပြောင်းလဲလာအောင် ဘယ်လိုလုပ်သွားရမလဲ။ ဆိုရှယ်လစ်ဝါဒ အင်အားစုတွေ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကွန်မြူနစ်ပါတီတွေဟာ ကွန်မြူနစ်ဝါဒလုပ်ငန်းရပ်တွေကို ဦးတည်ချက်အဖြစ် တွန်းဆော်ပေးရမယ်။ ဒါမှသာ လူထုရဲ့ ထောက်ခံမှုတွေ၊ အားပေးကူညီမှုတွေ ရရှိလာပြီး နောက်ဆုံးမှာ မရှုံးနိမ့်နိုင်တဲ့အခြေအနေမှာ ရပ်တည်နိုင်လာလိမ့်မယ်။ ။

ခင်အေးကြည်မြ

၃၁-၇-၂၀၁၁။

ကိုးကား။ ။ မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒဂျာနယ် (၂၀၁၀ အမှတ် ၆)



# ကွန်မြူနစ်ဝါဒ၏ မူများ

ဖရက်ဒရစ် အိန်ဂယ်

**မေးခွန်း ၁၁။ စက်မှုတော်လှန်ရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ဓနရှင်နှင့် ပစ္စည်းမဲ့ ကွဲပြားသွားမှုတို့၏ လတ်တလော အကျိုးဆက်များကား အဘယ်နည်း?။**

အဖြေ။ ပထမ။ စက်ယန္တရားလုပ်အားက သယ်ဆောင်လာသည့် စက်မှု အထွက်ပစ္စည်းများ၏တန်ဖိုး ပို၍ပို၍ ကျဆင်းလာမှုများက ကမ္ဘာတဝန်းလုံးရှိ တိုင်းပြည်အားလုံးမှ ကုန်ပစ္စည်းထုတ်လုပ်ခင်းများနှင့် လူ၏လုပ်အားအပေါ် အခြေခံသော စက်မှုလုပ်ငန်းစနစ်ဟောင်းကို လုံးဝဖျက်ဆီးပစ်လိုက်သည်။ ဤနည်းဖြင့် ယခုအချိန်အထိ သမိုင်းဖြစ်ပေါ်တိုးတက်မှုနှင့် အနည်းနှင့်အများ တစိမ်းပြင်ပြင် ဖြစ်နေသေးပြီး ၎င်းတို့၏ စက်မှုလုပ်ငန်းများကလည်း ကုန်ပစ္စည်းထုတ်လုပ်ခင်းအပေါ် အခြေခံထားသည့် အရိုင်းအစိုင်းတပိုင်း နိုင်ငံများအားလုံးသည် ၎င်းတို့၏ အထီးကျန်တကောင်ကြွက်ဖြစ်နေမှုမှ အတင်းအကျပ်ဆွဲထုတ်ခြင်း ခံလိုက်ရသည်။ ၎င်းတို့သည် အင်္ဂလိပ်တို့၏ ဈေးပိုပေါသော ကုန်စည်များကို ဝယ်ယူကြပြီး ၎င်းတို့၏ ကိုယ်ပိုင်ပစ္စည်း ထုတ်လုပ်သူ လုပ်သားများကို ဘဝပျက်စေခဲ့သည်။ နှစ်ထောင်နှင့်ချီပြီး ဘာမျှမတိုးတက်ခဲ့သောနိုင်ငံများ ဥပမာ အိန္ဒိယမှာ အကုန်အစင် တော်လှန်ပြောင်းလဲပစ်လိုက်ပြီး တရုတ်ပြည်သည်ပင် ယခုအခါ တော်လှန်ရေးလမ်းကို လျှောက်လှမ်းလာကြပြီ ဖြစ်သည်။ ယနေ့ အင်္ဂလန်မှာ စက်အသစ် တီထွင်လိုက်မှုက တနှစ်အတွင်း တရုတ်အလုပ်သမား သန်းနှင့်ချီပြီး ဘဝပျက်စေနိုင်သည့်အချိန်သို့ ကျွန်ုပ်တို့ ရောက်ရှိလာခဲ့ပေပြီ။ ဤနည်းဖြင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းက ကမ္ဘာမြေပေါ်ရှိ ပြည်သူအားလုံးကို တဦးနှင့်တဦး ထိတွေ့ဆက်စပ်ပေးပြီး ဒေသဈေးကွက်ငယ်အားလုံးကို ကမ္ဘာ့ဈေးကြီးတခုအဖြစ် ပေါင်းစပ်စုပေးကာ နေရာတကာမှာ ဖွံ့ဖြိုးတိုးတက်သည့် ယဉ်ကျေးမှုလမ်းကြောင်းကို ခင်းပေးလိုက်သည်။ ဤနည်းဖြင့် ယဉ်ကျေးသော နိုင်ငံများက မည်သည့်အဖြစ်အပျက်မဆို အခြားနိုင်ငံအားလုံးသို့ ဂယက်ရိုက်ခတ်မှု ရှိခဲ့သည်။ ထို့ကြောင့် အင်္ဂလန် သို့မဟုတ် ပြင်သစ်ရှိ အလုပ်သမားများက ယခုအခါ မိမိကိုယ်မိမိ လွတ်မြောက်စေလိုက်ပါက ဤသည် အခြားနိုင်ငံများအားလုံးရှိ တော်လှန်ရေးများကို ပေါက်ကွဲစေလိမ့်မည်။ ယင်းတော်လှန်ရေးများက ထို ဒေသရှိ အလုပ်သမားများကို အနှေးနှင့်အမြန် ဆိုသလို လွတ်မြောက်စေပေလိမ့်မည်။

ဒုတိယ။ ကုန်ပစ္စည်းထုတ်လုပ်ခင်းကို အကြီးစား စက်မှုလက်မှုက အစားထိုးခဲ့သည့် နေရာတိုင်းတွင် စက်မှုတော်လှန်ရေးသည် ဓနရှင်များ ၎င်း၏ ကြွယ်ဝချမ်းသာမှုနှင့် အာဏာတို့ကို အမြင့်ဆုံးအဆင့်သို့ ဖြစ်ပေါ်တိုးတက်စေပြီး ၎င်းတို့ကို တိုင်းပြည်တွင် ပထမတန်းစား လူတန်းစားအဖြစ်သို့ ရောက်ရှိသွားစေခဲ့ပါသည်။ အကျိုး ရရှိချက်ကတော့ ဤအရာ ဖြစ်ပျက်ခဲ့သည့် နေရာတိုင်းတွင် ဓနရှင်သည် နိုင်ငံရေးအာဏာကို လက်ဝယ်ရယူပြီး ထိုအချိန်ထိ အုပ်စိုးသည့်လူတန်းစားများ၊ မင်းစိုးရာဇာများ ဂီးလ်လုပ်ငန်းရှင်များနှင့် ဤနှစ်မျိုးကို ကိုယ်စားပြုသည့် သက်ဦးဆံပိုင်အုပ်ချုပ်မှုကို ဖယ်ရှားပစ်လိုက်သည်။ ဓနရှင်များသည် မြေယာကို ရောင်းချခွင့်မရှိသည့် ဥပဒေနှင့် မှူးကြီးမတ်ရာများ၏ အခွင့်ထူးအားလုံးကို ဖျက်သိမ်းလိုက်ခြင်းဖြင့် မင်းစိုးရာဇာများနှင့် မှူးကြီးမတ်ရာတို့၏ အာဏာများကို ချေမှုန်းပစ်လိုက်ပါသည်။ ဂီးလ်လုပ်ငန်းများနှင့် လက်မှုပညာဆိုင်ရာ အခွင့်ထူးများကို ဖျက်သိမ်းလိုက်ခြင်းဖြင့် ဤသည်က ဂီးလ်လုပ်ငန်းရှင်များ၏အာဏာကို ဖျက်ဆီးလိုက်သည်။ ၎င်းတို့၏နေရာတွင် လွတ်လပ်တဲ့ပြိုင်ဆိုင်မှု သို့မဟုတ် မည်သည့် စက်မှုလက်မှုလုပ်ငန်းခွဲများတွင်မဆို လူတိုင်းပါဝင်နိုင်သည့် အခွင့်အရေး ရှိပြီး တခုတည်းသော အတားအဆီးကတော့ လိုအပ်သည့် အရင်းအနှီး ချို့တဲ့ခြင်းဆိုသော လူ့အဖွဲ့အစည်းအခြေအနေတခုက အစားထိုးလိုက်သည်။ ဤနည်းဖြင့် လွတ်လပ်တဲ့ ပြိုင်ဆိုင်မှုကို ဖော်ဆောင်လိုက်ခြင်းက ယခုအချိန်မှစ၍ လူ့အဖွဲ့အစည်းဝင်များသည် ၎င်းတို့၏အရင်းအနှီး မတူညီမှု အတိုင်းအတာအရသာလျှင် မတူညီမှုရှိကြပြီး အရင်းအနှီးသာလျှင် အဆုံးအဖြတ်အာဏာဖြစ်ကြောင်းနှင့် ထို့ကြောင့် အရင်းရှင်များနှင့် ဓနရှင်များသည် လူ့အဖွဲ့အစည်းတွင် ပထမတန်းစားများ ဖြစ်ကြောင်းကို လူသိရှင်ကြား ကြေညာလိုက်ခြင်း ဖြစ်ပေသည်။ အကြီးစားစက် မှုလုပ်ငန်းသည် လွတ်လပ်စွာ

ပြိုင်ဆိုင်မှုဆိုသော လူ့အဖွဲ့အစည်း အခြေအနေတခုတွင်သာ ဖွံ့ဖြိုးတိုးတက်နိုင်သည့်အတွက် ဤလုပ်ငန်း ဖွဲ့စည်းထမြောက်ရေးအတွက် လွတ်လပ်သောပြိုင်ဆိုင်မှုကို လိုအပ်သည်။ ဓနရှင်သည် မှူးကြီးမတ်ရာများနှင့် ဂီးလ်လုပ်ငန်းရှင်များ၏ လူ့အဖွဲ့အစည်းဆိုင်ရာ အာဏာကို ချေမှုန်းပြီးနောက် ၎င်းတို့၏ နိုင်ငံရေးအာဏာကိုလည်း ချေမှုန်းလိုက်သည်။ လူ့အဖွဲ့အစည်းအတွင်း ပထမတန်းစားနေရာသို့ မြင့်တက်လာပြီးနောက် ဓနရှင်သည် နိုင်ငံရေးတွင်လည်း ပထမတန်းစားဖြစ်ကြောင်း မိမိကိုယ်မိမိ ကြေညာလိုက်ပါသည်။ ဤသည် ဓနရှင်တို့၏ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခြင်းနှင့် လွတ်လပ်သည့် ပြိုင်ဆိုင်မှုအရ တရားဝင် အသိအမှတ်ပြုခြင်းတို့အပေါ် မှီခိုသည့် ကိုယ်စားလှယ်စနစ် ဖော်ဆောင်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။ ဥရောပနိုင်ငံများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ဘုရင်စနစ်သဏ္ဍာန်ကို ခံယူလိုက်ခြင်းဖြင့် လုပ်ဆောင်လိုက်သည်။

ဤဖွဲ့စည်းအုပ်ချုပ်ပုံအရ ဘုရင်စနစ်များတွင် အရင်းအနှီး တစုံတရာရှိသူများ တနည်းအားဖြင့် ဓနရှင်သာလျှင် မဲပေးနိုင်သူများဖြစ်ကာ ဤဓနရှင် မဲဆန္ဒရှင်များက ကိုယ်စားလှယ်များကို ရွေးချယ်ပြီး ဤဓနရှင်ကိုယ်စားလှယ်များက အခွန်အကောက်များကို မဲပေးရန် ငြင်းဆိုနိုင်သော ၎င်းတို့၏ အခွင့်အရေးကို အသုံးပြုပြီး ဓနရှင်အစိုးရကို ရွေးချယ်ကြသည်။

တတိယ။ စက်မှုလက်မှုတော်လှန်ရေးသည် နေရာတိုင်းတွင် ပစ္စည်းမဲ့ များကို ဓနရှင်လူတန်းစားအား တည်ဆောက်ပေးသည့်အတိုင်းအတာအတိုင်း တည်ဆောက်ပေးသည်။ ဓနရှင်များ ပို၍ပို၍ ချမ်းသာလာသည်နှင့်အမျှ တူညီတဲ့ အချိုးအစားအတိုင်း ပစ္စည်းမဲ့များကလည်း အရေအတွက် တိုးများလာသည်။ ပစ္စည်းမဲ့များအား အရင်းအနှီးကသာ အလုပ်ပေးနိုင်ပြီး အရင်းအနှီးသည်လည်း လုပ်အားကို ငှားရမ်းခြင်းဖြင့်သာလျှင် တိုးပွားနိုင်သည့်အတွက် ပစ္စည်းမဲ့များ၏ ကြီးထွားမှုသည် အရင်းအနှီး ကြီးထွားမှုနှင့်အညီ တသားတည်း လှမ်းတက်နေပေသည်။ တချိန်တည်းမှာပင် ဤဖြစ်စဉ်က စက်မှုလုပ်ငန်းများ အလွန် အကျိုးအမြတ်ရှိအောင် လုပ်ဆောင်နိုင်သည့် မြို့ကြီးများတွင် ဓနရှင်နှင့် ပစ္စည်းမဲ့များကို အတူ စုရုံးပေးလိုက်သည်။ ဤနည်းဖြင့် **<u>တနေရာ</u>**တည်းမှာ အလွန်ကြီးမားသည့် လူစုလူဝေးကြီးများ ဖြစ်ပေါ်ခြင်းဖြင့် ပစ္စည်းမဲ့များအား ၎င်းတို့၏ စွမ်းရည်အင်အားကို သိရှိနားလည်စေလိုက်ပါသည်။ ဒို့အပြင် ဤဖြစ်စဉ် ပိုမိုဖြစ်ပေါ်တိုးတက်လာပြီး လူ့လုပ် အားကို ဖယ်ရှားသည့် စက်ယန္တရားများကို ပို၍ တီထွင်လာလျှင် ကျွန်တော်တို့ ထောက်ပြခဲ့သည့်အတိုင်း အကြီးစားစက်မှုလုပ်ငန်းများ က လုပ်ခများကို အနိမ့်ဆုံးသို့ ပိုမိုနှိမ့်ချလိုက်ပြီး ဤနည်းဖြင့် ပစ္စည်းမဲ့များ၏အခြေအနေသည် သာ၍သာ၍ သည်းမခံနိုင်ဖွယ်ရာ ဖြစ်လာပေသည်။ ဤနည်းဖြင့် ပစ္စည်းမဲ့များသည် တဖက်တွင် မကျေနပ်မှုများကြီးထွားလာကာ တဖက်တွင်လည်း အင်အားတောင့်တင်း ကြီးမားလာပြီး စက်မှုတော်လှန်ရေးက ပစ္စည်းမဲ့လူ့အဖွဲ့အစည်း တော်လှန်ရေးလမ်းကို ပြင်ဆင်ပေးလိုက်သည်။

<u>မေးခွန်း ၁၂။ စက်မှုတော်လှန်ရေး၏ ရှေ့အကျိုးဆက်များကား အဘယ်နည်း?။</u>

အဖြေ။ ရေနွေးငွေ့အင်ဂျင်နှင့် အခြားစက်ယန္တရားများနှင့် အကြီးစားစက်မှုလုပ်ငန်းက အတောမသတ် ကျယ်ပြန့်နေသော ထုတ်လုပ်ရေးနည်းနာများကို အချိန်တိုအတွင်းနှင့် အကုန်အကျနည်းစွာ ဖန်တီးလိုက်သည်။ ဤနည်းဖြင့် ထုတ်လုပ်ရေး ပြေပြစ်ချောမောမြန်ဆန်လာမှုနှင့်အတူ အကြီးစားစက်မှုလုပ်ငန်းနှင့် မလွဲမသွေ ပူးတွဲနေသည့် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကလည်း မကြာမီအတွင်းမှာပင် အလွန်အကျွံဆုံးသဏ္ဍာန်သို့ ရောက်ရှိလာသည်။ အရင်းရှင် အမြောက်အမြား စက်မှုလုပ်ငန်းလောကသို့ ကျူးကျော် ဝင်ရောက်လာပြီး အချိန်တိုအတွင်းမှာပင် သုံးနိုင်သည်ထက်ပိုပြီး ထုတ်လုပ်လာတော့သည်။ အကျိုးကတော့ ထုတ်လုပ်လိုက်သော ပစ္စည်းများမှာ ရောင်းမထွက်တော့ဘဲ ကုန်သွယ်ရေးကပ်ဆိုတာ ပေါ်ထွက်လာတော့သည်။ စက်ရုံများ ပိတ်လိုက်ရပြီး ပိုင်ရှင်များ ဒေဝါလီခံကာ အလုပ်သမားများ စားစရာမရှိ ဖြစ်သွားရသည်။ နေရာတကာမှာ ဆင်းရဲဒုက္ခ တွင်းအနက်ဆုံး ကျသွားသည်။ ခဏကြာတော့ ပိုလျှံနေသော ပစ္စည်းများ ရောင်းထုတ်လိုက်ရပြီး စက်ရုံများပြန်လည် လည်ပတ်ကာ လုပ်ခများ မြင့်တက်လာပြီး တဖြည်းဖြည်းနှင့် စီးပွားရေးမှာ ယခင်ကထက် ပို၍ ကောင်းလာပါသည်။ သို့သော် သိပ်မကြာလိုက်ဘဲ ကုန်ပစ္စည်းအများအပြား ပြန်လည်ထုတ်လုပ်လာပြန်ပြီး ကပ်ဘေးအသစ် ထပ်ဖြစ်လာကာ ယခင်လမ်းကြောင်းအတိုင်းသာ ပြန်ပေါ်လာခဲ့သည်။ ဤ (၁၉) ရာစု အစပိုင်းမှစပြီး စက်မှုလုပ်ငန်း အခြေအနေသည် ကြီးပွားသောကာလနှင့် ကပ်ဆိုက်သောကာလအတွင်း အမြဲ အတက်အကျဖြစ်နေပြီး ကပ်ဆိုက်ခြင်းအသစ်မှာ ငါးနှစ်သို့မဟုတ် ခုနစ်နှစ် နီးပါးတကြိမ် မှန်မှန်နီးပါး ကျရောက်နေသည်။ ဤသို့ဖြင့် အလုပ်သမားများအတွက် အကြီးမားဆုံးသော အခက်အခဲ အကျပ်အတည်းများ၊ အထွေထွေ တော်လှန်ရေးလှုပ်ရှားမှုများနှင့် တည်ရှိဆဲ အခြေအနေများအတွက် အလွန်အကျွံ အန္တရာယ်များ စတာတွေ တသီတတန်းကြီး ဖြစ်ပေါ်လာပါသည်။

<u>မေးခွန်း ၁၃။ ဤကာလအလိုက် မှန်မှန်ဖြစ်ပေါ်လာသော ကုန်သွယ်ရေးကပ်ဘေးများ နောက်မှာ ဘာတွေလိုက်လာပါသနည်း?။</u>

အဖြေ။ ပထမ။ အကြီးစားစက်မှုလုပ်ငန်းသည် ၎င်း၏အစောဆုံးအဆင့်တွင် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကို ဖန်တီးခဲ့သော်လည်း ယခုအခါတွင် ၎င်းသည် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကို ကျော်လွန်သွားပေပြီ။ အကြီးစားစက်မှုလုပ်ငန်းအဖို့ ပြိုင်ဆိုင်မှုနှင့် ယေဘုယျအားဖြင့် ပုဂ္ဂလိကပိုင် စက်မှုထုတ်လုပ်ရေး အစည်းအရုံးများမှာ အတားအဆီး အချုပ်အနှောင်များ ဖြစ်လာပြီး ၎င်းတို့ကို ဖျက်ဆီးပစ်ရတော့မည်။ ဖျက်လည်း ဖျက်ဆီးပစ်လိမ့်မည်။ အကြီးစားစက်မှုလုပ်ငန်းသည် ယခုလက်ရှိ ၎င်း၏ အခြေခံပေါ်မှာ ဆက်လက်လည်ပတ်လုပ်ဆောင်နေသမျှ ကာလပတ်လုံး ခုနှစ်နှစ်တကြိမ် အထွေထွေအုံကြွမှုဆိုသော အရင်းအနှီးပေးမှသာလျှင် ထိန်းသိမ်းထား

နိုင်မှာဖြစ်ပြီး ထိုအုံကြွမှုများက အကြိမ်တိုင်းမှာ လူ့ယဉ်ကျေးမှု တခုလုံးကို ခြိမ်းခြောက်ပြီး ပစ္စည်းမဲ့များကို ဆင်းရဲတွင်း ကျရောက်စေရုံမက ခေရှင်အစိတ်အပိုင်း အများအပြားကိုလည်း ဖျက်ဆီးပစ်ပေသည်။ ဤသို့ဆိုလျှင် အကြီးစားစက်မှု လုပ်ငန်းကိုယ်တိုင်က အရှုံးပေးလိုက်မည်လား။ ဒါကတော့ လုံးဝမဖြစ်နိုင်ပေ။ သို့မဟုတ် ၎င်းအနေနှင့် စက်မှုထုတ်လုပ် ရေးကို အပြန်အလှန် ပြိုင်ဆိုင်နေတဲ့ ပုဂ္ဂလိကစက်ရုံပိုင်ရှင်များရဲ့ ညွှန်ကြားမှု ဆက်မခံတော့ဘဲ အားလုံးရဲ့လိုအပ်မှုကို ထည့်သွင်းစဉ်းစားသည့် တိကျသည့် စီမံကိန်းနှင့်ညီ အဖွဲ့အစည်းတခုလုံးက လှုပ်ရှားလုပ်ဆောင်သော လုံးဝသစ်လွင် သော အဖွဲ့အစည်းတရပ်ကို မလွှဲမရှောင် လိုအပ်လာစေမည်လား။

ဒုတိယ။ အကြီးစားစက်မှုလုပ်ငန်းနှင့် ၎င်းကဖြစ်စေခဲ့သည့် အတား အဆီးမရှိ ထုတ်လုပ်ရေးချဲ့ထွင်ခြင်းသည် ဖြစ်နိုင်သည့် အဝန်းအဝိုင်းအတွင်း ဘဝ၏လိုအပ်ချက်များအားလုံးကို ထုတ်လုပ်ပေးပြီး လူ့အဖွဲ့အစည်းဝင်တိုင်း ဖြစ်ပေါ် တိုးတက်နိုင်ကာ ပြည့်ဝသော လွတ်လပ်ခြင်းနှင့် ၎င်းတို့၏အင်အားများ၊ စွမ်းရည်များအားလုံးကို အသုံးပြုနိုင်သည့် လူ့အဖွဲ့ အစည်း အနေအထား တခုကို သယ်ဆောင်လာသည်။ ထို့ကြောင့် ယနေ့ လူ့အဖွဲ့အစည်းအတွင်း၌ ဆင်းရဲ ဒုက္ခအားလုံးနှင့် ကုန်သွယ်ရေးကပ်ဆိုက်မှု အားလုံးတို့ကို ဖြစ်ပေါ်စေသည့် အကြီးစားစက်မှုလုပ်ငန်း၏ အရည်အချင်း များကပင်လျှင် မတူညီသည့် လူ့အဖွဲ့အစည်းအောက်မှာ ဤဒုက္ခများနှင့် ဆိုးဝါးလှသော ကပ်ဘေး အတက်အကျ များကို ချေမှုန်းနိုင်သော အရာများ ဖြစ်ဟန် ရှိပေသည်။ ထို့ကြောင့် –

၁။ ဤမကောင်းမှုများအားလုံးကို ယခုအချိန်မှစပြီး တည်ရှိဆဲ အကြောင်းအချက်များနှင့် ဆက်လက်ကိုက် ညီခြင်း မရှိတော့သည့်  လူ့အဖွဲ့အစည်းစနစ်ပေါ်သို့သာ ပုံချရန်ဖြစ်သည်။ နောက်ပြီး

၂။ ဤမကောင်းမှုများအားလုံးကို လုံးဝဖယ်ရှားပြီး လူ့အဖွဲ့အစည်း စနစ်သစ်တရပ် ဖော်ထုတ်ရေး နည်းနာ များသည်လည်း အဆင်သင့်ရှိနေပြီ ဖြစ်ကြောင်း အရှင်းလင်းဆုံး ပြသလိုက်ပေပြီ။


**<u>မေးခွန်း ၁၄။   လူ့အဖွဲ့အစည်း အနေအထားသစ်တရပ်မှာ ဘယ်လိုအမျိုးအစားမျိုး ဖြစ်မည်နည်း?။</u>**

အဖြေ။ အဓိကမှာ ၎င်းသည်ယေဘုယျအားဖြင့် အပြန်အလှန်ပြိုင်ဆိုင်နေသည့် ပုဂ္ဂလိကများ လက်ထဲမှ စက်မှုလုပ်ငန်း လည်ပတ် ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းခွဲ အားလုံးကို သိမ်းယူလိုက်ပြီး ၎င်း၏နေရာတွင် ထုတ်လုပ်ရေးလုပ်ငန်းခွဲအားလုံးကို လူ့ အဖွဲ့အစည်းတခုလုံးက အုပ်ချုပ်လုပ်ဆောင် ခန့်ခွဲသည့်စနစ်ဖြင့် အစားထိုးသည်။ ဒါကတော့ တူညီသော အကြောင်း အချက်များအတွက် ဘုံစီမံကိန်းနှင့်အညီ လူ့အဖွဲ့အစည်းဝင် အားလုံးက ပါဝင်ဆောင်ရွက်ရမည့်  စနစ်ပင်ဖြစ်သည်။ တနည်းပြောလျှင် ၎င်းသည် ပြိုင်ဆိုင်မှုကို ဖျက်သိမ်းပြီး ဒါကိုပေါင်းစပ်တွဲဖက်ခြင်းဖြင့် အစားထိုးသည်။ ထို့ပြင် စက်မှု လုပ်ငန်းအပေါ် ပုဂ္ဂလိကစီမံအုပ်ချုပ်မှုက ၎င်း၏ မလွှဲမရှောင်သာသော အကျိုးဆက်အဖြစ် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ရရှိ စေသည်။ နောက်ပြီး ပြိုင်ဆိုင်မှုသည် စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဆိုင်သူများ အုပ်ချုပ်လုပ်ဆောင်သည့် နည်းစနစ် နှင့် သဏ္ဍာန်မျှသာ ဖြစ်သည့်အတွက်ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် စက်မှုလုပ်ငန်းအပေါ်  ပုဂ္ဂလိကစီမံ အုပ်ချုပ်မှုနဲ့ ပြိုင်ဆိုင်မှုတို့နှင့် ကင်းကွာ၍မရဟု ဖြစ်လာသည်။ ထို့ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကိုလည်း ဖျက်သိမ်းရမှာဖြစ်ပြီး ၎င်း၏ နေရာတွင် ထုတ်လုပ်ရေးကိရိယာအားလုံးကို ဘုံသုံးစွဲမှုနှင့် ဘုံသဘောတူညီမှုအရ အထွက်ပစ္စည်းအားလုံးကို ဖြန့်ဝေမှုက အစားထိုး လာရောက်ရမည်။ စကားတခွန်းတည်းနှင့်ဆိုလျှင် ပစ္စည်းများကို အများပိုင်ဆိုင်မှု ဆိုတာပဲ ဖြစ်သည်။ တကယ် တော့ ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးသည် စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုက လိုအပ်စေသော ထိုအကြောင်း ကြောင့်ပင် ကွန်မြူနစ်များက ၎င်းတို့ အဓိကတောင်းဆိုချက်အပြင် မှန်ကန်စွာ တင်ပြသည့် လူမှုအဖွဲ့အစည်း အနေ အထားတခုလုံး ပြောင်းလဲရေးကို ပုံဖော်ရန် အတိုဆုံးနှင့် အထင်ရှားဆုံးသောလမ်း ဖြစ်သည်။

**<u>မေးခွန်း ၁၅။ ထို့ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အချိန်စောစွာ ဖျက်သိမ်းရန် မ ဖြစ်နိုင်ဘူး မဟုတ်လား?။</u>**

အဖြေ။ မှန်သည်။ လူ့အဖွဲ့အစည်းဆိုင်ရာ အနေအထား အပြောင်းအလဲတိုင်း ပိုင်ဆိုင်မှုဆက်ဆံရေးများအတွင်းက တော်လှန်ရေး တိုင်းသည် ပိုင်ဆိုင်မှုဆက်ဆံရေးများနှင့် ဆက်လက် အံဝင်ခွင်ကျခြင်း မရှိတော့သည့် ထုတ်လုပ်ရေးအင်အားစုသစ်များ ဖန်တီးတီထွင်လာခြင်း၏ လိုအပ်သောအကျိုးဆက် ဖြစ်သည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကိုယ်တိုင် ဤနည်းဖြင့် စတင်ပေါ် ပေါက်လာခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် အစဉ်အမြဲတည်ရှိခဲ့သည် မဟုတ်သော ကြောင့် ဖြစ်သည်။ အလယ်ခေတ် ကုန်ဆုံးခါနီးအချိန်က ထုတ်လုပ်ရေး နည်းနာသစ်တခုသည် ထိုအချိန်က တည်ရှိ နေသည့် ပဒေသရာဇ်နှင့် ဂီးလ်ပိုင်ဆိုင်မှု၏ လက်အောက်ခံအဖြစ် မထားရှိနိုင်သည့် စက်မှုလက်မှုလုပ်ခင်းသဏ္ဍာန် အဖြစ် ထွက်လာပြီး ပိုင်ဆိုင်မှုဆက်ဆံရေးဟောင်းထက် ကျော်လွန်ကြီးထွားလာသည့် ဤကုန်ထုတ်လုပ်မှုလုပ်ခင်းသည် ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုသော ပိုင်ဆိုင်မှုသစ်ကို ဖန်တီးလိုက်သည်။ ကုန်ထုတ်လုပ်မှုလုပ်ခင်းနှင့် အကြီးစားစက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှု ပထမအဆင့်အတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် တခုတည်းသော ဖြစ်လာနိုင်သည့် ပိုင်ဆိုင်မှုသဏ္ဍာန် ဖြစ်သည်။ ၎င်းအပေါ် အခြေခံသည့် လူ့အဖွဲ့အစည်းစနစ်သည်လည်း တခုတည်းသော ဖြစ်လာနိုင်သည့် လူ့အဖွဲ့ အစည်းစနစ်ပင် ဖြစ်သည်။ အားလုံး အတွက် လိုအပ်သလောက် မထုတ်လုပ်နိုင်ဘဲ လူ့အဖွဲ့အစည်းအရင်းအနှီး တိုး

မြင့်ရေးနှင့် ထုတ်လုပ်ရေးအင်အားစု ဆက်လက်တိုးတက်ရေးအတွက် အထွက်ပစ္စည်း အပိုအလျှံများ ကျန်ရှိနေသမျှ ကာလပတ်လုံး လူ့အဖွဲ့အစည်း ထုတ်လုပ်ရေးအင်အားစုများကို ပိုင်ဆိုင် ခြယ်လှယ် ချုပ်ကိုင်နိုင်သည့် လွှမ်းမိုးကြီးစိုးသော လူတန်းစားနှင့် ဆင်းရဲသည့် အဖိနှိပ်ခံလူတန်းစားဟူ၍ အမြဲ ရှိနေပါလိမ့်မည်။ ဤလူတန်းစားများ မည်သို့ ဖွဲ့တည် ပါဝင်သည်ဆိုခြင်းမှာ ထုတ်လုပ်ရေး ဖြစ်ပေါ် တိုးတက်မှု အဆင့်အပေါ် မှီတည်ပါလိမ့်မည်။ လယ်ယာစိုက်ပျိုးရေးပေါ် မှီခိုသည့် အလယ်ခေတ်တွင် ဘဲရောန်မှူးမတ်များနှင့် မြေကျွန်များကို ဖြစ်ပေါ်စေသည်။ အလယ်ခေတ်နောက်ပိုင်း မြို့များက ဂီးလ်လုပ်ငန်းပိုင်ရှင်နှင့် နယ်လှည့်အလုပ်သမားနှင့် နေ့စား အလုပ်သမားများကို ဖော်ပြပြီး ၁၇ ရာစုတွင် ကုန်ထုန်လုပ်မှု လုပ်ခင်းပိုင်ရှင်များနှင့် ယင်းလုပ်ခင်းအလုပ်သမားများ ရှိကာ ၁၉ ရာစုမှာတော့ အလုပ်ရုံ ပိုင်ရှင်ကြီးများနှင့် ပစ္စည်းမဲ့များ ရှိလာပါသည်။ ထုတ်လုပ်ရေးအင်အားစုများသည် ယခုအချိန်ထိ အားလုံးအတွက် လုံလောက်အောင် ထုတ်လုပ်နိုင်သည့် အဆင့်ထိ ဖြစ်ပေါ် တိုးတက်ခြင်းမရှိဘဲ ထိုထုတ်လုပ်ရေးအင်အားစုများအတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် အချုပ်အနှောင်အတားအဆီး ဖြစ်နေကြောင်း ရှင်းလာသည်။ သို့သော် ယခုအခါတွင် အကြီးစားစက်မှုလုပ်ငန်း ဖြစ်ပေါ် တိုးတက်မှုသည် ပထမ – အရင်းအနှီးကို ဖန်တီးပြီး ထုတ်လုပ်ရေးအင်အားစုများမှာ ယခင်က မရှိဖူးသည့်အဆင့်ထိ ကျယ်ပြန့်တိုးပွားလာကာ နည်းနာများကလည်း အချိန်တိုအတွင်း အကန့်အသတ်မရှိ အများအပြား တိုးများလာရန် အလွယ်တကူ တည်ရှိလာသည့်အခါ ဒုတိယ – ဤထုတ်လုပ်ရေး အင်အားစုများ ခနရှင် အနည်းငယ်၏ လက်ထဲတွင်သာ စုပြုံရောက်ရှိနေပြီး လူအမြောက်အမြားကတော့ ပစ္စည်းမဲ့အဆင့်သို့ ပို၍ပို၍ လျှော့ကျလာပြီး ၎င်းတို့၏အခြေအနေများသည် ခနရှင်များ၏ကြွယ်ဝချမ်းသာမှု တိုးများလာသည့် အချိုးအစားနှင့် ညီမျှစွာ ပို၍ဆင်းရဲဒုက္ခရောက်လာကာ မခံမရပ်နိုင်ဖြစ်လာသည့်အခါ၊ တတိယ– ဤ တန်ခိုးသတ္တိကြီးမားပြီး အလွယ်တကူ ကျယ်ပြန့်တိုးပွားနိုင်သည့် ထုတ်လုပ်ရေးအင်အားစုများသည် ယခုအချိန်ထိ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ခနရှင်လူတန်းစားထက် ကျော်လွန်ကြီးထွားလာကာ ၎င်းတို့က အချိန်မရွေး လူ့အဖွဲ့အစည်း အနေအထားအား အကြမ်းတမ်းဆုံးသော ဆူပူနှောင့်ယှက်မှုများ ဖြစ်ပေါ်စေလာသောအခါ – ယခုအချိန်မှာသာ ဤအချက်အလက်များအောက်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးသည် ဖြစ်လာနိုင်ခြေ ရှိလာရုံမက လုံးဝလိုအပ်မှုလည်း ဖြစ်လာပေသည်။




အရင်းရှင်စနစ်၏ ပိရမစ်ပုံစံ



# ခေတ်ကုန်ပြီတဲ့လား

ကျော်မြိုင်

<u>လမ်းပေါ်နိုင်ငံရေးခေတ်ကုန်ပြီတဲ့</u>

လမ်းပေါ်နိုင်ငံရေးခေတ်ကုန်ပြီလို့ နိုင်ငံရေးဂုရုကြီးတပါးက ခပ်ရင့်ရင့်ပြောလိုက်တာ ကြားကြမှာပါ။ တိုက်တိုက်ဆိုင်ဆိုင် သူပြောပြီးလို့ သိပ်မကြာခင်မှာပဲ အာရပ်ကမ္ဘာမှာ တနိုင်ငံပြီး တနိုင်ငံ လူထုဆန္ဒပြပွဲတွေ ဖြစ်ကြပါတယ်။ အဲဒီအခါမှာ ဒီဂုရုကြီးရဲ့ နောက်လိုက်တယောက်က ခေတ်ကုန်ပြီလို့ပြောတာ ဗမာပြည်အတွက်ပဲ ဖြစ်တယ်။ တခြားနိုင်ငံတွေအတွက် မဟုတ်ဘူးလို့ ဖြေရှင်းပြန်ပါတယ်။

ဗမာပြည်မှာ ၂၀၀၈ အခြေခံဥပဒေရှိနေပြီ။ ရွေးကောက်ပွဲတွေ လုပ်တော့မယ်။ ရွေးကောက်ပွဲဝင်ကြ၊ ပေါ်ပေါက်လာမယ့် လွှတ်တော်အတွင်းမှာပဲ နိုင်ငံရေးလုပ်ကြလို့ သူတို့က ဆိုလိုချင်တာပါပဲ။ တနည်းပြောရရင် စစ်အာဏာရှင်စနစ်ကို အသက်ဆက်ပေးထားတဲ့ ‘၂၀၀၈ အခြေခံဥပဒေ’ အောက်ကို ခေါင်းငုံ့ဝင်ကြလို့ ပြောတာပဲ ဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေကို ပြင်ချင်ရင်လည်း လွှတ်တော်တွင်းမှာ ပြင်လို့ရပါတယ်လို့ ဆိုပါတယ်။

အခု ပေါ်ပေါက်လာတဲ့ ဦးသိန်းစိန်အစိုးရကလည်း ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုတွေအားလုံးကို ၂၀၀၈ အခြေခံဥပဒေကို မကြိုက်ရင် ပြင်လို့ရပါတယ်။ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်တွင်းကနေ ပြင်ကြပါလို့ လေပြေထိုးနေတာနဲ့ အဓိပ္ပာယ်အတူတူပဲ မဟုတ်ပါလား။

‘၂၀၀၈ အခြေခံဥပဒေ’ကို ပြင်လို့ မရလောက်အောင် ရေးဆွဲထားတာ လူတိုင်းအသိပါပဲ။ လွှတ်တော်တွင်းမှာ ကိုယ်က အများစုရဖို့ ဆိုတာကလည်း မလွယ်ပါ။ (၂၀၁၀ ရွေးကောက်ပွဲကို ကြည့်ပါ။) ရပြီပဲ ထားပါဦး။ တပ်မတော်သားကိုယ်စားလှယ် အစိတ်သားထဲက ကိုယ့်ဘက်ပါလာအောင် စည်းရုံးလို့ ရနိုင်ပ့ါမလား။ ဒါကိုလည်းရပြီလို့ပဲ ထားပါဦး။ စစ်အုပ်စု၊ စစ်ဗျူရိုကရေစီယန္တရားကြီး ရှိနေတာကြောင့် စစ်တပ်က ပြန်အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို ထပ်အသက်သွင်းကြဦးမှာပဲလို့ ယူဆပါတယ်။

<u>ပြည်သူ့အင်အားသာလျှင်</u>

အာဏာရှင်တွေဟာ လွယ်လွယ်နဲ့ အာဏာစွန့်ရိုးထုံးစံ မရှိပါဘူး။ အခု လူထုလှုပ်ရှားမှုတွေ ဖြစ်နေတဲ့ အာရပ်ကမ္ဘာက နိုင်ငံတွေကို ကြည့်ပါ။ သူတို့ဟာ နှစ်ရှည်လများ အာဏာရှင်တွေသဖွယ် အုပ်စိုးလာကြတာပါ။ အခု လူထုလှုပ် ရှားမှုတွေ ဖြစ်လာမှ သူတို့ရဲ့ပလ္လင်တွေ လှုပ်လာကြတာ မဟုတ်လား။ ဒါတောင် နောက်ဆုံးအချိန်အထိ တတ်နိုင်သမျှ မီးကုန်ယမ်းကုန် အာဏာကို ကာကွယ်နေကြတာပါပဲ။ အာ ဏာရှင်တွေရဲ့ ရာဇပလ္လင်ကို ကိုင်လှုပ်နိုင်တာဟာ ပြည်သူ့အင်အားပဲ ဖြစ်တယ်ဆိုတာကို ဒီအာရပ်ကမ္ဘာက လူထုလှုပ်ရှားမှုတွေက ထပ်မံပြီး သက်သေပြလိုက်တာပဲ ဖြစ်ပါတယ်။

စေ့စပ်ဆွေးနွေးတဲ့နည်းနဲ့ အာဏာအလွှဲအပြောင်းဖြစ်သွားတယ်ဆိုတာတွေဟာလည်း သေချာပြန်ကြည့်ရင် ပြည်သူ့အင်အားရဲ့ အခန်းမပါဘဲ မဖြစ်ဘူးဆိုတာ တွေ့ရပါလိမ့်

မယ်။ လူပြောများတဲ့ တောင်အာဖရိကအပြောင်းအလဲကို ကြည့်ပါ။ ပြည်သူတွေက နည်းသဏ္ဍာန်ပေါင်းစုံနဲ့ နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ကြလို့သာ စေ့စပ်ဆွေးနွေးပွဲလမ်းပေါ် ရောက်လာတာ ဖြစ်ပါတယ်။

ဗမာပြည်လွတ်လပ်ရေးဟာလည်း စေ့စပ်ဆွေးနွေးပြီး ရခဲ့တာပါပဲ။ ဒါပေမဲ့ ပြည်သူ့အင်အားကို ဖဆပလ အောက်မှာ စုစည်းထားခဲ့ပြီး 'ရရင်ရ မရရင်ချ' လို့ ကြွေးကြော်သံ ထုတ်ထားခဲ့တာ မဟုတ်လား။ ၁၉၄၆ မှာ အထွေထွေသပိတ်ကြီးနဲ့ ပြည်သူ့အင်အားကို လက်တွေ့လည်း ပြခဲ့တယ်။ ဒါကြောင့်မို့ စက္ကူဖြူစာတမ်းနဲ့ ဗမာပြည်ကို ဆက်ပြီးကိုလိုနီလုပ်ဖို့ ဝင်လာတဲ့ ဗြိတိသျှအစိုးရဟာ စေ့စပ်ဆွေးနွေးရေးစားပွဲဆီ ရောက်လာခဲ့ရတာ ဖြစ်ပါတယ်။

တိုင်းပြည်မနာဘဲ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ အပြောင်းအလဲဖြစ်မှာကို မလိုလားလို့ ပြောနေတာ မဟုတ်ပါ။ အဲဒီလမ်းပေါက်သွားမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်မှာဖြစ်ဖြစ် အာဏာရှင်တွေဟာ အလွယ်တကူ အာဏာစွန့်တယ်ဆိုတာ မတွေ့ဖူးပါ။ နောက်ပြီး ဘယ်ကိစ္စမှာမဆို တနည်းမရရင် နောက်တနည်းဆိုတာ ပြင်ဆင်ထားသင့်ပါတယ်။ ဒါကြောင့် ပြည်သူ့အင်အားစုစည်းရေးကို လုပ်ကြစေချင်ပါတယ်။

ပြည်သူ့အင်အားကို စည်းရုံးရာမှာလည်း ဖြောင့် စည်းရုံးတဲ့နည်းကော လျှို့ဝှက်မြေအောက်သဏ္ဍာန်ကိုပါ အသုံးပြုကြရမယ်လို့ ထင်ပါတယ်။ စစ်အာဏာရှင်စနစ်နဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို မေ့ထားလို့ မဖြစ်ပါဘူး။

## အရန်ရွေးလမ်း

အခု အာရပ်နိုင်ငံတွေမှာ ဆန္ဒပြပွဲတွေဖြစ်တော့ အာဏာရှင်တွေက အကြမ်းဖက်နည်းလမ်းနဲ့ လူထုကို ဖြိုခွဲကြတာချည်းပါပဲ။ ဖိနှိပ်ရေးအတွက် အဆုံးမှာ စစ်တပ်ကို ထုတ်သုံးကြတာပါ။ အီဂျစ်မှာတော့ စစ်တပ်က မူဘာရက်အပေါ် သစ္စာမခံတော့တာကြောင့် မူဘာရက်လည်း မတတ်သာဘဲ အာဏာစွန့်လိုက်ရပါတယ်။ ဒါကြောင့် လူထုဆန္ဒပြပွဲတွေနဲ့ မူဘာရက်ကို ဖြုတ်ချလိုက်နိုင်ပါတယ်။

လစ်ဗျားမှာကျတော့ စစ်တပ်က ကဒါဖီကို သစ္စာခံပြီး လူထုကို အကြမ်းဖက်ဖိနှိပ်နေတာကြောင့် လူထုက နောက်ဆုံးမှာ မလွှဲမရှောင်သာ ရရာလက်နက် ပြန်စွဲကိုင်ပြီး တွန်းလှန်ကြရပါတယ်။ စစ်တပ်ထဲက တချို့ကလည်း သူပုန်တပ်ဘက် ကူးပြောင်းလာကြတယ်။ ကြိုတင်ပြင်ဆင်ထားတာ မရှိဘဲ မခံနိုင်လွန်းလို့ လက်နက်နဲ့ ပြန်တိုက်ရတာမို့ အများကြီး အခက်အခဲတွေ့ပါတယ်။ လစ်ဗျားရဲ့ထူးခြားတဲ့ အခြေအနေကြောင့် နေတိုးတပ်ဖွဲ့ ဝင်ပါလာတယ်။ ဒီတော့မှ သူပုန်တပ်ဖွဲ့ အသက်ရှူချောင်သွားပါတယ်။

တိုက်ပွဲပုံသဏ္ဍာန်ကို အုပ်စိုးခံပြည်သူတွေက ရွေးချယ်တာ မဟုတ်။ အုပ်စိုးသူတွေကသာ ရွေးချယ်တယ်ဆိုတာ မှန်ကန်နေဆဲဆိုတာကို ဒီဖြစ်ရပ်တွေက ထပ်မံသက်သေပြလိုက်တာပဲ ဖြစ်ပါတယ်။

ဗမာပြည်လူထုလှုပ်ရှားမှုသမိုင်းကို ကြည့်ရင်လည်း အလားတူ ဖြစ်ရပ်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ၈ လေးလုံးကာလမှာလည်း လူထုဆန္ဒပြပွဲကြီးကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ် ဖြို ခွဲ ခဲ့တာ ဖြစ်ပါတယ်။ မိမိကိုယ်ကိုပြန်ကာကွယ်ဖို့ ကျောင်းသားတပ်မတော် (ABSDF) ဆိုတာ ပေါ်ခဲ့ပါတယ်။ ၂၀၀၇ ရဟန်းရှင်လူ ပြည်သူလူထုရဲ့ လှုပ်ရှားမှုဟာလည်း အလားတူ အကြမ်းဖက်ဖြို ခွဲခံခဲ့ရပါတယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့ သွားနေလျက်နဲ့ အခုလို အကြမ်းဖက် ဖြို ခွဲ ခံနေရတာချည်း ဖြစ်နေတယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အရန်ရွေးလမ်းတခု ထားသင့်ပါတယ်။

ငြိမ်းချမ်းတဲ့နည်းလမ်းကို မလိုလားလို့ အခုလို ပြောနေတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းတဲ့နည်းနဲ့ ရနိုင်လျက်နဲ့ အဲဒီလမ်းကို ဆန့်ကျင်သူတွေထဲမှာ ကွန်မြူနစ်တွေဟာ နောက်ဆုံးက ဖြစ်မှာပါလို့ အိန်ဂယ်က ပြောခဲ့ပါတယ်။ အခုလည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဒီမိုကရေစီစနစ်ဆီ ကူးပြောင်းမှာကို လိုလားပါတယ်။ ဒါပေမဲ့ အဲဒီလမ်းမပေါက်ဘူးဆိုရင် တခြားရွေးလမ်းတွေလည်း ပြင်ထားစေချင်လို့ အခုလို တင်ပြရတာ ဖြစ်ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲတုန်းကလည်း 'ရရင်ရ မရရင်ချ' လို့ ကြွေးကြော်ခဲ့တာပဲ မဟုတ်လား။

ဒီလိုအရန်ရွေးလမ်းထားဖို့ဆိုရင် ဦးစွာအားဖြင့် အတွေးအခေါ်အရ 'လက်နက်နဲ့အကြမ်းဖက်ဖိနှိပ်လာရင် လက်နက်နဲ့ ပြန်အကြမ်းဖက်ခုခံတွန်းလှန်တာ တရားတယ်' လို့ ခံယူထားဖို့ လိုပါတယ်။ ဒီအတွေးအခေါ်ရှိပြီးရုံနဲ့ မပြီးပါဘူး။ လက်တွေ့ပိုင်းတွေလည်း ပြင်ထားဖို့တော့ လိုပါတယ်။ အကျယ် မရေးတော့ပါ။

## တပ်မတော်ကိုပြုပြင်ရေး

တရားရုံး၊ အကျဉ်းထောင်၊ ဂါတ်၊ ပုလိပ်နဲ့ စစ်တပ် စတာတွေဟာ အာဏာရှင်တွေရဲ့ ဖိနှိပ်ရေးယန္တရားတွေပဲ ဖြစ်တယ်။ အခြေအနေအရ လိုသလို လှည့်အသုံးပြုသွားတာ ဖြစ်ပါတယ်။ ဒီအထဲမှာ အခရာကျတာက စစ်တပ် ဖြစ်ပါတယ်။ လူထုတိုက်ပွဲ အရှိန်မြင့်လာပြီဆိုရင် တနည်းအားဖြင့် သူတို့ရာဇာပလ္လင် လှုပ်လာပြီဆိုရင် စစ်တပ်ကို ထုတ်သုံးတော့တာပါပဲ။ ဒီလို သုံးနိုင်ဖို့အတွက် စစ်တပ်ကို သူတို့စိတ်ကြိုက် သူတို့အမိန့်ကိုပဲ နာခံအောင် တည်ဆောက်ထားကြတာ ဖြစ်ပါတယ်။ အရေးပါတဲ့ တပ်မှူးနေရာတွေဆိုရင်လည်း သူတို့အပေါ်သစ္စာခံမယ့်သူတွေကို ရွေးခန့်ထားတာ ဖြစ်တယ်။ တနည်းပြောရရင် စစ်ဗျူရိုကရေစီယန္တရားကို အခိုင်အမာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။

အာရပ်ကမ္ဘာမှာ အခုဖြစ်ပွားနေတဲ့ လူထုလှုပ်ရှားမှုတွေကိုကြည့်ရင် စစ်တပ်ရဲ့အခန်းက ဘယ်လောက်အရေး ပါတယ်ဆိုတာကို တွေ့ရမှာပါ။ အီဂျစ်မှာ စစ်တပ်က မူဘာရက်ကို

သစ္စာမခံတော့တဲ့အတွက် မူဘာရက် ပြုတ်ကျသွားတယ်။ ဘာကြောင့် သစ္စာမခံတော့တယ် ဆိုတာကတော့ တပိုင်းပေါ့။ လစ်ဗျားမှာတော့ တစိတ်တပိုင်းက ပြည်သူ့ဘက် ကူးပြောင်းလာတယ်။ ဒါတွေကိုကြည့်ရင် စစ်တပ်ရဲ့အရေးပါမှုအခန်းကို တွေ့ရမှာ ဖြစ်ပါတယ်။

တကယ်တော့ တပ်ထဲက အောက်ခြေတပ်သားတွေဟာ အဖိနှိပ်ခံပြည်သူတွေက ပေါက်ဖွားလာကြသူတွေပဲ ဖြစ်ပါတယ်။ တပ်မှူးတွေထဲမှာလည်း တိုင်းပြည်ကို ချစ်တဲ့သူတွေ ပြည်သူတွေကို စာနာတဲ့သူတွေ ရှိကြမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် တပ်ကို ပြုပြင်ပြောင်းလဲရေးဆိုတာ မဖြစ်နိုင်တာ မဟုတ်ပါ။ မဖြစ်နိုင်တာ မဟုတ်သလို မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းလည်း ဖြစ်ပါတယ်။ စစ်အာဏာရှင်တွေရဲ့ လက်ကိုင်တုတ်တပ်အဖြစ်ကနေ ပြည်သူတွေဘက် မျက်နှာမူလာအောင် တပ်ကိုပြုပြင်ပြောင်းလဲပစ်နိုင်ဖို့ အရေးကြီးပါတယ်။

၈ လေးလုံးကာလမှာရော၊ ၂၀၀၇ စက်တင်ဘာမှာရော ဆန္ဒပြနေတဲ့ ရဟန်းသံဃာပြည်သူတွေကို မပစ်ခတ် မနှိမ်နင်းလိုတဲ့ တပ်မှူးတပ်သားတွေ ရှိခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလို တပ်မှူးတပ်သားတွေ များသထက်များလာအောင် စည်းရုံးကြရမှာ ဖြစ်ပါတယ်။

တပ်ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဟာ အထူးအရေးကြီးသလို လျှို့ဝှက်ရေး အထူးလိုအပ်တဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။ လူတိုင်းလည်း မလုပ်နိုင်ပါဘူး။ လုပ်နိုင်တဲ့လူတွေက လုပ်ကြဖို့ပဲ ဖြစ်ပါတယ်။

<u>ဘုံလုပ်ငန်းစဉ်နဲ့တပ်ဦး</u>

အခု အာရပ်ကမ္ဘာက လူထုလှုပ်ရှားမှုတွေကို ကြည့်တဲ့အခါ အစောပိုင်းမှာ ခေါင်းဆောင်မှု ပီပီပြင်ပြင် မရှိသလို လုပ်ငန်းစဉ်တွေလည်း ပီပီပြင်ပြင် မတွေ့ရပါဘူး။ တဖြည်းဖြည်းချင်းနဲ့မှ ပေါ်လာတာကို တွေ့ရမှာပါ။ ဒါလည်း မထူးဆန်းပါဘူး။ အာဏာရှင်စနစ်အောက်မှာ နေထိုင်ကြရတာဖြစ်လို့ အဖွဲ့အစည်းတွေ လွတ်လွတ်လပ်လပ် ဖွဲ့စည်းထားခွင့် မရှိတော့ ဒီလိုပဲ ဖြစ်တော့တာပေါ့။

၈ လေးလုံးကာလတုန်းကလည်း ဒီလိုပဲ ဖြစ်ခဲ့တာ မဟုတ်လား။ မဆလ တပါတီအာဏာရှင်စနစ်အောက်မှာဆိုတော့ အသင်းအပင်း အဖွဲ့အစည်းတွေ မရှိခဲ့ဘူး။ မြေအောက်အဖွဲ့လေးတွေပဲ ရှိကြတာ ဖြစ်ပါတယ်။ ၈ လေးလုံးအရေးတော်ပုံကြီးအတွင်းကျမှာပဲ ခေါင်းဆောင်တွေ တဖြည်းဖြည်းပေါ်ထွက်လာကြတာ ဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ စုစည်းညီညွတ်တဲ့ ခေါင်းဆောင်မှုကို ကြိုးစားတည်ဆောက်ကြရတယ်။ ခေါင်းဆောင်စုတွေအကြား ရှေ့လုပ်ငန်းစဉ်တွေကို ညှိနှိုင်းတိုင်ပင်ကြရတယ်။ ဒီလိုတည်ဆောက်နေရတာကြောင့်မို့ အရေးတော်ပုံကြီးကို ညီညွတ်တဲ့ တခုတည်းသော တပ်ဦးတရပ်အဖြစ် ဦးမဆောင်နိုင်ခဲ့ဘူး။ ဒါဟာ ၈ လေးလုံးအရေးတော်ပုံကြီးရဲ့ အားနည်းချက်ကြီးတခု ဖြစ်ပါတယ်။

အရေးတော်ပုံကြီးက အရှိန်အဟုန်နဲ့ ရှေ့ကိုတိုးနေတယ်။ ခေါင်းဆောင်မှုက နောက်ကလိုက်နေရသလို ဖြစ်ခဲ့တယ်။ မဆလရဲ့ အုပ်ချုပ်ရေးယန္တရားကြီးတခုလုံး ဖရိုဖရဲ ဖြစ်နေတယ်။ စစ်တပ် အတွင်းမှာလည်း လူထုလှုပ်ရှားမှုရဲ့ ရိုက်ခတ်မှုတွေ ကြီးကြီးမားမား ရှိနေပြီ။ ဒါကြောင့် ဗိုလ်နေဝင်းဟာ နောက်တလှမ်းဆုတ်ပြီး ဒေါက်တာမောင်မောင်နဲ့ အပျော့ဆွဲ ဆွဲခိုင်းနေရတယ်။ အဲဒီအချိန်မှာ အာဏာကွက်လပ် ဖြစ်နေခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ မိမိတို့ဘက်က ဒီနေရာကို အစားဝင်မထိုးနိုင်ခဲ့ပါဘူး။ ဗိုလ်နေဝင်းဘက်က ပြင်ဆင်ချိန်ရသွားပါတယ်။ ဒီသင်ခန်းစာကို မမေ့သင့်ပါဘူး။

အခုအချိန်မှာတော့ ၈ လေးလုံးအရေးတော်ပုံရဲ့ ကျေးဇူးကြောင့် မိမိတို့မှာ အဖွဲ့အစည်းတွေ အတော်များများ ရှိနေပါပြီ။ ဒီမိုကရေစီအရေးတော်ပုံကို ရှေ့ဆောင်နိုင်ဖို့အတွက် ညီညွတ်နိုင်သမျှသော အင်အားစုတွေကို ညီညွတ်အောင် စုစည်းပြီး တပ်ဦးတရပ် ဖွဲ့စည်းသင့်ပါတယ်။ ဒီလိုဖွဲ့စည်းနိုင်ဖို့အတွက် ရှေးဦးလိုအပ်ချက်ကတော့ အနိမ့်ဆုံးဘုံလုပ်ငန်းစဉ်တရပ်ပဲ ဖြစ်ပါတယ်။ ဒါကို အရေးကြီး လုပ်ငန်းတရပ်အဖြစ် သဘောထားပြီး အကောင်အထည် ဖော်သင့်ကြောင်း တင်ပြလိုပါတယ်။

ဖက်ဆစ်တော်လှန်ရေးမှာလည်း လုပ်ငန်းစဉ်ချပြီး ဖတပလ တပ်ဦးကို ဖွဲ့စည်းခဲ့ကြပါတယ်။ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြတာ ဖြစ်ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲကိုလည်း ဖဆပလ တပ်ဦးက ဦးဆောင်ခဲ့တာ ဖြစ်ပါတယ်။ အခုလည်းပဲ ဘုံလုပ်ငန်းစဉ်တရပ်နဲ့ အဲဒီလုပ်ငန်းစဉ်အပေါ်မှာ အခြေပြုတဲ့ တပ်ဦးတရပ် ပေါ်ပေါက်ရေးကို အထူးအလေးထား လုပ်ဆောင်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ဒီလို ဘုံလုပ်ငန်းစဉ်နဲ့တပ်ဦးတရပ် ရှိနေမှသာ ဗမာပြည်ဒီမိုကရေစီ အရေးတော်ပုံကြီးကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ရှေ့ဆက်သယ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

<u>နိဂုံး</u>

အခုလိုအချိန်မှာ ဒီလိုတင်ပြတဲ့အတွက် တမျိုးမထင်စေလိုပါ။ အထက်မှာ ပြောခဲ့သလို တလမ်းမပေါက်ခဲ့သော် နောက်တလမ်းက ချီတက်နိုင်ဖို့ ပြင်ဆင်ထားစေချင်တဲ့ စေတနာနဲ့ တင်ပြတာပဲ ဖြစ်ပါတယ်။ တလမ်းမပေါက်မှ နောက်တလမ်းပြင်ရရင် အချိန်တွေ အများကြီးကြန့်ကြာနေမှာ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်အောက်မှာ တိုင်းပြည်လည်း နာလှပါပြီ။ ကြာလေ ဖွတ်ဖွတ်ညက်ညက်ကျေလေ ဖြစ်နေတာပါ။

မာ့က်စ်ရဲ့ပြောစကားလေးတခုနဲ့ နိဂုံးချုပ်ချင်ပါတယ်။ "ကြီးကျယ်တဲ့ ကမ္ဘာ့သမိုင်းဝင်ဖြစ်ရပ်များနဲ့ လူပုဂ္ဂိုလ်များဟာ ဒုတိယ အကြိမ် ပြန်ဖြစ်ပေါ်လေ့ရှိတယ်လို့ ဟီဂဲလ်က မှတ်ချက်ပေးတယ်။ သူထည့်ပြောဖို့ကျန်သွားတာကတော့ ပထမအကြိမ်မှာ ဝမ်းနည်းစရာလို **(tragedy)** လာပြီး ဒုတိယအကြိမ်မှာတော့ သရော်လှောင်ပြောင်စရာလို **(farce)** လာတာ ဖြစ်တယ်ဆိုတာပါပဲ။"

ကျော်မြိုင်
(၁၇ – ၉ – ၂၀၁၁)



# လတ်တလော
# နိုင်ငံရေးအခင်းအကျင်းနဲ့ ကစားကွက်များ

အေးငြိမ်း

**ဆိုင်းဘုတ်သစ်**

၂၀၁၁ ခုနှစ် မတ်လကုန်ကစပြီး နအဖဘက်က ကစားကွက်သစ် စ,တယ်။ 'အရပ်သား အစိုးရသစ်' ဆိုတဲ့ ဆိုင်းဘုတ်ချိတ်လိုက်တယ်။ "အစိုးရ" ဆိုတာရဲ့ လုပ်ပိုင်ခွင့်ထဲက သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေးကိစ္စတွေမှာ မျက်စိ နောက်လောက်အောင် ကစားပါတော့တယ်။ သူတို့ကစားကွက်က ကျယ်လည်းကျယ်ပြန့်တယ်။ ယာယီတော့ ထိရောက်မှုလည်း ရှိတယ်လို့ ပြောနိုင်တယ်။

**နိုင်ငံရေး**

ပထမဆုံး အဖွဲ့အစည်းတိုင်းကို စည်းလုံးညီညွတ်မှု ပြိုကွဲအောင် လုပ်တယ်။ NLD ကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင်လုပ်တယ်။ ဒေါ်စုနဲ့ ခေါင်းဆောင်ပိုင်း ခွဲချင်တယ်။ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းတိုင်းလိုလိုကိုလည်း ခွဲတယ်။ "တွေ့ဆုံဆွေးနွေး အဖြေရှာရေး" ဆိုတာမှာတောင် လမ်းကြောင်းလွဲအောင် လုပ်တယ်။

တချက်ခုတ် နှစ်ချက်ပြတ်လုပ်တာလည်း တွေ့ရတယ်။ ဒေါ်စုနဲ့ ဦးသိန်းစိန် တွေ့ဆုံပွဲမှာ သမ္မတဟောင်းတွေ၊ ဝန်ကြီးချုပ်တွေ၊ ဒုဝန်ကြီးချုပ်တွေရဲ့ ဓာတ်ပုံတွေ ချိတ်ဆွဲပြခဲ့တယ်။ ဝါဒစွဲ ပုဂ္ဂိုလ်စွဲမရှိဘဲ အားလုံးနဲ့ ပြေလည်အောင် လုပ်မယ်ဆိုတဲ့ 'ကြော်ငြာ' ဝင်ထိုး လိုက်တာဖြစ်တယ်။ ကုလသမဂ္ဂနဲ့ အနောက်အုပ်စုကိုရော နိုင်ငံရေးနယ်ပယ်ထဲ ဝင်နေကြတဲ့ အာဏာကိုင်ဖူးတဲ့ ပုဂ္ဂိုလ်တွေရဲ့ အဆက်အနွယ်တွေကိုပါ မျက်စပစ်လိုက်တာပါ။ ပူပူနွေးနွေး ထိပ်ခေါက်ခံထားရတာ မေ့ပြီး ကျေနပ်သူက ကျေနပ်ပါတယ်။

'နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွှတ်ပေးရေး'… ဆိုတာပြည်သူတွေရဲ့ တောင်းဆိုချက်ပါ။ ရင်တွင်းက ဆန္ဒပါ။ နိုင်ငံ ရေးပါတီတိုင်းလိုလိုကလည်း တောင်းဆိုတယ်။ ကမ္ဘာကလည်း လုပ်စေချင်တယ်။ သူတို့က 'ကြောင်ပါး' တွေပဲ။ ဒါကို သိတယ်။ သူတို့ကိုယ်တိုင်ကလည်း မကျေမချမ်းဖြစ်နေတဲ့ ဗိုလ်ခင်ညွန့်အပါ ထောက်လှမ်းရေးတွေကို အာပတ်ဖြေတဲ့အနေနဲ့ လွှတ်ပေးချင်တယ်။ ဒီတော့ တပ်မတော် လွှတ်တော်ကိုယ်စားလှယ်ဆိုသူများက "ထောင်ထဲမှာ လုပ်ဖော်ကိုင်ဖက်တွေရှိတယ်။ သူတို့ကို လွှတ်စေချင်ပါတယ်" … ဆို ပြီး "လွှတ်ငြိမ်းချမ်းသာခွင့်" အဆိုကို ထောက်ခံပြလိုက်တယ်။

ဒါပေမဲ့ သိတဲ့အတိုင်း 'ဘာမှ အလကား မရနိုင်ဘူး' …ဆိုတဲ့ အပေါက်မျိုး ချိုးတယ်။ နိုင်ဖဲကို ကိုင်ထားပြီး "သူတို့ကိုလွှတ်ပေးရင် မဆူမပူစေရပါဘူးဆိုတဲ့ ဝန်ခံချက်ရအောင် လုပ်ပေးကြပါ။ ခင်ဗျားတို့ကလည်း အာမခံချက်ပေးပါ" …လို့ နိုင်ငံရေးပါတီတွေကိုရော အနောက်တိုင်းက သြဇာရှိ လူရှိသေ၊ ရှင်ရိုသေပုဂ္ဂိုလ်တွေကိုပါ တောင်းဆိုခဲ့တယ်။ ဗိုလ်နေဝင်းရဲ့ 'ဗိုင်းကြီးချုပ်' ဆိုတာ ဒါပဲ။

**စီးပွားရေး**

အလုပ်ရုံဆွေးနွေးပွဲ (work shop) တို့၊ ဖိုရမ်တို့၊ ဆီမီနာတို့ လုပ်ပြတယ်။ ဆင်းရဲမှုလျှော့ချရေး စာတမ်းတွေ ဖတ်စေတယ်။ ဒေါ်စုကိုတောင် တက်ရောက်နားထောင်ခိုင်းလိုက်သေးတယ် မဟုတ်လား။

သမ္မတလုပ်သူက ဘယ်အချိန်အတွင်း ဆင်းရဲမွဲတေမှု ဘယ်လောက်အထိ လျှော့ချပစ်မယ်… ပြောတော့ ဝါးလုံးခေါင်းထဲ ဆင် ဝင်သလို ကျပ်ပြီးရင်းကျပ်နေတဲ့ ပြည်သူတွေက 'လာပြန်ပြီလား ကြက်ဆူတပင်' ဆိုပြီး ဟာသလုပ်ပစ်ကြတယ်။

စီးပွားပျက်ကပ် တကျော့ပြန်လာမှာ တကမ္ဘာလုံးက ကြောက်နေရတဲ့ ဒီအချိန်မှာ ပြောတော့ သူဟာ 'စွမ်းအားရှင်' တောင်မက 'တန်ခိုးရှင်' အဆင့်အထိ တက်လှမ်းလိုက်ပုံပဲ။

တကယ်လုပ်ရမှာက ပြည်တွင်းစစ်ရပ်စဲ၊ ကျယ်ပြန့်အောင် မလုပ်နဲ့၊ စစ်အာဏာရှင်စနစ် ဖျက်သိမ်း၊ ကာကွယ်ရေးစရိတ်တွေကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံး၊ ဒီမိုကရေစီအခွင့်အရေး ပေး၊ အဖွဲ့အစည်းတွေကို ကွဲသထက်ကွဲအောင်လုပ်နေတာတွေ ရပ်၊ ပြဿနာတွေကို တွေ့ဆုံဆွေးနွေး အဖြေရှာလိုက်ရင် ပြည်သူတွေ အသက်ရှူပေါက် ချောင်နိုင်တယ်။ ဒါတွေ ပြီးမှ work shop တွေဘာတွေ လုပ်ပေါ့။

**စစ်ရေး**

နယ်ခြားစောင့်တပ်ဖွဲ့ (BGF) ဖွတ် အဖွဲ့ခိုင်းတာ နားမထောင်တဲ့ တိုင်းရင်းသားတွေကို စစ်ကြေညာပြီး ဖြစ်တယ်။ ဒီတော့ အပစ်ရပ်အဖွဲ့အစည်းတိုင်းကို သပ်လျှိုတာတွေ တိုးလုပ်လာတယ်။ ရန်စပြီး စစ်ပြန်တိုက်တယ်။ တချို့ကို 'ဆိုင်း' ထားပါသေးတယ်။ တဖွဲ့စီ ဖွဲ့စားတာ မခံနိုင်တဲ့ တိုင်းရင်းသားတွေက ညီညွတ်သောတိုင်းရင်းသား လူမျိုးစုကောင်စီ UNFC ဆိုတဲ့ တပ်ပေါင်းစုဖွဲ့ပြီး ရင်ဆိုင်နေကြပါတယ်။

**သံတမန်ရေး**

ထုံးစံအတိုင်း လက်ဦးမှုရှိရှိ ခပ်သွက်သွက် လှုပ်ရှားလာတာက တရုတ်ပြည်ပဲ။ သူတို့က ဗမာပြည်နိုင်ငံရေးကို အထူးသဖြင့် အာဏာပိုင် စစ်အုပ်စုကို ဆုပ်မိကိုင်မိ ရှိသူတွေဖြစ်တယ်။ တရုတ်ထိပ်တန်းပုဂ္ဂိုလ် တော်တော်များများ လာကြတယ်။ ချစ်ကြည်ရေးစကားတွေ ပြောကြတယ်။ ယုံကြည်မှုတည်ဆောက်ကြတယ်။ နောက် စာချုပ်တွေ ချုပ်ဆိုသွားကြတယ်။ ရှေ့ဆက်မယ့်ခရီးအတွက် အခြေခံတွေ အားလုံးချသွားနိုင်ခဲ့တယ်။

နအဖဘက်ကလည်း အနောက်အုပ်စု ဘယ်သူကမှ လူရာမသွင်းချိန်မို့ ဒီဆက်ဆံရေးကို တန်ဖိုးထားကြတယ်။ အားကိုးတကြီး ဖက်တွယ်ထားခဲ့တယ်။

လက်မထောင်ပြပြီး "ဘာအရေးလဲ" …ပေါ့လေ ××

(ဆိုလေ့ရှိတဲ့) ဒီမိုကရေစီနိုင်ငံကြီးများကတော့ မျက်လုံးဖြဲပြီး "အရပ်သား အစိုးရလား၊ အရပ်သားတပိုင်းလား၊ စစ်အုပ်စု ကြိုးကိုင်ခံအစိုးရလား" ငြင်းကြခုံကြနဲ့ မြွေမသေ တုတ်မကျိုး၊ အလုပ်မဖြစ်တဲ့ပေါ်လစီတွေ ချထားကြတယ်။ တဖက်ကလည်း တရုတ်ကြီး ခြေလှမ်းကြည့်၊ အိန္ဒိယကို တွန်းအားပေး၊ အာဆီယံသဘောထား တီးခေါက်ကြည့်နဲ့ နောက်မှာ ပြတ်ကျန်ရစ်တယ်။

ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ နိုင်ငံတကာ သံတမန်တွေ အဝင်အထွက် စိပ်လာတယ်။ ရာထူးအနိမ့်အမြင့် မတူပေမယ့် ပုံသဏ္ဍာန်မျိုးစုံနဲ့ အင်အားကြီးနိုင်ငံက ကိုယ်စားလှယ်တွေ ဝင်ကြထွက်ကြတယ်။ အစိုးရပိုင်းနဲ့ရော နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံ ခွင့် (နအဖကလည်း သူ့အကွက်နဲ့သူ လွှတ်ပေးလိုက်တာမို့) ရကြတယ်။ လာတဲ့သူတွေကလည်း သူ့ဗျူဟာနဲ့သူဆိုတော့ တော်တော် အလုပ်လုပ်သွားနိုင်ကြတာ တွေ့ရတယ်။ အထူးသဖြင့် ဒေါ်စုနဲ့ တွေ့ခွင့်ရကြတာ သူတို့အတွက် အမြတ်ပဲ။ တရုတ်ကို အမီလိုက်နိုင်သွားကြပြီ– ပြောရင်ရမယ် … ထင်။

သတင်းစာတွေ ချကြည့်လိုက်တော့ ဝင်လာသူတွေအပြင် ဌာနေသံအမတ်တွေလည်း တော်တော် အလုပ်လုပ်ကြတာ တွေ့ရတယ်။ ပြင်သစ်သံ၊ အစ္စရေးသံ၊ ဗြိတိန်၊ ဂျာမနီ၊ တောင်အာဖရိကသံအမတ်တွေက သူတို့အလေးထားတဲ့ ဝန်ကြီးဌာနတွေဝင်ပြီး ဆွေးနွေးကြတယ်။ တရုတ်သံအမတ်ကတော့ ပြောမနေနဲ့။ ရှိသမျှဝန်ကြီး မကျန်သလောက်ပဲ။ အိမ်နီးချင်း အာဆီယံနိုင်ငံတွေ လာကြတာကို နားလည်နိုင်ပါတယ်။

သံအမတ်တွေ တွေ့တဲ့ဝန်ကြီးဌာနတွေဟာ သူတို့တိုင်းပြည်အကျိုးစီးပွားနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။ ဘယ်နိုင်ငံက ဘယ်သံအမတ်၊ ဘယ်ဝန်ကြီးကို သွားတွေ့တာ ဘာအတွက်လဲဆိုပြီး ဦးနှောက်လှုပ်ရှားကြည့်ကြရင် အကျိုးမယုတ်ပါဘူး။ သမ္မတတို့၊ လွှတ်တော်ဥက္ကဋ္ဌ(တွေ)တို့၊ နိုင်ငံခြားရေးဝန်ကြီး … စတာတွေနဲ့ တွေ့ကြတာကတော့ (များသောအားဖြင့်) လုပ်ရိုးလုပ်စဉ်တွေပါ။

သံအမတ်တွေ အများဆုံးတွေ့တဲ့ဌာနတွေ ကြည့်မိပါတယ်။ ကာကွယ်ရေး၊ သစ်တော၊ စီးပွားကူးသန်း၊ ပြည်ထဲရေး၊ သိပ္ပံနဲ့ နည်းပညာဝန်ကြီးတွေအပြင် စစ်ဦးစီးချုပ်၊ ပြန်ကြားရေးဝန်ကြီး၊ ပညာရေးဝန်ကြီး၊ သာသနာရေးဝန်ကြီး … စသည်ပါတယ်။

ဒီအထဲမှာ အာရုံစိုက်ကြည့်ရမယ့် ဝန်ကြီးဌာနတခု ရှိပါသေးတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနဖြစ်တယ်။ ဝန်ကြီးလုပ်သူက လက်ရှိ ဗိုလ်ချုပ်တဦးပါ။ သူကိုင်တဲ့ဌာနက ကာကွယ်ရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်တချို့ကို ဘတ်ဂျက်မှာ ကူ 'ဖုံး' ပေးတဲ့ဌာနလို့ အစွပ်စွဲခံနေရတယ်။ အင်မတန် အရေးကြီးတဲ့ ဌာနပါ။ နောက် နယ်စပ်ပြဿနာဟာ စစ်အထိ ဖြစ်နိုင်ပါတယ်။

ဒီဌာနတွေကို ဘယ်နိုင်ငံကလာတွေ့သလဲ၊ ဘာပြဿနာတွေရှိလို့လဲ၊ ဘယ်အထိ ဖြစ်သွားနိုင်သလဲ …ဆိုတာ အရေးကြီးပါတယ်။ တိုင်းပြည်ကို ချစ်တဲ့ ပြည်ချစ်ပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးသမားတွေ၊ တပ်မတော်သားတွေ အနေနဲ့ မျက်ခြည်မပြတ်စောင့်ကြည့်ကြရပါလိမ့်မယ်။

တရုတ်ပြည်အနေနဲ့လည်း သဘောတူညီချက်တွေအပေါ် ကျေနပ်ကောင်း ကျေနပ်နိုင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးရရှိတဲ့ သတင်းတွေအရတော့ အနောက်အုပ်စုက လက်မထောင်နိုင်တဲ့ အနေအထားပါ။ အဓိက ပြည်တွင်းနိုင်ငံရေးအင်အားစုတွေကို သူတို့ 'လိုင်း' ပေါ် တင်ထားလိုက်နိုင်ပြီ။ ဝ၊ ကိုးကန့်၊ မိုင်းလားကလွဲပြီး တိုင်းရင်းသား အင်အားစုတွေကိုတော့ သူတို့က အပိုင်လို့ ယူဆထားကြတာပဲလေ။ နောက်ဆုံး အမေရိကန် အထူးကိုယ်စားလှယ် ဒဲရစ်မစ်ချဲ ထွက်ခွာမသွားမီ ပြောသွားတာ ကြည့်ပါ။ လိုချင်တာက ဒါတွေပဲ။ အဲဒါတွေမလုပ်ရင် 'စိုင်ရှင်' ရုပ်မပေးဘူးတဲ့။ ဒါက 'ငါတို့ မာနိုင်တယ်' …ဆိုတာ ပြတာပဲ။

ဒီလိုဆိုရင် သူတို့ထက် (လက်မတချောင်း မဟုတ်) ၂ ချောင်းတောင် ပြနိုင်တာက 'ငါတို့ကွ' လို့ စစ်အုပ်စုက ကြွေးကြော်နိုင်ပါတယ်။ အီးယူကိုယ်စားလှယ်ကတောင် "တိုင်းရင်းသား လူမျိုးစုအရေးကို ပြေလည်အောင် နအဖအစိုးရက လုပ်ပေးမယ်" ဆိုတဲ့ ကတိစကားကို ယုံယုံကြည်ကြည် ဝါဒဖြန့်သွားတာကိုး။

ဒါပေမဲ့ နိုင်ငံတကာ ခေါင်းဆောင်တွေ၊ သံတမန်တွေနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ကြည့်မိတော့ နအဖထိပ်သီးတွေရဲ့ မျက်နှာပေါ်က အပြုံးတွေဟာ ဂုဏ်ယူနေကြတာလား၊ မျက်နှာချိုသွေးပြနေတာလား ခွဲခြားရခက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရာဇဝင်တွင်ခဲ့တဲ့ မိန့်ခွန်းတခုကိုလည်း သတိရမိတယ်။

"ဟိုလူလာ မျက်နှာချိုသွေးရ၊ ဒီလူလာ မျက်နှာချိုသွေးရ …နဲ့" ဆိုတဲ့ မိန့်ခွန်း–

"အင်း" ကြာရင် … …

**အေးငြိမ်း**

(၁၄၊ ၉၊ ၂၀၁၁)

## အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီး ဦးဇော်မင်းသို့ အိတ်ဖွင့်ပေးစာ



သစ်လွင်မင်း

(၁) မေးခွန်း မေးချင်လို့ပါ။ အခု စာရေးသူက ၂၀၁၁ ဧပြီလမှာ ထုတ်တဲ့ အရေးတော်ပုံ ဂျာနယ် အတွဲ(၁) အမှတ်(၄) မှာ "ဧရာဝတီကို ကယ်တင်ပါ"ဆောင်းပါး ရေးခဲ့သူပါ။ "သစ်လွင်မင်း"ကလောင်နာမည်နဲ့ ရေးပါတယ်။

(၂) မေးချင်တဲ့ မေးခွန်းက မဟာဗန္ဓုလ အရိုးအိုးစေတီ ဘယ်မှာ ရှိသလဲဆိုတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး။ ဗိုလ်ဇော်မင်း ဖြေနိုင်မယ့် လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်က ကိစ္စပါ။

မေးခွန်း(တစ်)။ ။ တပိန်မြစ်လက်တက်က စပြီး ပင်လယ်ဝအထိ ဧရာဝတီမြစ်ကြောင်းကို ထိန်းသိမ်းရေးနဲ့ ရေပေါ်ရုပ်ပြေးရေယာဉ်တွေ သုံးပြီး ကွန်တိန်နာ သမ္ဗန်တွေနဲ့ ဥတု(၃) ပါး သွားလာနိုင်ဖို့ တရုတ်က အဆိုပြုဖူးတယ်။ စီမံကိန်း(မူကြမ်း) တခု ရေးပြီး နအဖဝန်ကြီးတချို့နဲ့ နားလည်မှု စာချွန် (MOU)လက်မှတ် ရေးထိုးခဲ့ဖူးတယ်။ အဲဒါကို ဗိုလ်ဇော်မင်း သိသလား။

မေးခွန်း(နှစ်)။ ။ အဲဒီ (MOU)ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေတဦးတည်းက အကျိုးအကြောင်း မပြဘဲ တချက်လွှတ် ပယ်ချခဲ့တာကို သိသလား။

(၃) ဒီမေးခွန်း(၂) ခုကို ဗိုလ်ဇော်မင်း ဖြေနိုင်မှာပါ။ ဒါပေမဲ့ ဖြေဖို့ သတ္တိ ရှိ မရှိတော့ မသေချာဘူး။ မြစ်ဆုံစီမံကိန်းဆိုတာက နောက်မှ ပေါ်လာတဲ့ စီမံကိန်းပဲ။ ဒီစီမံကိန်းရဲ့ အစကိုလည်း ကျွန်တော်တို့ သိပါတယ်။

(ဦး) ဗိုလ်ဇော်မင်း ဘီလူးထွက် ထွက်ပြီး ကြိမ်းတာကလည်း ဝန်ကြီးတပါး ငိုချင်းချပြီး ဘဝင်ဆို့သွားရတဲ့ကိစ္စမှာ မီဒီယာ တွေကို မကျေနပ်လို့ တန်ပြန်ထိုးစစ်ဆင်ချင်လို့ ပြောတာမှန်း သိပါတယ်။

မီဒီယာတွေဟာ ကြေးစားစစ်သားတွေ မဟုတ်ဘူး။ စစ်ဗိုလ်ပြောတာကို ပြန်လှန် မပြောဝံ့တဲ့ စစ်သားတွေ မဟုတ်ဘူး။ တော် တန် တိတ် လုပ်လို့ မရဘူး။ ဒါကြောင့်လည်း အခုတော့ ပဒူ(ပျားတူ) အုံ တုတ်နဲ့ ထိုးမိသလို ဖြစ်သွားပြီမဟုတ်လား။

"ကြည်စေ ငြိမ်းစေ"လုပ်နေရတဲ့ သမ္မတကြီးဆိုသူ တိုက်ရိုက်ကိုင်တွယ်ပါလို့ ပြောနေကြပြီ။ "လွှတ်တော်"မှာ ဆွေးနွေးပါ လို့ ပြောနေကြပြီ။

(၄) မြစ်ဆုံဆည်ကိစ္စက ဒီလောက်နဲ့ ပြီးသွားမှာ မဟုတ်ပါဘူး။ အမေရိကန်နဲ့ တရုတ် ကမ္ဘာ့အစီအစဉ်သစ် (NWO)ကိစ္စ လွန်ပွဲမှာပါ အရေးတကြီးခေါင်းစဉ် ဖြစ်နေပြီ။

(၅) ၂၀၁၁ ဧပြီလတုန်းက "အချိန်မနှောင်းသေးဘူး"လို့ ရေးခဲ့တယ်။ အခုလည်း အချိန် မနှောင်းသေးပါဘူး။ ဧရာဝတီကို မြစ်စက စပြီး ပင်လယ်ဝအထိ ရေသွားရေလာ ကောင်းအောင် ပြုပြင်မယ်၊ ထိန်းသိမ်းမယ်ဆိုရင် ရပါသေးတယ်။

ပြုန်းသွားတဲ့ သစ်တောကို ပြန်လည် မွေးမြူရင် ရပါသေးတယ်။

တခုတော့ ရှိတယ်။ ဧရာဝတီဟာ ဘီလူးချောင်း မဟုတ်ဘူး။ ပေါင်းလောင်း မဟုတ်ဘူး။ မြစ်ငယ် မဟုတ်ဘူး–ဆိုတာကို အသိအမှတ် ပြုပါ။

မျက်စိကြီး နားကြီး ပညာရှင်တွေရဲ့ စကားကိုလည်း တဆိတ် နားထောင်စေချင်တယ်။

(၆) မေးချင်တာတွေနဲ့ ပြောချင်တာတွေ များပါတယ်။ ဒါပေမဲ့ ကိုယ့်ထက် ကျွမ်းကျင်တဲ့ ပညာရှင်တွေကိုယ်တိုင်က ပြောနေကြပြီ ဖြစ်လို့ နောက်ဆုတ်နေတာပါ။ အခု ပေးလိုက်တဲ့ မေးခွန်းကို တနည်းနည်းနဲ့ ဖြေစေချင်တယ်။ ။